


# လမင်းဖိုဖို

## အချစ်ဆိုသည်မှာ



လေးပုံနှိပ်တိုက်
မြတ်လေးရုံ
ထောင်စုရှိပါသည်
ရန်ကုန်




မျက်နှာဖုံးပုံနှိပ်သူ ။ဦးကျော်လှိုင်(၀၅၅၇၃)
စေတနာ အော့ဖ်ဆက်
အမှတ် ၅၉၊ ၁၉ လမ်း၊
ရန်ကုန်မြို့။

စာမူခွင့်ပြုချက်အမှတ်.... ၂၅၁/၉၇(၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်.... ၂၃၅/၉၇(၅)
ပထမအကြိမ်၊ ၁၉၉၇ ခုနှစ်၊ စက်တင်ဘာလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၃၀ ကျပ်



**ဒို့တာဝန် အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ် ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရက်လွန်လျှင်ရက်လွန်ကြေး( )ပေးဆောင်ရမည်

မောင်ကျော်ဖျိုင်

# စေတနာစာပေ

မှ စီစဉ်ထုတ်လုပ်ပါသည်

# လမင်းမိုမို

# အချစ်ဆိုသည်မှာ...

အချစ်ဆိုသည်မှာ...

သဘော ထားကြီးစွာ မျှတ စေ့ငှရမည့်အရာ မဟုတ်၊

သဝန်တိုခြင်းကင်းသော အချစ်ကို သူမ မယုံကြည်၊

မိမိကပေးသလော က်ပြန်မရလျှင် ခံပြင်းရော တည်း၊

(ရုံ)

အချစ်ဆိုသည်မှာ...

ဘာမှ အဆန်းတကြယ် စာဖွဲ့ရောမလိုသော လှပသည့်အရာတစ်ခု။

လူရယ်လို့ဖြစ်လာလျှင် ငယ်သွားမလဲဖူးသူ မရှိသကဲ့သို့... အချစ်မရှိသူလည်း လောကမှာမရှိ။

လူသားတစ်ယောက်၏ ဖြစ်ရိုးဖြစ်စဉ် လိုအပ်ချက်တစ်ခုတည်း။

(ရွှေကြာ)

အချစ်ဆိုသည်မှာ...

သူ့အတွက် မိမိဖက်မှ ထားရှိအပ်သော စေတနာ သန့်သန့်တည်း။

(ဓမြ)

# ၁

နာရီတကြည့်ကြည့် ကိုယ်တကြွကြွနှင့်ခြံတံခါးဝသို့ မှန်ပြူတင်း၌ ကပ်ကာ တမျှော်မျှော် ရှိနေသော သက်လုံးပုံသည် စိုးရိမ်ပူပန်စိတ် လွှမ်းကဲတတ်သော ထုံးစံအတိုင်း နှုတ်ခမ်းဖျားလှုပ်ကာ တဖျစ်တောက်တောက် ရွတ်မြည်စပြုလေသည်။

လေးနာရီ အရောက် လာခဲ့ပါဆိုသည်ကို 'မြေ' သဘောတူ ခေါင်းညိတ်ထားပြီးမှ၊ အခုလေးနာရီခွဲ နေပြီ။ ပုံ မသိဘဲ ရုံးနိုးတက် နေလေသလား ဟုလည်း တွေးသည်။ ခေါင်း မထူနိုင်အောင်ဘဲ ဖြစ်နေမလားလည်း တွေးသည်။ ရုံးတက်လျှင်တော့ အခုအချိန်လောက်မှာ မြေ အိမ်မပြန်နိုင်သေး။ သို့သော် ဆရာဝန်က တစ်ပတ်တိတိလောက် အနားယူနေပါ ပြောထားပါလျက်နဲ့၊ သုံးရက်ပဲ အနားယူအပြီးမှာ မြေ တစ်ယောက်ဟာ သူ့ထုံးစံအတိုင်း သူ့ရုံးအလုပ်ကို နောက်ဆံတင်းတင်းနှင့် ရုံးများ ပြန်တက်နေလေသလား။

ကိုယ် နေမကောင်းလို့ နားရတာပဲဥစ္စာ၊ ခေါင်း ကလေးကိုက်တာလောက်နဲ့တော့ အကြာကြီး ခွင့်မယူချင်ပါဘူး

ပုံရယ်ဟု သူမထံ အယူခံဝင်နေခဲ့သေးတာ။ ကိုယ့်အတွက် မဟုတ်သော သူတပါး အရေးအရာကိစ္စဝိစ္စတွေမှာ ကူညီ နိုးကြားတတ်လှတဲ့ မြေတစ်ယောက် သူလုပ်ဖော်ကိုင်ဖက်များ မနိုင်မနင်း ချာလပတ်ယမ်းနေမှာကို နောက်ဆံတင်းနေတာ ပုံ သိသည်။

သိလို့ပဲ လုံးဝမတက်ရဘူး နားရမယ်လို့ သူ့အမေ့ကိုပါ စစ်ကူတောင်းပြီး အမိန့်ချမှတ်လိုက်ပါသည်။ ဒီညနေ ဆေးခန်းတစ်ခေါက် သွားပြဖို့ ချိန်းထားကြသည်။ သူ့အိမ်ကို ဝင်ခေါ်ညည်ပြောသော်လည်း မြေက သူပဲ ဒီအိမ်ကိုလာမည် ဒီကပဲ ထွက်ကြမည်ရယ်လို့ ဖွတ်စီစဉ်သွားခဲ့ပါသည်။

"ပုံပုံ... "

နောက်မှာ ခြေသံမကြားရသော ခြေတစ်စုံက လာရပ်ကာ ပုံ့ပခုံးပေါ် လက်ကလေး တစ်ဖက်တင်လာပါသည်။

"တွေ့လားအန်တီ... အန်တီ့သားက ခုထိ ရောက်မလာဘူး၊ ဘာမှန်းမသိဘူး၊ ဆေးခန်းပြဖို့ ကိစ္စကို... အချိန်အတိအကျမလာဘူး... "

သက်လုံးပုံက နှုတ်ခမ်းလေးစူကာ မိထွေးတော်ဒေါ်အေးမြမြကို လှည့်ပြောလိုက်ပါသည်။

"လာပါလိမ့်မယ် ပုံပုံရယ်... သူလာမယ်ပြောထားတာပဲ..."

"လေးနာရီပါဆို... အခု လေးနာရီခွဲနေပြီ... "

"အေး... နောက်တော့ ကျနေတယ်နော်... ဒါပေမဲ့ ဆရာဝန်က ငါးနာရီခွဲမှ ရောက်တာဆိုတော့ မိုတာတော့



မှီပါတယ်၊ ခဏလေး စောင့်ကြည့်သေးတာပေါ့ သမီးရယ်၊ သမီး ထမင်းစားသွားမလား... တော်ကြာ ဆေးခန်းမှာ စောင့်ရရင် ဗိုက်ဆာနေဦးမယ်... "

"ဟင့်အင်း... စိတ်စောနေရင် ပုံက ထမင်းမြိန်မကျဘူး၊ ပြန်ရောက်မှပဲ စားတော့မယ် အန်တီ... "

ဒေါ်အေးမြမြက လင်ပါသမီးကလေးကို ပြုံးကာ အလျှော့ပေးရပါသည်။ ကလေးမလေးဟာ သဘောဖြူ အူစင်းကလေးဆန်သူကလေး တစ်ယောက်သာ။ ပထမဆုံး အကြိမ်တွေ့ကြစဉ်က အကြည့်တွေ စိမ်းတောက်လှသော်လည်း တစ်အိမ်ထဲ အတူနေလာပြီးသောအခါတွင် ဘယ်ဖက်ကမှ ကောက်ကောက်ကျစ်ကျစ် မရှိသူချင်းပီပီ သင့်မြတ်ရင်းနှီးသွားရတာသာ ဖြစ်ပါသည်။

ကလေးဆန်ဆန် အနိုင်လိုချင် နွဲ့ဆိုးဆိုးချင်တာက လွဲသော် အပြစ်ဆိုချင်စရာ မရှိ။ ဒီတော့လည်း ကိုယ့်သမီးလေးတစ်ယောက်လိုသာ ဒေါ်အေးမြမြက သဘောထားလိုက်နိုင်ပါသည်။ ခုလည်း တဖျစ်တောက်တောက် လုပ်နေသည်မှာ သူ့သား အောင်မြေ ဆေးခန်းနောက်ကျမှာ စိုးသည့်အတွက်သာ ဖြစ်သဖြင့် ဒေါ်အေးမြမြမှာ ပုံပုံအဖြစ်သည်းနေတာကို သဘောပင် ကျနေမိပါသေးသည်။

"အန်တီ... ... ဒိုက်နည်းနည်း ဖြည့်လိုက်ဦးမယ်၊ ဆေးခန်း ... ... ...ကျနေမှာစိုးလို့... "

"ဟုတ်တယ်... အန်တီစားနှင့်... အန်တီက ဂက်စ်ထရစ်
ရှိတယ်... "

ပုံပုံက ပြတင်းပေါက်မှန်မှာ ရပ်ရင်း ကျန်ရစ်ခဲ့သည်။ ထိုင်စောင့်နေလည်း အတူတူပါပဲဆိုတာ ပုံပုံသိသားပေါ့။ သို့သော် မြေနှင့်ပတ်သက်လာလျှင် သတ်လုံးပုံသည် အင်မတိအင်မတန် အဖြစ်သည်းလှသူတည်း။ အခုလည်း မြွေအိမ်ခန်းကို အမြေးသာ သွားကြည့်လိုက်ချင်တော့သည်။ စောင့်နေရခြင်းသည် ရင်ထဲ တထိတ်ထိတ်နှင့် လူကို နှလုံးရောဂါ ရစေနိုင်သည်ဟုပင် ပုံပုံထင်သည်။

မြွေ နေလို့မှ ကောင်းရဲ့လား။

မြွေ နေကောင်းရဲ့လား တွေးမိတော့ စိတ်က ရွှေကြာထံ ဖြတ်ခနဲ ရောက်သွားမိပါသည်။ ရွှေကြာ တစ်ယောက်ကော ဘယ်လိုနေပါလိမ့်။ နေမှကောင်းရဲ့လား။ ရွှေကြာ့ကို စဉ်းစားမိလျှင် ပုံသည် ရင်ထဲ လေးတက်သွားကာ အလိုလို သက်ပြင်းရှိုက်လိုက်မိ၏။ ရွှေကြာ နေမကောင်းလို့များ မြွေထံ ဖုန်းဆက်ပြီးခေါ်လို့ မြွေသွားနေရသလား။

သူတို့နှစ်ယောက်သည် ငယ်ပေါင်းကြီးဖော် အရင်းအချာကြီးတွေ ဖြစ်သည့်အတိုင်း တစ်ယောက်ကိုတစ်ယောက် သံယောဇဉ် ကြီးလွန်းတာ။ ရွှေကြာကဆိုလျှင် ထစ်ခနဲ တစ်ခုခု မဖြစ်လိုက်နှင့် မြွေရေ လုပ်ပါဦး ဆိုသော အိမ်ညောင်ညက်အသံနှင့် မြွေပခုံးပေါ် တာဝန်ထုပ် ပုံချလိုက်သည်မှာ ထုံးစံ။





မြွေတစ်ယောက်ကလည်း သူ့ ငယ်သူငယ်ချင်း ရွှေကြာက ဘာခိုင်းခိုင်း နွားတစ်ကောင်လို ကုန်းကာရုန်းကာ ကူညီရမှ။ မြွေကတော့ ရွှေကြာ့ကိုမှ မဟုတ်ပါ။ ဘယ်သူ့အပေါ် မဆို သူတတ်အားသမျှ ကူညီ လုပ်ကိုင်ပေးခွင့်ရလျှင် လူဖြစ်ကျိုးနပ်နေသူပင်။ ရွှေကြာ့အပေါ်မှာတော့ သာမန်ထက်ပိုမည်။

ဒီကိစ္စကို တွေးမိလျှင် ပုံပုံ့ရင်ထဲ မနာလိုဝန်တိုခြင်းက မီးပြင်းစနှင့် ထိုးလိုက်သလို စူးခနဲ ပူခနဲ ဆို့တစ်တစ်ခံစား ရတတ်သည်မှာ ထုံးစံတည်း။ ခုလည်းပဲ စိတ်ပူတာက တစ်ဖက် အချိန်မီမလာတာကို စိတ်တိုချင်တာကတစ်ဖက် ရွှေကြာများ ဘာပြဿနာတက်ပြီး ခေါ်ထားပြန်ပါလိမ့် ဆိုတာက တစ်ဖက် ခံစားချက် အတွေးစုံနှင့် ပုံပုံမှာ ထိုင်လို့ပင် မရနိုင်။

ဧည့်ခန်းကျယ်ကြီးမှာ ဟိုဘက်ဒီဘက် ခေါက်တုံ့ခေါက်ပြန် လျှောက်ကာနေလိုက်၊ ခြံဝကို မြင်ရသော မှန်ပြတင်းတွင် လိုက်ကာကြီး ဘေးကပ်ကာ မျက်နှာအပ် မျှော်ငေးလိုက်။ မြွေဟာ ကတိပျက်တတ်သူ ချိန်းဆိုချိန် နောက်ကျတတ်သူ တစ်ယောက် မဟုတ်ပေ။ ခုတော့ ဘာကြောင့်။

"ကျွတ်... ဘာဖြစ်မှန်း တွေးမရဘဲ... ဘုမသိ ဘမသိ ပူနေရတာလောက် ငါ့ဒေါသဖြစ်တာ မရှိတော့ဘူးကွာ... "

ပါးစပ်မှ ရေရွတ်ကာ သက်လုံးပုံက တယ်လီဖုန်းရှိရာ ဘောက်  ာ်ဆတ် လျှောက်လာပါသည်။ ဖုန်းကို ကောက်ကိုင်ကာ  ဂဏန်းခြောက်လုံးနှိပ်လိုက်ပြီး...

"ဟယ်လို... (---) ကုမ္ပဏီကလားရှင်... "

"ဟုတ်ပါတယ်... "

"ကိုအောင်မြေရုံးတက်သလား သိချင်လို့ပါ.. "

"အော်... ဒီနေ့ အောင်မြေ ရုံးမလာပါဘူး၊ ခွင့်ယူထားတာ ဒီနေ့ပါနဲ့ဆိုရင် လေးရက်ရှိပါပြီ၊ ဘယ်သူဆက်တယ်လို့ ပြောရမလဲ... အရေးကြီးပါသလားရှင်... "

"ရပါတယ်၊ အရေးမကြီးပါဘူး.. ကျေးဇူးပါပဲနော်... "

ပုံပုံ ဖုန်းကို ချလိုက်သည်။

ရုံးလည်းမတက်ဘူး တဲ့။ ပုံပုံကနောက်ထပ်ဂဏန်း ခြောက်လုံးကို နှိပ်လိုက်ပြန်သည်။

"ဟယ်လို... "

"ကျေးဇူးပြုပြီးတော့... အပေါ်ထပ်က ကိုအောင်မြေနဲ့ ခဏစကားပြောပါရစေ... "

"ကိုင်ထားပါ... "

မြေတို့အခန်းမှာ ဖုန်းမရှိ။ မြေက လေးထပ်အမြင့်မှာနေပြီး တယ်လီဖုန်းက နှစ်ထပ်အမြင့် အခန်းမှာရှိသည်။ ဖုန်းဆက်လည်းတစ်ဆယ်... ဖုန်းခေါ်ပေးရလည်း တစ်ဆယ်ပင်။

"ပုံ... အိမ်ကိုဆက်ကြည့်နေတာလား... "

"ဟုတ်တယ် အန်တီ... "

ပုံပုံက ဒေါ်အေးမြမြကို လှည့်ဖြေလိုက်သည်။

"ရှိသေးသတဲ့လား... "



"မသိသေးဘူးအန်တီ... အပေါ်တက်ခေါ်နေတာပဲ... "

ပုံပုံသည် မရှိဘူးဆိုလျှင်တော့ တစ်နေရာမဟုတ် ...်နေရာ လိုက်ကိုလိုက်တော့မည်ဟု စိတ်ဒုံးကူးလိုက်သည်။ မြေ... စိတ်ချရတာမဟုတ်။ သူ့အမေရော ပုံပုံပါ တကူးတက လိုက် ...ဖို့ အစကတည်းက ပြောဖူးသည်။ ခုလည်း လိုက်ရမှာအနေပါ ...နာပြီး တစ်ယောက်တည်း ဆေးခန်းကို ထွက်သွားရင် ထွက် ...မှာ။

"ဟယ်လို... "

"ဟုတ်ကဲ့... "

"သူမရှိတော့ဘူးခင်ဗျ၊ အခန်းက အပြင်ကသော့ပိတ်ထားပါတယ်... "

"အော်... တဆိတ်လောက်ရှင်... သူ အပြင်ထွက်သွားတာများ မြင်လိုက်ပါသလား၊ ဘယ်အချိန်လောက်ကများ ထွက်သွားသလဲလို့... သိနိုင်ရင် သိချင်ပါတယ်... "

ဒေါ်အေးမြမြက သက်လုံးပုံကို ငေးစိုက်ကြည့်ကာ ...နေပိသည်။ သူကလေးခမျာ ဒေါ်အေးမြမြရဲ့သားတော်မောင် ... အတော်ကြီး ချစ်မြတ်နိုးရှာတာ အသိသာကြီးပင်တကား။

"ခဏနော်... ဒါဖြင့်... အိမ်မှာ မေးကြည့်အုံးမယ်၊ ကျွန်တော်တော့ သူထွက်သွားတာ မမြင်လိုက်ဘူး... "

"ကျေးဇူးတင်ပါတယ်... "

ခဏအကြာတွင် တစ်ဖက်မှအော်မေးသံ စကား

ပြောဆိုသံများ ရပ်ကာ...

"မနက် ဆယ်နာရီလောက်က ထွက်သွားတာ တွေ့
တယ်တဲ့... ပြန်မရောက်သေးတာလား... ပြန်ရော
နောက်ဟစ်ခါ ထပ်ထွက်သလားတော့ မသိပါဘူးဆ

"ဟုတ်ကဲ့... ဟုတ်ကဲ့... ကျေးဇူးတင်ပါတယ်ရှင်..."

ပုံက ဖုန်းချကာ နှုတ်ခမ်းလေး ကိုက်နေ
မနက်ကတည်းက ဘာကြောင့် ထွက်သွားရတာလဲ။ တခြား
သွားစရာရှိတာ မဟုတ်ဘဲနဲ့။

"ဘာထူးလဲ သမီး..."

"မနက်ကတည်းက အပြင်ထွက်သွားတယ်တဲ့..."

"ဘာကိစ္စများပေါ်ပါလိမ့်..."

"ရွှေကြာပဲ ဘာကိစ္စပေါ်ပြန်ပြီလဲမှ မသိတာ..."

စူထော်သော နှုတ်ခမ်းနှင့် မလိုတမာ သ
လေသံဟန်ပန်ကြောင့် ဒေါ်အေးမြမြမှာ ပြုံးမိမလိုရှိ
အောင့်ထားရပါသည်။ ရွှေကြာနှင့် သားတော်မောင်ဟာ
ငါးနှစ်၊ အနှစ်နှစ်ဆယ် ခင်မင်လာကြသူတွေ။ ဆန်းပြားချ
အစောကြီးကထဲက ဆန်းပြားနိုင်ကြမှာဖြစ်ပြီး ရိုးသား ဖြူ
ခင်မင်ကြတာပဲဆိုတာ ဒေါ်အေးမြမြ အသိပင်။ သို့
သက်လုံးပုံကလေး ခများမှာတော့ သူ့ရဲ့ သံယောဇဉ် သက်
တစ်နှစ်လောက်နှင့်ယှဉ်ကာ အကြီးအကျယ် မနာလိုဘဲ ရှိ
သည်။





"အေး... အဲဒါတော့ အတတ်မပြောနိုင်ဘူး..."

"အဲဒီ ရွှေကြာက... မြေကို သိပ်နိုင်တာပဲ၊ သူကလည်း
ကုန်းရုန်းအခိုင်းခံနေတာ၊ သူများနေကောင်းမှန်းမသိ
မကောင်းမှန်းမသိ... ဘာခေါ် ပြဿနာ လုပ်ပြန်ပြီလည်း
မသိပါဘူး..."

မနာလိုအူတို စိတ်ပုပ်နှင့် ပုံပုံ့ ကလေးဆန်ဆန်
နာလေးမှာ ရဲနေသည်။

"ဟုတ်ချင်မှတော့ ဟုတ်မှာပါ... ဒါမှမဟုတ် သားကြီး
တစ်ယောက်ဟာ အန်တီနဲ့သမီးကိုပါ ဆေးခန်းခေါ် ရမှာ
အားနာပြီး တစ်ယောက်တည်း သွားလိုက်ပြီလားမှ မသိ
တာ။ ခုပဲ ငါးနာရီခွဲကာနီးသွားပြီ၊ သွားပြီထင်ပါရဲ့...
ပုံပုံရယ်"

"လိုက်ပါမယ်ဆိုနေကာမှဟာကို... သူက အလကားနေ
အားနာနေတာပဲ..."

"နောက်တော့ သူ့အကျိုးအကြောင်း ပြောပြပါလိမ့်မယ်
သမီးရယ်..."

"ဟာ... ပုံက သူဘာဖြစ်လဲ စောစောသိချင်တာကို..."

"ခေါင်းကိုက် ဇက်လေး မျက်စေ့ဝေတာလေးက ဘာမှ
ကြီးကျယ်တာမှ မဟုတ်ဘဲ သမီးရယ်... စိတ်ပူမနေပါနဲ့..
ဒီနေ့ပြမဲ့ ဆရာဝန်က မျက်စေ့ထပ်စစ်ခိုင်းမှာပါပဲ...
မျက်မှန် ဒီဂရီတိုးရုံ ထင်ပါရဲ့သမီးရယ်..."

"သူမျက်မှန် ဒီဂရီတိုးရင်လည်း ပုံပဲ အရင်ဆုံး သိ
ချင်တယ်၊ မရဘူး၊ ပုံဆေးခန်းကို လိုက်သွားမယ်...

ဒေါ် အေးမြမြမှာ သက်ပြင်းတစ်ချက်သာ
မှုတ်ချမိပါသည်။

"မှောင်စတောင်ပျိုးတော့မှာ... သမီး ဖေဖေပြန်လာ
ညနေဘက်ကြီး မှောင်ကာနီး ကားနဲ့ထွက်ရပါ့မလား
နေပါဦးမယ်... "

"မဆူပါဘူး၊ အသည်းယားလွန်းလို့ လိုက်သွား
ဖေဖေ့ကို ပြန်လာမှပြောမယ်... "

"ဒါဖြင့်ရင်လည်း အန်တီပါ... "

"အန်တီ မလိုက်ပါနဲ့တော့... ပုံ ဘာသာ သွားတော့
တွေ့ရင်ထုပစ်မယ်... အလကားနေ အားနာတာနဲ့
လိုက်ပါမယ် သေချာပြောထားလျက်နဲ့... "

ခုနကထဲက အဝတ်အသင့်လဲပြီး စောင့်နေ
သက်လုံးပုံက ဘာမှ ထပ်မံပြင်ဆင်စရာမရှိ၊ ပိုက်ဆံအိတ်က
ကို ဆိုဖာပေါ် ပစ်တင်ထားရာမှ ကောက်ယူကာ ကားသော့
ပြီး တလှစ်လှစ်နေအောင် အိမ်ပေါ်မှ ပြေးတော့သည်။

"ပုံပုံရေ... ဆေးခန်းမှာ တွေ့ရင်တော့ ဒီခေါ် ခွဲအုံး
ပြီးတော့မှ ဒီကစားသောက်ပြီးမှ ပြန်လွှတ်မှ... "

"ဟုတ်ကဲ့ အန်တီ... "

ပြန်ဖြေသံသည် ကားပေါ်မှ ဖြစ်သည်။
လျှင်ခပ်ညက်ညက်စက်နှိုးသံကပေါ် လာသည်။ စိတ်မြန်လက်



သည် ဤသို့မှုခွင့်မပြုလိုက်လျှင် တစ်ညလုံး တဖျစ်တောက်
တ် မြည်တွန်နေတော့မှာ သေချာသဖြင့် ဒေါ် အေးမြမြမှာ
သို့သာ ကျွန်ရစ်ရပါသည်။

✤✤✤✤✤✤✤

ဆေးခန်းထဲဝင်ကာ အနံ့ဝင်ရှာသည့်အပြင် မှတ်
င်စာအုပ် လှပ်ရှာနေရာမှာလည်း မြေရဲ့နာမည်ပါမလား
ောင်းပြီး ကြည့်လိုက်ပါသေးသည်။ ဒီဆေးခန်း ဒီဆရာဝန်
ပြမည်ဆိုတာ ကြိုတင်တိုင်ပင်ထားပြီးသားမို့ တခြားမှာ
း သွားရှာနေဖို့ မလိုတော့ပါ။ မြေကို အစအန တစ်စွန်း
ပင် မတွေ့မြင်ရသောအခါတွင် သက်လုံးပုံသည် ထင့်ခနဲ
ခုံတစ်ရာကိုပဲ အပြတ်တွေးထင် လိုက်မိပြီ။

ရွှေကြာ့အိမ် ရောက်နေနိုင်သည်။

မြေဟာ အလည်အပတ် အပေါင်းအဲသင်း များ
သူမဟုတ်၊ နှုံးကပင် ခွင့်ယူနားနေခိုက်မှာ တခြားကို သွား
အကြောင်းမမြင်၊ မနက်ကတည်းက ဘယ်ကိုထွက်သွား
ဲ၊ ရွှေကြာထံကိုကလွဲလို့ တခြား ဖြစ်နိုင်စရာ မရှိတော့ပါ။

ရွှေကြာ့ ဒုက္ခပြဿနာ အရှုပ်အရှင်းတွေနှင့် လုံး
နေတတ်သည့် မြေသည် အခုလို အချိန်မျိုးမှာ ရွှေကြာနှင့်
နီးစပ်ကူညီချင်စရာ ဖြစ်သည်။ အရင့်အရင်က ပြဿနာဆို

တာတွေနှင့် ဘယ်လိုမှ မဆိုင်သော ဒုက္ခတစ်ခု ရွှေကြာ့မှာ ရင်ဆိုင်ကြုံတွေ့နေရတာလည်း သက်လုံးပုံပါ သိသိချည်းပင် မဟုတ်လား။ အခု ဒုက္ခက အရင်ဒုက္ခနဲ့ မတူဘူး လို့ ဟီးချ ညည်းလောက်အောင် ရွှေကြာပြဿနာ တက်နေသည်။

ဒါကိုသိတာလည်း ရွှေကြာရယ်၊ အောင်မြေရယ် သက်လုံးပုံရယ် သုံးယောက်တည်းသာ။ တကယ်ဆိုလျှင် သူတို့နှစ်ယောက် ရင်းနှီးခင်မင် သစ္စာကြီးကြပုံက ခုကိစ္စကို သက်လုံးကိုပင် ဖုံးဖိထားချင် ထားဦးမည့် ရင်းနှီး စည်းလုံးမှုမျိုးတည်း ရွှေကြာက ပုံကို ဦးစွာ ဖွင့်ပြောလာ၍သာ ပုံသိခွင့်ရခဲ့သည်။

ပုံသည် သဝန်တိုမည့်သာ သဝန်တိုနေရသော်လည်း ရွှေကြာ ဖြူစင်ဖြောင့်မတ်သည်ကိုတော့ ယုံကို ယုံကြည်ပြီးသားပင်။ ခက်နေတာက မြေရဲ့သံယောဇဉ်တည်း။

သံယောဇဉ်ကြီးဆို ရွှေကြာနှင့်အောင်မြေက ပုံနှ သိသလို လွန်ခဲ့သည့် တစ်နှစ်လောက်ကမှ စသိကြရတာမျိုး မဟုတ်။ သုံးလေးငါးတန်း အရွယ်က စ ခင်ခဲ့ကြတာဖြစ်သည် ပြောမနာ ဆိုမနာ လျှို့ဝှက်ချက်ဆိုတာ မထားတဲ့ တိုးလျှိုပေါက် ရင်းနှီးခင်မင်မှုမျိုးနှင့် သံယောဇဉ်ကြီးခဲ့ကြတာ ဖြစ်သည်။ မြေကို ပုံ စသိခဲ့ရတာကိုက ရွှေကြာ့သူငယ်ချင်း အဖြစ်နှင့်သာ။ အနီ သားတစ်ယောက် အဖြစ်မဟုတ်။

ရွှေကြာက တစ်ဆင့်ခံသည်။ ဒီတော့ သူတို့နှစ် ကြားမှာ ရွှေကြာ့ကို ဖယ်ထုတ်မရပါ။ ပုံကလည်း ဖယ်ထုတ်ချ





ာ သဘောရှိလို့ မဟုတ်ပါ။ ရွှေကြာ့ကို မြေ အလေးအနက် ယောဇဉ် ကြီးလွန်းတာတစ်ခုကိုသာ မကျေမနပ် မနာလိုတာ သည်။ ခုလိုဆိုတော့ ပို၍ပင် ပုံ မျက်ကလဲဆန်ပျာ ဖြစ်နေရ ည်။

ဘာကြောင့်ပါနည်း။

အကြောင်းရင်းကား ရွှေကြာ့ရဲ့ မိုက်မဲပေါ့လျော့ ညာလွယ်မှုမှ စတင်ခဲ့သည်။ ရွှေကြာ့မှာ ကိုယ်ဝန်ရှိနေသည် သိလိုက်ရတုန်းက ပုံသည် ရွှေကြာ့အတွက် စိတ်ညစ်ခြင်း၊ ားခြင်း၊ ကြုံရာမရခြင်းတို့နှင့် တစ်ကိုယ်လုံး ထူပွန် ကြပ်ခဲ ားသည့်ကြားမှ တစ်စုံတစ်ရာကို ‌‌ေသမတတ် စိတ်ဒုက္ခကြီးစွာ င်လိုက်ရပါသေးသည်။

မြေတစ်ယောက် ထိုဒုက္ခ ဝန်ထုပ်ကို တာဝန်ယူ လိုက်မှာကို ကြောက်ရွံ့ခြင်းပင်။ မျက်စေ့မျက်နှာပျက်ကာ ငိုင် နေသော မြေကို ပခုံးနှစ်ဖက် ဆောင့်ကာဆောင့်ကာ လှုပ် ရင်း...

“မြေ... မြေနော်... ပုံတို့ တခြားနည်းနဲ့ ကူညီကြမယ်နော်၊ မြေ... ဒီကိစ္စကို ခေါင်းခံပြီး တာဝန်ယူလိုက်မှာအကြောက် ဆုံးပဲ၊ ပုံ သေမှာ သိလား၊ ငိုင်းခနဲလဲသေမှာနော်... ကြားရဲ့လား... ရှိကြီးခိုးပါရဲ့မြေရယ်... ”

မျက်ရည်စက်လက် မျက်စေ့သူငယ်နှင့် မြေကို ခေါင်းခြောက်တစ်ဝက် တောင်းပန်တိုးလျှိုး တစ်ဝက်ရောကာ

အထပ်ထပ် အခါခါ အကြိမ်တစ်ရာမက ပြောခဲ့သည်။ ထိုအ
မြေသည် ပွဲမေးစေ့ကလေးကို ဆွဲပင့်လျက်…

"ဒါမှိုးပြောစရာလားပုံရယ်… ကိုယ့်မှာ ချစ်သူမရှိရင်တော့
ပူချင်ပူစရာဟုတ်သေးတယ်၊ ကိုယ့်မှာ ဟောဒီ ပုံဆို
ချစ်သူတစ်ယောက် ရှိနေတာပဲဥစ္စာ၊ ဒီချစ်သူကလေး
မကြာခင် သေတစ်ပန်သက်တစ်ဆုံး နှိုးမြေကျ လက်ထ
ပေါင်းသင်းဖို့ ဆုံးဖြတ်ပြီးသားဥစ္စာ… "

ထိုသို့ ဆိုခဲ့သော်လည်း မနိုတင်ကဲ ရှိလှသည့်
မျက်နှာကို ကြည့်လျှင် ပုံသာမရှိပါက ရွှေကြာ့ကို သူလက်ထ
အမည်ခံပေးလိုက်မှာ မလွဲဘူးဆိုတာ သေချာစွာ ယုံကြည်
သည်။ မြေကြီးလက်ခတ်မလွဲပါဘူး။ မြေဟာ ပုံမရှိလျှင် ရွှေကြ
တာဝန်ကို ယူကိုယူမှာ။

ရွှေကြာ့ကို သနား၊ စိတ်မကောင်းလွန်းလှတာ
အမှန်ဖြစ်သော်လည်း မိုက်လိုက်လေခြင်းရယ်လို့လဲ ကရုဏာ
ဒေါသ ဖြစ်လှသော ပုံသည် သူ့ဟာသူ မဆင်မခြင် မိုက်မဲရာ
ရလာသော အဘိုးရလဒ်အတွက် ကိုယ့်ချစ်သူကို စွန့်လွှတ်ကူညီ
အထိတော့ အနစ်နာမခံနိုင်ပေ။ ဤသည်မှာ သစ္စာစကားပင်
ရွှေကြာ့ကိစ္စအတွက် အိပ်ပျက်ခံကာ ခေါင်းပူအောင် အကြံထုတ်
သည်။ ဘယ်ကို ပို့လွှတ်မွေးစေရမလဲ၊ ဒါမှမဟုတ် ရက်စက်မိုက်
မဲစွာ ဖျက်ဆီးပစ်ဖို့ကော။

ဘယ်လိုဖြစ်ပါစေ ကုန်ကျစရိတ်အားလုံး ပုံတာဝ



ယူရမည်ဆိုက ပျော်ရွှင်ကျေနပ်စွာ တာဝန်ယူနိုင်သည်။ မြေကို
မပေးရလျှင် ပြီးရော။ တကယ်တော့လည်း ရွှေကြာဟာလည်း
မရှိမဲ့ရှိမဲ့ လူတန်းစားထဲကမဟုတ်။ ငွေကြေးမလို၊ အကြံဉာဏ်
အကူညီ အပေးမသာလိုသည်။ တာဝန်ရှိသူနှင့် လက်ထပ်ဖို့က
တော့ မဖြစ်နိုင်ပြီ။

ရွှေကြာရဲ့ တရားခံ ချစ်သူ ကျော်စွာလေးဟာ ပြီး
ခဲ့တဲ့ တစ်လကပဲ မတော်တဆ ကားတိုက်မှုနှင့် သေဆုံးကွယ်လွန်
ခဲ့ပြီဖြစ်သည်။ ရွှေကြာမိုက်သည်။ ရွှေကြာမိုက်သည့်အတွက် မြေ
က တာဝန်ယူရမည်ဆိုလျှင် လုံးဝ တရားမျှတမှု မရှိ။ ပုံက မြေကို
စွန့်လွှတ်ရမည်ဆိုလျှင် ကြီးမားသော မတရားမှုကြီး သက်သက်
ဖြစ်သည်။

လောလောဆယ် ဤပြဿနာ ရှိနေသည့်အတွက်
မြေကို ပုံတစ်ချက်ကလေးမှ အလစ်မပေးချင်ဘဲ စိတ်မချ လက်
မချ ဖြစ်နေသည်။ ဒါကြောင့်လည်း ဤမျှ သွေးပူနေရခြင်းသာ။
အန်တီကတော့ ခေါင်းကိုက် ဝေဒနာကလေးအတွက် ဆေးခန်း
ပြဖို့ ကိစ္စကို ပုံ ဤမျှ အသည်းအသန် ဖြစ်နေသဖြင့် မိခင်ရင်း
ထက်ပင် သည်းနေပါကလားဟု ထင်ကောင်းထင်နိုင်ပါသည်။
ထိုသို့ ထင်တာက ဘာမျှ အရေးမကြီးပါ။

အရေးကြီးသည်မှာ ရွှေကြာ့ကို မြေက ဘဝနှင့်ရင်း
၍ မကူညီဖို့ပင်။ ထိုသို့ မကူညီဖြစ်စေရန် မြေနှင့်ရွှေကြာတို့ နှစ်
ယောက်ချင်း လျှို့ဝှက် တွေ့ဆုံမှုကို ပုံ အလိုမရှိ။ မြေကိုလဲ သတိ

ပေးပြီးပြီ။ ပုံမပါဘဲ ဒီရက်အတွင်း ရွှေကြာ့ထံ မသွားရ မလာရ။ ပုံပါ ပါမှ သွားရမည်။ ဤကိစ္စကို ပုံမသိဘဲ ဘာမျှ မဆွေးနွေးရ။ မြေပြောချင်သမျှကို ပုံသိပြီးမှ ရွှေကြာ့သိစေရမည်။ ဒီကတိကို မြေကလည်း ပေးထားပြီးသား ဖြစ်ပါလျက်...။

ဆေးခန်းမှ အမြန်မောင်းလာသော သက်လုံးပုံရဲ့ကားကလေးသည် ရွှေဂုံတိုင်မြို့နယ်ထဲတွင် တည်ရှိသော ရွှေကြာရဲ့ နေအိမ်ခြံဝင်းသို့ ဦးတည်လာသည်။ စိတ်ဇောကြောင့် အရှိန်ကလည်း မြန်နေကာ ဘာမျှ သိပ်မကြာလိုက်ဘဲ ရွှေကြာတို့ ခြံကို ရောက်လာပါသည်။ ဆေးခန်းမှ ပြန်ထွက်လာတော့ ခြောက်နာရီကျော်ခဲ့ပြီမို့ ခုဆို ခြောက်နာရီခွဲခါနီးရော့မည်။ မှောင်ရိပ်ပင် သန်းစပြုနေပါပြီ။ ခြံထဲမှာ မြေ့ကားကို လှမ်းမြင်နေရသည်။

ဖွင့်ထားသော ခြံတံခါးမှ ကားကိုလှိမ့်ဝင်လာသော ပုံသည် ပြန်ကွေ့ထွက်ဖို့ရာ လွယ်သည့် ဒီဘက်ခြမ်းမှာပဲ ကားကို ရပ်ကာ ဆင်းလာသည်။ အိမ်တံခါးမကြီးမှာလည်း ပွင့်လျက်သား။ ဧည့်ခန်းကို လှမ်းမြင်နေရကာ ထိုနေရာတွင် လူရိပ်လူယောင်မရှိ။ ပုံက ကွယ်နေသော တိုက်ဟိုဘက်ဘေးခြမ်းဆီ ရင် တဒိတ်ဒိတ်ခုန်ကာ လျှောက်လာသည်။

တစ်ဘက်ခြမ်းတွင် ဒန်းကလေးရှိတာ ပုံသိသည်။ တစ်စုံတစ်ခုဖြစ်တော့မည်ဆိုလျှင် လူ့စိတ်က အလိုလို ကြိုထင့်နေတတ်သည်မှာ ဤတစ်ကြိမ်၌ အသိသာဆုံးပင်တည်း။ ပုံသည် တိုက်ဘေးက ဒန်းကိုမမြင်ရမီကပင် ဒန်း၌ သူတို့နှစ်ယောက်ကို





မြင်ရမည်ဟုထင်သည်။ တိတ်ဆိတ်နေမှုကို လူမရှိသောကြောင့်ဟု မထင်။ လူရှိလျက်နှင့် တိတ်ဆိတ်နေပုံမျိုးဟု အလိုလိုထင်သည်။

ဒန်းပေါ်၌ ရွှေကြာ...

မျက်နှာချင်းဆိုင် ဆိတ်မွှေးကြိမ်ခုံပုလေး၌ မြေ...။

မြေက ခေါင်းငုံ့မျက်နှာကို အုပ်ထားကာ ထို ခေါင်းပေါ် ဆံပင်များသို့ ရွှေကြာ့လက်နှစ်ဖက်လုံးက ရောက်နေလျက် တစ်စုံတစ်ရာ တီးတိုးနားချ ချော့မော့နေသလို မြင်ကွင်းသည် ပုံ့ အသက်ကို ရင်ခွဲ ဆွဲနုတ်ယူလိုက်သလို သေဆုံးတောင့်တင်းသွားစေသည်။ ပုံသည် တစ်ဖြိုင်နက်တည်းတွင် နားကြည်းမုန်းတီးခြင်း၊ အော်ဂလီဆန်ခြင်း၊ စက်ဆုပ်ခြင်း၊ အသဲကွဲခြင်းတို့ စုပြုံခံစားလိုက်ရကာ ရင်ဘတ်ထဲက ထိုးအောင့်သွားသည်။

သို့သော် ပုံသည် မြင်ကွင်းကို ချာခနဲ ကျောခိုင်းပြေးမည့် မိန်းမစားမျိုးကား မဟုတ်။


"ဘာဖြစ်နေကြတာလဲ... ဟင်... "

ပုံ့အသံသည် အေးစက်မာကျော သည်းထန်စွာ ထွက်သွားသည်၌ မြေ့ခေါင်း ဆတ်ကနဲ မော့လာကာ ရွှေကြာကလည်း ချာခနဲ လှည့်ကြည့်လိုက်သည်။ ရွှေကြာကား ဟန်မပျက်။ မြေကား မျက်ရည်စိုစွတ်လျက် တကား။ ရွှေကြာက အေးဆေးဖျော့တော့စွာ ပြုံးရင်း...

"ဒီမှာ အရှူးထ,လာတယ်... တို့ကို မရမက လက်ထပ်ဖို့

ပြောနေတယ်ပုံ... ကြည့်ပြောစမ်းပါဦးဟယ်... "

ပုံသည် ရှက်ခြင်း၊ ခံပြင်းခြင်း၊ နာကျင်ခြင်းနှင့် ထူပူကာ အကြိမ်ကြိမ် အခါခါ လဲကာလဲကာ သေဆုံးရင်း သတိလက်လွတ် ပြာနှမ်းနေလေသည်။




ဖိုင်နယ် စာမေးပွဲ အောင်စာရင်း ထွက်တော့ သက်လုံးပုံအမည်နဲ့ဘေးမှာ ကြယ်ပွင့်နှင့် ဂုဏ်ထူးထွက်သူများ ဂွာလီဖိုင်းဝင်နေတာ မြင်ရတော့ တခြား ဂွာလီဖိုင်းဝင်သူတွေလို ပျော်ရွှင်လှသည်တော့ မဟုတ်လှချေ။ တကယ်တန်းတော့ ပုံသည် ဆယ်တန်းဖြေတုန်းက အမ်စီကို မှန်းဆခဲ့တာဖြစ်သည်။ ပထမနှစ်က စာမေးပွဲဖြေတော့ ကိုယ့်ကိုယ်ကို ကျေနပ်မှု မရှိလှသည်နှင့် နောက်ဆုံးဘာသာရပ်ကို ခြစ်ချပစ်လိုက်သည်။

ဒုဲဒီတုန်းက ဖေဖေလည်း စိတ်မကောင်း။ မုံ့ဆရာမများလည်း စိတ်မကောင်းကြချေ။ ရနိုင်ခြေအမှတ်ကို ပြန်တွက်ကြကာ အာရုံဖိုင်တီလောက်တော့ ဝင်နိုင်ပါလျက် ခြစ်ချပစ်တာကို တဖျစ်တောက်တောက် နှမြောတသကြသည်။ နောက်နှစ်ဆိုတာဟာ ကြိုတင်တွက်ဆလို့ ဘာမှ ရရာတာ မဟုတ်ဘူးဟု ဖေဖေကဆိုသည်။ ဒီကြားထဲ ရှိုးသောစာတွေကို ထပ်ကာထပ်ကာကျက်ဖို့ ဖျင်းရိစိတ်လေကာ ဒီနှစ်လောက်တောင်မှအခြေအနေမကောင်းရင် ဘယ်လို လုပ်ပါ့မလဲဟု ဖေဖေက စိုးရိမ်သည်။

သို့သော် ခြစ်ချပြီးခဲ့ပြီးမို့ ဘယ်သူမှ ဘာမှ မတတ်နိုင်။ နောက်တစ်နှစ်တွင် ဖေဖေစိုးရိမ်သလို ပုံက စိတ်မလေပါ။ သို့သော် ဖြေဆိုနိုင်သော အခြေအနေမှာ မနှစ်ကနှင့် ထူးမခြားနားလောက်ဟုသာ ပုံကထင်ကာ သုံးဘာသာထဲ ဖြေအပြီးတွင် ဆက်မဖြေဘူး လုပ်ပြန်သည်။ ဖေဖေ တောင်းပန်လွန်းသဖြင့် စိတ်မပါလက်မပါ ဆက်ဖြေလိုက်ရပါသည်။

အမ်စီမဝင်နိုင်တာတော့ ကြိုတွက်ပြီးသား။ စက်မှုတက္ကသိုလ် ပညာရပ်ကို တစ်စက်မှ စိတ်မပါ၍ ပုံ စိတ်ပျက်လက်ပျက် ဖြစ်နေသည်။ ဖေဖေက ဖြေသာဖြေပါ။ စက်မှု မလိုချင်ရင် ကြိုက်တာယူပါ ဟု ဆိုခဲ့သလို တကယ်တမ်း စက်မှုတက္ကသိုလ်ဝင်သည့်အမှတ်သာ ရသောအခါ ပုံက လုံးလုံးမလျှောက်ခဲ့ပေ။

ဆေးတက္ကသိုလ်မဝင်တော့ကတည်းက တက္ကသိုလ်တက်ဖို့ ကိစ္စကို လုံးလုံး စိတ်မဝင်စားတော့သော ပုံသည် လျှောက်လွှာတွင် သတ္တဗေဒ တစ်မျိုးတည်းကိုသာ တခြားရွေးစရာ မဖြည့်ဘဲ ရေးထည့်လိုက်သည်။ ထို့ကြောင့် ပုံ သတ္တဗေဒ ပထမနှစ်ကို ခုံနံပါတ်တစ်နှင့် ဝင်ရောက်လာပါသည်။ သတ္တဗေဒကို စိတ်ဝင်စားလို့လားဆိုတော့လည်း မဟုတ်ပြန်ပါ။ ပုံက ပြီးစလွယ် ရွေးချယ်ခဲ့တာ ဖြစ်သည်။ တက္ကသိုလ် သက်တန်း လေးနှစ် တစ်လျှောက် သူငယ်ချင်းများနှင့် လွတ်လပ်ပျော်ရွှင်စွာ သိပ်ကြိုးစားပမ်းစား ကျက်မှတ်ရတာမရှိဘဲ ပုံက အလွယ်ကလေး ဖြတ်ကျော်လာကာ ဖိုင်နယ်အောင်တော့ သူငယ်ချင်းတစ်ယောက်မှ အဖော်



မပါဘဲ တစ်ယောက်ထီးတည်း ကျွာလီဖိုင်းဝင်လာသည်။

လက်တွဲခင်မင်ခဲ့သော သူငယ်ချင်းတွေမပါ၍ ပုံက ကျွာလီဖိုင်းဝင်တာကို မပျော်လှ။ ပျင်းတိပျင်းခြောက် ခံစားနေရသည်။ ဆက်ပြီးတော့လည်း တက်ချင်လှသည်မဟုတ်။ သို့သော် ဖေဖေကလည်း တက်စေချင်ပုံပြကာ ပုံကိုယ်တိုင်လည်း ကျောင်းမတက်ဘဲ အိမ်မှာ အလကားနေရင်း အချိန်ဘယ်လို ကုန်ဆုံးရပါ့မလဲ မတွေးတတ်တာနှင့် ကျောင်းဆက်တက်ဖို့ လျှောက်လွှာ တင်ဖြစ်ခဲ့ပါသည်။

အိမ်မှာ မနေချင်လှဘဲ ဖေဖေ့ကို မျက်နှာချင်း သိပ်မဆိုင်လိုသော ဝေဒနာကိုလည်း ပုံကခံစား နေရသည်လေ။ ဖေဖေအိမ်ထောင် ထပ်မပြုတော့မည် ဆိုသည့်အဖြစ်အတွက် ပုံက သဘောမတူဘူးရယ်လို့ မ...တ်သော်လည်း ရင်ထဲမှာ မလိုတမာတော့ ခံစားခဲ့ရသည်။ ဖေဖေ့ကို မတားမြစ်သင့်ကြောင်း ပုံ သိသည်။ ပုံ ဆယ်နှစ်သမီးအရွယ် မေမေဆုံးခဲ့ပြီးကတည်းက နောက်ထပ် ဆယ့်သုံးလေးနှစ်လုံးလုံး ဖေဖေ အထီးကျန်ကျန်နေခဲ့ရှာသည်။

အခု ပုံ့ဘွဲ့ရမှ ဖေဖေက စိတ်ကူးတာဖြစ်သည်။ ပုံနောက် တစ်ဘွဲ့ ဆက်တက်ဦးမှာ အတွက် ဖေဖေ စောင့်ဆိုင်းစရာလည်းမဟုတ်ပါ။ ဖေဖေ့အသက်လည်း ငါးဆယ်ဖြစ်နေပြီ။ ဖေဖေ့မှာ ဆေးပေးမီးယူ အဖော်သဟဲရယ်လို့ ရှိစေချင်သော စေတနာလည်းပုံ့ရင်ထဲမှာ ရှိသည်။ သို့သော် အူတိုတတ်သော

ပုံသည် မိန်းမ သူစိမ်းတစ်ယောက်အပေါ် ဖေဖေ သံယောဇဉ်ရှိပြီ ဆိုသည့်အသိကိုပဲ တအုံနွေးနွေးနှင့် မကျေမနပ် နာကျင်ခဲ့တာ ဖြစ်သည်။

ဒါကြောင့်လည်း..

"သမီးဆန္ဒက ဘယ်လိုလဲ.. "

ဟု ဖေဖေက အရေးတယူ မေးခဲ့စဉ်က...

"ပုံမှာ ဘာဆန္ဒမှ မရှိပါဘူး၊ ဖေဖေယူချင်ယူပေါ့.. "

ဟု စူပွပွလုပ်ပြီးမှ မီးစိမ်းတော့ ပြပေးလိုက်ပါသည်။ အဲ့ဒီနောက်တော့ ပုံသည် ဖေဖေလက်ထပ်မည့် ကိစ္စကို တစ်ခွန်းမှမဟ၊ အခွေးနွေးလည်းမခံ။ ပုံ့ရဲ့ ထိုခံစားချက်ကို ပြီးပြီး ပျောက်ပျောက် မေ့မေ့လျော့လျော့ ရှိစေဖို့ရာအတွက် ကျောင်း ဆက်တက်နေရလျှင်လည်း မဆိုးပါဘူး ဆိုတာလောက်နှင့် ပုံက အပေါ်အပေါင်းအသင်းမဲ့စွာ ကျူလီဗိုင်းတန်း ပထမနှစ်ကို တက် ရောက်ခဲ့လေသည်။

* * *

ခုံတန်းလျားတစ်ခုတွင် ဘယ်သူနှင့်မျှ အပေါင်း အသင်းမပြုဘဲ တစ်ယောက်တည်းထိုင်ကာ အတန်းတက်လေ့ ရှိသည့် ပုံနည်းတူ တစ်ယောက်တည်း သူ့ရဲ့ကောင်းဆန်ဆန် နေ သည့် အခြားမိန်းမပျို တစ်ယောက်လည်း အတန်းထဲမှာ ရှိလေ



ည်။

သူမကား ရွှေကြာတည်း... ။

ရွှေကြာသည် အရပ်မြင့်မြင့်၊ ဆံပင်ရှည်ရှည် ခပ် ...ာက်ကောက် အသားညိုစိမ့် နွဲ့နှောင်းကာ ရဲတင်းစူးရှသော ...်လုံးများနှင့် အလွန်အလှပြုပြင်သော ကျောင်းသူတစ်ယောက် ...သည်။ စာသင်ခန်းထဲသို့ ဆရာ မဝင်မချင်း ကော်ရစ်ဒါတွင် ...်ယောက်တည်း ထွက်ရပ်နေကာ သူမကို လာရောက် နှုတ် ...်မိတ်ဖွဲ့သူများနှင့် စကားလက်သင့်ခံ လက်ဆုံကျနေတတ် ...ရှိသည်။

ဆရာ-ဆရာမ တစ်ယောက်ယောက် ဝင်လာမှ ...ကလည်း ကော်ရစ်ဒါမှ အတန်းထဲ ပြန်ဝင်လာတိုင်သည်။ ...ုင်းရာ ရွေးချယ်ပြီး တစ်ယောက်တည်း ထိုင်နေတတ်ကာ ...ေးသည်ငေး လုပ်နေတတ်တာကို မြင်နေရသဖြင့် ပုံက ...ကြာ့အသွင် သဏ္ဍာန်ကို သဘောမကျလှ။ လူစုံမှ ရွှေ့ပေါက် ...ဝင်လာခြင်းအားဖြင့် အားလုံး သူမကို ဝိုင်းဝန်းအာရုံ စူးစိုက် ...အောင်လုပ်သည် ဟုထင်သည်။ ဘယ်သူကမှလည်း ရွှေကြာ့ကို ...ငုံ့မစိုက်ဘဲ မနေနိုင်။ သူမက ထူးထူးခြားခြား ဆွဲဆောင်အား ...ခုနှင့် ကြည့်ကောင်းလှပါသည်။

ပုံသည် အသားဖြူဖြူ၊ လက်မောင်းသားလေးများ ...ဲ့ချောမွတ်၊ ခြေသလုံး ခြေဖမိုးကလေးများ ပြည့်တင်းဝင်းမွတ် ...ာ အလှမျိုးနှင့် မျက်လုံးဝိုင်းနက်နက်၊ မျက်ခုံးစင်းရော်တောင်

နှုတ်ခမ်းထူထူ ဖူးဖူးကလေးကို ပိုင်ဆိုင်သော မိန်းမလှ တစ်
ယောက်ပင်။ သို့သော် ပုံလှသည်မှာ လှသည်လို့ကို မသတ်မှတ်
မရ။ သိသိသာသာ ထင်ထင်ရှားရှား ရိုးရိုးသားသား လှနေခြင်
မျိုးတည်း။

ရွှေကြာ့ရုပ်သွင်သည် ချောသလား လှသလား ဆို
တော့မဟုတ်။ ဘာက ဘယ်လိုထူးခြား ဝင်းလက်နေသည် မသိ
ရဘဲ စွမ်းအားတစ်မျိုး ကိန်းဝပ်ရှင်သန်ကာ စွဲမက်စရာကောင်
သော အလှမျိုး။ ပုံကိုမြင်လျှင် လှလိုက်တာ ဟု ချီးမွမ်းပြီးသော်
ရှေ့ဆက်စရာဘာမှမရှိသော်လည်း ရွှေကြာ့ကိုမြင်လျှင် ကြည့်
ကောင်းလိုက်တာ ဆိုသည့်အတွေးနှင့် ရှေ့ဆက်ပြီး စိတ်ဝင်
စားစရာ ဖြစ်နေအောင် ဘာက ဆွဲဆောင်မှန်းမသိ ဆွဲဆောင်နေ
သည်။

အတန်းထဲတွင် သက်လုံးပုံနှင့်ရွှေကြာကို အလှဆို
ရယ်လို့ အတန်းသားများက အတီအလင်း သတ်မှတ်ထားရေး
စိတ်ဝင်စားမှုတွင်တော့ ရွှေကြာ့အပေါ် ပိုကြလေသည်။ ဒါ
ရိုပ်မိနေသော ပုံသည် စိတ် မဝင်စား ဝင်စားအောင် နေတ
သော ရွှေကြာ့ကို သိပ်ပြီး ကြည့်မရလှ။ ပြီးတော့ ရွှေကြာ့သဏ္ဍာ
မှာ ဘာကိုမှ အလေးအနက် ထားသော ရုပ်မျိုးမဟုတ်။ မ
မရနိုင်လှသည်။ ပုံကိုယ်တိုင်သည် ရွှေကြာ့ကို စောင့်ကြည့်
တတ်သော လူစုထဲ တစ်ယောက်အပါအဝင် ဖြစ်ကာ တစ်ကို
တည်းသမားချင်း အပေါင်းအသင်း ပြုဖို့ကိုတော့ စိတ်ကူးထဲ

သည့်ချေ။ တစ်ခါတစ်ရံ မျက်လုံးချင်း ဆုံမိလျှင် ပြုံးသလိုလို
လုပ်ပြတတ်သော ရွှေကြာ့ကို သူ့အတိုင်းပဲ ပြုံးသလိုလိုသာ ပြန်
လုပ်ပြရင်း မျက်နှာလွှဲလိုက်တတ်သည်။

တစ်နေ့သော အတန်းတက်ရက်တွင် အတန်းထဲ
ဆရာမကြီး ဝင်လာပြီးနောက် ရွှေကြာသည် သူမပုံစံအတိုင်း
ဇွင်းတီပျင်းရွဲ နွဲ့တိနွဲ့နှောင်းနှင့် ခြေတံရှည်များကို မလှမ်းချင့်
လှမ်းချင့်ပြုကာ ဝင်လာပြီး နောက်ဆုံးနား ကျကျ ခုံတန်းတစ်ခု
တွင် ဝင်ထိုင်လိုက်သည်။

"ဒီနေ့ အတန်းထဲမှာ လူနည်းပါလားဟေ့... မိုးရွာလို့
ကျောင်းမလာကြဘူးထင်တယ်..."

ဆရာမကြီးက မိုးတစိမ့်စိမ့် ပြင်ပရှုခင်းကို ပြတင်း
ပေါက်မှ မျှော်ကြည့်ရင်း အတန်းသားတို့ကို စကားဆိုသည်။

"ဆရာမ... သိပ်မအော်နိုင်ဘူးကွယ်... မိုးသံကလည်းရှိနေ
တယ်... ရှေ့ဘက်ကို အားလုံး လာစုလိုက်ကြပါလား၊ ဒီ
အလယ်ရိုးလ် တစ်ခုမှာပဲ... လူစုထိုင်ပေးပါလား..."

ဆရာမကြီး စကားကြောင့် စုစုပေါင်း အစိတ်ခန့်
ရှိမည့် ကျောင်းသားစုသည် ဘေးစွန်များမှ အလယ်သို့ စုဖို့ ထလာ
ကြသည်။ ပုံသည် အလယ်ရိုးလ် တတိယတန်းမှာ။ ဘယ်သူ့ကိုမှ
အသိအကျွမ်း မလုပ်ဘဲ တစ်ယောက်တည်း တစ်ခုံထိုင်တတ်
သော ပုံအကျင့်စရိုက်ကို သိနှင့်ပြီးသော ကျောင်းသားကျောင်းသူ
တို့သည် ပုံခုံတန်း၌ လာဝင်မထိုင်ကြ။ အနှောင့်အယှက် မပြုလို

ပုံ၊ မခေါ်ချင်သူကို မခေါ်ဘဲ နေသလိုပုံနှင့် အခြားခုံတန်းတို့တွ
သာ ပူးကပ်ထိုင်ကြသည်။

ပုံကလည်း ခုံတန်းရဲ့ အလယ်ဗဟိုမှာ ထိုင်နေရာ
တစ်ခုံတစ်ယောက်တို့ကို ဖိတ်ခေါ်ပုံနှင့် ဘေးခွန်ကို ရွှေ့တိုးမပေ
လာထိုင်လျှင်တော့လည်း မကြည်မဖြူ မရှိပါ။ မလာကြသဖြ
ရွှေ့မနေတော့တာသာဖြစ်သည်။ သို့သော် တစ်ယောက်ကတော
ပွဲနံဘေး ရောက်လာခဲ့သည်။ သူကား ရွှေကြာ။ ဝင်ထိုင်လိုက်
ပုံကို ပြုံးလှည့်ကြည့်သည်။ သူတစ်ယောက်တည်း လာတာ
ပုံက တာဘက်ကို ရွှေ့မနေတော့ပါ။ ပုံမပျက် ဆက်ထိုင်နေသည်

ပုံနှင့်ရွှေကြာမှာ အလွန်နီးကပ်နေလေသည်။
သည် ရွှေကြာ့ကို ဝတ်ကျေတန်းကျေ တစ်ချက်ပြုံးပြပြီး လှ
အရေးမလုပ်။ ပုံကိုယ်တိုင် (FIDJI) ဖစ်ဒ်ဂျီ ရေမွှေးဆွတ်ထာ
သော်လည်း ရွှေကြာ ရောက်လာသောအခါ ရွှေကြာ့ထံမှ DUN
ရေမွှေးက ရနံ့ စူးရှသဖြင့် ဖုံးလွှမ်းသွားလေသည်။

ဆရာမက ဆဲလ်ကွဲပုံတွေ သင်ဖို့ ကျောက်သင်ပု
ပေါ် ပုံတစ်ချို့ ချဆွဲရာ အားလုံး အသီးသီး ပုံကြမ်းလိုက် ခရေးမှ
ကြလေသည်။

"ဟိတ်... စာအုပ်အပိုပါလား.. "

ပုံ အံ့ဩပြီး လှည့်ကြည့်လိုက်သည်။ စာအုပ် အပို
ပါလားတဲ့။ အံ့ဩစရာ။ ရွှေကြာ့ရှေ့တွင် ဘာဗလာစာအုပ်
မတင်ထား။ ပုံက အကဲခတ်ရင်း...





"လွယ်အိတ်မပါဘူးလား.. "

"လွယ်အိတ်ပါပါတယ်... "

ရွှေကြာ့က တဖက်ဘေးမှ လွယ်အိတ်တစ်ခုကို မ,
ကာ ပေါင်ပေါ် တင်လိုက်သည်။

"ဒါပေမယ့် စာအုပ်မပါဘူး... "

လွယ်အိတ်ကို ရွှေကြာ ဟပြလိုက်သည်ကို ပုံက
ယင်ယမ်း လှည့်ကြည့်လိုက်သည်။ လွယ်အိတ်ထဲတွင် အမေ
တန် ရုပ်ပြစာအုပ်ပါးလေးတစ်အုပ်၊ ဗလာစာအုပ်အရွယ် မှန်
စ်ချပ်၊ ဘာရပ်ရှ်ဘီးတစ်ချောင်း၊ နှုတ်ခမ်းနီဘူး၊ သော့တွဲ၊
စ်ရှူးထုပ်၊ ပိုက်ဆံရှက်တွေက အိတ်မပါဘဲ ဖရိုဖရဲ တပြန့်တကျဲ
ချင်သလို ခေါက်တွန့်ကြေနေသည်။ လက်ပတ်နာရီ၊ လက်သဲ
ပ်ကလေး၊ ဆံပင်ညှပ်ကလစ်တစ်ခု စသဖြင့် အများကြီး ကျန်
သည်။ ရွှေကြာ့လွယ်အိတ်သည် အရှုး အမှိုက်ပုံးလို ဖြစ်နေ
သည်။

ရွှေကြာက ထိုအထဲ မွှေနှောက်ကာ သာမန်ထက်
ကြီးသော ဘောလ်ပင်ဆန်းဆန်းကြီးတစ်ခုကို ဆွဲထုတ်လိုက်
သည်။

"ဘာမှ စာရွက်စာတမ်း မပါလို့.. "

ပုံသည် မနှစ်မြို့သည့်ကြားမှ အူကြောင်ကြောင်
ရွှေကြာ့ကို ရယ်ချင်သွားပါသည်။

"စာအုပ်တော့ အလွတ်မပါဘူး၊ သူ့ဘာသာနဲ့သူ့စာအုပ်

ရေးပြီးသား ဖြစ်နေတယ်၊ အလယ်စာရွက်တော့ လိုချ
ရင် ဖြုတ်ပေးမယ်... ”

“ရတာပေ့ါ... ကျေးဇူးပဲ... ”

ပုံက ရေးလက်စ စာအုပ်ကို အလယ်လှန်က
စာရွက်ခေါက် နှစ်ခေါက် ဖြုတ်ထုတ်ပေးလိုက်သည်။ ရွှေကြာ
လှမ်းယူကာ ထိုစာရွက်ပေါ်မှာ သင်ပုန်းကပုံကို မော့ကြည့်
ကြိုးစားကူးဆွဲနေလေသည်။ ပုံအကြမ်း ကူးဆွဲပြီးသောအ
ဆရာမ စာရှင်းပြမှာကို မော့စောင့်နေသည်။ ဆရာမက ကူး
မပြီးသေးသူတို့ကို ခဏစောင့်ပေးနေ၏။

“ဒီမှာ ကြည့်စမ်း... ”

ပုံက ငုံ့ကြည့်လိုက်မိပြန်သည်။

“ဒီမှာ... နှစ်ခု... လေးခု... ဆယ့်ခြောက်ခု ကွဲတဲ့အ
ဆွဲတတ်တယ်၊ ဩဇာသီးလို အစိတ်စိတ် အမွှာမွှာ
နေတာ မဆွဲတတ်တော့ဘူး၊ ဟိုဖက်က အစေ့ကလေး
သောင်းခြောက်ထောင် ဖြစ်နေတာဆိုရင် လုံးဝ မဆွဲ
တော့ဘူး၊ အပန်းမကြီးရင် တဆိတ်လောက် ဆွဲပေး
ပါဟာ... ”

ပုံသည် အတော် မနှစ်မမြို့ ဖြစ်သွားပါသည်။
သော် ရွှေကြာ့စာရွက်ကို ဆွဲယူကာ ခပ်သွက်သွက် ဆွဲပေးလို
၏။

“ဟယ်... တကယ်တော်တယ်၊ တို့တော့ ပုံဆွဲမတတ်
နဲ့ ဒီကွာလီဖိုင်းတန်းကို ကျမှာပဲ ထင်ပါရဲ့၊ သူက စာတေ



တယ်နော်၊ ပုံဆွဲလည်းတော်တယ်... ”

“တို့နာမည် သက်လုံးပုံပါ... ”

“ဟုတ်လား... လှလိုက်တာ၊ ဒါဖြင့် သူများတွေ ဘယ်လို
ခေါ်ကြလဲ... ”

“ဖေဖေက ပုံပုံတဲ့... ”

“ကောင်းတယ်... ကောင်းတယ်၊ တို့နာမည် ရွှေကြာတဲ့... ”

ပုံက ခေါင်းညိမ့်ပြလိုက်သည်။

“ပုံပုံက တို့ထက်ငယ်မှာပဲ... ”

“မငယ်ဘူးထင်တယ်... ပုံက ဆယ်တန်း တစ်နှစ်ခြစ်ချ
သေးတယ်... ”

ပုံက ရွှေကြာ့ကို ‘မရွှေကြာ’ ရယ်လို့ ‘မ’ ထည့်ပြီး
ရှိတသေ မခေါ်လို့။ ရွှေကြာက တိုးတိုးရယ်မောလိုက်ရင်း...

“ဟားဟား... တို့က ဆယ်တန်း သုံးခါကျတယ်... ဟီးဟီး”

ပုံသည် မဖြစ်မနေ နှစ်နှစ်ငယ်သွားပြီ ဖြစ်သော
ကိုယ့်ကိုယ်ကို ဘယ်လိုမှ မကာကွယ်နိုင်တော့။ သို့သော် ရွှေကြာ
ခေါ်ဖို့ ဆုံးဖြတ်ချက်ချကာ အတည်ဖြစ်အောင် ရှာကြံ မေးြော
လိုက်၏။

“ရွှေကြာ... မနှစ်က ဘယ်အတန်းက အောင်လာလဲ၊
ကျောင်းမှာ တစ်ခါမှ မတွေ့ဖူးဘူး၊ ပုံက အာရ်စီတူးက
လာတာ... အာရ်စီတုံးကကော ရွှေကြာဘယ်ကလဲ... ”

“တို့က... စာပေးစာယူက အောင်လာတာ... ဟင်းဟင်း”

"စာပေးစာသူက ဟုတ်လား..."

"ဟုတ်တယ်၊ ဖိုင်နယ်မှာ သုံးယောက်ပဲ ကွာလီဖိုင်း ဖြစ်တာ၊ ကျန်တဲ့နှစ်ယောက်က အလုပ်တစ်ဖက်မို့လို့ ဆက်မတက်ကြဘူး၊ ဒါကြောင့် အပေါ်မှာနေတယ်..."

"ပုံလည်းပဲသူငယ်ချင်းတွေမဝင်လို့ စိတ်ဓါတ်ကျနေတယ်"

"ဒါတွေက ဒီလောက်လည်း အရေးမပါပါဘူး၊ တစ်ယောက်တည်းနေလည်း ဖြစ်တာပဲ... ဒီလိုမှမဟုတ်လည်း တို့နှစ်ယောက် တွဲလိုက်ရင်လဲ အပေါ်ရတာပဲ..."

ဆရာမက စာရှင်းနေရာမှ ရွှေကြာ စကားပြောနေတာကို ကြည့်ကွက် ကြည့်ကွက် လုပ်နေသဖြင့် ပုံက ရွှေကြာ့ကို လက်ညှိုးထောင်' နှုတ်ခမ်းရှေ့ တားပြရင်း...

"စကား သိပ်မများနဲ့တော့..."

"အိုကေ... အိုကေ... ရပါတယ်..."

ရွှေကြာက ခေါင်းတလှုပ်လှုပ်နှင့် နှုတ်ဆိတ်သွားလေသည်။

❀❀❀❀❀❀❀

သက်လုံးပုံသည် ရွှေကြာ့ကို သိပ် မနှစ်သက်လှဘဲနှင့်ကို သဘောတကျလည်း ရှိပြန်သည်။ ရွှေကြာ့သဏ္ဌာန်က လွတ်လပ်လှသည်။ တကယ့်ကို ဖရီးစတိုင်လ် အစစ်ဖြစ်သည်။





ထိုဟန်ပန်စတိုင်လ်မျိုး လိုက်လုပ်ယူဖို့ ပုံစိတ်မကူးသော်လည်း ရွှေကြာ့မှာ ရှိနေတာကိုတော့ သဘောကျနေသည်။

ရွှေကြာသည် မိုးရွာထဲလည်း လမ်းလျှောက်ချင်လျှောက်သွားနေတတ်သည်။ ပုံကထီးငှားဖို့ စိတ်ကူးပြီး ကမ်းလှမ်းလျှင် ခေါင်းခါငြင်းဆန်တတ်သည်။ ရွှေကြာ့မှာ ယောကျ်ားလေး မိတ်ဆွေလည်း များလှပါသည်။ တွဲသွားတွဲလာ မဟုတ်သော်လည်း လမ်း၌ရပ်ပြီး စကားပြောနှုတ်ဆက်ရသူ ယောကျ်ားလေးများ မနည်းလှ။ ထိုကောင်ကလေးများကို ကြည့်လိုက်လျှင် ရွှေကြာ့ကို စိတ်ဝင်စားကာ အခွင့်အရေးရလျှင် ရွှေကြာ့အချစ်ကို ရယူလိုသူချည်းဆိုတာ သိသာလှသည်။

ကျောင်းလွှတ်ချိန် တစ်ရက်တွင် ပုံက အိမ်က ဒရိုင်ဘာ လာကြိုမည့်ကားကို စောင့်မျှော်နေစဉ် ရွှေကြာ ရောက်လာကာ...

"ဟိတ်... ဘယ်သူ့စောင့်နေတာလဲ..."

"ကားလာကြိုမှာ စောင့်နေတာ... ရွှေကြာ့ကို အိမ်က လာကြိုမှာလား..."

"ဟင့်အင်း... မကြိုပါဘူး..."

"ပို့ပေးရမလား..."

"ဟင့်အင်း... မပို့ပေးရပါဘူး၊ ကိုယ့်ဘာသာပြန်မယ်..."

"ရွှေကြာဘာနဲ့ ပြန်လဲ..."

"ဘတ်စ်ကားနဲ့ပြန်တာပေါ့..."

ရွှေကြာ့ကို ကြည့်ရလျှင် အိမ်မှာ ကားတစ်စီးမှ မရှိဘူးဟု ထင်စရာပုံစံမျိုး မဟုတ်။ ကားရှိပါလျက် သူ့ဟာသူ ပြန်ချင်တာမှန်း သိသာလှသည်။

"အိမ်က လိုက်ကြိုတာများ သိပ်မုန်းတာပဲ၊ ဘယ်မှ ကိုယ်ဝင်ချင်တာ မဝင်ရဘူး၊ တန်းပြီး အိမ်ရောက်သွားတာ..."

"ရွှေကြာက ဘယ်ကိုဝင်ချင်လို့လဲ... "

"တစ်ရက်နဲ့တစ်ရက် ဘယ်စိတ်ကူးတူမလဲ၊ လှည်းတန်းဖက်သွားပြီး စတိုးဆိုင်တွေ လျှောက်မွှေပြီး လိုချင်တာဝယ်တာလည်း ရှိတာပေါ့... စားချင်တာ လျှောက်စားနေရတာလည်း ရှိတာပေါ့.. စိတ်ကူးထဲ ဝင်ချင်စိတ်ပေါက်တဲ့နေရာဝင်ချင်သေးတာ... "

"တစ်ယောက်တည်းလား... "

"များသောအားဖြင့်တော့ တစ်ယောက်တည်းပဲ... တစ်ခါတလေလည်း သူငယ်ချင်းတစ်ယောက် ပါတတ်တယ်... အဲ့ဒီသူငယ်ချင်းက စမ်းချောင်းမှာနေတယ်... ညနေဘက်ကျ လှည်းတန်းမှာ စာအုပ်အဟောင်းဆိုင် လာမွှေတတ်တယ်၊ မုန့်လာစားတတ်တယ်၊ သူနဲ့ဆိုရင်... သူနဲ့ပေါ့၊ တစ်ခါတလေလည်း သူ့အိမ်ဝင်လည်ရင်လည်ပေါ့.. "

"ကျောင်းသူ မဟုတ်ဘူးပေါ့.. "

"ကျောင်းသူ ဘယ်ဟုတ်မလဲ... ယောကျ်ားလေးဟာကို ဟင်း.. ဟင်း... "



"ဪ... "

"တစ်သက်လုံးမှာ အခင်ဆုံး သူငယ်ချင်းလေ... 'မြေ'လို့ခေါ်တယ်၊ ကြုံရင် ပုံနဲ့လည်း မိတ်ဆက်ပေးဦးမယ်... "

"ကျောင်းပြီးသွားပြီလား... "

"အင်း... အီကိုက ပြီးပြီ.. ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်စရှိသေးတယ်... "

ရွှေကြာ တစ်ယောက်တည်း တလွတ်တလပ်လမ်းလျှောက်ကာ အမိပတိလမ်းမ တစ်လျှောက် ကျောင်းဝင်းဝမှထွက်သွားတာကို မြင်နေကျလာလျှင် ပုံသည် တစ်ခါတစ်ရံအားကျသလိုလို ဖြစ်လာမိတတ်သည်။ ကားနောက်ခန်းမှာ ထိုင်ကာ ငြိမ်ငြိမ်ကလေး အိမ်ပြန်ပါသွားရပြီး၊ အိမ်ရောက်တဲ့အခါတစ်ညနေခင်းလုံး ကက်ဆက်နားထောင်ရမလို၊ ဝတ္ထုဖတ်ရမလို ယောင်ချာချာနှင့် အလုပ်မဲ့စွာ အချိန်ဖြုန်းတီးနေရတာကို ပျင်းရိသယောင် စိတ်ရှူး ပေါက်ပေါက်လာသည်။

ဖေဖေက ခုနစ်နာရီကျော်မှ အိမ်ပြန်ရောက်တတ်သည်။ ဖေဖေ မရောက်ခင်၌ ယောင်ချာချာ ဖြစ်နေတတ်ကာ ဖေဖေပြန်ရောက်လာချော့လည်း ဘာမှ ထူးတာမဟုတ်။ တစ်ယောက်တစ်ခန်းစီ အထီးကျန်နေကြတာသာ။ ညဘက် ဗီဒီယိုကြည့်မည် စိတ်ကူးလျှင် ဖေဖေ့အကြိုက်ကားကို ပုံက လိုက်ထိုင်မကြည့်နိုင်သလို ပုံသဘောကျသော လပ်ဖ်စတိုရီ နုရွရွ ဇာတ်လမ်းများကို ဖေဖေက အသေအလဲ ပျင်းရိတတ်သဖြင့် တစ်

ယောက်ပြီးမှ တစ်ယောက်ကြည့်ချင်ကြည့်၊ တစ်ခါတစ်ရံ စာစာအိပ်ချင်သူက မကြည့်တော့ပေ။

ဖေဖေနှင့် စကားပြောဆိုသမျှမှာ 'ဖေဖေ မုန့်ပေးဦး' ဆိုတာလောက်ရယ်။ 'သမီး.. စာကျက်ရဲ့လား.. နေကောင်းလား' ဆိုတာလောက်ရယ်သာ။ ကွာလီဖိုင်းမဖြစ်သောသူငယ်ချင်းနှစ်ယောက်အနက် တစ်ယောက်က ယောက်ျားယူသွားပြီ၊ နောက်တစ်ယောက်က အလုပ်ဝင်လုပ်နေကာ မတွေ့မဆုံဖြစ်ကြတော့။ ပွဲမှာ ခင်မင်ပေါင်းသင်းစရာ အဖော်အပေါင်းလိုအပ်နေပြီဆိုတာ ဆုံးဖြတ်ချက် ချနိုင်လျှင် ပုံသည် ရွှေကြာ့ကို သဘောမကျတစ်ချက်၊ ကျတစ်ချက်နှင့်ပင် စိတ်ကူးရွေးချယ်လိုက်ရပါသည်။

နောင်အခါ ရွှေကြာနှင့်အတူတူသာ တစ်ခုံထဲ သွားထိုင်ရင်း ကဲင်တင်းအတူတူ သွားကြရင်း တတွဲတွဲ ပိုဖြစ်လာသည်။ ရွှေကြာ့လိုပင် အတန်းပြင် ကော်ရစ်ဒါမှာ ရပ်ဖြစ်လာသည်။ ရွှေကြာနှင့်ပုံ ပေါင်းသင်းခင်မင်မိကြခြင်း အဆုံး၌ ရွှေကြာ၌ ပုံ့စရိုက်မကူးပဲ ပုံ၌သာရွှေကြာ့စရိုက်တွေ ကူးလာသည်။ လမ်း လျှောက်တာကအစ သွက်သွက်သွားတတ်သော ပုံသည် ရွှေကြာနှင့် ယှဉ်တွဲလျှောက်ရာမှ တစ်လှမ်းချင်း မလှမ်းချင့်လှမ်းချင့် ဟန်ပန် ဝင်လာပြန်ပါသည်။

"ပုံက ကလေးသိပ်ဆန်တယ်နော်.. ရည်းစားထားဖူးသလား.."



"ဟင့်အင်း.."

ရွှေကြာ့အမေးကို ပုံက ရှက်ပြီး တိုတိုဖြေလိုက်သည်။

"အဲဒါပဲ ကောင်းတယ်.. ပုံက ရည်းစားရရင်လည်း သူနဲ့ပဲ လက်ထပ်ဖြစ်မှဖြစ်မယ်.."

"ဘာလို့လဲ.."

"နွဲ့မို့ရင် အသည်းကွဲနေမယ့်ပုံမို့လို့.."

ပုံက မခံချင်ကာ...

"ရွှေကြာဆိုရင်ကော ချစ်သူကို မရရင် အသဲမကွဲမှာမို့လား.."

"မကွဲပေါင်... လူဆိုတာ လာတုံးကလည်း တစ်ယောက်တည်းပဲ... ပြန်သွားတော့လည်း တစ်ယောက်တည်းပဲ... ဪ... ဒါကအသုဘာယပ်တောင်ကတာပဲ..ဟင်းဟင်း.."

"ရွှေကြာ ရည်းစားထားဖူးတယ် မဟုတ်လား.."

"ဟင့်အင်း.. တို့ချစ်တဲ့သူ တစ်ယောက်တော့ရှိတယ်၊ အရင်ကတော့ ဘာမှ အလေးအနက် မထားချင်လို့ ရည်းစားမထားခဲ့ဘူး၊ ခုတော့ လူတစ်ယောက်ကို ချစ်နေမိတယ်၊ သူကသာ ချစ်ရေးဆိုလာရင်တော့ သူနဲ့ရည်းစားထားလိုက်မှာပဲ... ဒါပေမယ့် သူက တို့ကိုမချစ်သေးဘူး.."

ပုံသည် စိတ်ဝင်စားကာ...

"အဲဒါဘယ်သူလဲ... ဟိုတစ်ခါ ရွှေကြာပြောတဲ့ 'မြေ' ဆို

တွဲ့ သူငယ်ချင်းလား..."

"ဘယ်ကလာ... လွဲလိုက်တာ၊ ဒါက သူငယ်ချင်းပါဆိုနေ၊ တို့ချစ်တာက တစ်ယောက်၊ တို့အဖေနဲ့ သူ့အဖေက စီးပွားပြိုင်ဘက်ကွယ်... နာမည်က ကျော်စွာလေးတဲ့..."

"နာမည်က ခပ်ဆန်းဆန်းပဲနော်..."

"လူကလည်း သိပ်ချစ်ဖို့ကောင်းတာပဲ... သိပ်ရင်ခုန်ဖို့ကောင်းတာပဲ..."

ပုံသည် ဒီစကားမျိုး ကြားရတာကို နားရှက်နေပိသော်လည်း ရွှေကြာ့ကို အထင်တကြီးတော့ဖြင့် အားကျမိပြန်သည်။

"သူက ချစ်တယ် ပြောမလာရင်ကော... အသည်းမကွဲဘူးလား..."

"မကွဲပါဘူး၊ အခု အခြေအနေပဲဟာ၊ အခု တို့အသည်းကွဲနေပုံ ရလို့လား..."

"တကယ် သိပ်မချစ်လို့လား..."

"သိပ်ချစ်တာပေါ့၊ ဒါပေမယ့် ချစ်တယ်ဆိုတာက ချစ်တာတစ်ခုတည်းပဲဟာ... အသဲကွဲဖို့လည်း မဟုတ်ဘူး၊ လက်ထပ်ရဖို့ လည်းမဟုတ်ဘူး၊ ချစ်တာတစ်ခုတည်း သီးသန့်ကလေးပဲ..."

"ဟာ... ပုံနားမလည်တော့ဘူး၊ ကြောက်စရာကြီးတွေ..."

ရွှေကြာက တဟက်ဟက်ရယ်ကာပုံ့ပါးကို ဖျစ်ညှစ်လိမ်ဆွဲသည်။ ပုံ့ကို ရွှေကြာ့ ခင်မင်မှုသည် ရွှေကြာ့ကို ပုံခင်တာထက် ပိုမည်ဆိုတာ သိနေကာ ရွှေကြာ့ကို ပုံချစ်မိပါသည်။ လူသဏ္ဌာန် ဆန်းပြားသော်လည်း ရွှေကြာ့စိတ်ထားက ရှင်းဖြောင့်ကာ ရိုးသားသည်ထင်သည်။ ဟန်ဆောင်မှု မရှိဘူးဟု ပုံ သက်ဝင်ယုံကြည်သည်။

တစ်ညနေခင်းမှာ ပုံသည် စိတ်ရှုး ပေါက်ကာ အနည်းငယ် ကဲချင်လာပြီး အိမ်ကလာကြိုသော ကားဒရိုင်ဘာကို ပြန်လွှတ်လိုက်သည်။

"ဦးစံပြန်တော့...ပုံသူငယ်ချင်းနဲ့ လှည်းတန်းလမ်းလျှောက်မလို့..."

"ပို့ပေးမယ်လေ... သမီးတို့ လမ်းဆင်းလျှောက်ကြပေါ့... ကျေနပ်မှ ပြန်တာပေါ့..."

"ဟင့်အင်း၊ အဲလို စောင့်နေရင် ပုံ့သူငယ်ချင်းက ကျေနပ်မှာမဟုတ်ဘူး၊ ပြီးမှ ပုံ့ဘာသာ ပြန်လာမယ်၊ ဦးစံ အိမ်ပဲပြန်တော့..."

"ဖြစ်ပါ့မလား သမီးရယ်..."

"ဖြစ်ပါတယ်၊ ပုံ့ဘွဲ့ရပြီးနေပြီနော်၊ လူကြီးဖြစ်နေပြီ၊ ကလေးမှမဟုတ်တာ... အသက် နှစ်ဆယ့်လေးနှစ်ပြည့်ပြီ..."

ပုံက စကားကြီး စကားကျယ် လျှောက်ပြောသဖြင့် ရွှေကြာက ရယ်နေသည်။ ဦးစံ စိတ်လက်ညစ်ညူးစွာ ပြန်သွားမှ...

"ပုံက... ကလေးပဲ..."

"ဘာကလေးလဲ... ရွှေကြာလည်း လူကြီးဆိုရင် ပုံလည်း လူကြီး ပဲ..."

"လူကြီးဖြစ်နေရင်... ကျွန်မ လူကြီးပါဆိုတာ ဘာမှ ဖွင့်ပြောနေစရာ မလိုဘဲ အလိုလိုဖြစ်တာ၊ ကိုယ့် အပြုအမူ အနေအထားအရ... သူ ကလေးတစ်ယောက် မဟုတ်ပါလား ဆိုတာ တစ်ဖက်က အလိုအလျောက် သတ်မှတ်ရတာ... ဖြေရှင်းနေရသရွေ့ ပုံက ကလေးပဲ..."

ပုံသည် မကျေမနပ်ဖြစ်ကာ ရွှေကြာနှင့် လှည်းတန်းဖက် ပါလာသည်။ လှည်းတန်းမှာ စတိုးဆိုင်တွေ လျှောက်မွှေ၊ လမ်းဘေးဆိုင်တွေ လျှောက်ကြည့် အချိန်ဖြုန်းသည်။ ပုံပျော်နေသည်။

"မြေဆိုတာ မတွေ့ဘူးလား..."

ပုံ ခဏခဏ မေးမိသဖြင့် ရွှေကြာက ရယ်မောရင်း...

"တစ်ခါတလေမှဆုံတာ... ပုံရဲ့... ပုံက စိတ်ဝင်စားနေတာလား..."

"မဟုတ်ပါဘူး... ရွှေကြာက တွေ့တတ်တယ်ဆိုလို့ပါ..."

"တနေ့တော့ ပုံတို့ကို ဆုံပေးရဦးမှာ... ခုတလော သူ့ရုံးက အလုပ်များတယ်ဆိုပြီး ကြားရက်တွေ သိပ်မတွေ့ဖြစ်ပါဘူး။ စနေ တနင်္ဂနွေမှာတော့ ကားမောင်းသင်နေလို့ တွေ့တယ်..."





"ကားမောင်း..."

"အင်း..."

"ရွှေကြာ့ကို သူကသင်ပေးတာလား..."

"ဟုတ်တယ်လေ...လာကြိုတာမကြိုက်ပေမယ့်တစ်ခါတလေတော့ ကိုယ့်ကားလေးကိုယ် မောင်းယူလာပြီး ကျောင်းတက်ဦးမယ်... ပုံလဲ ကိုယ့်ဘာသာ မောင်းပါလား..."

"ပုံ မမောင်းတတ်ပါဘူး..."

"မောင်းပေါ့... ဒါမှ ကိုယ်သွားချင်ရာကို အလွယ်တကူ သွားလို့ရမှာ၊ နို့မို့ ဘယ်သွားချင်ချင် ဒရိုင်ဘာနဲ့ တန်းလန်းတန်းလန်း မနိပ်ပါဘူး..."

ပုံသည် ကားမောင်းသင်ဖို့ စိတ်မကူးခဲ့ ဖူးသေးပါလည်း ရွှေကြာပြောသောအခါ စိတ်ဝင်စားလာသည်။ ...ခင် ရွှေကြာက ကားကိုယ်တိုင်မောင်းတော့မည် ဆိုလျှင် ...ည်းပဲ မောင်းနိုင်ချင်သည်။ ဖေဖေကတော့ သင်ပေးမှာ ...ကဲ၊ ဦးစံကလည်း အကြောင်းကြောင်းနှင့် မသင်ချင်ပါ။ ...မောင်း သင်တန်း တစ်ခုခုတက်ရလျှင် ကောင်းမည်ဟု ...စ ပြု သည်။

ပုံက စိတ်ကူးစပြုတုန်းရှိသေး။ တနေ့တွင်ရွှေကြာ ... အတန်းထဲကို သော့တယမ်းယမ်းနှင့် ပြုံးစိစိ ဝင်လာကာ ... ထိုင်ချလိုက်ပြီး သော့ကို အထူးပြုကာ ပြပြီးမှ လွယ်အိတ် ...ထည့်လိုက်၏။ ကြည့်လိုက်သည်နှင့် ကားသော့ဆိုတာမျိုး

က သိသာသဖြင့် ပုံမျက်ခုံးပင့်ကာ တအံ့တသြ ဖြစ်သွားသည်။

"တစ်ယောက်တည်း မောင်းလာတာ... "

"ဒါပေါ့.. "

"ဘေးမှာ ဘယ်သူမှမပါဘဲပေါ့.. "

"ဒါပေါ့.. "

"ရွှေကြာ့အိမ်က ဘယ်မှာလဲ... "

"ရွှေဂုံတိုင်မှာလေ... "

"ဟင်... အဝေးသားပဲ... "

"ဟင်း... ဟင်း... ဟင်း.. "

ရွှေကြာက ပခုံးကို လှုပ်ကာလှုပ်ကာ ရယ်

သည်။

"ညနေကျ... ကားပြန်လွှတ်လိုက်၊ တို့လိုက်ပို့မယ်... "

"တကယ်ဖြစ်ရဲ့လား... "

"အော်... ဘာလို့ မဖြစ်ရမှာလဲ... "

ပုံက သဘောတကျ ဖြစ်သွားသည်။ ထိုည

ကျောင်းအလွှတ်တွင် ဦးစံကို ပြန်နှင့်ဖို့ လွှတ်လိုက်သည်။

လော ကားပြန်လွှတ်တာ မကြာခဏ ကြုံရပြီမို့ ဦးစံက စော

မတက်ဘဲ ပြန်သွားပါသည်။ ကားပေါ်တက်သည်နှင့် ရွှေကြာ

အူမြူးကာ တဟီဟီ ရယ်မောနေသည်။ ပုံလည်း ရောယော

အူမြူးကာ လိုက်ရယ်မိပါသေးသည်။

ကားစက်နှိုးသံမှာ မငြင်သာဘဲ ဂရိုးဂရိုးမြည်





[illegible]းတော့ နိုးသွားသည်။ ကလပ်ချ်အလွတ် ကြမ်းသဖြင့် ကားက ဆောင့်ခနဲ ထွက်ကာ စက်သေသွားသဖြင့် နှစ်ယောက်သား အူနာအောင် ရယ်နေမိကြလေသည်။ နောက်တစ်ကြိမ် စက်ပြန် [illegible]ကာ ကားပြန်အထွက်တွင်လည်း ဤနည်းအတိုင်း ဆောင့်ခနဲ [illegible]က်ပြီး စက်သေပြန်ရာ ဆောင့်ထွက်တိုင်း တွန်းထိုး လှုပ်ယိမ်း [illegible]သွားရသည့်အဖြစ်ကို ရယ်ရရင်းက မျက်ရည်ပင် ထွက်လာ [illegible]သည်အထိ။

"မရယ်နဲ့ဟာ... ဒီတစ်ခါ ရမယ်... ရမယ်... "

"မရယ်ဘူး... လုပ်... လုပ်... "

ဤတစ်ကြိမ် ရွှေကြာကသတိနှင့်မှုဉ်းပြီး ကလပ်ချ် [illegible] လွှတ်ရာ ကားက ခပ်ငြိမ့်ငြိမ့်ပဲ လိမ့်ထွက်သွားပါသည်။ ပြုံးစိစိ [illegible] ရွှေကြာက မောင်းထွက်လာသည်။ မောင်းတတ်စဖြစ်သော် [illegible]ည်း ရွှေကြာက ရမ်းချင်သော ဗီဇပါသည်။ စတီယာရင် အဆွဲ [illegible]ည့်ကလည်း လိုတာထက်ပိုသဖြင့် ကားက ဟိုဘက်လိုက် [illegible] ဒီဘက်လိုက်သွား ဖြစ်နေသည်။ အူမြူးကာ သိပ် ဂရုတစိုက် [illegible]ကြည့်ဘဲ အဆောင်တွေရှေ့ လမ်းသွယ်ပေါ်မှ အဓိပတိလမ်း [illegible] ချိုးချဖို့ပြင်လျှင် တစ်ဖက်မှ အရှိန်နှင့် ကျောင်းထဲဖက် ဝင်လာ [illegible] ကားတစ်စီးကို မလွှတ်နိုင်မှန်း သိချိန်တွင် ရွှေကြာသည် [illegible]ယောင်ရမ်းပြီး စတီယာရင်ကို တစ်ဆုံးကြီး လည်အောင် ကွေ့ [illegible]က်သည်။ ကားဟာ နေရာမှာတင် တပတ်ကြီးလည်ကာ ရှေ့ [illegible]ကားကလည်း ဘရိတ်အုပ် ဟွန်းတီးပြီး သတိပေးသွား၏။

ရွှေကြာ့ကားမှာမူ လပ်းသွယ်နှင့် အဓိပတိလမ်းအဆုံ အုတ်ခုံလေး ဘေးစွန်း၌ ပွတ်ခြစ်ပြီး ရေမရှိသော မြေနိမ့်မြောင်းစပ် ဦးတည် သွား၏။ ရွှေကြာက ထိတ်လန့်တကြား ဘရိတ်ဖိနင်းလိုက်ရာ ပုံသည် ရှေ့မှ ဒက်ရှ်ဘုတ်ကို ဒုတ်ကနဲ နဖူးနှင့်ပြေးဆောင့်လေ သည်။

"အား... ရွှေကြာ..."

အဖြစ်အပျက်က မြန်လှသဖြင့် ပုံမှာ မအော်မိဘဲ ဆောင့်မိမှ အော်မိလေသည်။ အဆောင့်တွင် နဖူးကို ပြန်မထူဘဲ မျက်နှာအပ်ထားကာ...

"ဂျောက်... ဂျောက်... ဂျောက်ထဲ ရောက်ပြီလား..."

ရွှေကြာသည် အကြောက်အလန့်ကင်းစွာ တဟား ဟားရယ်ရင်း...

"ခေါင်းထောင်ကြည့်လေ..."

"ဟာ... ပြောစမ်းပါ၊ အခု တံခါးဖွင့်ဆင်းလိုက်ရင် မြောင်း ထဲ ရောက်မှာလား၊ မြောင်းထဲက ကုန်းကွ ပြန်တွယ်တက် ရမှာ ရှက်လွန်းလို့ပါ.. သူများတွေ ကြည့်နေလား..."

ရွှေကြာသည် ပုံ့အဖြစ်ကို အတောမသတ် ရ သည်။ ပုံမှာ ဒေါသပင် ထွက်လာပါသည်။ ပုံသည် ဆောင့်တာကို နာတာထက် ရှက်တာက ပိုနေသည်။ ခုချိန်ဆို မြင်သူတွေ ဟား နေပြီ။ လူနည်းနည်းရှင်းနေလို့ တော်ပါသေးရဲ့။

ထိုစဉ် ပြေးလာသော ခြေသံတဖတ်ဖတ်နှင့်အတူ





မောဟိုက်သံ တစ်ခု ကြားလိုက်ရလေသည်။

"ဘယ်လို ဖြစ်တာလဲဟာ၊ ဟိုနားက လှမ်းမြင်လိုက်သား၊ နင်ကားယူသွားတယ်ဆိုလို့ စိတ်ပူပြီး ကျောင်းဆင်းချိန် မှန်းလိုက်လာတာ.. ဘာဖြစ်သွားသေးလဲ..."

"အုတ်ခုံစွန်းနဲ့ နဲနဲခြစ်တယ်၊ နင် ရုံးမတက်ရဘူးလား.."

"ဒီနေ့ ပေးဒေးမို့ ရုံးနေ့တစ်ဝက် ဆင်းလာရတာ... ၊ ဘာ ဖြစ်သွားလဲ... ဟိုမှာ ဘယ်သူလဲ.."

ပုံက ခုထိ ခေါင်းမထူသေး။ အရေးထဲ ရွှေကြာ့ အသိရောက်လာပြန်ပြီဟု စိတ်ရှုပ်လာပါသည်။ ရွှေကြာကတော့ ခုထိ ရယ်ရှိန်မသေ။

"အဲဒါ... ငါပြောတဲ့... သက်လုံးပုံဆိုတာ.. နင်တွေ့ချင် တယ်ဆိုတာလေ... မြေရဲ့..."

ရွှေကြာ့စကားကြောင့် ပုံက မော့အကြည့် မြေက လှမ်းအကြည့် မြေ့မျက်နှာက နီရောင်သမ်းသွားသည်။ ရွှေကြာ့ သူငယ်ချင်းဟု ပုံမှန်းဆထားသည်နှင့် ကွာခြားကာ မြေက နီးသား ဝင်ကြယ်သော လူရွယ်တစ်ယောက် ဖြစ်နေသည်။ ပုံ့ကို စိုက် ကြည့်နေသော မျက်လုံးများ၌ တစ်စုံတစ်ရာ ပါနေတာကို ပုံ ခံစား မိလျက် ရင်ထဲ တထိတ်ထိတ် ဖိုသွားလေသည်။

"ကဲ... ကားရွှေ့ပေး၊ မြောင်းစပ်မှာ ဘီးက မေးတင်နေ တယ်၊ ငါ စက်နိူးလိုက်တာနဲ့ ဝုန်းကနဲ ထိုးကျမယ်ထင် တယ်... လာ..."

ရွှေကြာက တံခါးဖွင့်ဆင်းလိုက်ကာ မြေက မောင်း

သူနေရာ တက်ထိုင်လိုက်မှ ပုံက ကိုယ့်ဖက်က တံခါးဖွင့်ဆင်း

မြင်သည်။ တံခါးက ဖွင့်မရ။ ပုံ့ဖက်ဘေးနှင့် ပွန်းတိုက်မိတာ

ကြပ်သွားပုံရသည်။ ဆင်းမနေနဲ့ ဟု ရွှေကြာက လှမ်းအော်

တွင် မြေက ဂီယာတစ်ခု ပြောင်းလိုက်ကာ ပုံ့ကို လှည့်ကြည့်လို

သည်။ ဤအကြည့်က စိမ်းမနေ။ ရင်းနှီးနွေးထွေးနေသည်

မြေက လူချောကလေး တစ်ယောက်ပဲ။ ပုံသည် ရှက်ကိုးရှက်က

ပြန်ကြည့်နေမိရင်း ရွှေကြာ့ကို မနာလိုခြင်းကြီးစွာ ဖြစ်လာသည်

ဤမျှ ချစ်ခင်စရာကောင်းသော ကောင်ကလေးတစ်ယော

သည် ရွှေကြာ့ကို အရမ်းခင်သည်ဆိုတာ မနာလိုချင်စရာ။ မြ

လျှင် မြင်ချင်း သူ့ကို ပုံတစ်ယောက်သာဘဲ ချစ်ခင်လိုခြင်းနှင့်

ရင်ထဲ သဝန်တိုစိတ် ပြည့်ကျပ်လာသည်။

# ၄

သူ့ကို သက်လုံးပုံက မသိသော်လည်း သက်လုံးပုံကို အောင်မြေသိသည်မှာ ကြာလေပြီ။ သိသာ သိသော်လည်း သူ တစ်ကြိမ်တစ်ခါမှ မတွေ့ဆုံဖူးသေးပါ။ မျက်ဝါးထင်ထင် မျက်နှာချင်းဆိုင် တွေ့ဆုံချိန်၌မူ အောင်မြေ့ရင်ထဲတွင် မမြင်ရသောသံယောဇဉ်ကြိုးက အခိုင်အမာပင် တင်းရစ်ပြီးသား ဖြစ်ခဲ့ပြီ။ အမည်ကလေး တစ်လုံးသာ သိခွင့်ရထားကာ ဒီအမည်ရှိ မိန်းကလေးကို သူ ခင်မင်စွာ ဆက်ဆံရမည်၊ အလျှော့ပေး အလိုလိုက်ဆက်ဆံရမည်၊ စောင့်ရှောက်ရလိမ့်မည်ဆိုသော အသိစိတ်က နှစ်နှင့်ချီကာ ရင်ထဲ စွဲမှတ်ခဲ့ပြီးသားတည်း။

ရွှေကြာ့ သူငယ်ချင်းတစ်ယောက် ဖြစ်လာသော သက်လုံးပုံနှင့် သူ့ရင်းနှီး ကျွမ်းဝင်ဖို့က မခက်ခဲခဲ့တော့ပါ။ ထူးဆန်းသည်မှာ သက်လုံးပုံသည် သူ့ကို မြင်မြင်ချင်း ရင်းနှီးလိုက်လှဲ့ခဲ့ခြင်းပင်။ သူ့လို သာမန်ရိုးရိုး အညာ ကောင်ကလေး တစ်ယောက်အပေါ် အဆင့်အတန်း ခွဲခြားလိုလျှင် ခွဲခြားနိုင်သော အခြေအနေ အခွင့်အရေး ရှိသော်လည်း သက်လုံးပုံသည် သူ

ထင်မှတ်ခဲ့တာထက် ရိုးသား ဖြူစင်စွာ ကလေးတစ်ယောက်
အပြစ်ကင်းခဲ့သူပင်။

ဝိုင်းစက်စက် မျက်လုံးကလေးများ၌ ပျော်ဝင်
သော ရင့်သန်သည့် ရင်းနှီးခင်မင်မှုမှာ အနှစ်နှစ် အလလ
တ္တမ်းဝင်ခဲ့ပြီးသား ဖြစ်သည့် ရွှေကြာ့နောက်မှ အများကြီး
မကျန်ရစ်ဘဲ ထပ်ကြပ်ကပ်ကာ လိုက်ပါနေသည်။ ခုမှ စသိ
လျက် ရွှေကြာနှင့် သူ့ရဲ့ ရင်းနှီးမှုမျိုးကိုပဲ သူ့ကို ပေးအပ်
သူ့ထံကလည်း ပြန်လည်ရယူဖို့ ကြိုးစားပမ်းစား လုပ်ယူခဲ့သ
မှာ သူ့အတွက် အံ့ဩ ကြည်နူးဖွယ်ပင်။

ရွှေကြာသည် သူနှင့် တကူးတက ချိန်းမနေတ
အမှတ်မထင် ဆုံလျှင် တွဲသွားတွဲလာ ပြုတတ်ကာ ဒီကြား
တွေ့ချင် စကားပြောချင်စိတ် ပေါက်လျှင် ပေါက်သလို အိမ်
ရောက်ချလာတတ်သူမျိုး ဖြစ်သည်။ ရွှေကြာ ရောက်လာချိန်
သူ့အိမ်မှာ မရှိလည်းဘဲ ရွှေကြာက ဘယ်လိုမှ မနေတတ်။ တစ်
တစ်ရံ မတွေ့တာကြာလျှင်လည်း ဘာမှ မစစ်မေးတတ်။

သက်လုံးပုံကား ဘယ်နေ့ လည်းတန်းကို လာ
နော်ဟု သူ့ကို တကူးတက ချိန်းယူတတ်သည်။ သူ့အိမ်ကို မလာ
တတ်သော်လည်း သူမကျောင်းကို လာဖို့တော့ ခေါ်ယူတတ်
သည်။ တစ်ခါတစ်ရံတွင် သက်လုံးပုံလာစေချင်သော အချိန်မျိုး
သူ့ရုံးက မဆင်းသေးပါ။ ထိုအခါ သူ မရောက်လာလျှင် စိတ်
ကောက်တတ်လေသည်။ ချိန်းထားချိန်ထက် နောက်ကျလျှင်





လည်း အပြစ်ဆိုတတ်လေသည်။

ဘယ်လို အခြေအနေမျိုး ဖြစ်ပါစေ၊ ဘယ်လိုပဲ
မတွေ့ရတာ ကြာပါစေ အသာတကြည် ရှိနေတတ်သော ရွှေကြာ
နှင့် မကြာမကြာ လာတွေ့ပေါ်မရလျှင် တဖျစ်တောက်တောက်
လုပ်တတ်သော သက်လုံးပုံမှာ အတော်ကလေး သူ့အတွက် ကွာ
ခြားနေပါသည်။ သို့သော် သက်လုံးပုံ စိတ်ကောက်သောအခါ၊
စိတ်ဆိုးသောအခါ သူချော့ဖို့ ဝန်မလေးပါ။ သူ ချော့နေရတာကို
ရွှေကြာ ရယ်မောသော အခါ၌မူ သူရှက်တတ်လေသည်။

သူ့တွင် သူ့ဘက်မှ ပေးဆပ်ခြင်းဖြင့်သာ ဆက်ဆံ
ရမည့် မိန်းကလေးနှစ်ဦး ဖြစ်ခဲ့ပြီတည်း။

စနေ၊ တနင်္ဂနွေတို့တွင် တစ်ခါတစ်ရံ အောင်မြေ
ထံ ရွှေကြာက လာလည်တတ်လျက် တခါတရံ အောင်မြေက
ရွှေကြာ့ထံ သွားလည်တတ်ပါသည်။ အပြင်ကို လိုက်ပို့ခိုင်းခြင်း
မျိုးတော့ ရွှေကြာက မလုပ်တတ်။ ဒီရက်ကို အောင်မြေနားတဲ့
ရက်၊ အိမ်အလုပ်လုပ်တဲ့ ရက်ရယ်လို့ ရွှေကြာက သတ်မှတ်ထား
သည်။ ခုနောက်ပိုင်း ကားမောင်းသင်ဖြစ်တာကတော့ အထူး
အခွင့်အရေး ယူခြင်းသာ ဖြစ်သည်။

စနေ တစ်ရက်မှာတော့ သုံးယောက်သား အပြင်

ထွက်လည်ကြရအောင်ဟု သက်လုံးပုံက အဆိုတင်သွင်းသည်။ ရွှေကြာကလည်း သဘောတူလိုက်သဖြင့် သုံးယောက်လုံး ရွှေကြာ့အိမ်မှာ စုကြပါသည်။ ရွှေကြာ့ကားနှင့် အောင်မြေကမောင်းပြီး အရင်ဆုံး စကော့ဈေး သွားကြသည်။ အိမ်ကအထွက်တွင် ရွှေကြာက သူ့အိမ်ကကားမို့ အမှတ်မထင် ရှေ့ခန်းမှာပဲ ဝင်ထိုင်လိုက်ရာ ပုံသည် နောက်ခန်းကို ဝင်လိုက်ရပြီး၊ နှုတ်ခမ်းကလေး စူပုတ်ပုတ် ဖြစ်သွားရပါသည်။

ပုံကိုယ်ကိုင် စတင်စီစဉ်သော ခရီးဖြစ်သော်လည်း ပုံနှုတ်ဆိတ်တော့သည်။ ရွှေကြာ တစ်ယောက်သာ တဝါးဝါး တဟားဟားနှင့် စကားတွေ အတောမသတ် ဆိုလာသည်။ ဈေးရောက်လျှင်လည်း ရွှေကြာသာ ဦးဆောင်ကာ ဟိုရုံမှဒီရုံ၊ ဟိုလမ်းကြားမှဒီလမ်းကြား ကူးကာသန်းကာ ဝယ်ခြမ်းမဆုံးအောင်ရှိလျက် တကယ်တမ်း ဈေးဝယ်ကြမည် အဆိုတင်သောပုံက ဘာမှမဝယ်။

မြေသည် ရွှေကြာဝယ်ခြမ်းထားသမျှ အထုပ်အပိုးကျွတ်ကျွတ်အိတ်တို့ကို ဆွဲကာဆွဲကာ ပုံ့ကို လှည့်တကြည့်ကြည့်နှင့် စိတ်မဖြောင့်အောင် ရှိလှသည်။ ခင်မင်ရတာ တစ်လသာသာမို့ ပုံ့စိတ်အတွင်းထဲ အထိတော့ သူအကဲမခတ်နိုင်သေးပါ။ ကလေးဆန် အနိုင်လိုချင်ကာ စိတ်ကောက်တတ်သော ရိုးသားဖြူစင်သူကလေး ရယ်လောက်သာ မြေခန့်မှန်းနိုင်သေးသည်။

"ပုံ... ဘာမှ မဝယ်တော့ဘူးလား... "



ရွှေကြာက တအံ့တဩမေးသည်။

"တော်ပြီ... "

"သူ့ပဲ ဝယ်ချင်ပါချည်ရဲ့ဆိုပြီး၊ ဟိုအင်္ကျီအနက်လေး တို့ သုံးယောက် ဆင်တူဝတ်ရအောင်... "

ရွှေကြာက တီရှပ်အနက်တစ်ထည်ကို လက်ညှိုးညွှန်လိုက်ပါသည်။

"ဝယ်ချင်ပါဘူး၊ ဆင်တူဝတ်ရအောင် အရွယ်အပေါ်တွေလား... ကလေးသရဲတွေလား... "

ရွှေကြာက ပုံ့စကားကို ရယ်မောနေသည်။ မြေကတော့ တစ်စုံတစ်ရာကို ပုံမကျေနပ်နေတာ သိပြီ။ သို့သော် အတိအကျတော့ မသိနိုင်ပါ။

"ဟဲ... မဝယ်တော့ရင် ထွက်ကြစို့... ဘာသွားစားမလဲ"

ရွှေကြာ့စကားကြောင့် မြေက ပုံ့ကို ဆန္ဒခံယူသလိုလှည့်ကြည့်သည်။

"ဖာလူဒါသောက်မယ်... "

ပုံ့စကားကြောင့် ရွှေကြာ ဖာလူဒါ လုံးလုံးမကြိုက်ဘာ သိသောမြေသည် ပုံ ရွှေကြာ့ကိုများ တစ်ခုခု စိတ်ကောက်နေသလား တွေးမိသည်။ ရွှေကြာ့ကတော့ ဘာမှ မတွေးမိ။ ရှုံ့မဲ့ဘာ...

"ဟာ... တို့က ဖာလူဒါသိပ်မုန်းတာ... "

"ဟင်... ပုံတော့ ဖာလူဒါ သိပ်သောက်ချင်နေတာ... "

ရွှေကြာက မျက်စောင်းထိုးရင်း...

"ပြီးရော... ပြီးရော... ၊ ဒါဖြင့် ရွှေပုဇွန်ဖြစ်ဖြစ်သွားပေါ့... တို့တခြားဟာပဲ စားမယ်... "

သုံးယောက်သား ကားဆီ ပြန်ရောက်လာလျှင် ရွှေကြာက...

"ငါ နောက်မှာထိုင်မယ်... ငါ့အထုပ်တွေ ပေးစမ်းပါမြေ... တစ်ခုပြီးတစ်ခု ပြန်ဖွင့်ကြည့်ဦးမယ်... နောက်မှာ တစ်ယောက်ထဲ ကျယ်ကျယ်လွင့်လွင့် အထုပ်တွေ မွှေရမယ်"

ရွှေကြာ နောက်ခန်းဝင်ထိုင် သွားသောအခါ ပုံ့ရဲ့ စူတူတူ နှုတ်ခမ်းက ချက်ချင်းပြေပြစ် သွားလေသည်။ ရှေ့ခန်းမှာ ပြုံးပြုံးရယ်ရယ် ဝင်ထိုင်ပြီး နောက်ကိုလှည့်ကာ ရွှေကြာ့ပစ္စည်းများကို ရယ်ကာမောကာ ထင်မြင်ချက် ပေးနေသည်။ ပုံ့မျက်နှာထား ပြောင်းလဲသွားသဖြင့် ဘာကို ပြန်လည်ကျေနပ်သွားတာပါလိမ့်ဟု မြေစဉ်းစားမိသည်။ ဘာမှ အကြောင်းအရင်း မတွေ့၊ ပုံရှေ့ခန်း ပြောင်းထိုင်ပြီး ရွှေကြာနောက်ရောက်သွားတာ တစ်ခုသာ ထူးခြားသဖြင့် သူ အတွေးရကြပ်နေသည်။

"ဟို တီရှပ်နက်လေးက လှတော့လှသား... "

ပုံက ကြည်လင်နေပြီမို့ ခုနက သူပယ်ချလိုက်သည့် တီရှပ်ကိုပင် အကောင်းထင်လာပြီ။

"အမျိုးမျိုးပဲ... သူပဲ စပလိန်မျက်နှာဖြစ်နေတယ်၊ ခုရုပ်တစ်မျိုး၊ တော်ကြာရုပ်တစ်မျိုးနဲ့... "



ရွှေကြာ့စကားကြောင့် မြေက ပုံ စိတ်ဆိုးမလားထင်သော်လည်း ပုံက စိတ်မဆိုးပေ။ ရွှေကြာ့ နှိပ်ကွပ်စကားကိုပင် တဟဲဟဲ သွားဖြဲကလေးနှင့် သဘောကျနေပြန်သည်။

"ခုန ဘာတွေကောက်နေသလဲ... "

မြေက ခပ်တိုးတိုး စူးစမ်းလိုက်မိလျှင် ပုံက မချိမချဉ်ပြုံးနှင့် အဖြေမပေး။

"မသိပေါင်... ခုတလောတော့ သူ့အဖေ မိန်းမယူမှာမို့ဆိုပြီး တစ်ချိန်လုံး တဖျစ်တောက်တောက် ညည်းညူနေတာပဲ၊ ဒါပဲလားမှ မသိတာ... "

ရွှေကြာ က ပေါ်ကောင်လုပ်လိုက်သဖြင့် ပုံက မြေကို နည်းနည်းရှက်သွားသည်။ သို့သော် မြေ့ကို ပုံက အလေးအနက်ထားရမည့်သူစာရင်းထဲ ထိပ်ဆုံးက သွင်းထားပြီမို့ ကိုယ်နှင့်ပတ်သက်သော ကိစ္စတွေထဲမှာ ဘာကိုမှ လျှို့ဝှက်ထားဖို့ မလိုဘူးဟု တွေးလိုက်သည်။

"မြေ့မှာ အဖေရှိလား... "

"အမေပဲရှိတယ်... "

"ဒါဖြင့် အဖေ နောက်အိမ်ထောင်ပြုမယ့် ခံစားချက်ကို မြေ ဆွေးနွေးနိုင်မှာ မဟုတ်ပါဘူး၊ သူက အဖေရော အမေပါ အေးအေးလူလူရှိတော့ ပုံ့ကို အကျယ်ချဲ့နေတယ်ပဲ ထင်နေတာ၊ နည်းနည်းမှ ကိုယ်ချင်းမစာဘူး မြေရဲ့..."

မြေသည် ရင်ထဲ မသိမသာ လှုပ်ရှားနေကာ ကားကို ရွှေပုဇွန်ရွှေ့ရပ်ရင်း မကြားသယောင် ပြုနေလိုက်သည်။ သို့သော် မရပါ။ ဆိုင်ထဲ ထိုင်မိကြလျှင် ပုံက စကားပြန်စပြန်သည်။

"နောက် နှစ်ပတ်မှာ ပုံ့ဖေဖေက လက်ထပ်မယ်... "

"ဩော်... "

ရွှေကြာက သူစားချင်တာမှာပြီးလျှင်...

"ဒါဘာဖြစ်သလဲ... မိထွေးဆိုတာ အမေအစားရတာပေါ့ ပုံရဲ့... "

"ဩော်... သူ့မိထွေးက ကောင်းဦးမှ၊ နော... မြေရယ်..."

မြေ့ထံ မေးငေါ့လိုက်ရာ မြေက ယောင်ယမ်း ခေါင်းညိတ်လိုက်ရသည်။

"ပုံက စိတ်ကောင်းရှိသားပဲ... တော်ရုံလူ ပုံ့အပေါ် ဆိုး မလာနိုင်ပါဘူး၊ ဘုရားက လက်ပိုက်ကြည့်မနေပါဘူး... နည်းနည်းကလေး ဆိုးတာမျိုးဆိုလည်း ပုံ့မှာ ခွင့်လွှတ်နိုင်တဲ့ မေတ္တာတရားမျိုး ရှိပါတယ်... ပုံကချစ်တတ်တဲ့သူပဲ..."

ရွှေကြာက အစ်မကြီး တစ်ယောက်လို အေးဆေး စွာ နားချနေသည်။

"သိပ်ဆိုးရင်ကော... "

"လျှစ်လျူရှုထားပေါ့... "

"ဩော... ပုံ့ဖက်က လျှော့ရမှာချည်းပဲ... "

"ဒါပေမဲ့ ပုံက ကြိုကြောက်နေတာပါ... မိထွေးတိုင်း ဆိုးတာမဟုတ်ပါဘူး၊ ပြီးတော့ အခုမိထွေးက ပုံ့ အဖေရဲ့ ကုမ္ပဏီရုံးက ဝန်ထမ်းဆို... "

"အင်း... "

"ပုံ့အဖေအပေါ် ချစ်ကြောက်ရှိသေပြီးသား ဖြစ်မှာ၊ ပုံ့ကိုတောင် သူ့စိတ်ထဲ ကြိုပြီး ရှိန်နေမှာပါ... ပုံကများ သူ့အပေါ် ဆိုးမလားလို့တောင် ကြိုတွေးကြောက်နေမှာပါ..."

ပုံက ပုခုန်းတွန့်ကာ ခေါင်းလေး ယမ်းလိုက်သည်။ မြေ့ကိုကြည့်ရင်း...

"ပုံက ကံသိပ်ကောင်းတတ်ကာ မဟုတ်ဘူးမြေရဲ့၊ ဖြစ်ချင်တာတွေ ဘယ်တော့မှ ဖြစ်တတ်တာမဟုတ်ဘူး၊ ဒါကြောင့်... အားငယ်တယ်... "

"ပုံဖြစ်ချင်တာတွေ ဘယ်လိုမဖြစ်ခဲ့တာ ရှိလို့လဲ... "

မြေက တိုးတိုးမေးသည်။

"ကြည့်လေ... မေမေ အစောကြီးသေသွားတယ်၊ ခုထိရှိရင် ဘယ်လောက်ကောင်းမလဲ၊ ခုတော့ အစောကြီး သေတယ်... "

"ဒါပဲလား... "

ရွှေကြာက ရယ်မလိုဝင်ထောက်သဖြင့် ပုံက မျက်စောင်းရွယ်ရင်း...

"ရှိသေးတယ်... ပုံဆရာဝန်ဖြစ်ချင်တယ်လေ... အမ်စီမဝင်မှာစိုးလို့ တစ်နှစ်ခြစ်ချတယ်၊ နောက်နှစ် ဖေဖေ ဖွတ်

ပြောလို့ သိပ်အားမရဘဲ ဆက်ဖြေရတာ အားအိုင်တိပဲ ရှိတယ်၊ ဒါနဲ့ ဘယ်တုံးကမှ စိတ်မကူးတဲ့ ဇူးမေရှာပဲ ယူပစ်လိုက်တယ်... ကွာလီဖိုင်းဖြစ်ပြန်တော့လဲ သူငယ်ချင်းတွေနဲ့ကွဲတယ်... "

"ဒါ... တို့နဲ့တွေ့ဖို့ ဖြစ်လာတာ... ကံကောင်းတာနော်"

ပုံက နှာခေါင်းရှုံ့လိုက်သဖြင့် ရွှေကြာက တဟားဟား ရယ်နေသည်။

"ပုံချစ်တဲ့ မေမေ့အစ်မရှိတယ်... မေမေ မရှိကတည်းက အမေ လိုချစ်တာ၊ ဒါပေမဲ့ သူ့သားသမီးတွေက နိုင်ငံခြား ရောက်နေကြပြီး သူ့ကို တရရမှာခေါ်နေကြတော့ နောက်ဆုံးတော့ ပုံ့ကို ပစ်ခဲ့ရစ်ပြီး မနှစ်က နိုင်ငံခြား ထွက်သွားခဲ့တယ်... "

"ဝမ်းနည်းလိုက်တာနော်... "

"ရွှေကြာနော်... မြေ... တွေ့ရဲ့လား... သူ ပုံ့ကို အရှူးသဘောထားနေတယ်၊ ပုံ့ကို ကိုယ်ချင်းကို စာမပေးဘူး၊ ဟားပဲနေတာ... သူ့မှာ အရာရာဟာ ပျော်စရာဖြစ်နေတာပဲ... နောက်ဆို မြေ့ကိုပဲ ရင်ဖွင့်တော့မယ်၊ မြေကမှ သနားတဲ့ပုံနဲ့ ကြည့်ဖေါ် ရသေးတယ်... "

"ကောင်းတယ်... ကောင်းတယ်... သူ့ကိုပြော... သူက လူတကာကိုစာနာသနားတတ်တာ၊ ပုံ့ကို သူကူညီလိမ့်မယ်... "





ရွှေကြာရဲ့ မှတ်ချက်ကြောင့် မြေမှာ ထိတ်ထိတ်ပျာပျာ

"ဟာ... ငါဘာကူညီလို့ ရမှာလဲ ရွှေကြာကလည်း၊ မျှော်လင့်ချက်တွေ သွားပေးမနေနဲ့လေ... ပုံက အဟုတ်မှတ်နေမယ်... "

မြေသည် ပုံ့ ပုံစံလေးကို ကြည့်ကာ ကရုဏာ ...မိသည်မှာ အမှန်ပင်။ ကလေးဆန်သော ကောင်မလေးမို့ ...လေးလို အပူအပင်ကင်းကာ ပျော်ပျော်ရွှင်ရွှင် ရှိစေချင်သည် ...သူ့ရဲ့စေတနာပင်။ ပုံပျော်အောင် သူက တတ်နိုင်မှာမို့လား ...တော့လည်း ရယ်စရာကောင်းသော မေးခွန်းဖြစ်နေပါသည်။

"ပုံ တကယ်စိတ်ညစ်နေတာပါ မြေရယ်... အဲ့ဒီ မိန်းမမှာ သားတစ်ယောက်ရှိတယ် သိလား၊ မယားပါသားဆိုတာလည်းဘယ်လိုကြီးမှန်းမသိဘူးနော်...တစ်အိမ်ထဲအတူတူ နေရမှာ ကြောက်စရာပဲ၊ မတော်တဆ သူက ယုတ်မာတဲ့ သူဆိုရင် ဘယ်လိုလုပ်မလဲ မြေရဲ့... "

ပုံ့မျက်လုံးဝိုင်းကလေးကို ကြည့်ကာ မြေသည် ရင် ...နင့်သွားပါသည်။ စိတ်မကောင်းခြင်းကြီးစွာနှင့်လည်း လက် ...ဖြာ အေးစက်တက်လာသည်။ အားယူကာ တိုးတိုးတစ် ... ပြောလိုက်မိပါသည်။

"သူက ယုတ်မာမယ် မထင်ပါဘူး ပုံရယ်... "

"မြေ ဘယ်လို ပြောနိုင်မလဲ... "

"မယားပါသားဆိုတာဟာ ယုတ်မာတဲ့ လူတန်းစား
ပြောလို့မှ မရဘဲ ပုံရယ်... "

"ဒါပေမယ့် ယုတ်မာတဲ့ သူမျိုးထဲက ဖြစ်နေရင်ကော
အို့ သူနဲ့ တစ်အိမ်ထဲကို မနေချင်ပါဘူး၊ ရှယ်တူပြ
ကြည့်လို့ကို ရမှာမဟုတ်ဘူး၊ ပုံ သိပ်စိတ်ဆင်းရဲမှာပဲ
မိထွေးကိုတောင် ဖေဖေ့ကိုချစ်လွန်းလို့ လက်ခံရ
မယားပါ သားကိုတော့... "

ပုံ့မျက်လုံးလေးက မုန်းတီးရိပ်နှင့် စူးလက်
သည်။ မြေက သက်ပြင်းတစ်ချက် မောပန်းစွာ ချပီလျက်...

"ဒါဖြင့်... သားကို ခေါ်မလာနဲ့လို့ ပုံက အရေးဆိုလို
ပေါ့... "

"ဖေဖေက ရချင်မှရမှာပေါ့... "

"ရအောင်ပြောပေါ့ ပုံရဲ့...ဘုရား ရှိခိုးပြီးတော့လည်း
ဆုတောင်းပေါ့... "

"ဆုဆိုတာ တောင်းတိုင်းပြည့်တာမျိုး မို့လို့လားမြေ...

"ပုံ့လို အပြစ်ကင်းတဲ့ မိန်းကလေးတစ်ယောက်ကို ဘု
က မျက်နှာလွှဲထားမယ် မထင်ပါဘူး၊ ပုံ ဆုတောင်းကြ
ပါ... ပြီးတော့... "

"ပြီးတော့... ဘာဖြစ်လဲမြေ... "

မြေ့မျက်လုံးများ၌ ရယ်မြူးရိပ်ထင်လာသည်။
သည် သူ့ရုပ်အင်္ကျီအိတ်ကို လက်နှင့်စမ်းကာ တစ်စုံတစ်ခု ထု



ကိုက်ပါသည်။ ဒါကလေးကို ခုနကမှ စကော့ဈေးက ဝယ်ခဲ့
ပုံက စိတ်ကောက်နေတုံး သူနှင့်ရွှေကြာက ငွေပန်းတိမ်
တစ်ခုကို တိုးကြည့်ရင်း ဘာရယ်မဟုတ် ချစ်စရာကလေးမို့
ယ်လာခဲ့တာ ဖြစ်သည်။ မြင်လိုက်သောအခါ ရွှေကြာသည်
ချင်သလို နှုတ်ခမ်းကိုက်ရင်း မြေ ဘာပြီးမလဲ မှင်သေသေ
နေသည်။

ပုံတစ်ယောက်သာ ပလပ်စတစ်အိတ် သေးသေး
ငွေရောင် မောင်းကွင်းလက်စွပ် လှလှကလေးကို တအံ့တဩ
နေသည်။

"ဒါ... ဘာလဲ မြေ... "

"ဒါ... ဆုတောင်းပြည့်လက်စွပ်... "

ပုံက မျက်စေ့မှေးကာ မြေ့ကိုကြည့်သည်။

"မြေ မနောက်နဲ့နော်... "

"မနောက်ပါဘူး... ပုံ ဒါကိုဝတ်ထားလိုက်... "

မြေက လှမ်းပေးသော်လည်း ပုံက မယူသေးဘဲ
ကြောင်ကြောင် ယုံရခက်ခက် စိုက်ကြည့်နေသဖြင့် မြေသည်
ဆက်ဆတ်နှင့် ပုံ့လက်ကို ဆွဲယူကာ လက်သူကြွယ်မှာ
ဆင်ပေးလိုက်သည်။ တဖျပ်ဖျပ် ရင်ခုန်သွားသော ပုံသည်
ရက် ခေါင်းမမော့နိုင်။ အနည်းငယ် ချောင်ချိသော
စွပ်လေးကို စိုက်ကြည့်ပြီး အနိုင်နိုင် စိတ်ကို ထိန်းလိုက်ရ
ည်။ ပုံ ရင်ခုန် သွားသလောက် သူ မခုန်ဘူးလားဟု မြေ့ကို

တစ်ချက် နိုးကြည့်ပြီး ငြိမ်နေသည်။

"ဒီလက်စွပ်ကို ပုံ မချွတ်နဲ့နော်... "

မချွတ်ပါဘူး သေတောင်မချွတ်ဘူးဟု ပုံက ရင်
မှ ကြိတ်ပြောနေသည်။

"ပြီးတော့ ပုံဆုတောင်း၊ မယားပါသား အိမ်ကို ပါမလာ
စေနဲ့လို့... ပုံ ဆုတောင်းပြည့်မပြည့် စောင့်ကြည့်လေ

"ဒါလေး ဝတ်ထားရုံနဲ့ပေါ့... "

"ကိုယ်ကလည်း ဂါထာတစ်ပုဒ် ရွတ်ပေးဦးမှာပေါ့... "

ရွှေကြာသည် နိုးရယ်လိုက်သဖြင့် အိုက်စော
သီးကာ တဟွပ်ဟွပ် ချောင်းဆိုးနေသည်။ မြေကတော့ စော
ဖြူစင်စွာနှင့် ယုံရနိုးနိုး ပုံ့မျက်နှာကလေးကို ဂရုဏာသက်
ကြည့်နေမိပါသည်။ သူပြောသလို နာခံနေမည့် ရုပ်ကလေးကို
လျှင် ပုံ့ခေါင်းပေါ် သူ့လက်ဖဝါး တစ်ဖက်ကို အုပ်မိုးပြီး တင်
၏။ ပုံက ရုတ်တရက် လှုပ်ရှားသွားသည်။

ရင်တွေဖိုကာ ခေါင်းကိုလည်း ရုန်းမထွက်နိုင်
မျက်စေ့ရှေ့နားက မြေ့ရဲ့ လက်ဖျံကိုသာ ရှက်ရဲရဲ စိုက်ကြည့်
ရှာသည်။

"ဦး... "

မြေ့နှုတ်ခမ်း တရွရွလှုပ်တာကို ကြည့်ရင်း ပုံသ
ကြားလိုဇောနှင့် လည်ကလေး ဆန့်လာသည်။ မျက်တောင်
များ စင်းယှက်ကာ မျက်ခွံပိတ်ပြီး အလေးအနက် ရှေ့ရွတ်





ာ မြေ့မျက်နှာကို သတိလက်လွှတ် ငေးစိုက်နေလေသည်။

"မြေ... မြေ... ၊ အသံထွက်ရွတ်ပေးပါ၊ ပုံကြားချင်လို့... "

"ဟာ... ပုံကလဲ၊ အသံထွက်ရွတ်ရမှာ ရှက်စရာကြီး... "

"ဂါထာရွတ်တာပဲ၊ ဘာရှက်စရာရှိသလဲလို့... "

"ပုံက ရယ်မှာ... "

"အို... မရယ်ပါဘူး၊ ရွှေကြာလဲမရယ်နဲ့၊ ကဲ... မြေ... အသံ
ထွက်ရွတ်... "

မြေသည် ရွှေကြာ့မျက်နှာ ကြည့်မိလျှင် ထ,ရယ်မိ
ည်စိုးသဖြင့် လုံးလုံးမကြည့်မိအောင် မနည်းသတိပြုကာ အသံ
က်ပြီး မျက်နှာရဲလျက် သွက်သွက်ရွတ်လိုက်သည်။

"ဦး... ပတိပတောနမိမော... ပတောပတိနမောမိ... ပတာ
ပတိနမာမိ... နမိနမိပတာ ပတိပတိနမာ... ပုံ လိုရာဆန္ဒ
ပြည့်ပါစေ... "

ဂါထာဆုံးလျှင် ပုံနှင့်ရွှေကြာ၏ ခွက်ထိုးခွက်လန်
ည်ချလိုက်သံမှာ တစ်ဆိုင်လုံး တစ်ခန်းလုံးတွင် အုတ်အော်
သောင်းနင်း ဖြစ်သွားပါသည်။ ဝိုင်းတကာ့ဝိုင်းမှ လှည့်ကြည့်ကြ
ာ ဝူးစမ်းသည်။ ပုံသည် ဗိုက်ကိုနှိပ်ကာရယ်ရင်း မြေ့ရဲ့ နီစွေး
ရှက်မျက်နှာ၌ စိတ်မကောင်းရိပ်ကို မြင်သောအခါ ရယ်သံကို
ာ်တရက် ရပ်လိုက်သည်။ ရွှေကြာကား တော်တော်နှင့် အရယ်
ပ်နိုင်။ မျက်ရည်ထွက်ကျလာကာ ငိုသလိုပင် ဖြစ်နေသည်။

"မြေ... ပုံရယ်လို့ စိတ်ဆိုးသွားလားဟင်... "

"ဟင့်အင်း စိတ်မဆိုးပါဘူး... "

ဖြေက ရယ်ကျဲကျဲ...

"စိတ်မဆိုးနဲ့နော်... "

"စိတ်မဆိုးပါဘူး၊ ရှက်ပဲရှက်တာပေါ့၊ ဒါကြောင့်

မထွက်အောင် ရှုတ်တာပေါ့... "

"ဖြေ့ဂါထာက တကယ်ပဲ ဆုတောင်းပြည့်မယ်ဟာလား

"ပုံ ဆုတောင်းကြည့်ပါ၊ တစ်ကြိမ်မှာတော့ အမျာ

ဆုမတောင်းနဲ့... တစ်ခုထဲကိုပဲ ဆုတောင်းရမယ်...

ပုံက ခေါင်းကလေးညိတ်ကာ လက်စွပ်လေ

ပွတ်သပ်ထိတို့နေလေသည်။ ယုံတာ မယုံတာထက် ဖြေ့ကို

စိတ်ကြောင့် ခုလို ဖြေသိမ့်ပေးသော ဖြေ့ကို ကျေးဇူးတင်မိသ

❀❀❀❀❀❀❀



# ၄

ဖေဖေတို့က လက်မှတ်ထိုး လက်ထပ်တာမို့ ပုံ

ပါဝင်စရာ မလိုပါ။ ထိုညနေ၌ စားသောက်ဆိုင်တစ်ခုမှာ

ဖေက ဒင်နာပေးတော့လည်း ပုံက မတက်ရောက်ပါ။ ထိုသို့

ကျရောက်သည့်အတွက်လည်း ဖေဖေက အပြစ်မဆို။ ပုံပုံ

က်မလား... မေးဘာ မလိုက်တော့ဘူးဖြေလို့ အေး... အေး...

ချင်နေ... ဟုသာ ပြီးစီးသွားခဲ့သည်။

တွေ့ဖူးချင်လျှင် တွေ့ရဖို့ လွယ်လှသော ဒေါ်အေး

မြကို ပုံက တွေ့ဖူးကြဖို့ မကြိုးစားခဲ့သဖြင့် လက်မှတ်ထိုးအပြီး

ပါလာမှပင် ပထမဆုံး စတင်မြင်ဖူးပါသည်။ ထိုအမျိုးသမီးကို

စိတ်ထဲ မြင်ဖူးသလိုလို ထင်နေမိကာ ဘယ်မှာမှ မမြင်ဖူးခဲ့တာ

ည်း သေချာသဖြင့် ခေါင်းရှုပ်ခံမနေတော့ပါ။ အသားဖြူဖြူ

က်နှာပေါက်လှလှ ကိုယ်ဟန်က လေးဆယ့်ကိုးနှစ် မထင်ရ

အောင်သွယ်လျလျပဲ ရှိသေးတာမို့ အရွယ်တင်လှသည်။

ဖေဖေ မေတ္တာရှိထိုက်သော မိန်းမတစ်ယောက်ဟု

မှတ်ချက်ချမိပါသည်။ အဝတ်အစား သေတ္တာတစ်လုံးပဲ ပါ

လာကာ သူတို့ ဒင်နာသွားချိန်တွင် ထိုသေတ္တာကို နှစ်ယောက်အိပ်ခန်းမှ ဗီရိုအသစ်ထဲသို့ ဒေါ်ပုက ရှင်းလည်းထည့်သို နေရာချပေးနေသည်။ ပုံသည် မယောင်မလည် သွားရှုးစမ်းနေသေး၏။ အဝတ်အစားက ဦးရေမများသော်လည်း ရှိသလောက်သည် ကောင်းကောင်းမွန်မွန် အဆင့်မြင့်မြင့် ဖြစ်သည်။

ပုံသည် တစ်စုံတစ်ရာကို သိချင်နေသည်။ ဤကိစ္စနှင့်ပတ်သက်၍ ဖေဖေနှင့်စကားလက်ဆုံ မကျမိအောင်နေသဖြင့် ပုံ ဘာမှမသိပါ။

"ဒေါ်ပု... "

"ဘာလဲ... ပုံပုံ... "

"သူ့သားဆိုတာ မပါလာဘူးပေါ့... "

ဒေါ်ပုက အူကြောင်ကြောင်မော့ကြည့်ရင်း...

"ဒေါ်ကြီးဘယ်သိမလဲ ပုံပုံရဲ့၊ ဘာမှလဲ ပြောသံမကြား... တစ်ယောက်အိပ်ခန်းလဲ ရှင်းရပြုရမရှိတာ ထောက်ရင်တော့ မပါလာမှာမို့ ဖြစ်မှာပေါ့.. "

"ဖေဖေ ဘာမှမပြောဘူးလား... "

"မပြောပါဘူး... "

ပုံသည် အံ့ဩနေသည်။ သူ့သားဆိုတာ မပါလာဘူးလားဆိုတာကို အကြီးအကျယ် သိချင်နေကာ ဖေဖေတို့အပြန်ကို မအိပ်သေးဘဲ ညဉ့်နက်ခံကာ စောင့်နေပါသည်။ ဆယ့်တစ်နာရီထိုးပြီးမှ ဖေဖေတို့ ပြန်ရောက်လာသည်။ အပေါ်ထပ်လှေကားမှ ဆင်းလာသော ပုံ့သဏ္ဌာန်မှာ တစ်စုံတစ်ခုအတွက် ဆီးကြိုနေမှန်း သိသဖြင့် ဖေဖေရော ဒေါ်အေးမြမြပါ စိတ်ထင့်သောလက္ခဏာနှင့် ပုံ့ကို ပြိုင်တူ အကဲခတ်ကြပါသည်။

"သမီး... မအိပ်သေးဘူး ဟုတ်လား.. "

"ဖေဖေ့ကို မေးစရာတစ်ခုရှိလို့ ဖေဖေ... "

ဒေါ်အေးမြမြသည် အနေခက်သလို ဖြစ်သွားရင်း...

"မြ... တက်နှင့်မယ်... ၊ သမီး... အန်တီ အဝတ်သွားလဲနှင့်တော့မယ်နော်... "

"ဟုတ်ကဲ့... "

ဖေဖေက ပုံ့ကို စူးစမ်းကြည့်နေဆဲ ဒေါ်အေးမြမြက လှေကားမှတက်သွားသည်။

"ဒီအန်တီရဲ့သားဆိုတာရော ဖေဖေ... "

"မြရဲ့သားလား၊ သမီးမေးမှာ ဒါလား.. "

ဖေဖေ့မှာ စိတ်ပေါ့သွားပုံ ရသဖြင့် ဖေဖေ့ကို သနားမိပါသေးသည်။ ပုံသည် မယားပါသားကိစ္စကို ဖေဖေ့ကို အရေးဆိုမှု မပြုခဲ့ပါ။ ကြိတ်၍သာ ဆုတောင်းခဲ့သည်။ ဖွင့်ပြောလိုက်လျှင် ဖေဖေ စိတ်ဆင်းရဲမှာစိုး၍ ဖြစ်သည်။ ခေါ်မလာပါနဲ့ဟု ပုံ ဒါတ်ပင်ခွင့် မရှိနိုင်ပါဘူးဟုလည်း ယူဆခဲ့သည်။ ဖေဖေ့၌ ဆုံးဖြတ်ချက်ရှိပြီး ဖြစ်မည်ဖြစ်သဖြင့် ပုံ့စကားကြောင့် ဖေဖေ စိတ်ညစ်ပြီးသား မဖျက်စေလိုပါ။

"အဲဒါပဲ သိချင်တာပါ ဖေဖေ... "

"သားကြီးက... ဒီမှာ လာမနေပါဘူး... "

"ဟုတ်လားဖေဖေ... ဘယ်တော့မှ လာမနေဘူးလား..."

"အင်း... လာမနေဘူး... သူတို့က သားအမိနှစ်ယောက်ထဲမို့ ဖေဖေက ဒီမှာပဲ အောက်ထပ်မှာ အခန်းပြင်ဆင်ပေးမလို့ပါပဲ... ဘာပဲဖြစ်ဖြစ် ဆွေမျိုးဖြစ်လာပြီမို့လား... ဒါပေမယ့် သားကြီးက လိုက်မနေဘူး... သီးသန့်နေမယ်လို့ပဲပြောတယ်... "

သားကြီး... သားကြီးနှင့် တစ်နေ့မှာ ဖေဖေ့ အားကိုးအားထား ညာလက်ရုံး ဖြစ်လာမလားဟု ပုံက စိတ်ထင်နှင့် မှန်းမနာလို လိုက်မိပါသေးသည်။

"သူက ကိုယ့် ခြေထောက်ပေါ်လဲ ကိုယ်ရပ်နိုင်ပြီ... အသက်လဲ နှစ်ဆယ့်ရှစ်နှစ်တောင် ရှိပြီလေ... ဒါကြောင့် သူသီးသန့်နေတော့မယ်တဲ့၊ မလိုက်ခဲ့တော့ဘူးတဲ့၊ ဒီမှာလည်း သမီးပျိုနဲ့မို့ သူက မကောင်းဖခင် သားပီပီ အားနာတယ် ထင်ပါတယ်... "

"အော်... အန်တီကကော... သဘောတူလား... "

"တူပါတယ်... သူကလည်း သမီး စိတ်အနှောင့်အယှက်ဖြစ်မှာ ကျဉ်းကျပ်မှာ မလိုလားဘူး... "

တော်တော်သိတတ်ကြသားပါပဲ ဟု ပုံကျေနပ်စွာ ခေါင်းညိတ်လိုက်ရင်း...





"ဒါပဲ မေးချင်တာဖေဖေ... ပုံကလည်း မပါလာတာကြိုက်တယ်၊ ဖေဖေ စိတ်အနှောင့်အယှက် ဖြစ်မှာစိုးလို့ မတားတာ... အန်တီ့ကိုလည်း ဒီကိစ္စ ကျေးဇူးတင်ပါတယ်... ဂွဒ်နိုက်ဖေဖေ... "

ပုံ လှေကားကို ပြန်ပြေးတက်သွားတာ ကြည့်ပြီး ပုံ့ဖေဖေ ဦးကျော်သက်မှာ သက်မတစ်ချက်နှင့် ကျန်ရစ်ရပါသည်။ ဤကိစ္စကို သမီးလေး မကြည်ဖြူချင်လှသော်လည်း နားလည်မှုရှိစွာ လူကြီးဆန်ဆန် နေပြကာ ဘာမှ မကန့်ကွက်တာဆိုတာကို ဦးကျော်သက် နားလည်သည်။ ဒေါ်အေးမြမြကလည်း ဒီအတိုင်း နားလည်သည်။ သို့သော် ဒေါ်အေးမြမြလို မိန်းမမျိုးသည် သမီးကလေးနှင့် မပြေမလည် ရန်သတ္တရု အဖြစ်ခံမည့် မိန်းမစားမျိုး မဟုတ်တာ ဦးကျော်သက်က အကြွင်းမဲ့ယုံကြည်လျက် အတူနေကာအကြောင်း သိသွားပြီးလျှင် သမီးလေး တစ်စထက်တစ်စ ပိုမိုကြည်ဖြူလာမှာကို ကြိုတွေးပြီးဖြစ်သည်။

ဘာပြဿနာမှ မရှိနိုင်တာကိုလည်း စိတ်ချပြီးဖြစ်သည်။ ဒေါ်အေးမြမြရဲ့သားကိုတော့ သူက တွေ့စ သိစကတည်းက အထင်တကြီး အမှတ်ပေးပြီးသားပင်။ သားကြီးသည် လိမ္မာယဉ်ကျေးသော လူငယ်တစ်ယောက်ဖြစ်သည်။ လူတစ်ဖက်သားကို သူ့အတွက် ဘယ်တော့မှ စိတ်အနှောင့်အယှက် မဖြစ်ရစေသူဖြစ်သည်။ သူလိုက်မလာတော့ဘူးဟု သူ့အမေနှင့် ဦးကျော်သက်ကို ခွင့်တောင်းစဉ်က သူ့အမေကတော့ စိတ်မကောင်းလှပေ။

ဒေါ်အေးမြမြ စိတ်မကောင်းရှာတာ သိသဖြင့် ဦးကျော်သက်က မိသားစုဝင် တစ်ဦးအနေနှင့် ဘာမှ အားနာစရာမရှိကြောင်း ပြောဆိုကာ လိုက်ဖို့ တိုက်တွန်းခဲ့ပါသေးသည်။ သို့သော် သားကြီးက မလိုက်ခဲ့ပါ။ သူ့အမေသည်လည်း လက်ခံသဘောတူလိုက်ရပါသည်။ သက်လုံးပုံကို ဦးကျော်သက် ပြောသမျှလောက်နှင့်သာ ရင်းနှီးရလျက် အကဲမခတ်နိုင်သေးသဖြင့် အန္တရာယ် ကြိုတင်ကာကွယ်ရာရောက်သော သူ့သား အစီအစဉ်ကို ငြင်းမနေတော့ပါ။

ဦးကျော်သက် အခန်းထဲ ပြန်ရောက်လာလျှင် ဒေါ်အေးမြမြမှာ မသိမသာကလေး စူးစမ်းသယောင် တစ်ချက်ကြည့်ပါသည်။

"သားကြီး ပါမလာတာကို မေးတာလေ... "

ဦးကျော်သက်က တိုက်ပုံချွတ်ရင်း ဆိုသည်။

"အော်... ဒါလား... "

"သမီးက... မဆိုးတတ်ပါဘူး မြရယ်... နွဲ့တတ်တာပဲရှိတယ်... မြသားကလည်း လိမ်မာယဉ်ကျေးတဲ့ ကလေးပဲ... တွေ့ကြရင်တော့ ခင်မင်သွားမှာပါပဲ... နောက်တော့ ဆုံ ပေးကြတာပေါ့၊ သားကြီးကိုလည်း ဒီမှာ ထမင်းတွေ ဘာတွေ လာစားပါစေ... ကိုယ်လည်း ပြောခဲ့တယ်... "

"သူ့ သူငယ်ချင်းမလေးက... နေ့တိုင်းအိမ်မှာ ထမင်း လာစားရမယ်လို့ အမိန့်ထုတ်သွားလေရဲ့၊ သားကြီးကို ဆိုင်



ဟင်း ဆိုင်ထမင်းစားရမှာ သနားလို့တဲ့... တစ်ခါတလေတော့ ခေါ်တာပေါ့... "

"အော.., သားကြီးကလဲ တယ်စွံပါလား ဟားဟား... "

"မဟုတ်ပါဘူး ကိုရဲ့၊ နိုးနိုးပါ... ငယ်သူငယ်ချင်းလေးပါ... ဒီညဒင်နာမှာ... ရုံးက ဦးစိုးဝင်းတို့နဲ့ တစ်ဝိုင်းထဲထိုင်တဲ့ စုံတွဲဟာလေ... ယောကျ်ားက ကျော်ဆွေနဲ့ခပ်ဆင်ဆင်ဟာ... အဲ... သူတို့ရဲ့ သမီးပေါ့... မိတ်ဆွေရင်းတွေပါ.."

"မကြာမကြာတော့ လာပါစေ... ပြီးတော့ ကိုယ်ပြောခဲ့သလိုပဲ... ကိုယ်ပေးချင်တဲ့ မုန့်ဖိုးလည်း သူယူပါစေမြရယ်... နော်... "

ဒေါ်အေးမြမြက ခေါင်းညိတ်လိုက်ပါသည်။

"ကောင်မလေးက သူ့အဖေလက်ထပ်မှာကို သိပ်သဘောမကျဘူး၊ မိထွေးဆိုတာ မယားပါသားဆိုတာတွေကို မနှစ်သက်တဲ့ စိတ်အခံရှိတယ်ဆိုတာ သားကြားပြီးပြီ မေမေ... ဘာမှ ပြဿနာမရှိအောင်... သားရှင်းရှင်းနေတာ ကောင်းပါတယ်၊ သားသိပ်မလာရင်လည်း မေမေဘယ်လိုမှ မအောက်မေ့နဲ့နော်... သားနဲ့ပတ်သက်ပြီး မကြည်ဖြူတာ တစ်ခုခုကြောင့် မေမေနဲ့ဦးနဲ့ အိမ်ထောင်ရေးကိုလည်း မထိခိုက်စေချင်ဘူး၊ ဝေးဝေးနေတာ ပြဿနာ ကင်းပါတယ်... "

သားဖြစ်သူစကားကို နားနားကပ် ပြောနေသလို

တတွတ်တွတ် ပြန်ကြားယောင်ရင်း ဒေါ်အေးမြမြက သက်ပြင်း ရှိုက်မိပါလေသည်။

❀❀❀❀❀❀❀

ထိုညက ရွှေကြာသည် အိပ်ချင်မူးတူးနှင့် ဖုန်းထ ကိုင်ရပါသည်။ ညဘက် ဖုန်းပြောစရာရှိ အိပ်ရာထဲမှ ဇိမ်နှင့် ပြောရအောင် အိပ်ရာခေါင်းရင်းမှာ လိုင်းခွဲသွယ်ယူထားသော ရွှေကြာသည် သူဆက်ချင်တာ မဟုတ်ဘဲ နောက်ကြသော ညဖုန်း များကိုတော့ အတော် အနှောင့်အယှက် ဖြစ်ပါသည်။ မိဘများက လည်း ရွှေကြာ့ခေါင်းရင်းမှာ ဖုန်းရှိတာမို့ ဖုန်းမြည်သံကြားလျှင် ထ,မကိုင်ပါ။ သူ့တို့အတွက်ဆိုလျှင် ရွှေကြာလာခေါ်မှာ ဖြစ်သည် ဟု အေးအေးဆေးဆေး အိပ်သည်။

ရွှေကြာသည် ဆယ်နာရီခွဲ အိပ်ရာဝင်ကာ အိပ် ပျော်လို့ အကောင်းဆုံးဖြစ်သော ဆယ့်တစ်နာရီခွဲလောက်အချိန် မှာ ဖုန်းမြည်လာသဖြင့် ရေရွတ်မြည်တွန်ကာ ဖုန်းလှမ်းကိုင်ရ သည်။

"ဟယ်လို... "

"ရွှေကြာလား... "

"ဘုရားရေ... ရှင်မအိပ်သေးဘဲ ဘာကယောင်ချောက်ချား ဖြစ်နေသလဲ ပုံ... တို့ဒီမှာ အရမ်းအိပ်လို့ ကောင်းနေ





တယ်... ဒါပဲကွာ... "

"ဟိတ်... နေပါဦး... ဘာမှ မပြောရသေးဘဲနဲ့ ဒါပဲကွာ လုပ်လို့ရမလား... "

"ဒီမှာ သိပ်အိပ်ချင်နေတယ်... မနက်ကျမှ ဆက်ရင် မဖြစ် ဘူးလား... "

"မဖြစ်ဘူး... ပြောစရာရှိတယ်... "

"ဒုက္ခပါပဲ... ဒီနေ့ ရှင့်အဖေ လက်ထပ်တာဆိုပြီး ဗီလင် တွေ ရင်ဖွင့်မလို့ မဟုတ်လားပုံရယ်... ဒါ မနက်မှပြောရင် ရပါတယ်... "

"ဟာ... မရဘူး၊ ခုပြောမှာ... "

"သိပ်စိတ်ပျက်တာပဲ... အိပ်လို့မရဘူးလားကွာ... "

"မရဘူး... နားထောင်ပြီးမှ ပြန်အိပ်... "

"ကဲ... ပြောကွာ... ဘာလဲကွာ... "

"မြေ့အိမ်မှာ ဖုန်းရှိလား၊ အဲဒါ တစ်ခါမှ မမေးဘူးလို့..."

"ဘုရားရေ... ညဉ့်နက်သန်းခေါင် အရူးထနေပါလား... ကျားသားမိုးကြိုး၊ ဒါကို တစ်ခါမှ မမေးဖူးလို့ အခု ထ,မေး တာပေါ့ ဟုတ်လား... "

"ကဲပါ... ပြောပါ ရွှေကြာရယ်... "

"မရှိဘူး... သူ့အိမ်ဖုန်းမရှိဘူး... ဘာလဲ မြေနဲ့ဖုန်းပြောချင် လို့လား... "

"အရေးကြီးတာတစ်ခု ပြောချင်လို့... "

"တွေ့မှပြောပေါ့ကွာ... "

"မြေနဲ့မတွေ့တာ တစ်ပတ်တောင် ရှိပြီလေ... ဘယ်ပျောက်နေမှန်းလည်း မသိဘူး... "

"တို့နဲ့တော့ တွေ့ပါတယ်... "

ပုံသည် ညကြီးမင်းကြီး မနာတွေလိုနေပြန်ကာ ရွှေကြာ့ကို ကုတ်ခြစ်ပစ်ချင်သည်။ မြေကိုလည်း ထုရိုက်ချင်သည်။ သူတို့နှစ်ယောက်ကျတော့ တွေ့သတဲ့။

"ဘယ်မှာတွေ့တာလဲ... "

"သူ့အိမ် သွားတာလေ... "

ပြောပြီးမှ ရွှေကြာ ပါးစပ်ပိတ်လိုက်ရသည်။ မြေ့အမေ အိမ်ထောင်ပြုသည့် ကိစ္စအတွက် ရွှေကြာ့မိဘများက အမှတ်တရ လက်ဖွဲ့လက်ဆောင်ပေးရင်း တစ်နေ့က ရောက်ကြပါသည်။ မြေက ဒီကိစ္စကို ပုံ့ထံ လျှို့ဝှက်ထားဖို့ နှုတ်ပိတ်ထားတာကို ခုမှပဲ ရွှေကြာသတိရသည်။ ဒါတွေနဲ့ပတ်သက်ပြီး ပုံ့ကို ဘာမှ အသိမပေးပါနဲ့တဲ့။ အမေ အိမ်ထောင်ပြုသွားတာ ရှက်လို့ တဲ့။

ရွှေကြာက သိပ်တော့ မယုံပါ။ အနန်တီမြ လက်ထပ်မှာကို သူကြည်ဖြူခဲ့တာ ရွှေကြာသိပါသည်။ မြေက သားလိမ္မာပဲ။ ခုမှ ပုံသိမှာရှက်သည်ဆိုတာဟာ ဟုတ်ချင်လည်း ဟုတ်မှာပေါ့လေ။ မပြောစေချင်လျှင် မပြောဘဲနေရုံသာမို့ ရွှေကြာက လျှို့ဝှက်ထားရမည်။

"ဘာသွားလုပ်တာလဲ... "



"တို့အမေအမေသွားလို့ လိုက်သွားတာ၊ သွားလည်တာ... ဘာလဲ... ညကြီးမင်းကြီး စစ်ဆေးရေး ဝင်နေတာ ဘာသဘောလဲ... "

"ပုံ... သူနဲ့တွေ့ချင်တယ်... "

"တစ်နေ့တွေ့မှာပေါ့... "

"ခုချက်ချင်းလည်း စကားပြောချင်တယ်... "

"ဒါတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး... "

"ကျွတ်... သိပ်စိတ်ညစ်ဖို့ ကောင်းတာပဲ... "

"ဘာတွေ အရေးကြီးနေလဲ ပုံရယ်၊ တို့ရော မသိရဘူးလား... "

"ဟိုဟာလေ... မြေ့ရဲ့ဆုတောင်းပြည့် လက်စွပ်နဲ့ဂါထာကိစ္စ... "

"ဟီဟိ... အဲဒါ ဘာဖြစ်လဲ... "

"အဲဒါ ဆုတောင်းပြည့်တယ်၊ တကယ်မှန်တယ်၊ မယားပါသား အိမ်ကို ပါမလာတော့ဘူး... "

ရွှေကြာသည် ရုတ်တရက် အိပ်ချင်စိတ် လွင့်ပျယ် ... ခေါင်းပင်ကြည့်သွားရပါသည်။ ကြည့်စမ်း။ တစ်ချက်မှ ဆက် ... တွေးမိဘူး။ အနန်တီမြ လက်ထပ်တာဒီနေ့။ ပုံ့ဖေဖေ လက် ... တာဒီနေ့။ မြေက အနန်တီမြနှင့် လိုက်မသွားဘဲ အရင်အိမ်ခန်း ... မှာ နေရစ်သည်။ ပုံ့ထံကို မယားပါသား ပါမလာ။ ရွှေကြာ ... လျှာထွက်ကာ ဆတ်ကနဲ မေးထိုးရင်း...

"ပွဲမိတွေးနာမည် ဘာတဲ့လဲ... "

"ဒေါ်အေးမြမြ... ဘာလုပ်မလို့လဲ... "

"ဟို... ဟင့်အင်း... ဘာမှမလုပ်ဘူး၊ မေးကြည့်တာ..."

ရွှေကြာသည် မြေ့ကို သနားလည်းသွားသည်

ထိပ်လည်း ထုပစ်ချင်သည်။ ရွှေကြာ့ကို လျှို့ဝှက်ထားသည်။ ...

ကတော့ မသိဘဲ ဘယ်လိုမှ မနေနိုင်ပါ။ သိကိုသိမှာ။ အော် ...

ရှက်တယ်ဆိုတာ ဒါကိုးဟု ခုမှ သဘောပေါက်ကာ မြေ့ကိုရယ်...

ပက်ကျိသနားမိပါသည်။

"အော်... မြေ့ဂါထာက တယ်စွမ်းသကိုး... "

ရယ်သံကြီးနှင့် ရိလိုက်မိပါသေးသည်။

"နောက်မနေနဲ့... တကယ်ဖြစ်လာတာ ဘယ်လိုလုပ်မ...

ပုံလဲ နင်းကန်ဆုတောင်းတာပဲ၊ မြေ့ကို သိပ်ကျေးဇူးတ...

တာပဲသိလား... အဲဒါ အထူးတဆန်း ပြောပြချင်လို့...

"နောက်မှပြောတာပေါ့ ပုံရယ်... ဒီတိုင်းဆိုရင် တို...

ကျော်စွာလေး ရည်းစားစကားပြောလာအောင်... မြေ့...

ဂါထာရွတ်ခိုင်းရအုံးမယ်... ဘာ... ပတီပတီပတွတ်...

လား... ဟား... ဟား... ဟား... ဟား ... "

"မရှိမသေ မလုပ်နဲ့ရွှေကြာ... "

"ဟုတ်ကဲ့... ဟုတ်ကဲ့... ဟား... ဟား... "

"မယားပါသားကလည်း မဆိုးဘူး... သိတတ်တဲ့ လူ...

ယောက်ပဲ... "





"ဟုတ်တယ်... အတော်သိတတ်တဲ့ သူပဲနော်... စိတ်ကောင်းလည်းရှိတယ်... လေးစားဖို့ကောင်းတယ်... ငါမြင်တွေ့ဖူးချင်လိုက်တာ... တော်တော်ခင်ဖို့ ကောင်းမှာပဲ..."

"ဘယ့်နှယ်လဲ... အလွန်အကျွံ ချီးမွမ်းနေပါလား... "

"တွေ့ရင်... ဒီထက် ချီးမွမ်းပေးလိုက်ဦးမယ်... ကဲ... ကဲ... ဒါပဲလား၊ မြေ မနက်ဖြန်တော့ ကျောင်းလာမယ်ထင်တာပဲ... ပေးဒေးဆိုရင် ကျောင်းလာတတ်တယ်လေ... "

"အင်း... ဟုတ်တယ်နော်... နက်ဖြန်မှ ပြောပြရမယ်... ဒါပဲ... ဝွတ်နိုက်... "

"မျက်လုံးကျယ်သွားပြီ... အလန့်တကြားမရဲ့... "

ပုံက ရယ်မောကာ ဖုန်းချပစ်လိုက်သည်။

❖❖❖❖❖❖❖

"မြေ့ရယ် ဖေဖေလည်း စိတ်မဆင်းရဲစေချင်ဘူး... ပြီးတော့... မတည့်ကြဘူး ဆိုတာမျိုးကလည်း ရှက်ဖို့ကောင်းတယ်... မိထွေးနဲ့ ပုံတဲ့ချင်တယ်၊ ပုံ့ကို ဂါထာရွတ်ပေးဦးနော်... "

မြေသည် ရွှေကြာ့ကို ခပ်ရှက်ရှက် နိုးကြည့်လိုက်မိပါသည်။ ရွှေကြာကတော့ သိသွားပြီ။ ပုံကလေးခမျာ မသိရှာသေးပါတကား။ မြေသည် ပုံစကားကြောင့် စိတ်ချမ်းသာတာ

တစ်ဝက်နှင့် ရှက်ကာ နားရွက်များနီနေသည်။

"နေဦး... ရွတ်ပေးပါဦးလို့... "

"ရွတ်ပေးပါ့မယ် ပုံရယ်... "

ပုံတစ်ယောက် မိထွေးနှင့် မတည့်စရာ မရှိ

မြေက သူ့မေမေကို သေချာမှာထားပြီးပြီ။ ကောင်မလေးကို

အောင်ပေါင်းနော် မေမေလို့။ သူ့ပုံနှင့် ပြဿနာ မဖြစ်လိုပါ။ ပုံ

နီးစပ်ချင်မှုသာ ရှိပါသည်။ ဝေးကွာချင်စိတ်မရှိ။ မေမေက

သူ့သားကို အံ့ဩလို့နေသည်။ ဘာကြောင့်လဲ သားရယ် ဒီကော

မလေးကို ဘာတွေ သနားနေသလဲတဲ့။ သူ့မှာ သူ့ပုံနှင့် ခင်မင်

တာကို မေမေထံ မပြောချင်သေးဘဲ ကြံဖန်လိုးလွှဲ ပြောရသည်

ပုံနှင့်သူ့အကြား နားလည်မှု လွဲစရာ အဖြစ်မခံ

သေး။ သူသည် ပုံ့ကို အလေးအနက် သံယောဇဉ်တွယ်

တည်း။ ပုံက ချစ်စရာ ကောင်းလှပါသည်။ ဒီထက် ရင်းနှီးခိုင်

လာမှ သူဝန်ခံရဲမည်။ အစက ဘာလို့ဖုံးထားသလဲရယ်လို့ ပုံ စိ

ကွက်သွားမှာ ကြောက်လှသဖြင့် သူ့ဘဝကို သူ မဖော်ရဲဘဲ ရှိ

သည်။

မြေက ပုံသဘောကျ ခေါင်းပေါ် လက်ဝါး

အုပ်ကာ ဂါထာရွတ်သည်။ ရွှေကြာက ရီသွဲ့သွဲ့ကြည့်နေရင်း

"ငါ့ကိုလဲ ကိုကျော်စွာလေးနဲ့ ပြေလည်အောင် ဂါထာ ရွ

ပေးစမ်းပါအုံး... "

ခပ်ငေါ့ငေါ့ပြောလေသည်။





"ဟုတ်သားပဲ... အဲဒါ ပြောမလို့... "

"ဘာလဲ... "

"ကိုကျော်စွာနဲ့တွေ့တယ်... "

"ဟင်... ဘယ်မှာလဲ... "

"ဒီနေ့ ငါတို့ကုမ္ပဏီကိုလာတယ်၊ ကွန်ပျူတာတစ်လုံးဝယ်

ဖို့လာကြည့်တာ... "

"နင့်ကိုမှတ်မိလား... "

"မှတ်မိတာပေါ့... ခဏခဏတွေ့နေတာ... ငါနဲ့ခင်တောင်

ခင်နေပြီပဲ... "

ပုံက စိတ်ဝင်တစား နားစွင့်နေသည်။ ကျော်စွာ

လေးဆိုသူနှင့် ရွှေကြာ အဆင်ပြေသွားဖို့ကို အလိုလားဆုံး လူ

ရင်း၌ ပုံလည်း ထိပ်ဆုံးမှပါသည်။ ပုံက ရွှေကြာနှင့်မြေ ရင်းနှီး

ကို ထာဝစဉ် သဝန်တိုနေရသူ မဟုတ်လား။

"သူဘာပြောသေးလဲဟင်... "

"အဲဒါ ပြောပြမယ်ဆိုရင် ဘာကျွေးမလဲ... "

"ဟာ... ဘာစားစားဟာ... ပြောမှာသာပြောဟာ... စိတ်

မပုပ်နဲ့... "

မြေက ရွှေကြာ့ကို နောက်ပြောင် ညှင်းဆဲကာ

ကားမဆက်။ ရွှေကြာက အသဲယားကာ မြေ့ကျောပြင်ကို တစ်

ဘ်ဖတ်ထုသည်။ မြင်ကွင်းသည် ပုံ့ကို မခံချိ ဖြစ်စေသည်။ ပုံက

ရွှေကြာ့ကို လက်ဖမ်းဆွဲထားရင်း...

"သူများ သားဖျှသမီးဖျှကို ဒီလောက်နှိပ်စက်မနေနဲ့လေ

"အမရေလေး... တစ်သက်လုံးဗိုလိုပဲ ထုစားလာတာ..."

စကားကြောင့် ပုံပိုပြီး မကျေနပ်။ တစ်သက်

သူတို့ဟာ တရင်းတနှီး ပုတ်လားခတ်လား။ ပုံသည် မြ

ဘယ်လိုပင် စွဲလန်းသော်လည်း တစ်ချက်မှ အသားသွားမတိ

ပေ။ မြေကလည်း ရွှေကြာ ထုရိုက်တာကို ပန်းနှင့်ပေါက်သ

အလား သွားတဖြဲဖြဲ ရယ်နေသည်။

"ပြောလိုက်လေ... မြန်မြန်ပြောလိုက်ပါလား... ဘာ

အချိန်ဆွဲနေတာလဲ..."

ပုံက မနေနိုင်မထိုင်နိုင် မြေကို ဝင်ပြောမိသည်

"ကိုကျော်စွာက နင့်ကို ဖုန်းဆက်ချင်တယ်..."

ရွှေကြာ ရှုံ့မဲ့သွားရင်း...

"အင်... ဖေဖေရော မေမေရော... အိမ်က အခေါ်ကြီး

သူ့အသံ သိနေတာ..."

ရွှေကြာ့မိဘများနှင့် ကျော်စွာလေးမိဘများမှာ

သူကြီးများ မဟုတ်ကြသည့်တိုင် မပြေလည်ကြပါ။ သူတို့ဘက်

သဘောကို မသိသော်လည်း ရွှေကြာ့မိဘများကမူ ကျော်စွာ

ကို လုံးလုံးသဘောမကျ။ သူတို့သမီးနှင့် လုံးဝသဘောတူပုံမ

အရင်က ဖုန်းပြောဖူးသော်လည်း ဖေဖေ့အမိန့်နှင့် ရွှေကြာ မ

ရတော့တာ ကြာပြီ။ ချစ်ကြိုက်သွားမှာကို လက်သင့် မခံနိုင်

စောစောစီးစီး ကင်းကင်းပြတ်ပြတ် လုပ်ထားလိုသော သဘေ



သည်။

ဒါကြောင့်လည်း ကျော်စွာလေးခမျာ ရွှေကြာ့ကို

က်သွယ်ချင်တိုင်း ဆက်သွယ်မရဘဲ အဆက်အစပ် ပြတ်

ာက် နေကြတာ ကြာပါပြီ။

"နားထောင်ဦး၊ ညကျရင်ငါ့ကို ဖုန်းခေါ်ပေးခိုင်းတယ်"

"ပြီးရင် သူနဲ့ဆက်ပြောမယ်ပေါ့..."

"အင်း..."

"နင်က ညကြီးမင်းကြီး သူနဲ့ဘယ်လိုဆုံပြီး ဖုန်းတူတူ ဆက်ရမှာလဲ..."

"သူလာလိမ့်မယ်၊ သူ့မှာ ဆယ်လူလာရှိတာပဲ၊ သူလာရင် ငါက အောက်ဆင်းပြီး သူ့ဆယ်လူလာနဲ့ နင့်ဆီခေါ်... ပြီးရင် အိမ်ပေါ်ပြန်တက်ပေါ့... သူဆက်ပြောမယ်..."

"အပန်းတကြီးဟယ်..."

"နင်က မပြောချင်လို့လား..."

"ငါက ပြောချင်သမှ ပြောပြောပြောတောင် မြည်သေးတယ်၊ နင့်မှာ ဒုက္ခများနေတာကို ပြောနေတာ..."

"ဘာမှ ဒုက္ခမများပါဘူး၊ သူကငါ့အိမ်အောက်လာမှာပဲ..."

"နင့်ဆီ ဖုန်းလည်းမရှိဘဲ... ညကြီးမင်းကြီး နင့်အသံနဲ့ဖုန်းခေါ်ရင် ဘာကိစ္စလဲဆိုပြီး ဖေဖေတို့ စိတ်ပူမှာပဲ... မေးမှာပဲဟ..."

"ငါတို့အိမ်အောက်ထပ်... ပထမထပ်မှာ ဖုန်းသွယ်လိုက်

ပြီဟာ... ဖုန်းသွယ်လို့... ငါက လှမ်းဆက်လိုက်တာပေါ့... အကြောင်းမရှိပါဘူးပေါ့... ”

ဉာဏ်နီဉာဏ်နက်ထုတ်တာ ကူညီနေသော မျ ကို ပုံးငေးကြည့်နေမိသည်။ မြေဟာ ရွှေကြာ့ကို ခင်မင်ရုံသာဖြစ်ပြီး ကြိုက်တော့ မကြိုက်ပါဘူး ထင်ပါရဲ့။

“နောင်လည်း အန်တီတို့ ကိစ္စရှိလို့ ဖုန်းလှမ်းဆက်ရ ရပြီပေါ့၊ အောက်ထပ်က ခေါ်ပေးမယ်တဲ့၊ ငါလည်း ဆက်လို့ရတယ်... နင်တို့လည်း ဆက်လို့ရတယ်၊ နံပါ ယူထား... ”

“အေး... ဒါဆိုကောင်းတယ်... ”

ပုံသည် မြေပေးသော နံပါတ်ကို ရွှေကြာကူးရေ နေတာကို စိုက်ကြည့်နေသည်။ မြေက ပုံ့ကိုတော့ မပေးဘူးလ စိတ်တွေ ခုနေသည်။

“ပုံရော... ယူထားမလား... ”

မြေက လှည့်မေးလိုက်လျှင်...

“သွားပါ... ရွှေကြာ့ကို ပေးပြီးမှ ပုံကိုပေးတယ်... ”

“ငကောက်မ... ”

ရွှေကြာက ပြုံးတွန်သည်။ တကယ်တော့ ရွှေ စိတ်ရင်းခင်မင်မှု ဘယ်လောက်ရှိမည် မသိဘဲ ဆယ့်ငါးနှစ် အနှစ် နှစ်ဆယ်ရင်းနှီးခဲ့သည့် ရွှေကြာနှင့်မိမိကိုယ်ကို ယှဉ်ယှဉ်နေမိတာ ရက်ဖို့ကောင်းမှန်း ပုံသိပါသည်။ သိသော်လည်း နှုတ်က လွှတ်





ကနဲ ယှဉ်ကောက်မိသည်ချည်း။

“ရွှေကြာနဲ့က စကားဆက်သွားလို့ပဲဟာ... ပုံရယ်... ”

“အဲဒီတစ်ယောက် သိပ်မနာလိုတတ်တာပဲ... အုံ့ဖြဖို့ ကောင်းတယ်... မြေရယ်... သူ့ကို ပိုခင်လိုက်ပါဟယ်... ဟင်း... ”

ရွှေကြာ့စကားမှာ လူရင်းကျ အထက်စီးကျလှ သဖြင့် ပုံ စိတ်တိုကာ တစ်ဖက်လှည့်နေမိသည်။ ရွှေကြာ့ကိုတော့ ဒွေယူမရ။ ရွှေကြာက စိတ်ဖြောင့်သလောက် အူထဲရှိတာအကုန် ဘုတ်ပြောသူပင်။ ရွှေကြာက ခွင့်ပေးမှ ခင်ရမလို ဖြစ်နေသဖြင့် ်အောင့်သက်သက် ဖြစ်ကာနေသည်။ ရွှေကြာက ပြောပြီးလျှင် ဘစ်ဖက်စားပွဲထကာ ရေတ်သီးမှုန့်ဘူး သွားယူနေသည်။

ကျောင်းကင်တင်းထဲမှာ ညနေစောင်း လူသိပ်ရှင်း နေပြီမို့ မြေက သိပ်ဝန်လေးမနေဘဲ ပုံ့ကို တိုးတိုးကပ်ကာ ချော့ မော့သည်။

“မဟုတ်ပါဘူး... ရွှေကြာနဲ့က တစ်ဆက်တည်း စကား ပြောရင်းမို့ ပေးဖြစ်တာ၊ အခုပုံ မှတ်ရုံမှတ်ထားလိုက်... ဒါပေမဲ့ ကိုယ်ပဲ ဆက်ပါ့မယ်၊ ညကျရင်... အောက်ထပ် ဆင်းပြီး ပုံ့ဆီ ဖုန်းဆက်မယ်နော်... ဆက်လို့ရလား... ”

“ဘာလို့ မရရမလဲ... ”

“ပုံ့ဖေဖေက ယောကျ်ားလေး ဖုန်းဆက်ရင်ရလား... ”

“ရပါတယ်... ဖေဖေက ဒီလိုမပြောတတ်ဘူး၊ သိပ့်မချုပ်

ချယ်ပါဘူး... "

"ဒါဖြင့် ဆက်မယ်နော်... ရှစ်နာရီဆိုရင်ရလား... "

"ရပါတယ်... "

"ကိုကျော်စွာလာပြီးမှ... ဖုန်းခေါ်ပေးပြီးမှ ဆက်လိုက်မယ်၊ သူက ရှစ်နာရီလာမယ်တဲ့၊ နို့မို့ရင်... ဖုန်းပြောနေတုန်း သူလာရင်... စကားဖြတ်နေရဦးမယ်... "

"တွေ့လား... ရွှေကြာဆီပဲ အရင်ခေါ်မှာ... "

"ခေါ်ရုံပဲလေ... စကားဆက်ပြောမှာက ကိုကျော်စွာပဲ၊ ကိုယ်က ပုံနဲ့စကား အရင်ပြောမှာပဲ... "

ပုံသည် တိုးတိုးသိပ်သည်းသော မြေ့စကားသံကို နားထောင်မညည်း နှစ်သက်မိမြဲတည်း။

"ဘာတွေ တိုးတိုးတိုးတိုး လုပ်နေတာလဲဟေ့... ပတီ ပတောလား... "

ပြောင်ချော်ချော် ရွှေကြာ့မျက်နှာပေးကြောင့် မြေ့က ခပ်ရှက်ရှက်ရယ်ကာ ရွှေကြာ့ ခေါင်းကို သူ့လက်ထဲမှ စက္ကူလိပ်နှင့် ချလိုက်သည်။ အို အမေ့ဟု တမင်တွန့်ကာ ပြောင်လှောင်သဖြင့် မြေ့က ဟက်ဟက်ပက်ပက် ရယ်မော နေလေသည်။ တကယ်လည်း ရွှေကြာ့ရဲ့ ဟန်ဆောင်ပန်ဆောင် ကင်းသော ရှုပေါ်ပေါ် အမူအရာများက ချစ်စဖွယ်ပင်။

တကယ်တော့ ပုံလည်း ဤသို့ လုပ်တတ်ချင်သည်။ ဒါဆိုရင် မြေနဲ့ဒီထက် ရင်းနှီးမှု လျင်မြန်လွယ်ကူမှာပင်။



သို့သော် ပုံမလုပ်တတ်၊ ပုံက အတွင်းကကြိတ်၍ ခံစားတတ်သူ ဖြစ်သဖြင့် ရွှေကြာ့ဟန်မူရာမျိုး ဘယ်သော့အခါမှ လုပ်ပိုင်၍ မျှစ်နိုင်။ တစ်ခါတစ်ရံ လောကကြီးနှင့်ချီပြီး ပုံက စိတ်နာနေသဉ္စည် မြေနှင့်ပုံသည် ဘာကြောင့် အရင် မရင်းနှီးကြသနည်း။ နောက်များမှ တွေ့ကြရတော့ ရင်သန့်ပြီးဖြစ်သော ရွှေကြာနှင့်မြေ့ရဲ့ ရင်ခေါင်းမှ အထုအထည်ကို ဘယ်လိုမှ အံတုဖျက်ဆီးလို့မရ နိုးယူလို့ ဘာတော့ပေ။

မြေ့ကို ရင်ထဲ အသဲထဲမှာ လှိုက်လှဲ့နက်ရှိုင်း သံယောဇဉ် ကြီးလှပါသော်လည်း ဤသံယောဇဉ်မှာ စိမ်းလှသည်ဟု ပုံထင်သည်။ မြေ့ဟာလည်းပဲ ပုံ့ကို အင်မတန် သံယောဇဉ်ကြီးနိုင်ပါသေးသည်။ သို့သော် ရွှေကြာနှင့်က ဘာမှ အရုံအတွား အဖုံးအကွယ်မရှိ တိုးလျှိုပေါက် လွတ်လပ်စွာ ရင်းနှီးမှုမျိုး၊ နက်ရှိုင်းလွန်းသည်။ ပုံသည် တစ်နေ့တစ်မျိုး ဒါကိုပဲ မရိုးအောင သဝန်တိုလျက်တည်း။

မြေ့သည် တစ်ခါတစ်ခါ ပြင်းထန်စွာ ခေါင်းကိုက်တတ်သော ဝေဒနာရှိလေရာ တစ်ကြိမ် ခေါင်းကိုက်ပြီဆိုလျှင် အကြီးအကျယ် ဆိုးဆိုးဝါးဝါး ခံစားရကာ မျက်ရည် ကျချင် လောက်အောင်ပင်။ ထိုဝေဒနာသည် ဟိုးအရင်ကတော့ သူ့မှာ

ခဲ့ပါ။ ခုနောက်ပိုင်းမှ။

ဒီတစ်ကြိမ်မှာမူ မေမေအိမ်မှာ မရှိတဲ့နောက် မဆုံးတစ်ကြိမ် အပြင်းအထန် ခေါင်းကိုက်တာမို့ အိပ်ရာထဲ ကလိမ့်ကာ ချွေးတွေပြန်ပြီး လူကအန်ချင်သလို ဖြစ်နေလေ လူက အားကိုးအားထား အဖေါ်အလော့လည်း မရှိသဖြင့် ေတွနည်းနေမိသည်။ ခေါင်းစကိုက်တာကတော့ နှုံမဆင်းခင် ည်းက။ အပြန်လမ်းမှာ သူသည် ရင်တလှပ်လှပ်နှင့် မူးချင် ချင် ဖြစ်နေသည်။

ခေါင်းက အပြင်းအထန် ကိုက်လာသောအခါ ကိုက်သလား၊ မူးသလား မသိနိုင်တော့ဘဲ ချွေးစေးစိမ့်ကာ ချာလ တ်ယမ်းနေသည်။ မြင်ကွင်းတွေပင် လည်နေဝါးနေသလိုပင်။ သနေ ရွှေကြာ့အိမ်မှာ ထမင်းစားဖို့ သူစိတ်ကူးထားခဲ့သည်။ ်တီကြူက နေ့စဉ်လိုလို လာစားစေချင်သော်လည်း ရက်ဆက် ဲန်တော့ မြေက အားနာလှသဖြင့် နှစ်ရက်ခြား တစ်ကြိမ် ာက်သာ သွားစားဖြစ်ပါသည်။

ဒီညနေ ရွှေကြာတို့အိမ်မှာ စားမည်ဟု စိတ်ကူး သူးသဖြင့် မနက်ကတည်းက သူဘာမှ မဝယ်ခြမ်း မချက်ပြုတ် ာ်းပါ။ မနက်စာကို ရုံးကထွက်ပြီး နီးရာမုန့်ဟင်းခါးဆိုင် တစ်ဆိုင်မှာ သုံးပွဲဆင့်စားပြီး ဗိုက်ဖြည့်လိုက်သည်။ ညနေ ရုံးဆင်း တော့ သူ ဘယ်မှ မဝင်နိုင်တော့ပြီ။ ခေါင်းသိပ်ကိုက်နေပြီ ါကြောင့် အိမ်ပဲ တန်းပြန်လာခဲ့ပါသည်။ ဗိုက်ကလည်း ဆာ သည်။ မြေသည် တစ်ယောက်တည်း ငိုချင်နေလေသည်။



မေမေရှိလျှင် သူခေါင်းကိုက်တဲ့အခါ ပရုပ်ဆီတွေ လူးပြီး ဇက်ကြောနောက်စေ့နှင့် နားထင်နှစ်ဖက်ကို ပွတ်အောင် ဖျစ် ညှစ်နှိပ်နယ်ပေးတတ်သည်။ တစ်ခါတစ်ရံကျတော့ မြေသည် အပူဒဏ်ကို မခံချင်ဘဲဖြစ်နေလျှင် ရေခဲအိတ်ထဲ ရေခဲတုံးများ ချထည့်ပြီး ခေါင်းပေါ် ရေခဲအိတ် အုပ်ပေးတတ်သည်။ ခေါင်း ကိုက်ရုံဖြစ်သဖြင့် အိမ်သုံးဝယ်ထားသောဆေးထဲမှ ကိုယ့်သဘော နှင့်ကိုယ် အနယ်လ်ဂျက်ဆင်၊ ဒါမှမဟုတ် ပါရာစီတမော်လ စသဖြင့် ဒေါက်တာစမ်းကု လုပ်တတ်ပါသည်။

ဘာနှင့်ပျောက်မှန်း မသိဘဲ အိပ်ပျော်သွားပြီးလျှင် သက်တော့ သက်သာသွားတတ်တာပါပဲ။ ဒီတစ်ကြိမ်မှာ မေမေ မရှိတော့ သူ့ဖာသာ သူထကာ ကော်ဖီတစ်ခွက် မနည်းဖြစ်အောင် ဖျော်ပြီး အနယ်လ်ဂျက်ဆင် တစ်လုံးသောက်ချလိုက်တာ အိပ်ရာ ပေါ် ပြန်ခွေနေသည်။ ခေါင်းကိုက်က လွယ်လွယ်နှင့် မသက်သာ မေမေမရှိတာကို ဝမ်းနည်းမိသောအခါ မြေသည် ပုံ့ကို တဆစ် တည်း သတိရလာသည်။

မေမေနှင့်ဦးတို့ သံယောဇဉ် ကာစကထဲက မေမေ ပြောပြသဖြင့် သက်လုံးပုံဆိုသည့် အမည်ကလေးကို သူ သိခဲ့ရပါသည်။ သည်ကလေးမလေးကို သူ အန္တတာခံရပေ လိမ့် မည်ဟု အစောကြီးကထဲက ဆုံးဖြတ်ခဲ့ပြီးသားပင်။ အခြေအနေ ကလည်း ဤသို့ပင် ဖြစ်နေသည်။ ဦးတို့က ပြည့်ဝချမ်းသာသော လူကုံတန် လူတန်းစား။ မေမေနှင့်သူက ဝင်ငွေထွက်ငွေ တိုင်းထွာ သုံးစွဲရသော သာမန်ဝန်ထမ်း လူတန်းစား။ မေမေနှင့်ဦး လက်

ထပ်ပြီးဆိုခဲ့လျှင် သူတို့အနေအထားဟာ ရုပ်ရှင်တွေထဲမှာ မြင်ဖူးနေကြရသလို မျက်နှာငယ်ရမည့် အနေအထားမျိုးတည်း။

ပုံ ဗိုလ်ကျသမျှ ငုံ့ခံရမည့် အနေအထားမျိုးတည်း။ ထိုသို့ သူနေနိုင်ပါသည်။ မြေဟာ ငယ်ငယ်ကထဲက ပတ်ဝန်းကျင်ကို အလျှော့ပေးကာ ပေါင်းတတ်သည့် လူအေးကလေး။ သည်းညည်းခံရခြင်း၊ တစ်ဖက်သားအတွက် အနစ်နာခံရခြင်းတို့၌ သူနေတတ်ကျင့် ရှိပါသည်။ အခုကိုပဲ သူဟာ ပုံသဘောမကျမှာ စိုးသည့်အတွက် ပုံစိတ်ဆင်းရဲမှာ စိုးသည့်အတွက် အမေဟစ်ခု သားတစ်ခု အခြေအနေကလေးမှ တစ်ယောက်ထီးထီး ပဲ့ကျန်နေပေးခဲ့ရပါပြီ။ သိုက်သိုက်ဝန်းဝန်း သွားရောက် ပေါင်းစပ်ခွင့်ကို ရနိုင်လျှင် သူလိုချင်သော်လည်း မရနိုင်လျှင်ကား သူစိတ်မပျက်ပါ။

မယားပါသား ပါမလာသည့်အတွက် ပုံ စိတ်ချမ်းသာလျှင် ပြီးတာပါပဲ။ ဘာဖြစ်လို့များ သူဟာ ပုံ့ရဲ့စိတ်ချမ်းသာပျော်ရွှင်မှုကို အရေးထားချင်မိပါသလဲ။ ရွှေကြာနှင့်ဆိုလျှင် ငယ်ကထဲက သူခင်မင်ပေါင်းသင်းခဲ့သည်။ ကလေးဘဝကတည်းက ရွှေကြာ့အိမ်တွင် ကူလုပ်ပေးခဲ့ရသည်။ ရွှေကြာ အရွယ်ရောက်လှပလာတော့ သူဟာ ကောက်ရိုးပုံစောင့် ခွေးတစ်ယောက်လို ရွှေကြာ့ အနီးအနား ရစ်ဝိုင်းချင်သော အနှောင့်အယှက်များမှ ကာကွယ်ပေးခဲ့ရသည်။ ရွှေကြာက လုပ်ပေးစမ်းပါဆိုင်းလျှင် မညည်းမညူ ဆောင်ရွက်ပေးခဲ့ရသည်။ ခုထိတိုင် ရွှေကြာ့အတွက် သူဟာ တတ်နိုင်သမျှ လိုအပ်သမျှ ကူညီဖောက်ခြေသိမ်းနေရပြီ



ဗီအတွက် နိုင်လုံသော အကြောင်းအရင်းလည်း ရှိသည်။ ဤမျှ ကာလကြာရှည် နိုင်မြဲလာသော ခင်မင်သံယောဇဉ်ဟာ ဤသို့ သူ့ရဲ့ စောင့်ရှောက်ကူညီမှုအတွက် အကြောင်းရင်းခံပင်။

သူ ပုံနှင့်သိခဲ့ရတာ လပိုင်းသာရှိပါသေးသည်။ ဤအချိန်တိုလေးအတွင်း သူသည် ပုံ့မျက်နှာကလေးကို ဘာကြောင့်များ တစ်ချက် အညှိုးမခံချင်မိသနည်း။ တကယ်ဆိုတော့ သူလည်း သူ့မေမေကို နှမြောသည်ပင်။ သဘောတူတာ မတူတာ အသာထား သူ့အမေနောက်အိမ်ထောင် ပြုမည်ကိုတော့ အနည်းဆုံး သူ့အားငယ်စိတ်၊ နှမြောစိတ်မျိုး ခံစားခဲ့ရသေးသည်ပင်။ သို့သော် သူသည် လင်ပါသမီးကို ကြိုတင် မနှစ်မြို့ခြင်း မထားခဲ့ပါ။

ပုံက မိထွေးကိုရော၊ မယားပါသားကိုပါ ကြိုတင် မနှစ်မြို့စိတ် ထားခဲ့တာ သူသိရတော့ စိတ်မကောင်းပါ။ ဤအတွက် သူသည် ပုံ့ကိုအပြစ်မမြင်။ သနား ဂရုဏာပင် သက်ဝင်မိသေးသည်။ မေမေနှင့် ခွဲချန်ရစ်နေခဲ့ပေးသည်။ ဤသည်ကား ထူးဆန်းလှသော သူ့ရင်တွင်းက စေ့ဆော်အား ကြောင့်ပင်တကား။ ဤစေ့ဆော်အားသည် မေတ္တာ[illegible]မှ မြစ်ဖျားခံကာ ပုံ့ကို ပျော်ရွှင်စိတ်ချမ်းသာရန်သာ နေစေချင်သော စေတနာ စေ့ဆော်အား ဖြစ်သည်။

သူစိမ်း မိန်းကလေးတစ်ယောက်ကို စေတနာ မေတ္တာအပြည့်နှင့် သူကလေး စိတ်ချမ်းသာသည်ကိုသာ မြင်လို

သော ဆန္ဒ၏ ဆန်းကြယ်မှုကြောင့် မြေ ရင်ခုန်ခဲ့ဖူးပါသည်။

ခုလို သူနေထိုင်မကောင်းချိန်တွင် သူသာ မေမေနှင့်အတူ ဦးတို့အိမ်ပေါ် လိုက်ပါခွင့်ရခဲ့ပါက ပုံကလည်း သူ့ကို ကြည့်ဖြူပါက မေမေရော ဦးရော ပုံရော စိုးရိမ်ပူပန် မကင်းမည့် သူတွေ တစ်ပုံကြီး ရှိပေလိမ့်မည်။ အခုတော့ သူတစ်ယောက်ထဲ။

– "ခေါက်... ခေါက်... ခေါက်... "

အိပ်ခန်းထဲမှာ ကုတင်ပေါ် တစ်ယောက်တည်း လူးလို့မ့်နေရချိန်တွင် တံခါးခေါက်သံကြောင့် သူ စိတ်ညစ်လှသည်။ သို့သော် အဆက်မပြတ် ခေါက်နေသောကြောင့် သူ့မှာ တစ်ကိုယ် တည်းသမားပီပီ ပေတေ အိပ်နေလို့မရဘဲ ကိုယ်တိုင်ပဲ တံခါးထ ဖွင့်လိုက်ရပါသည်။

"ဟာ... ဖိုးဇော်... ဖုန်းလာတာလား... "

"ဟုတ်တယ်... အစ်ကို... ဖုန်းလာနေလို့... "

ပထမထပ်က ချာတိတ်လေးက ဖြေသည်။ သူ့ဖုန်းလာလျှင် အပေါ်ထိ အမောတကော တက်လာခေါ် ပေးရတာကို သူ အားနာလှပါသည်။ အောက်ကနေသာ မေ ားတလျှောက် မော့ပြီး 'အောင်မြေရေ... ' လို့ ခေါ်လိုက်ပါဟု ဆိုသော်လည်း လာခေါ် ပေးတတ်ကြသည်သာ။

"အစ်ကို... နေမကောင်းဘူးလား... "

"ခေါင်းသိပ်ကိုက်နေတာ ဖိုးဇော်ရာ... ဒါကြောင့် တံခါး ဖွင့်ဖို့ ကြာနေတာ... "





သူဖိနပ်ကိုပင် မနည်းစီးနေရတာကို ကြည့်ရင်း...

"ဒါဆို... နေမကောင်းဘူး ပြောပေးရမလား... "

"အင်း... ဘယ်သူလည်းပြောသေးလား... "

"သက်လုံးပုံတဲ့... "

"အော်... ရတယ်... ရတယ်... လာပြောမယ်... "

ဖိုးဇော်က ပြေးဆင်းနှင့်သည်။ သူဖြည်းဖြည်းလိုက် ..ဘာခဲ့ရ၏။ ပထမထပ် အခန်းထဲဝင်ပြီး ဖုန်း နားထောင် ..နေသည်။

"ဟယ်လို... ပုံလား... "

"ဟင်... အသံကြီးက ဘာဖြစ်နေသလဲ မြေ... "

"ဘာဖြစ်လို့လဲ... "

"အသံသြသြကြီး ဖြစ်နေတယ်၊ အိပ်နေပြီလား၊ စောင့်လိုက်ရတာ ကြာလိုက်တာ... "

"ကိုယ် ခေါင်းနဲနဲ ကိုက်နေလို့ ပုံရယ်... ပုံ... ဘာကိစ္စလဲ ပြောလေ... "

"ဘာကိစ္စမှ မရှိဘူး၊ ရွှေကြာ့ဆီ ဖုန်းဆက်တာ... ရွှေကြာ့ ဖုန်းလိုင်းမအားလို့ မြေနဲ့များ ဖုန်းပြောနေသလားလို့ ဆက် ကြည့်တာပေါ့... ဟင်း... [illegible]... "

"အော်... ပုံရယ်... "

သူ့မှာဖြင့် မနည်း ဆင်းလာရပါသည်။ ပုံကတော့ ..ကို ချက်ကင်လုပ်တာ။ သို့သော် သူသည် ပူထူကာ ထိုး ..နေသော နားထင်ကိုသာ နာနာနှိပ်ရင်း ပုံ့ကို စိတ်မကွက်

နိုင်ပါ။

"ခေါင်းက ဘာလို့ကိုက်တာလဲ... "

"ဒီလိုပဲ ကိုက်တတ်တယ်... "

"နေပူထဲလျှောက်သွားလား... "

"မသွားပါဘူး၊ ဒီနေ့ရုံးမှာပဲ... "

"မတည့်တာတွေ လျှောက်စားလား... "

"မစားရပါဘူး ပုံရယ်... "

ပုံသည် ချစ်ဖို့ကောင်းလောက်အောင်၊ ရင်[illegible] လောက်အောင် ရိုကျိုးလိုက်[illegible]ှာ သဘောကောင်းလှသည် လေသံ ပျော့ပျော့ကိုကြားရလျှင် အမြဲတမ်းပင် ရင်၌ [illegible] လှုပ်ရှားသည်။

"ဒါဖြင့် ဘာလို့ခေါင်းကိုက်တာလဲ... "

"ကိုယ်လဲ မသိရပါဘူးပုံရယ်... ကျွတ်... ကျွတ်...

"အရမ်းကိုက်နေတာလားဟင်... မြေ... "

"ဟုတ်တယ်... "

"ဆေးသောက်အုံးလေ... မြေ့မေမေက မတိုက်ဘူး[illegible]

မြေသည် ရင်ထဲစိတ်မကောင်းကာ တစ်[illegible] လည်း ရယ်ပင်ရယ်ချင်လာပြန်သည်။

"မေမေမှ မရှိတာ... "

"ဟင်... ဘယ်သွားနေလို့လဲ... "

"မေမေက... မေမေက... နောက်အိမ်ထောင်နဲ့ ပုံ[illegible]

"ဟင်... "





ပွဲမှာ ခုမှသိရသော စကားအသစ်မို့ နှုတ်ပင် [illegible]သွားသည်။ ဪ... မြေဟာလည်း သူမနှင့်ဘဝတူပါပဲလား။ [illegible]သော် သူမကမှ တစ်အိမ်ထဲ နေနေရသေးသည်။ မြေကတော့ [illegible]ယောက်တည်းကိုး။

"ကြာပြီလား... "

မြေက တွေတွေးမြို့ရင်း မပိရိမှာစိုး၍ အသံထွက် [illegible]။

"အင်း... " ဟုသာ တိုတိုပြောလိုက်သည်။

"မြေ တစ်ခါမှလည်း မပြောဖူးဘူးနော်... "

"စကားမစပ်လို့ပါ... ပြောလည်း ဘာထူးလို့လဲ... "

"ဒုက္ခပဲ... မြေတစ်ယောက်တည်း ခေါင်းကိုက်နေတာကိုး။ ဒါဖြင့် မြေသွားအိပ်ချင် အိပ်တော့လေ... ပုံ ဘာမှပြောစရာမရှိပါဘူး... "

"အင်း... ကိုယ်သွားအိပ်တော့မယ်နော်... "

ရုတ်တရက် ပုံသည် တစ်စုံတစ်ခုကို စဉ်းစားမိကာ [illegible]မှောင်ကုတ်ရင်း...

"ဒါဖြင့် အရင်က ရွှေကြာ... မြေဆီ လာလာလည်တယ်ဆိုရင်... မြေတစ်ယောက်[illegible]လား... "

မြေသည် ရုတ်တ[illegible] ချောင်ပိတ်မိကာကြံရာမရ။ [illegible]န်တိုမလေးကလည်း နိုက်နိုက်ချွတ်ချွတ် ရှာကြံတွေးပူတတ် [illegible]ရဲ့။ မြေမှာ အကြီးအကျယ် ဦးနှောက်စားပြီးမှ...

"စနေ တနင်္ဂနွေတွေဆိုရင် မေမေကလဲ အိမ်မှာရှိတ
တော့ ရွှေကြာလာရင် မေမေလည်း ရှိပါတယ်... "

"အော်... ဟုတ်လား၊ မြွေမေမေက စနေတနင်္ဂနွေမှ
ဆီလာတာပေါ့နော်... မြွေတစ်ယောက်တည်း
မကောင်း ဖြစ်နေတာ သိရတာ စိတ်တောင်ညစ်တ
မြွေရယ်... ရုံးမတက်လို့ရရင်... အနားယူအုံးနော်... "

"ရုံးမှာက အလုပ်များတယ် ပုံရဲ့၊ နက်ဖြန်မနက်ဆိုလ
ခေါင်းကိုက်တာလေးလောက်က ပျောက်သွားမှာပါ

"နက်ဖြန်ကျရင် နေကောင်းတယ် မကောင်းဘူး...
ဆက်ပြီး ပြောပါလားဟင်... မဆက်ဘူးဆိုရင် မထ
ပဲလို့ ပုံထင်နေမှာ... ပုံက ဆက်ဖို့ကလည်း မြွေမ
ရင်... အားနာဖို့ကောင်းတယ်... "

"ကိုယ် ဆက်လိုက်ပါ့မယ်... "

ပုံသည် အတန်ကြာ တိတ်ဆိတ်နေပြီးလျှင်

"ဒါပဲ မြွေ... "

ပုံ့ဖက်မှ ဖုန်းချသံကို နားထောင်ပြီးမှ မြွေက
ကို ငြင်သာစွာ ချလိုက်ပါသည်။



## ၅

ရွှေကြာ့ကို မြွေက သွားတွေ့ကာ အိမ်က မလိမ့်
...ဘ် ခေါ်ထုတ်လာခဲ့ပြီး ကျော့စွာလေးနှင့် ချိန်တွေ့ပေးရတာ
...သ်လျှင် ပုံသည် စိတ်တွေတိုနေသည်။

"ရွှေကြာရယ်... ရှင်ဗို့ ဒီလိုခိုင်းရက်တယ်... ရှင့်အမေ
အမေကလဲမြွေနဲ့ခင်မင်နေတဲ့ဟာ၊ သိသွားရင် မြွေမျက်နှာ
ဘယ်သွားထားမလဲ... ဟင်... "

"တို့ရဲ့ အရှုံးအမှိုက်ပုံးလို့ ရှင်ခေါ်တဲ့ လွယ်အိတ်ထဲ ထည့်
ထားမယ်... "

"သူ့ကို ပြောလိုက်ရင် ပြောင်လှောင် လှောင်ချဖို့ပဲ... "

"ဒီလိုမလုပ်လို့ ဘယ်လိုလုပ်ရမလဲ ပုံရဲ့၊ ခက်တာပဲ... "

"မြွေကို ဒီလို မခိုင်းသင့်ဘူး၊ မြွေအနေအထားက လူကြီး
မိဘပါ ယုံကြည်အားကိုး ခံရတဲ့ အဆင့်အတန်းကနေ
တလိမ့်ခေါက်ကွေး ပြုတ်ကျပြီး... လူကြီးကိုပါ စော်ကား
မော်ကား လိမ်ညာတဲ့ စာရင်းထဲ ပျောက်သွားမှာပေါ့...
မြွေကလည်း သူ့ခိုင်းတိုင်း လုပ်တာပဲလား၊ ဒါကို မိသွားရင်

မြေပါရောပြီး သိက္ခာမြောင်းထဲ ကျတာပဲ... "

မြေသည် သက်ပြင်းရှိုက်ကာ မိန်းကလေး နှ

ယောက်ကို တလှည့်စီ ကြည့်နေသည်။ ရွှေကြာသည် အမြင်ကတ်

သလို ပုံ့ကို ရှုံ့မဲ့ကာကြည့်ရင်း..

"ရှင်က ဘာဖြစ်နေတာလဲ... ဒုက္ခပါပဲ... "

"မနိုင်းသင့်တာကို ပြောနေတာ ရွှေကြာရဲ့... "

"အို... တစ်သက်လုံးလုံး မြေ့ကို လိုချင်တာ လုပ်နိုင်းလာ

တာ... ပြောလိုက်စမ်းမြေ... "

ရွှေကြာရဲ့ ပိုင်နိုင်လှသော လေယူ လေသိ

ကြောင့် ပုံ့မျက်နှာမှာ နီမြန်းကာ အကြီးအကျယ် မကျေမန

ဖြစ်ပုံပျက်သွားပါသည်။

"ဒါဘာမှအထူးတလည်သိက္ခာမကျပါဘူး... တို့က လူင

တွေပဲပုံရဲ့၊ လူငယ်တွေဆိုတာ လူကြီးတွေကို အနည်း

အသေးအဖွဲ့ကလေး လောက်တော့ ဖုံးကွယ် လိမ်

ထားမှ ရှိကြတဲ့သူချည်းပဲ... လောင်းလိုက်စမ်းပါ... မိ

အပေါ် သေးသေးကလေးမှ မညာခဲ့ဖူးတဲ့ သားသ

လောကမှာ တယောက်မှ မရှိပါဘူး၊ သူငယ်ချင်းချင်

ကူပြီး ဖုံးကွယ်ပေးကြတာလည်း ထုံးစံပဲ၊ ဒီကိစ္စပေါ်သ

တော့ကော မြေဟာ သူငယ်ချင်းအတွက် ကူပြီးလိမ်

နေတဲ့သူပဲပေါ့... ဘာမှသိက္ခာပိုင်းဆိုင်ရာ အကြီးအကျ

ကျဆုံးသွားစရာ မရှိဘူး... "





ပုံသည် ဘာစကားမှ မဆက်ဘဲ ငြိမ်နေလိုက်

ည်။ ရွှေကြာပြောတော့လည်း ဟုတ်သလိုပင်။ သူငယ်ချင်းတွေ

ာ သူငယ်ချင်းဖက်ကပဲပါတာ လူကြီးမိဘဖက်ကို ကူဖုံးဖိ

က်ကြခြင်းဟာ လူငယ်တို့မမှတာပဲ။ လူကြီးသိတော့လည်း စိတ်

ခဲ့သာပေါ့။ သို့သော် ပုံသည် မြေ့ကို လိုသလို အသုံးချနေသော

ကြာ့ကို မကြိုက်နိုင်ဖြစ်သည်။

ရွှေကြာလိုအပ်သမျှ ခေါင်းခံ ကူညီနေတတ်သော

ကို အသည်းယားတာဖြစ်သည်။ ဒီရွှေကြာ တစ်ယောက်ကို

မှာ စေသည့်ကျွန် ထွန်သည့်နွား ဖြစ်နေသည်။ ဒါကို လုံးလုံး

ာလို။ ပုံ သဝန်တိုလှသည်။ မြေ့ကို နောက်မှ သိရသော်လည်း

ာ ပုံတစ်ယောက်သာ မောင်ပိုင်စီးလိုစိတ် ပြင်းပြနေသူတည်း။

မနေ့က တနင်္ဂနွေနေ့မို့ ကြိုတင်လည်း ချိန်းထား

ာ မရှိသည်မို့ ပုံက တစ်နေရာရာ သွားကြမလားဟု ချိန်းဆိုရန်

ဆီ ဦးစွာ ဖုံးဆက်သည်။ အောက်ထပ်က လူများက မြေမရှိ

းဟု ဆိုသောအခါ တနင်္ဂနွေတွေမှာ အဝတ်လျှော်သည်ဆို

ာ မြေ ဘယ်ကို သွားပါလိမ့် ဟု သိချင်လှလေသည်။ သို့နှင့်

ကြာ့ထံ ဖုန်းဆက်မိပြန်သည်။ ရွှေကြာ့အိမ်က ရွှေကြာ့တို

အောင်မြေ လာခေါ်ကာ အပြင်ထွက်သွားကြသည် ဟုဆိုသော

ခါ ပုံသည် ငယ်ထိပ် မြေပေါက် သလောက် နီးနီး အကြီး

အကျယ် ဒေါသဖြစ်တော့သည်။

ပုံ့ကို ပစ်ပယ်ချန်ထားရစ်ကာ သူတို့နှစ်ယောက်

ဘယ်တွေ လျှောက်သွားကြသလဲ။ တွေးရုံနှင့်ပင် ပုံ့အသည်း
နာလှသည်။ သူတို့နှစ်ယောက် အဝန်းအဝိုင်းကလေးထဲကို လွ
သောလပိုင်းကမှ ဝင်ရောက်လာခဲ့သည့် ပုံက ဤသို့ မနာလိုစိ
ဖြင်းပြနေခြင်းမှာ မှန်ကန်ပါရဲ့လားဟု စဉ်းစားကြည့်လျှင်
ဝံ့ တရားလွန်ကောင်း လွန်နေမည်။ သို့သော် စိတ်ရဲ့ ခံစားချ
အလိုလို ဖြစ်ပေါ်လာသည်ကိုတော့ ပုံက ဘယ်လို သတ်
နှိမ်နင်းရမဲလဲ။

ဒီနေ့မှပဲ မြေတို့နှစ်ယောက် လျှောက်လည်
မဟုတ်ဘဲ ရွှေကြာ့ကို နှိုးထွက်ဖို့ အကူအညီ ပေးရတာမှန်း
သိရပါသည်။ သိရတော့ တစ်ဝက်စိတ်အေးလျက် စိတ်တစ်
ကတော့ မကျေနပ်နိုင်တုန်းပင်။ မြေ ကူညီရပုံ ကူညီနည်
ခေါင်းစဉ်တပ် ကန့်ကွက်နေတာ ဖြစ်သော်လည်း တကယ်
ပိုဆိုးသည်က အမြဲလို ကူညီဖို့ အသင့်ဖြစ်နေသော မြေ
မကျေနပ်ခြင်းနှင့် ထစ်ကနဲရှိ မြေကိုပဲ အကူအညီတောင်
အသင့်ရှိသော ရွှေကြာ့ကို မကျေနပ်ခြင်းပင်။

"အလကားပါ.. မနေ့က တို့နှစ်ယောက်တည်း လျှော
လည်တယ်ထင်လို့ စိတ်ကောက်နေတာ... ချိန်းပေး
မှန်း သိရတော့ လျှော့ချရမှာခက်ပြီး ရမ်းသန်းဆက်
နေတာ ဟုတ်တယ်မဟုတ်လား.. "

ရွှေကြာ့အထင်က တစ်ဝေါ်တစ်ဖျက်တော့
သည်။



"တကယ့်ကို ဘယ်လိုကောက်မနဲ့ အပေါင်းအသင်း
ဖြစ်လာမှန်း မသိပါဘူး၊ ချော့လိုက်စမ်းပါ မြေရယ်... စိတ်
ညစ်တယ်... "

"ချော့စရာ မလိုပါဘူး... "

လှည်းတန်း ညနေခင်းရဲ့ ဝရန်တာ စားသောက်
ဆိုင်ကလေးမှာ သုံးယောက်သား မပြေလည်နေကြတာ ဖြစ်
သည်။ မြေသည် ခေါင်းကလေးကုတ်ရင်း ပုံ့ကို ဘယ်ကစချော့
ရမလဲမသိဘဲ ဟိုလှုပ်ဒီလှုပ်နှင့် ကိုယ်ခန္ဓာကို လှုပ်ရှားနေသည်။

"သူ့မြေနဲ့မှား နှစ်ယောက်တည်း မလည်သေးဘူး၊ ပျင်း
စရာ... ပျင်းလွန်လွန်းလို့ ရိုးနေပြီ သိရဲ့လား.. "

ပုံက ဝမ်းနည်းလာသည်။ အင်းပေါ့လေ.. သူတို့
က ဆယ့်ငါးနှစ် အနှစ်နှစ်ဆယ် ပေါင်းသင်းလာတာ သွားဖူး
လွန်းလို့ ရိုးနေပြီပေါ့။ ပုံကသာ မသွားစဖူး မလာစဖူး အစိမ်း
သက်သက် ငမ်းငမ်းတက်နေတာ။

"ဟယ်တော့.. မျက်ရည်ဝဲလာပြီ.. ငါစိတ်ရှုပ်တယ် မြေ
ရယ်၊ ချော့လည်း မချော့တတ်ဘူး၊ နင်ချော့စမ်းပါ.. ကဲပါ
ဟယ်...သူနဲ့နှစ်ယောက်တည်း လျှောက်လည်လိုက်စမ်းပါ
မြေရယ်... "

ပုံသည် ထောင်းကနဲ ဒေါသဖြစ်ကာ...

"အဲလို ပြောစရာမလိုဘူးနော်... လူကို... "

"ဒါဖြင့် ဘယ်လိုလဲ... သုံးယောက်ပဲ လည်ချင်တာလား"

ရွှေကြာက သူဖြောင့် သနလောက် သူများအကောက်ကိုလည်းမသိ။ တကယ့်ကို နားမလည်နိုင်ဘဲ ခေါင်းရှုပ်နေပုံရသည်။

"ဘယ်လိုမှမလည်ဘူး... "

"အေး... ဘယ်လိုမှမလည်ရင် ရှင်စိတ်ကောက်ပြေမှာလား... "

မလည်ဘူး ဆိုမှ ဒီတိုင်းချည်း ဘယ်သူက စိတ်ကောက်ပြေမှာလဲ။ သို့သော် ပုံသည် အ,လွန်း နု,လွန်း ထူလွန်းသော ရွှေကြာ့ကို ရယ်ပဲရယ်ချင်လာတော့သည်နှင့် မျက်ရည်အဝိုင်းသားကြားမှ ဟီးကနဲ ရယ်လိုက်မိပါသည်။

"ဟယ်... ရူးနေပြီထင်ပါရဲ့၊ ဒုက္ခပဲ... နင်တော့ တစ်သက်လုံး သူနဲ့မပတ်သက်ချင်လို့လည်းမရ... မတော်ချင်လို့လည်းမရနဲ့... ဒုက္ခပဲ မြေရေ... "

"ဘာတော်ရမှာမို့လဲ... "

ပုံက မျက်လုံးပြူးကာ အူကြောင်ကြောင်မေးလိုက်မိသည်။ ရွှေကြာက သူ့အမိပ္ပါယ်နှင့်သူ။ သို့သော် ဒီထက်ပိုပြီး နှုတ်ဖွာလို့မရ။ မြေက တကူးတက ပိတ်ထားတာကို။

"ဘာတော်ရမလဲတော့ ဘယ်ပြောနိုင်မလဲ... "

ရွှေကြာ့စကားကို ပုံက အဓိပ္ပာယ် တစ်မျိုးမြင်ကာ မျက်နှာကလေးပင် နီမြန်းစပြုသည်။

"ဟင်း... "



မကျေမနပ် 'ဟင်း' လုပ်ပြီး တစ်ချီတည်း စိတ်ကောက်ပြေလိုက်ပါတော့သည်။

"မယူသေးဘူးလား... အဲဒီ ကျော်စွာလေးနဲ့... မြန်မြန်ယူမြန်မြန်အေးရော... "

"ယူမှာပါ... ဖြည်းဖြည်းပေါ့... မလောပါနဲ့... "

မြေက ရွှေကြာ့စကားအဆုံး ခပ်တိုးတိုးနှင့် ခုမှစကားစသည်။

"ကိုကျော်စွာကလည်း သူ့ကိုချစ်တယ်... သူလည်းချစ်တယ်၊ လူကြီးတွေ အဆင်မပြေတော့ ဒီလိုမှ ဝိုင်းမကူကြရင်... ရွှေကြာတို့နှစ်ယောက် တွေ့ရဖို့အရေး ဘယ်လွယ်ပါ့မလဲ ပုံရယ်... "

"နောက်ဆို ပုံလာခေါ်ထုတ်ပါ့မယ်... "

"အမလေး... ရှင့်သိက္ခာတွေ မြောင်းထဲကျကုန်ပါ့မယ် ပုံရယ်... "

ရွှေကြာက ငေါ့သည်။

"ကျပစေ... ပုံနဲ့က ရွှေကြာ့ အဖေအမေနဲ့လည်း သိပ်ခင်တာမှ မဟုတ်တာ၊ မြေနဲ့ကတော့ သိပ်ခင်တာမဟုတ်လား၊ မြေ သိက္ခာကျရရင် ပိုဆိုးတာပေါ့... "

"အော်... မြေ့သိက္ခာတော့ ကျမခံဘူး၊ မိမိကိုယ်ကိုသာ ဆက်ကရဖိုက်စ် လုပ်ပါတော့မယ်ပေါ့နော်... ကြည့်စမ်း မြေ... [illegible]လုံးပြူသင့်ပါတယ်ဟယ်... "

ပုံက ရွှေကြာကို မျက်စောင်းထိုးလိုက်ပါသည်။ မြေက ကူညီပေးနေတာကိုသာ မနှစ်သက်ချင်တာ ဖြစ်လျက်ခင်မင်သောရွှေကြာ့ကို ပုံက ဘာပဲကူညီရ ကူညီရ ကိုယ်တိုင်ကိုယ်ကျဆိုလျှင် ကူညီချင်ပါသည်။ ကိုယ်တိုင်ပဲ အပင်ပန်းခံကာ ကူညီလိုပါသည်။

❖❖❖❖❖❖❖

ရုံးခန်းထဲ မြေဝင်သွားလျှင် ဒေါ်အေးမြမြသား ဆိုတာသိနေပြီဖြစ်သော ဝန်ထမ်းတစ်ဦးက ခေါင်းညိတ်ပြုံး နှုတ်ဆက်ပြီး သူ့အမေထိုင်ရာ စားပွဲရှိသည့် ထောင့်ခန်းကလေးကို တံခါးသွားခေါက်ပေးကာ...

"မမြ... ဧည့်သည်လာပါတယ်... "

အကြောင်းကြားပေးလိုက်လေသည်။ ရုံးကို သူငါးကြိမ်ထက်မနည်း ရောက်ဖူးပြီဖြစ်သော်လည်း မြေက ထုံးစံအတိုင်း စွတ်ရွတ်မဝင်ဘဲ နားနေရာ ရှေ့ဘက် ခန်းမကျယ်မှ ဆက်တီ တစ်ခုမှာသာ ခပ်ယို့ယို့ ထိုင်နေရာ တံခါးခေါက်ပေးသောဝန်ထမ်းက...

"ဝင်သွားလိုက်ပါခင်ဗျာ... "

"ဝင်သွားလိုက်မယ်နော်... "

ဝင်ပါဆိုနေပါလျက် ဝင်တော့မည်ဆိုတာကို ထပ်





ပြီး အစီရင်ခံနေသေးသော မြေ့ရဲ့ အပြုအမူမှာ မြင်ရုံနှင့် အေးဆေးရိုကျိုးပြီး နှိမ့်ချတတ်သော စရိုက်သဘောကို ဆောင်နေပါသည်။ ဒါကြောင့်လည်း ဤရုံးခန်းမှ ဝန်ထမ်းများမှာ အောင်မြေကိုမြင်လျှင် အလိုလို ဂရုဏာသက် မေတ္တာသက်ရောက်မှု ရှိကြရပါသည်။ ကုမ္ပဏီပိုင်ရှင်အကြီးအကဲနှင့် သူ့အမေ လက်ထပ်ပြီးသည့်တိုင် မြေ့ပုံစံကား ဘယ်သူ့အပေါ်မှ မပြောင်းမလဲ ရိုကျိုးမြဲဘည်း။

"သား... "

ဒေါ်အေးမြမြက တံခါးဖွင့်ဝင်လာသော မြေ့ကိုကြည့်ကာ ဝမ်းသာ အံ့ဩသွားပါသည်။

"မေမေက လာပါဦးဆိုလို့.. "

မြေက ပြုံးပြုံးရယ်ရယ် ဆိုလေသည်။

"အော်... သားကြီးရယ်... လာပါဦးဆိုတာအိမ်ကိုခေါ်တာပါ သားရယ်... ရုံးကို ခဏတစ်ဖြုတ် လာတွေ့ဖို့ မဟုတ်ပါဘူး... အိမ်လေးဘာလေး လာလည် ညစာလေး ဘာလေး အတူစားဖို့ပါသားရဲ့... "

"အော်... မေမေများ ကိစ္စရှိသလားလို့... "

"တွေ့ချင်တာပါ သားကြီးရယ်... "

"အိမ်တော့ မလိုက်တော့ပါဘူး မေမေရယ်၊ နောက်... ကြုံမှပဲ... "

"တမင်တကာ မ[illegible]... ဘယ်လိုလုပ်ပြီး ကြုံစရာ ရှိမှာ

လဲသားကြီးရဲ့… ဘာလဲ… သားကြီးက သက်လုံးပုံကို ရှိန်နေတာလား…"

အောင်မြေသည် မေမေ့ကို ပြုံးကာ မလုံမလဲ ကြည့်နေပါသည်။

"ပုံပုံက အေးချမ်းပါတယ်၊ ထင်သလို… တစ်ဦးတည်း သူဌေးသမီးမို့ မောက်မာ ဝင့်ကြွားတာမျိုးလည်း မရှိပါဘူး။ အဆင်ပြေပြေပဲ သားကြီးရဲ့…"

ကြားရသောစကားကြောင့် မြေမှာ ကြည်နူးမိသည်။

"သူကတောင် တစ်ခါတစ်ခါ မေးပါသေးတယ်… အန်တီ သားက အိမ်မလာတော့ အန်တီလွမ်းနေမှာပဲနော်တဲ့၊ သူ ဘယ်လို စားသောက်နေသလဲ… တဲ့…"

"ဟုတ်လားမေမေ…"

"မေမေက… သူ့သူငယ်ချင်းတစ်ယောက်ဆီ သွားသွားစားတယ်လို့ ပြောပြရတယ်… ရွှေကြာတို့ အိမ်ရောက်ရဲ့လား…"

"ခဏခဏ ရောက်ပါတယ်…"

"အေး… အေး… မေမေ့ဆီ မရောက်ပေမဲ့ ကြူကြူတို့ဆီရောက်နေတော့ သူတို့နဲ့ မျက်ခြေမပြတ်ဘူးဆိုရင် မေမေ စိတ်ချပါတယ်… သားနေကောင်းရဲ့လား…"

"ကောင်းပါတယ်မေမေရဲ့…"



"ဘာမှ မဖြစ်ဘူးလား…"

"တစ်ပတ်တစ်ခါလောက် ခေါင်းကိုက်တာလောက်ပါပဲ…"

"တစ်ချိန်လုံး မြို့လုံးပတ်လည် သွားနေရတာပဲလား…"

မြေတို့ ကုမ္ပဏီမှာ အသစ် ဖွင့်စ ကွန်ပျူတာ အရောင်းကုမ္ပဏီ တစ်ခုဖြစ်ပါသည်။ ကွန်ပျူတာနှင့် ကွန်ပျူတာဆိုင်ရာ အစိတ်အပိုင်းများ ရောင်းသည်။ ကွန်ပျူတာပြင်သည်၊ သင်တန်းပေးသည်။ မြေက ဆေးလ်ပရိုမုတ်တာခေါ် အရောင်းမြှင့်ဝန်ထမ်း ဖြစ်သဖြင့် ကွန်ပျူတာ ဝယ်ယူသူရှိဖို့ လိုက်ပြီး ဆွေးနွေး စပ်ဟပ်ရပါသည်။

ကုန်တိုက် အသစ်ဖွင့်မည်ကြားလျှင် စူပါမားကတ် အသစ်ဖွင့်မည်ကြားလျှင် ဟိုတယ်များ၊ ရုံးခန်းများ၊ ကုမ္ပဏီများတွင် ကွန်ပျူတာဝယ်ယူဖို့ မိမိတို့ ကွန်ပျူတာအကြောင်း ဝင်ရောက်ဆွေးနွေး ရောင်းချရပါသည်။ ကွန်ပျူတာဆိုသည်က အခြား ကုန်ပစ္စည်းများလို လျင်လျင်မြန်မြန် အရောင်းသွက်သော ကုန်ပစ္စည်းမျိုး မဟုတ်လေရာ တစ်နေကုန် အာပေါက် ခြေတိုအောင် လှည့်စပ်ပါသော်လည်း တစ်ပတ်နေလို့ တစ်လုံးရောင်းရဖို့ မလွယ်သေးပါ။

အပြင်ထွက်ကာ ဤသို့ စပ်ဟပ်ဆွေးနွေးရသည့်အခါ တစ်ခါတစ်ရံတော့ ရုံးက ကားပေးလိုက်တတ်သော်လည်း တစ်ခါတင်ရံတော့ ရုံးပိုင်ကားဦးရေ နည်းလေရာ ကားမအားလျှင် ကိုယ့်ခြေထောက် ကိုယ်အားကိုးရသည်။ ခရီးစရိတ်ကိုလည်း

ဘတ်စ်ကားခနှင့် တွက်ပေးလေရာ ကားငှားမစီးနိုင်ပါ။ ဘတ်စ်ကားတိုးတန်တာ တိုး၍ ခြေလျင် ကြိတ်တန်တာ ကြိတ်ရသည်။ ဤသို့ နေပူပြင်းပြင်း တနေကုန်လှည့်ပတ် သွားရလျှင် သူ ခေါင်းကိုက်လာပါသည်။

"နေ့တိုင်းတော့လည်း မဟုတ်ပါဘူးမေမေ... အလှည့်ကျဆိုတော့ အရောင်းပြခန်းမှာပဲ နေရတဲ့ရက်တွေတော့ သက်သာတာပေါ့... "

"ဒီနေ့... သားထွက်လာနိုင်ပုံ ထောက်တော့... အော်... ဒီနေ့ပေးဒေးပဲ... "

ဒေါ်အေးမြမြက ခုမှသတိတရ ရေရွတ်ကာ သူ့ဈေးပွဲ အံဆွဲ ဆွဲဖွင့်လျှက် ပိတ်ထားသော ခပ်ထူထူ လေယာဉ်စာအိတ်တစ်လုံး ထုတ်ယူလိုက်ပါသည်။

"သားရဲ့ဦးကတောင် တစ်နေ့က ကတည်းက ပေးထားတယ်"

"လတိုင်းပဲ မေမေရယ်... လတိုင်း ပေးစရာမလိုပါဘူး၊ ယူရတာ အားနာစရာကြီး၊ မလိုချင်ပါဘူး၊ သားလဲ လခရတာပဲ၊ ဒီမုန့်ဖိုး ထပ်ယူနေရတာ... "

"မေမေသိပါတယ်၊ ဒါပေမဲ့... ဟိုအိမ်ကိုလည်း သားက ကိုယ့်အသိနဲ့ကိုယ် မလိုက်ဘူး ငြင်းပြီးနေခဲ့တယ်၊ ဦးက ကားဝယ်ပေးမယ် ပြောတော့လည်း အကြောက်အကန် ငြင်းခဲ့တယ်၊ မုန့်ဖိုးပါ ငြင်းရင် သူစိတ်ကောင်းမှာ မဟုတ်



လို့ မေမေလည်း ယူထားပေးရတာပေါ့၊ ဘယ်လိုမှ သဘောထား မနေပါနဲ့... "

ဒေါ်အေးမြမြ စားပွဲပေါ်မှ တယ်လီဖုန်းတစ်ခုက ...နဲ မြည်လာသည်။ အင်တာကွန်းမို့ ဒေါ်အေးမြမြက ခလုတ် ...ခနှိပ်သည်။

"မြရေ... ကော်ဖီ သောက်ကြရအောင်... ဒီဘက်ခန်းပဲ လာခဲ့တော့... "

"ဟုတ်ကဲ့... ကို... ဒီမှာ သားကြီးတောင် ရောက်နေတယ်"

"ဟုတ်လား၊ သိတောင်မသိဘူး၊ လာ... ဒီဖက်ခန်း လာကြပါလား၊ ပိုင်းဖွဲ့စားသောက်ရအောင်ကွာ... "

"ဟုတ်ကဲ့... "

သားအမိနှစ်ယောက်သား စာရင်းကိုင်ချုပ်အခန်း ...ကလေးမှထွက်ကာ တစ်ဖက်က ပိုင်ရှင် အကြီးအကဲ ဦးကျော် ...် ရုံးခန်းကျယ်ထဲ ဝင်ခဲ့ကြပါသည်။

"သားကြီးတောင် မတွေ့တာကြာပြီ... ဒီနေ့အားလား..."

"ပေးဒေးတွေ ရုံးက စောဆင်းခွင့်ပေးလို့ ဦး၊ ဒီမှာလို မဟုတ်ဘူး၊ ဟိုက အလုပ်နည်းပါတယ်... "

"ဒါဖြင့်... ညနေကျ... အိမ်လိုက်ခဲ့၊ မြက တွေ့ချင်နေတာ၊ အိမ်မှာ ညစာ စားတာပေါ့... "

"ဟို... ဟို... ကျွန်တော် ဒီညနေ မိတ်ဆွေတစ်ယောက်နဲ့ ချိန်းထားလို့... ဦး၊ နောက်တစ်ကြိမ်မှ စားပါရစေ... "

"ဟာ... ဆိုးတာပဲကွာ၊ မြကတဖွဖွ ပြောနေတာ..

"ဟုတ်ကဲ့... ကျွန်တော်လဲ စိတ်မကောင်းပါဘူးဦး၊ တ... စားချင်ပါတယ်၊ ချိန်းပြီးသား ဖြစ်သွားလို့ပါ.. "

"အေးလေကွာ၊ နောက်တစ်ကြိမ်ပေါ့.. ဒါနဲ့...မြတို့တော... ဟိုတနေ့က တိုင်ပင်ကြည့်သေးတယ်.. မြက မင်းသဘော... ဆွေးနွေးကြည့်ပါဆိုလို့ ဦးက မင်းကို ဒီရုံးထဲ ခေါ်သွ... ချင်နေတာကွ... ဟိုမှာလည်း... ဦးစိတ်ထင် တက်... မရှိဘူးလားလို့... ဒီမှာဆိုရင် ယုံကြည်စိတ်ချရတဲ့ လူ... ထားရမယ့် နေရာတွေရှိတယ်... မင်းဆိုရင် အတော်... ပေါ့ကွာ၊ ဒီလိုဆိုရင် ဒီရုံးကလည်း... မိသားစုအလုပ်... ပိုဖြစ်သွားတာပေါ့... "

အောင်မြေ ငြိမ်နေပါသည်။ ဒီမှာ ဝင်လုပ်ဖြစ်... ဦးသည် သူ့ကို စာရေးလောက် ထားမှာမဟုတ်။ လူယုံလူ... ထားတာ ရာထူးပေးမှာ။ ရှေ့လျှောက်လည်း ဒီထက် အဆင်... တိုးတက်မြင့်မားစရာ ရှိသည်။ သို့သော် သူက ဝန်လေး...ါသ... ကုမ္ပဏီပိုင်ရှင်ကို အမေကလက်ထပ်ပြီး သားက ရာထူးဝင်... ချယ်လှယ်သည်ဟု ပုံထင်လျှင် မသက်သာပါလား။ ဒါကြောင့်... ဟု ပုံအထင်လွဲမှာ ကြောက်လှသည်။ တစ်နေ့ သူက ဝါးမြို... ဝါးကြီးအုပ်သွားမလား အထင်သည် သူနှင့်ပုံအကြားတွင် ဆ... စပ်မရအောင် ကွာဟစေမည့် သံသယ အဆီးအတားတည်...

"ဦး ခုလို ပြောတာကိုပဲ ကျွန်တော် ဂုဏ်ယူလှပါပြီ... ပေမဲ့... "





မြေ ဒါပေမဲ့ကြောင့် သူ့မေမေမှာ မျက်နှာ ညှိုး...းသည်။

"ဒါပေမဲ့ ဟိုမှာလည်း ကျွန်တော် အလုပ်ဝင်တာ ရှစ်လ... လောက်ပဲ ရှိပါသေးတယ် ဦး၊ ကုမ္ပဏီလုပ်ငန်းခွင်ဆိုင်ရ... တွေ ကျွန်တော် သိပ်မတတ်သေးပါဘူး။ အသုံးမကျသေ... တဲ့ လူတစ်ယောက်အဖြစ်နဲ့တော့ ဦးအလုပ်ထဲ မဝင်ပါရ... စေနဲ့ဦး... ဒီထက် နည်းနည်းလုပ်တတ် ကိုင်တတ် နား... လည် ကျွမ်းကျင်လာပြီဆိုရင်တော့... ဦးအလုပ်မှာ ဝင်... ကူညီပါရစေ... "

သူ့စကားကို ပုံ့ဖေဖေမှာ သဘောတကျကျနှင့်... ...ခင်းညိတ်မဆုံး ဖြစ်နေပါသည်။

"ဒါပေါ့... မှန်တယ်... "

ဒေါ်အေးမြမြက လာပို့သွားသော ကော်ဖီကို ...ရားထဲမှ လိုက်ငှဲ့ထည့်၊ ဘီစကွတ်မုန့်ပုံးကို အသင့်ဖွင့်ပေး ပြင်... ...င်ပေးနေသည်။

"ဒါပေမဲ့... ဦးစဉ်းစားထားတာ ရှိသေးတယ်၊ သမီးနဲ့လည်းပြီး အချိန်မပေးနိုင်သေးလို့ သေချာစကား မပြောဖြစ်တာ... ကြာပြီ... ဒါပြောပြရုံပါ၊ သမီးကျောနပ်မှာပါ၊ သားကြီး အိမ်မှာပဲ အတူလာပေါင်းနေဖို့လေ... ပါမလာတော့ ပုံပုံက တစ်မျိုး စိတ်မကော...လိုတောင် ဖြစ်နေတာပါ.. "

"ဟုတ်ကဲ့... တစ်နေ့နေ့တော့... "

"ဟား.. ဟား.. မင်းဟာတွေကလည်း တစ်နေ့နေ့ကျ
အကောင်အထည် ပေါ်မှာချည်းပဲပါလားကွ.. ဒါပေ
တစ်နေ့နေ့ မဟုတ်ဘဲ သန်ဘက်ခါမှာ အတိအကျ
လက်ခံဖို့ တစ်ခုတော့ ရှိတယ်... သားကြီး၊ ဒါတော့
ငြင်းဖို့ မကောင်းဘူး၊ ဒီတစ်ခါငြင်းရင်တော့ မင်းအ
ရော ဦးရော စိတ်ကောင်းမှာ မဟုတ်ဘူး... "

မြေသည် စိတ်ထင့်စွာ ပုံ့ဖေဖေကို အကဲခတ်ကြ
နေမိပါသည်။ ဦးက ပြုံးရင်း...

"သန်ဘက်ခါ မင်းမွေးနေ့လို့ မြကပြောတယ်... ဦးက
တစ်စီးဝယ်ထားတယ်၊ ဆန်နီပစ်ကပ်ကလေးပါ.. ပေ
သုံးပေါ့.. ဒါတော့ မွေးနေ့လက်ဆောင်ဖြစ်နေလို့
လက်ခံရလိမ့်မယ်... "

"ကျွန်တော်... "

"ငြင်းဖို့မကောင်းဘူးလို့ ပြောထားတယ်နော်... သားကြ

"ဟိုဟာပါ.. ကားရှိရင်... ဓါတ်ဆီဖိုး... ဟို... "

ဓါတ်ဆီဖိုး ကုန်ကျရမည်ကို ဆက်ပြောဖို့
မှသော်လည်း ဆီဖိုးပါ တောင်းသလို ဖြစ်ရာကျမှာ စိုးသည့်အတွ
သူ နှုတ်ဆိတ်လိုက်ရသည်။

"နံပါတ်နိမ့်ပါတယ်... လေးဂါလံရတဲ့ကား တမင်
လိုက်တာ၊ နံပါတ်နိမ့်တယ်၊ ဒါပေမယ့် မော်ဒယ်လ်မြ
တယ်၊ သန့်သန့်လေးပဲ... အနီရဲကလေး၊ ဘယ့်နှယ်





အရောင် သဘောကျရဲ့လား သားကြီး... "

မြေသည် သူ့မေမေဘက် ရှက်ကိုးရှက်ကန်း လှည့်
ကြည့်လိုက်မိပါသည်။ ကိုယ့်ဘာသာ ဝယ်တာမဟုတ်ဘဲ လက်
ဆောင်ရသည့်ကား တဝီဝီစီးရမှာ သူ့မှာ စိတ်အိုက်နေလေသည်။

❀❀❀❀❀❀❀

မနေ့က ညနေမှာ ဦးကျော်သက် ခေါ်ပေးသည့်
ကားသေ့နှင့်ကားကို မောင်းယူပြီး သူ့မှာ ရုပ်ကွက်ထဲ ယူလာ
ရတာပင် ရှက်နေပါသေးသည်။ တိုက်ရှေ့မှာပဲ ကားရပ်ကြတာမို့
လည်း တိုက်ရှေ့မှာ ကားထိုးရသည်။

ဒီနေ့တော့ ပုံက ကြိုတင်ချိန်းထားသည့်အတွက်
ရွှေကြာ့အိမ်ကို သူရောက်ခဲ့ရပါသည်။ ရွှေကြာ့ထံမှတစ်ဆင့် ဒီနေ့
မြေ့မွေးနေ့မှန်း စောစောကတည်းက သိထားသော ပုံသည် ဘာမှ
ကြိုမပြောဘဲ မြေ့အတွက် မိကျောင်းရေ လက်ပတ်ကြိုးနှင့် နာရီ
လေး တစ်လုံးဝယ်လာသည်။ ရွှေကြာ့ခြံထဲကို ဆန်နီကား အနီရဲ
လေးနှင့် ဝင်လာသော မြေ့ကို ရွှေကြာနှင့်ပုံ အိမ်တံခါးဝထွက်ပြီး
တအံ့တသြ ကြည့်နေမိကြပါသည်။

ရွှေကြာသည် ကားရပ်လိုက်လျှင် ကားနားကပ်
သွားကာ ဘေးဘီရှေ့နောက် စေ့စေ့စပ်စပ် လျှောက်ကြည့်နေ
သဖြင့် မြေသည် မသက်သာသောမျက်နှာနှင့် ထွက်လာပါသည်။

"မြေ... ဘာဖြစ်နေတာလဲ..."

"ကားနဲ့လာရတာ... ရှက်သလိုကြီး ဖြစ်နေတာပေါ့.."

ပုံသည် နီမြန်းမြန်း မြေ့မျက်နှာကို တအံ့တဩ ဖြတ်နိုးနေမိသည်။ ကားနှင့်လာရလို့ ရှက်နေတဲ့ သူငယ်လေးဟာ အလွန်ချစ်စရာ ကောင်းလှနေပါသည်။

"ရှက်ရင်ဘာလို့ လာသေးလဲ... ဘယ်ကကားကြီးလဲ..."

ရွှေကြာက ရယ်ကျဲကျဲ မေးလေသည်။

"သူများကားတော့ ငှားမမောင်းပါဘူးဟာ... နင့်ကားကို တစ်ခါတလေ မောင်းပေးတာပဲရှိပါတယ်... ငါ့ဟာနဲ့တော့ သူများ ကားငှားမစီးပါဘူး ရွှေကြာရယ်..."

"ဒါဖြင့် နင့်ကားပေါ့.."

မြေက ပုံ့ကို မလုံမလဲကြည့်ရင်း..

"မေမေ့ ယောက်ျားက မွေးနေ့လက်ဆောင်ဆိုပြီး ပေးလိုက်တယ်..."

"ဟယ်..."

ရွှေကြာက ပြုံးစစ ဖြစ်သွားပါသည်။ ပုံ့ကိုကြည့်ရင်း...

"ပုံ... နင်မနာလို မဖြစ်ဘူးလား၊ သူများကို သိပ်မနာလိုတတ်တဲ့ ကောင်မလေး..."

"ဘာဆိုင်လို့လဲ... မြေ ကားတစ်စီး လက်ဆောင်ရတာတော့ လုံး၀ မနာလို မဖြစ်ပါဘူး၊ ဘာဖြစ်လို့ ဖြစ်ရမှာလဲ၊



ငါ့ထက် မွေးနေ့လက်ဆောင် ပေးမယ့်သူ ဦးသွားတာကိုပဲ မနာလိုဘူး..."

"နင်ကလည်း မွေးနေ့လက်ဆောင် ပေးဦးမယ်..."

"အင်း..."

ရွှေကြာက ပခုံးတွန့်ရင်း..

"မြေ့တစ်ယောက် ဘာလက်ဖွဲ့တွေများ ဆောင်ထားသလည်း မသိတော့ပါဘူးဟယ်..."

မြေသည် မနေတတ်သလို ဖြစ်ရင်း..

"ကိုယ့်အမေရဲ့ ယောကျ်ားက သိပ်သဘောကောင်းတယ်၊ ကိုယ့်အပေါ် အစစကောင်းပါတယ်၊ ဒါပေမဲ့ တကယ်တော့ ကိုယ်မလိုချင်ပါဘူး၊ ငြင်းလို့မရလို့သာ လက်ခံလိုက်ရတာပါ..."

ပုံ

ပုံက နားလျှံသွားသလို သိပ်အလေးအနက်မရှိပဲ..

"ပုံ့ကို ဘာတွေလာပြောင့်ချက် ပေးနေရတာတုံး မြေရဲ့ ပြောစရာရှိ ဒီမှာ ကြည့်ပါဦး၊ မြေ့ဖို့ မွေးနေ့လက်ဆောင် အမှင တရ၀ယ်လာတာလေ..."

ပုံက သူ၀တ်ထားသော ကုတ်အင်္ကျီ ရှ ိုး သူငယ်ချင်းပဲ

လေး အိတ်ထဲ လက်နှိုက်ပြီး ဘူးရှည်လေးတစ်ခု ထုတ် ... ၊ မြေ... မင်းကို

ည်။ နှ်...

"ဟင်... မွေးနေ့ပွဲတွေ ကျင်းပနေကြပါလား၊ ငါဖြင့် ကို တခါမှလည်း မွေးနေ့လက်ဆောင် မပေးပါဘူး၊

လည်း မြေက မပေးပါဘူး၊ မွေးနေ့ဆိုတာကို တစ်
တလေမေ့ပြီး ဖြတ်ကျော်သွားတာပါပဲ... နင့်ကျမှ အထူး
တလည် ပုံရယ်... "

"အထူးတလည်မေ့ါ... တစ်နှစ်မှ တစ်ကြိမ်ကြုံတာ... မွေး
မြေ... မြေကြိုက်သလား... "

မြေသည် ရွှန်းလက်တောက်ပနေသော ပွဲမျက်
ကလေးကို ကြည့်ရင်း လှမ်းယူလိုက်ရမှာ မဝံ့ရဲ၊ ပုံကသာမသိတ
သူက သိနေတော့ အဖေဆီက တစ်လှည့် သမီးဆီက တစ်လှည့်
ရနေတာကို ကသိကအောက် မနေတတ် မထိုင်တတ် ခံစားရ
သည်။

"ယူလေ... မြေ... ၊ မြေမကြိုက်လို့လား... "

"မဟုတ်ပါဘူး ပုံရယ်... တန်ဖိုးရှိတဲ့ ပစ္စည်းတစ်ခု ဖြစ်
တော့... "

"အဲဒီတော့ ဘာဖြစ်သွားသလဲ... ရော့... ရော့... မြေလ
က နာရီကိုဖြုတ်... အဲဒီနာရီ ပွဲကိုပေး၊ မြေ ဒါကိုပဲ ပ
တော့... "

မြေသည် သူဖြုတ်ပေးလိုက်သော နာရီကို စလ
ထည့်သိမ်းလိုက်သော ပွဲကို ဘာမှ မကန့်ကွက်သ
ာတော့ ပြုံးစိစိနဲ့ ပွဲကို ကြည့်နေသည်။

"ကဲ... ကဲ... အပေးအယူ ကိစ္စလေးတွေ ပြီးရင် မြေက
အကျွေးအမွေး ကိစ္စ စဉ်းစားဦးပေါ့၊ ဒီလောက်တော





မွေးနေ့လက်ဆောင်တွေ ရထားတဲ့နောက်တော့ တစ်ခုခု
ကျွေးမှဖြစ်မယ်... "

"ကျွေးမယ်လေ... နင်တို့နှစ်ယောက်ကို မုန့်လိုက်ကျွေးဖို့
စဉ်းစားခဲ့ပြီးသား... "

"အမလေးနော်... အနှစ်နှစ်ဆယ်လောက် ခင်လာတာ
တစ်ခါမှ မွေးနေ့အတွက် ကျွေးတာ မစားခဲ့ရပါဘူး၊ ပုံတို့
ကတော့ ကံထူးရှင်ဆိုတော့ ဒီနှစ်ပဲခင်... ဒီနှစ်ပဲ စားရ
သောက်ရတော့တာပဲ... "

"မနာလို မရှိပါနဲ့... "

"မနာလိုတာက နင့်ကိစ္စပါနော်... "

ရွှေကြာက အဝတ်အစားလဲဖို့ အခန်းထဲ လှည့်ဝင်
သွားလေသည်။ အိမ်ရှေ့ ဧည့်ခန်းထဲ မြေနှင့်ပုံတို့ နှစ်ယောက်
သား ထိုင်ကာ ကျန်ရစ်စဉ် ရွှေကြာ့မေမေ ဒေါ်ကြူကြူက ဧည့်
ခန်းသို့ ထွက်လာပြီး...

"မြေရောက်နေတာကိုး... အတော်ပဲ၊ အန်တီပြောစရာရှိ
လို့... "

"ဟုတ်ကဲ့ အန်တီကြူ... "

"ပုံပုံကလည်း အခု ရွှေကြာနဲ့ အခင်ဆုံး သူငယ်ချင်းပဲ
ဖြစ်နေပြီဆို ပုံပုံ့ရှေ့ပဲ ပြောရမှာပဲ... ၊ မြေ... မင်းကို
အန်တီ သားလိုချစ်တာ သားသိတယ်နော်... "

"ဟုတ်ကဲ့ အန်တီကြူ... "

"မင်းမေမေနဲ့ဆိုလည်း မင်းမွေးကာစကတည်းက စခင်လာကြတာ... "

"ဟုတ်ကဲ့... "

"အန်တီက ဆူတယ်လို့လည်း မထင်နဲ့၊ အန်တီမပြောပဲနေလို့မရလို့ ပြောရမှာ... "

"ဟုတ်ကဲ့... "

မြေ့ ခေါင်းငုံ့ကျသွားသဖြင့် ပုံသည် ရင်ထဲ မသက်မသာဖြစ်လာသည်။

"ကျော့်စွာလေးဆိုတဲ့ ကောင်လေးနဲ့ ရွှေကြာ့ကို သူ့အဖေက လုံးလုံးသဘောမတူဘူး မြေ့... "

မြေ့ခေါင်းသည် ပိုပြီး ငုံ့ကျသွားသည်။

"ကျော့်စွာလေးဟာ ကောင်းသည်ဖြစ်စေ... ဆိုးသည်ဖြစ်စေ... ရွှေကြာ့အတွက် သင့်တော်သည်ဖြစ်စေ... မသင့်တော်သည်ဖြစ်စေ... ကျော့်စွာလေးဆိုရုံနဲ့ သဘောမတူဘူး၊ ဒါစကားကုန်ပဲသား၊ သားနားလည်တယ်နော်... "

"ဟုတ်ကဲ့ အန်တီကြီး... "

"ရွှေကြာ့ကို သူ့အဖေက သိပ်မသက်သာလို့ နဲနဲချက်ကင်လုပ်ကြည့်တော့ ကျော့်စွာလေးနဲ့... ရည်းစားဖြစ်နေပုံရတယ်... ဒါနဲ့သူ့အဖေက တပည့်တွေနဲ့ လိုက်ကြည့် လိုက်စုံစမ်းခိုင်းတော့... ကျော့်စွာလေးဟာ သားနဲ့ဆက်သွယ်နေတာ သိလာတယ် မြေ့... ၊ သားငြင်းဖို့ရှိလား... "





မြေ့က ခေါင်းကို လေးတွဲ့တွဲ့ယမ်းရင်း...

"မငြင်းပါဘူး အန်တီကြီး... "

"ဝန်ခံရင်ကျေနပ်ပါပြီသားရယ်... ကူညီရတယ်ဆိုကတည်းက ကာယကံရှင်က ကူညီစေချင်လို့ ဆိုတာ သိပါတယ်... အဓိက ကာယကံရှင်တွေမှာပဲ အပြစ်ရှိပါတယ်... သားကို အပြစ်မဆိုဘူး၊ ဒါပေမဲ့ နောက်လုံးဝ မဆက်သွယ်မကူညီဖို့ သားကို အန်တီ မေတ္တာရပ်ခံပါတယ်... "

မြေ့မျက်နှာသည် သနားစရာကောင်းအောင် ဖျက်နေသည်။

"မေတ္တာရပ်ခံတယ်လို့ သုံးနှုန်းဖို့ မလိုပါဘူး အန်တီ... ကျွန်တော့်ကို အန်တီဆူလို့ ဆဲလို့လည်း ရပါတယ်၊ ကျွန်တော်ခံပါ့မယ်... "

"သားကို ဆူနေလည်း အပိုပဲပေါ့၊ အဓိက က ရွှေကြာပဲ၊ သူ့ကိုပဲ နားချရမှာပါ... သားကို နောင်အတွက်သာ အန်တီကြီးက တားမြစ်ချင်တာ... သားဟာ... အန်တီတို့ သားဆိုလည်း ဟုတ်တာပဲ မဟုတ်လား၊ သမီး တစ်ယောက်ပဲ မွေးထားတော့ လိုတာလေးရှိ သားကို အားကိုးရတာပဲ... ဒီ ကျော့်စွာလေးကိစ္စကိုတော့ သား မပတ်သက်မကူညီဘဲ ရှောင်ပါနော်... ရွှေကြာ့ကိုတော့ သူ့အဖေဆုံးမလိမ့်မယ်... "

"ရွှေကြာ့ကို... ရိုက်တော့မရိုက်ပါနဲ့လို့ အန်ကယ့်ကို

ပြောပါဦး အန်တီ... ”

“အေး.. ပြောမှာပါ၊ ရွှေကြာကလဲ ခေါင်းကြောက ခပ်မာမာ၊ ထင်ရာမြင်ရာ လုပ်ချင်တာ၊ သူ့ကို ဆုံးမ မရရင် အန်တီတို့ တာဝန်ပါ၊ သူ ဇွတ်တိုးလို့ မရအောင်သာ သားတို့ ပုံပုံတို့လို သူငယ်ချင်းတွေကို ကူညီကာကွယ်ဖို့ အန်တီ တောင်းပန်တာပါ.. ”

ပုံသည် ခုချိန်ထိ ရွှေကြာနှင့် ကျော်စွာလေးကိစ္စကို တစ်ပိုင်းတစ်စကလေးမျှ မကူညီခဲ့ဖူးသူပီပီ ခပ်သွက်သွက်ပဲ ခေါင်းညိတ်လိုက်ကာ မျက်နှာပျက်နေသော မြေ့ကို ဂရုဏာဒေါသောနှင့် စိုက်ကြည့်နေမိသည်။ မြေသည် ခေါင်းငိုက်စိုက်ကျလျက် မျက်နှာငယ်ပြီး ပျက်နေသည်။ ဒီရွှေကြာ တစ်ယောက်အတွက် ဘာတွေများ ဤမျှ ခံစားနေရသနည်း။

“တစ်သက်လုံး သားနဲ့ဆိုရင် စိတ်ချခဲ့သလို ရှေ့ဆက်လည်း စိတ်ချပါရစေ သားရယ်... ”

ပုံက စကားကို ခွဲခြမ်းစိတ်ဖြာနေသည်၊ ဤမိဘများသည် သူတို့သမီး ရွှေကြာ့ကို မြေနှင့်များ သဘောတူနေသလား။ မြေသည် ချမ်းသာကြွယ်ဝသူ တစ်ယောက် မဟုတ်သော်လည်း ရိုးအေး သဘောကောင်းကာ ဖြောင့်မတ် စာရိတ္တကောင်းသော ကောင်ကလေး တစ်ယောက် ဖြစ်သည် မဟုတ်လား။ ရွှေကြာ့ကို အနှုတာခံလှသော ဤလူအေးကလေးကို သားမက်ဖမ်းချင်ရင်လည်း မလွန်ပါ။





လွန်တာ မြေပဲ။ ပုံက ဒေါသနှင့် တွေးလိုက်သည်။

ရွှေကြာ့ကို ဤမျှ အရေးလုပ်တာက လွန်နေတာ။ သူ့မှာ ရွှေကြာ့ နိုင်းဖတ်ကြီး။ ရည်းစားထားသော ကိစ္စကို ကူညီသဖြင့် ရွှေကြာ့အပေါ် မရိုးမသားစိတ်နှင့် မြေ မမျှော်လင့်ဟု အကြမ်းဖျဉ်း ယူဆရသည်။ ဒါဖြင့် ဘာကိုမျှော်လင့်ပြီး ဤမျှ အနှုတာခံနေသလဲ။ မြေ့ရဲ့ အနှုအတာ ခံနိုင်မှုကို စွမ်းအင်ရှိသမျှ ပုံတစ်ယောက်သာ ခံယူလိုသည်။ ပုံ့အပေါ်သာ ပုံချထားစေလိုသည်။ မတရားသဖြင့် လောဘမောဟစိတ် ဝင်နေတာ သိသော်လည်း ပုံသည် ရွှေကြာ့ကို မနာလိုရသည့်ကြားထဲ မြေမွေးနေ့မှာ အဆူအကြိမ်း သတိပေးခံရသည့်အဖြစ်ကို ဖန်တီးသူအဖြစ် စိတ်တိုသေးသည်။

“သားလဲ စိတ်မကောင်းမဖြစ်ပါနဲ့ ဟုတ်လား.. ”

“ဟုတ်ကဲ့ အန်တီကြီး... ”

ရွှေကြာက စလင်းဘက်ဂ် လွဲယမ်းကာ အခန်းထဲမှ ထွက်လာသည်။

“ဘယ်သွားကြမလို့လဲ... အပြင်လား.. ”

“ဒီနေ့ မြေမွေးနေ့... မြေက ကျွေးမလို့မေမေ... ”

“အော်... အေး... ဟုတ်သားပဲ... ဒီနေ့ မြေမွေးနေ့ပဲ... ကြည့်စမ်း၊ အန်တီက မွေးနေ့မှာ စိတ်ရှုပ်အောင် လုပ်နေမိပြန်ပြီ... ”

ရွှေကြာက နှာခေါင်းရှုံ့ရင်း..

"မေမေကလည်း မြွေကို ဘာတွေပြောနေသလဲ... "

"ညည်းကိစ္စပေါ့... စားပြီးရင်... သုံးယောက် အတူတူပြန်နော်... မြွေ... ရွှေကြာ့ကို အိမ်ပြန်ပို့နော်... "

"ဟုတ်ကဲ့ အန်တီကြီး... "

မြွေက မျက်နှာမသာယာလှပါ။ ထို့အတွက် ပုံ စိတ်တိုရသည်။ ရွှေကြာ့ကြောင့် မွေးနေ့မှာ မြွေစိတ် အနှောင့် အယှက် ဖြစ်ရသည်။ ရွှေကြာက ဆန်နီရှေ့ခန်းမှာ အရင်ဝင်ပြီး မြွေဖက်တိုးကပ် ထိုင်လိုက်သဖြင့် ပုံက အပြင်စွန်းမှာ။

"မေမေ ဘာပြောပြော နင်က ငါ့ဘက်ကဆိုတာ မေမေ မသိရှာဘူး ဟီဟိ... "

ရွှေကြာ့ရဲ့ ဆွဲဆောင်သိမ်းသွင်းစကားကို ပုံ လုံးဝ မကြိုက်။ မြွေက ဘာမှ ပြန်မပြောသဖြင့် ပိုအသည်းယားသည်။ ခဏအကြာတွင် ရွှေကြာနှင့်မြွေက နေမြတိုင်းရှိပြီး ပုံသာ အုံ့မှိုင်း မပြေ ဖြစ်နေသည်။

ဓွိုးဓွိုးဓွိုးဓွိုးဓွိုးဓွိုးဓွိုး

ဤမျှ ရင်းနှီးကျွမ်းဝင်လာသော ဟာနေဖထားနှင့် ပုံ့အပေါ် အလေးအနက် ထားတတ်သော ဝေးရီမျက်လွှာချ သွားတတ်သော ကောင်ကလေးတစ်ယောက်ဟာ အိမ်လာလည်ဖို့ ပုံက တကူးတက ဖိတ်ခေါ်ပါလျက် နှစ်ကြိမ်နှစ်ခါ ပျက်ကွက်ခြင်း





ဟာ ဘာကြောင့် ဖြစ်မည်တဲ့လဲ။

ပုံသည် ဒုတိယအကြိမ်မှာ မြွေမလာသောအခါ စိတ်ထဲ စနောင့်စနင်းနှင့် မတင်မကျ မကျေနပ်နိုင်။ ပထမအကြိမ် တုန်းကလည်း မြွေအားသည့် စနေနေ့ကို ဖိတ်ခေါ်တာဖြစ်သည်။ ရွှေကြာနှင့် နှစ်ယောက်အတူ လာဖို့ ထမင်းပွဲ ဟင်းထအောင်ပြင် ပြီး ပုံစောင့်ကြိုခဲ့သည်။ အချိန်လွန်မှ ရွှေကြာရောက်လာကာ ဒေါသဖြစ်သလို တဖျစ်တောက်တောက်နှင့်...

"ဟိုကောင် စံတော်ချိန်မင်းသား လုပ်နေတာနဲ့ ငါ့မှာ တစောင့်စောင့် ဗိုက်ဆာလို့ သေရပါတော့မယ်တာ... ရှင်က ထမင်းကျွေးမှာဆိုလို့ ဘာမှ ဗိုက်ပြည့်အောင် မစားထားဘူး... ခုထိ မလာလို့ စိတ်တိုပြီး ထွက်လာလိုက်တယ်..."

အိမ်ပေါ်တက်လာပြီး ဆူပူ သောင်းကျန်းကာ ထမင်းဝိုင်းကိုဝင်ပြီး တစ်ယောက်တည်းဟန်မဆောင်ပန်မဆောင် စားတော့သည်။ ပုံမှာသာ မြွေကို ဆက်စောင့်ရနိုး မစောင့်ရနိုး။ အချိန်လွန်လှသည်အထိ မြွေမလာတော့ စိတ်ခါတ်ကျကျနှင့် တစ်ယောက်တည်း စားရပါသည်။ ရွှေကြာကတော့ မြွေမလာချင်တာ ကို သိပြီးသား။ ဒီရောက်လျှင် သူ့အမေနှင့် သူ့သားဆုံပြီး မြွေ ပုံးသားတာကို တစ်ထိုင်တည်းနှင့် ပုံသိသွားမှာပေါ့။ ဒါကြောင့် မလာချင် ကြောင်းကို အစောကြီးကတည်းက မြွေက ညည်းညူ ပြီးသား။ ရွှေကြာ့အတွက်ကတော့ အားလုံး အလွယ်လေးပင်။ မလာချင် မလာဘဲ နေလိုက်ပေါ့ ပြီးမှ မြွေရှင်း။

ဒါကြောင့် မြေက အကြောင်းမကြားဘာမကြားဘဲ မလာဘဲ နေလိုက်တာပင်။ နောက်တော့မှ အရေးပေါ် ကိစ္စ တစ်ခု အကြောင်းပြသည်။ တကယ်တော့ ထိုစနေနေ့မှာ ပုံ့ဖေဖေနှင့် ဒေါ် အေးမြမြက မရှိပါ။ သူတို့ကုမ္ပဏီ ရုံးခန်းက စနေနေ့ပါ ဖွင့်သည်။ တစ်ခါတစ်ရံတော့ ရုံးခန်းဖွင့်ပါလျက် မသွားဘဲနေတတ်တာမျိုးရှိပါသည်။ ဖြစ်နိုင်ခြေတော့ နည်းသည်။ မြေကလည်း ဒါကို အသိမို့ မလာတာ။

ဒုတိယတစ်ကြိမ် ထပ်ဖိတ်တာကို မလာပြန်သောအခါ ပုံသည် ရွှေကြာ့ကိုပင် ရှက်လာသည်။ မျက်ရည်ပင် ရစ်ဝဲလာရင်း...

"သူဘာဖြစ်လို့ မလာတာထင်လဲ ရွှေကြာ... "

"တို့ ဘယ်သိမလဲ... လူကြီးတွေ ဘာတွေကို ရှိန်တာ ဖြစ်ရင်ဖြစ်မယ်... "

"ဖေဖေရော အန်တီပါ ရှိမှမရှိတာ... "

ရွှေကြာသည် စကားမှားမည်စိုးကာ ပုခုန်းတွန့်ငြိမ်နေသည်။

"ရွှေကြာ့ဆီကိုရော သူလာလည်တတ်တယ် မဟုတ်လား"

"အမြဲလာနေတာပဲ... "

အမြေကြောင့် ပုံ့ရင်ထဲ အောင့်လှုပါသည်။

"ရွှေကြာ့အိမ်မှာ ထမင်းလည်းစားတယ် မဟုတ်လား..."

"စားတာပဲ... ခဏခဏစားနေတာပဲ... "



"ဒါဖြင့် ပုံ့အိမ်ကျတော့ ဘာဖြစ်လို့ မလာလဲ... ပုံ့အိမ်မှာ ထမင်းဖိတ်ကျွေးတာကျတော့ ဘာဖြစ်လို့ လာမစားလဲ... ဒါသက်သက် မလာတာ... ပုံအခု သူ့အိမ်လိုက်သွားမယ်"

"ဟဲ့... ပုံ... "

ပုံသည် စိတ်လိုက်မာန်ပါနှင့် ပိုက်ဆံအိတ်ယူကာ ...မှ ထွက်လာတော့သည်။ ကားရှိပေမယ့် မခေါ်ဘဲ ကားငှား ...ဖို့သာ စိတ်ကူးပြီး လမ်းထိပ်ကို အပြေးထွက်ခွာလေရာ ...ကြာမှာ မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ပုံ့နောက်က အပြေးလိုက် ...သည်။

"မြန်လိုက်တဲ့စိတ်နှယ်နော်... သွားမယ်လည်း စကားဆုံးရော ရောက်ရော ဖြစ်နေပြီ... လူဖျက်ကျနေတာပဲ... "

"ခပ်မြန်မြန်ပဲ... "

ပုံသည် အံလေးဖိကြိတ်ကိုက်ကာ ကားတစ်စီး ...းပြီး ဈေးမမေး လမ်းမပြောဘဲ တံခါးဖွင့် တက်ထိုင်လိုက်သ ... ထိုစတိုင် ခပ်မိုက်မိုက်ကို ရွှေကြာပင် သဘောကျကာ ကြိတ် ...ရပါသည်။ ကားပေါ် ရောက်မှ စမ်းချောင်း ဘယ်လမ်းဆိုတာ ...ပြောလိုက်သည်။ တိုက်ရှေ့ရောက်မှ အုကြောင်ကြောင် အရှိန် ...သွားသဖြင့် ရွှေကြာက ဦးဆောင်ကာ လေးထပ်ကို တက်ခဲ့ ...သည်။

တံခါးကို မြင်လိုက်ကတည်းက လူရှိတာသိရ ...ည်။ သော့ခတ်မထ... ရွှေကြာတံခါးခေါက်မည် ပြင်ဆဲမှာပင်

တံခါးက ချပ်ခနဲပွင့်သွားကာ...

"ငါသွားပြီသိလား... ဟော့ကောင်၊ ဟာ... ညွှန့်သည်..."

ကောင်ကလေးတစ်ယောက်က ပြန်ဖို့ တံခါးဖွင့်ထွက်တာဖြစ်သည်။ ရွှေကြာတို့ကို အိမ်ထဲဝင်ဖို့ အရင်ဖယ်ပေးလိုက်ပြီးမှ...

"ဟော့ကောင် မြေ... ညွှန့်သည်လာနေတယ်... "

"ဘယ်သူလဲ... "

အိမ်ထဲမှ မြေ့အသံက ထွက်ပေါ်လာသည်။ ကောင်လေးက ဆက်မဖြေဘဲ 'သွားပြီဟေ့' ဟုဆိုကာ အိမ်ထဲ ထွက်သွားလေပြီ။ လက်ကိုင်ဘုနှင့် သော့အိမ်တပ်တံခါးမှ ကောင်လေးပြန်လျှင် သူ့ဟာသူ ပြန်ပိတ်သွားနိုင်လေရာ ခေါင်းကိုက်နေသောမြေ့မှာ အပြင်လိုက်မထွက်ဘဲ အိပ်ရာပေါ် ကျန်ရစ်တာဖြစ်သည်။ ခုတော့ ညွှန့်သည်ဆိုသဖြင့် မစဉ်းစားတတ်ဘဲ အိပ်ရာပေါ်မှ လူးလဲထရပါသည်။

"ငါတို့ဟေ့... ငါတို့... "

ရွှေကြာ့အသံကြားလျှင် မြေ့မှာ အံ့အားသင့်ကာ ပုဆိုးပြင်ဝတ်ပြီး ကမန်းကတန်း ထွက်လာပါသည်။

"ဒီမှာဟေ့... လိုက်မလာရရင် လဲသေမှာမို့... "

ရွှေကြာနှင့်ပုံမှာ အိပ်ခန်းထဲမှ ထွက်လာသော မြေ့ ကိုကြည့်ကာ အံ့အားသင့်သွားပါသည်။ မြေသည် အကြီးစား လက်ကိုင်ပုဝါကြီး တစ်ထည်ကို ထောင့်ဖြတ်လိမ်ကာ နဖူးကိုတ





နဲ့ဖြတ်ပြီး စည်းထားပါသည်။

"ဟင်... နင့်ခေါင်း ဘာဖြစ်လို့လဲ... "

"ခေါင်းကိုက်နေလို့... ကိုယ်... ကိုယ်ခေါင်းကိုက်နေလို့ ပုံရယ်... "

အမှန်က မသွားဖို့ ကြိုတင်ဆုံးဖြတ်ထားပြီးသော် ည်း ဒီခေါင်းက ဒီရက် ဒီအချိန်မှာမှ ကံကောင်းစွာ ခါတော်မှီ ာကိုက်ပေးရသည်ဟုပဲ ဆိုကြပါစို့။ အာပတ်လွတ်ရုံ ဖြစ်သွား ဖြင့် ဝေဒနာခံစားရတာ အသာထား မြေ့မှာ စိတ်အေး၍ပင် သွားရပါသည်။

"ကြည့်ရတာ ဒီမိန်းမက နင်နေမကောင်းတာကို တယ်လီ ပသီနဲ့ သိတယ်ထင်ပါရဲ့ မြေရယ်၊ သွားမယ် သွားမယ်ဆို ပြီး ထလိုက်ချလာတာပဲ... "

ပုံသည် မြေ့ကို ဝေဒနာခံစားနေရတာတွေ့တော့ က်ထဲ မကောင်းပေ။ ခုန စိတ်ဆိုးမိတဲ့အတွက်ပင် အားနာ ကြင် ာမိပါသည်။

မြေ ဝင်ထိုင်နေသော ဆက်တီနှင့် ကပ်ရက်တွင် က ဝင်ထိုင်လိုက်ရင်း...

"ဆရာဝန်လေး ဘာလေး ပြဦးမှပေါ့ မြေရယ်... ခါတိုင်း လို ကိုယ့်ဘာသာ အနယ်လ်ဂျက်ဆင်တွေ သောက်မနေ နဲ့ဦး၊ ခဏခဏကိုက်နေတော့... သာမန် အာဂန္တု ခေါင်း ကိုက်တာ [illegible] ဟုတ်ဘဲ ခေါင်းကိုက်ရောဂါ မိုင်ဂရိန်းတွေ

ဘာတွေ ရှိရင်ရှိနေမှာ... "

"မိုင်ဂရိန်းက ဘယ်လိုမျိုးလဲ... ဒီလိုပဲလား... "

"ပုံလည်း ဘယ်သိမှာလဲ... ကြားပဲကြားဖူးတာ၊ ဒါကြောင့် ဆရာဝန်ပြပါလို့ ပြောတာ... မိုင်ဂရိန်းဆိုရင် သွေးဆေး သူ သတ်သတ်ရှိတာပေါ့... "

"ညနေကျ ဆရာဝန်ပြလိုက်မယ်နော်... "

ပုံ့ကို လိုက်လျှောလိုတာ သက်သက်ဖြစ်သော ရွှေ ရဲ့မျက်လုံးလေးကိုကြည့်ရင်း ပုံက ခေါင်းငုံ့လိုက်မိပါသည်။ ဤ မျက်လုံးကလေးဟာ ဤမျှ ကျေကျော် သွေးဆောင်နေတတ်ပါ လျက် လူကိုယ်တိုင်ကကျတော့ ရှောင်ဖယ်ဖယ်လိုလို ရှိတတ်တာ ဟာ ဘာကြောင့်များပါလဲ မြေရယ်။ ဤမျက်လုံးကလေးကို မှိုး သားသည်ဟု ပုံက ဘယ်တုန်းကမှ မယုံ။ ရွှေကြာ့ကို သူ့မှာ အမျိုး စုံကူညီရ အလိုလိုက်ရတာတွေ ရှိပေမယ့် ရွှေကြာ့ကိုကြည့်သော မြေမျက်လုံးကလေးကတော့ ရိုးသားပါတယ် ဟု ပုံက မိုက်မဲသည် ဆိုချင်ဆို တစ်ထစ်ချ ကောက်ချက်ဆွဲမိသည်။

ပုံ့အိမ်ကို လာဖို့ အမြဲတမ်း တွန့်ဆုတ် ငြင်းဆိုတတ် ခဲ့တာဟာလည်း ပုံ့အပေါ် မရိုးသားလို့ မဖြစ်နိုင်ဘူးတဲ့လား။ ရွှေကြာ့အိမ်ကို ဝင်ထွက်ဖို့ ဝန်မလေးတာသည် ရွှေကြာ့အပေါ် ကျတော့ ရိုးသားလို့ မဖြစ်နိုင်ဘူးတဲ့လား။

"ဟယ်... ပုံ့အိမ်က ထမင်းစားလာရတာ အီလိုက်တာ ဟယ်... ဗိုက်ထဲ ကယ်ကယ်ကြီးဖြစ်နေတယ်၊ အချဉ်စား



ချင်လိုက်တာ... "

"အိမ်မှာ ချဉ်တာဆိုလို့ ဘာမှမရှိဘူး... "

"နေပစေ... ငါ အောက်ထပ် ဆင်းပြီး အချဉ်ထုပ် ဝယ် လိုက်ဦးမယ်... "

အောက်ဆုံး မြေညီထပ်တွင် အချဉ်ထုပ်၊ အာလူး ကြော်၊ သရေစာမျိုးစုံနှင့် အအေးရောင်းသော ဆိုင်ကိုတော့ ပုံ ခုနကတည်းက မြင်ခဲ့ပါသည်။ သို့သော် ရွှေကြာ ဗိုက်ဆဲ ထုတ်ယူ လိုက်တာတွေ့တော့ ပုံက စိတ်တိုမိသည်။ ဒီမှာ ခေါင်းကိုက်နေ တာ မေးဖော်မရဘဲ သူ့အချဉ်ထုပ်စားဖို့ အရေးကြီးနေပြန်ပြီ။ ပြီးတော့ သူဝယ်သွားတုံး ပုံနှင့်မြေက နှစ်ယောက်တည်း။ မြေ့ အပေါ် ယုံကြည်မှုရှိသော်လည်း ဒီကြားထဲ မြေ့သူငယ်ချင်းဖြစ်စေ၊ တစ်ယောက်ယောက် ရောက်လာရင် မြင်သွားတော့ တစ်မျိုး မထင်ပေဘူးလား။

"ဟဲ့... ရွှေကြာ... "

ပုံက ပါးစပ်ဟရုံရှိသေး။

"ခဏလေးပါဟာ... ခဏလေးပါ... "

ရွှေကြာသည် ဝုန်းခနဲဆို တံခါးဖွင့်ကာဆင်းပြေး သွားသည်။ ပုံသည် အံ့ဩစိတ်တိုကာ...

"ဘယ်လိုမှန်းကို မသိဘူး၊ သိတတ်မှုလည်းလုံးဝမရှိဘူး..."

"ဟို... ကိုယ်... ကော်ဖီ သွားဖျော်လိုက်မယ်... သောက်ရ အောင်... "

မြေသည် ပုံနှင့် နှစ်ယောက်တည်းချည်း ကျန်

ကာကို အားနာ မှိုတိုးရှုံ့တန့်ဖြစ်ကာ ထ,ရှောင်ပြေးဖို့ ကြံတာ

သည်။

"နေစမ်းပါမြေရယ်... နေဖြင့် မကောင်းဘဲနဲ့... "

လေးငါးမိနစ်လောက်ပဲ ကြာကာ ရွှေကြာ

အချဉ်ထုပ် တစ်ပွေ့တစ်ပိုက် ရှပ်က စပ်ဖြဲဖြဲနှင့် ပြန်ရောက်လာ

ပါသည်၊ သူ့ရုပ်မှာ သူလုပ်ချင်တာ အမြဲတွတ်လုပ်နေမည့် ရုပ်

မို့ ပုံသည် ဘာမှပြောမနေတော့ဘဲ မျက်စောင်းသာ ထိုးမိပါသည်

ရွှေကြာကား အချဉ်ထုပ်တစ်ဖက်စား နေကြာစေ့ကို တစ်ဖက်

ဖောက်ခွာကာ ပြိုင်တူ ရောစားနေရင်း အလကားနေရင်း တဟ

ဟင်း တဟဲဟဲ အူမြူးနေသည်၊ သရေစာ စားပုံကိုက ရွှေကြာ

စိတ်ရဲ့ မတည်မငြိမ် မရိုးလှသော ခပ်ပေါ့ပေါ့စရိုက်ကို ပြနေတာ

ပင် ဟု ပုံထင်သည်။

အလကားနေရင်း ခြေလှုပ် ခေါင်းလှုပ် အူမြူးနေ

သော အကြောင်းကိုတော့ မကြာခင်ပုံနှင့် မြေအံ့ဩစွာ သိရ

တော့သည်။ ရုတ်တရက် ပေါ်လာသော တံခါးခေါက်သံကြောင့်

ဝုန်းခနဲ ရွှေကြာ တံခါးထဖွင့် ပေးလိုက်လျှင် တံခါးဝ၌ ပုံ မမြင်

ဖူးသော ခေတ်ဆန်ဆန် ရုပ်ဖြောင့်ဖြောင့် လူရွယ်တစ်ယောက်

ရပ်နေသည်။

"အော်... ကိုကျော်စွာ... "

မြေက နှုတ်ဆက်လိုက်သည်။ ပုံကား ယောင်းတ





ခါသထွက်သွားရလေသည်။ အချဉ်ထုပ်ဝယ်သလိုနှင့် ဖုန်းဆက်ခေါ်လိုက်တာသာတည်း။ ဖုန်းကိုလည်း နီးနီးနားနားဖြစ်အောင် မြေ့ကို ဖုန်းခေါ်ပေးနေကျ ပထမထပ်မှာ ဝင်ဆက်ပုံရသည်။ မိမိ တစ်ခါမှ မဆက်ဆံဘူးသော အိမ်ခန်းတစ်ခန်းထဲ စွတ်ရွတ်ဝင်ကာ ဖုန်းဆက်ခွင့် တောင်းရဲရအောင် သေရေးရှင်ရေးလည်း မဟုတ်မြန်လေရာ ဘာကိုမှ အကြောက်အလန့် အလေးမထားသော ရွှေကြာ့ မွေးရာပါ စရိုက်ကိုသာ အံ့ဩ လက်ဖျားခါရပါသည်။

ဒါဟာလည်း ကံထူးခြင်းတစ်မျိုးများလား။ သူ ဘာကာ ဆင်ခြင်မည်ကို မဆင်မခြင် ထင်သလို ကြိုက်သလို စိတ်ထဲ ပေါ်သလို လျှပ်တစ်ပျက် လုပ်ရဲတာဟာ ဆုတောင်းကောင်းခဲ့လို့ပဲထင်ပါ့။ စိတ်သွားတိုင်း ကိုယ်ပါ ဆုနှင့်ပြည့်နေတာ။

"ဘယ်လိုတုံး... အောင်မြေ နေမကောင်းဘူးလား... "

"ခေါင်းကိုက်နေလို့ ကိုကျော်စွာ... ဒီနေ့ ချိန်းထားကြတာ မသွားနိုင်လို့ သူတို့လိုက်လာကြတာ၊ ဒါလည်း သူ့ဝယ်ချင်းပဲလေ... သက်လုံးပုံတဲ့... "

"အော်... ရွှေကြာပြောတဲ့ သိပ်စိတ်ကောက်တတ်တဲ့..."

ပြောပြီး ကျော်စွာလေးက ရယ်နေသည်။ ပုံ့မျက်နှာမှာ ပုပ်သိုးကာ ရွှေကြာ့ကို သတ်ချင်သလို ကြည့်နေမိသည်။ ပုံ့အကြောင်းလည်း လျှောက်ပြောထားသေးရဲ့။ ကျော်စွာလေးက အစွန်တစ်နေရာမှာ ဝင်ထိုင်လိုက်သဖြင့် ပုံနှင့်ကြားက လွတ်နေ

သောခုံမှာ ရွှေကြာက ဝင်ထိုင်လိုက်လေသည်။

"ရှင်နည်းနည်းမှမကောင်းဘူး ရွှေကြာ... "

ပုံက တိုးကြိတ်မာန်မဲလိုက်သည်။

"ဘာလို့လဲ... အခွင့်အရေးလေး ရတုန်း တွေ့ရတာ ဟယ်... "

ပုံက တိုးတိုးပြောသော်လည်း ရွှေကြာက ကျ လောင်လောင် တုံ့ပြန်သဖြင့် မြေရော ကိုကျော်စွာပါ ကြားသည် ပုံသည် ဒေါသထွက်ကာ ကျော်စွာလေး သိချင်သိ ဂရုမ တော့ဘဲ...

"ဒါကိုသိရင်... ရှင့်အမေက ကျုပ်တို့ပါ အလိုတူ အလို ချိန်းပေးတယ် စွပ်စွဲမှာ၊ မြေသာ မျက်နှာပျက်ခံ အ အကြိမ်းခံ ကူတာ... ပုံက ဘယ်တော့မှမကူဘူး... သူ လူကြီးက ဆူတာလည်း မခံချင်ဘူး... "

"ဘယ်သူက ကူနိုင်းနေလို့လဲ... "

"မကူနိုင်းပေမယ့် ခုနေတွေ့ရင် တစ်မျိုးထင်မှာပဲ... "

"လောကကြီးမှာ အဲသလောက် ပူနေရရင် နေစရာ တော့ဘူး ပုံ... "

ရွှေကြာက အပြုံးမပျက် ပြောနိုင်ပေမဲ့ ပုံက မျ နှာပျက်သည်။ ကျော်စွာလေးက ကြားပေမဲ့ ဘယ်လိုမှ မ သဘောကောင်းပုံတော့ ရပါသည်။ မြေသာ ပုံ့ကို အရိပ် တကြ ကြည့်လုပ်ကာ ပုံစိတ်ဆိုးနေတာကို စိတ်မကောင်း ဖြစ်နေသည်



ပုံသည် ချိန်းတွေ့သော ရည်းစားအနားလည်း ကပ်ထိုင်မနေချင်။ ထို့ကြောင့်...

"မြေ... ခုန ကော်ဖီဖျော်မယ်ဆို... "

"ပုံသောက်မလား၊ ဖျော်လိုက်မယ်နော်... "

"ညွှသည်လည်း တိုက်ရတာပေါ့၊ ပုံပါ လိုက်ဖျော်မယ်..."

ပုံနှင့် မြေတိုင်ပင်ပြီး မီးဖိုဘက် ထ,ဝင်တော့ ရွှေကြာက ကောင်းကောင်းဖျော်နော်၊ ခါးခါးဆိမ့်ဆိမ့်လို့တောင် လှမ်းမှာ လိုက်ပါသေးသည်။ ပုံသည် မီးဖိုထဲရောက်လျှင် မျက်နှာ ပိုစူပုတ်ကာ...

"လွန်တာ တအားပဲ၊ သိပ်စိတ်ကုန်တယ်၊ ခုနေ ညွှသည် လာရင် ပုံတို့က အခန်းထဲမှာ နှစ်ယောက်ဖြစ်နေတာ ပုံတို့ပါ ရောသိက္ခာကျတယ်... "

ရှုံ့ရှုံ့ရဲ့ရဲ့ ပြောပြီးမှ ကိုယ့်စကားကိုယ် ပုံက ပြန် ရှက်မိပြန်သည်။

"ဒီကို ညွှသည်လာခဲ့ပါတယ်... "

မြေ နှစ်သိမ့်ပုံကလည်းတလွဲ။ ညွှသည်လာခဲ့တာ နှင့်ပဲ ဒါမျိုးလုပ်သင့် သွားရောလား။

"ခုနပဲ တစ်ယောက်ပြန်သွားတာ... "

"ဒါ... ရုံးတူတူဝင်တဲ့ သူငယ်ချင်းလေ... ညွှသည် မဟုတ် ပါဘူး... "

"အော်... ညွှသည်ဆိုတာကို မြေက ဘာကိုခေါ်နေတာ

လဲ၊ ခေါင်းပေါင်းစ တလူလူ ပဝါစ တရွရွနဲ့.. လူကြီးသူမ တွေလာမှ ညှိသည်လား၊ ဒီအိမ်က မဟုတ်တဲ့သူဟာ ညှိသည်ပေါ့ မြေရဲ့၊ သူစိမ်းချည်းပဲဟာ.. သူငယ်ချင်း ဖြစ်ဖြစ် ဘာဖြစ်ဖြစ်.. မြင်လို့ ဘယ်ကောင်းမလဲ.. တော် စမ်းပါ ထိုင်စမ်းပါမြေရာ.. နေဖြင့် မကောင်းဘဲနဲ့.. "

ပုံ နင်းကန်ဟောက်သဖြင့် မနေတတ်သလို မျက်နှာငယ်လုပ်ကာ ကော်ဖီမှုန့်ဘူး ယူချ၊ သကြားပုလင်း ယူချလုပ်နေသော မြေကို တစ်ဆက်ထဲ တားမြစ်ရင်း ပုံက ရယ်ချင်လာကာ ပြုံးမိပါသည်။ မျက်နှာလိုမျက်နှာရ လုပ်ပြနေလိုက်တာ လူကဖြင့် နေမကောင်းဘဲ။

ပုံ ပြုံးလာသဖြင့် မြေက နည်းနည်းကြည်လင် လာနိုင်သည်။

"အဲလို ပြုံးပြုံးရယ်ရယ် နေပါပုံရယ်... ပုံဒေါသဖြစ်နေတော့ ကိုယ်ကြောက်တာပေါ့.. "

"ဟင်း.. သူကျပြန်တော့လည်း လူတကာ မျက်နှာရိပ် မျက်နှာကဲကြည့် အရေးလုပ်နေဖို့ချည်းပဲ၊ ဟိုတစ်ယောက်ကျတော့ ဘယ်သူ့ မျက်နှာရိပ်မှ မကြည့်တာ ကမ်းကုန်နေတယ်၊ ဘယ်လိုများ ပေါင်းမိ တွဲမိနေတယ် မသိဘူး.. မေးပါရစေဦး မြေရယ်...မြေကရွှေကြာ့ကို ကျော်စွာလေးနဲ့ တော်တော်သဘောတူသလား.. "

"သဘောတူရအောင် ကိုယ်က သူတို့မိဘမှ မဟုတ်တာ"





"ဒါဖြင့်... "

"ရွှေကြာက ချစ်တယ်မဟုတ်လား၊ ရွှေကြာချစ်တဲ့ သူနဲ့တော့ ရစေချင်တာပေါ့၊ ရွှေကြာ့ကို စိတ်ချမ်းသာစေချင်တာပါ ပုံရယ်... ဒါကြောင့် ကူညီခဲ့တာပါ.. "

"မြေက သူ့ကို စိတ်ချမ်းသာစေချင်သလို သူကကော မြေကို စိတ်ချမ်းသာစေရဲ့လား မြေ ခုပဲ သူ့အမေက တစ်ကြိမ်လေသံပျော့နဲ့ကြိမ်းပြီးပြီ၊ နောက်တစ်ကြိမ်ကျ ဆူပူ ကြိမ်းမောင်းမှာပေါ့.. "

"ကြိမ်းချင်လည်း ကြိမ်းပါစေတော့ ပုံရယ်... ကိုယ်က ရွှေကြာ့သူငယ်ချင်း မဟုတ်လား၊ အန်တီကြူ့ သူငယ်ချင်း မဟုတ်ဘူးလေ... "

"အော်... ကူညီရတာကိုပဲ မြေက စိတ်ချမ်းသာ ကျေနပ်နေတာပေါ့.. "

ပုံက ရွဲ့တဲ့တဲ့ ငေါ်တော့တော့ မေးပေမဲ့ မြေက အရိုးခံပင်။

"ဒါပေါ့ပုံရယ်... ကိုယ် ကူညီပေးလို့ သူပျော်တော့ ကိုယ်ပါ ပျော်ရတာပေါ့.. "

ပုံသည် အောင့်အည်း မထားနိုင်တော့ဘဲ...

"တခြားတစ်ယောက် အပေါ်မှာ အဲသလောက် ဘက်လိုက် ခင်မင်ပျော်ဝင်နေတဲ့ သူတစ်ယောက်ကို ပုံ ဘယ်တုန်းကမှ အပေါင်းအသင်း မလုပ်ခဲ့ဖူးဘူး.. "

ကြိတ်မနိုင်ခဲမရနှင့် ရင်ထဲက အကြိတ်အခဲကို ဖွင့်ပစ်လိုက်သည်။ ဒါအမှန်ပင်။ ပွဲသူငယ်ချင်းများသည် ပွဲကိုသာ အခင်ဆုံး ဖြစ်နေတတ်ကြတာ ပွဲသက်တမ်းတစ်လျှောက်ရဲ့ အစဉ်အလာပင်။

"ဟာ... မဟုတ်ဘူး ပုံ၊ ရွှေကြာ့အပေါ်တင် အဲသလို တစ်ဖက်တည်း ဘက်လိုက်နေတာ မဟုတ်ဘူး၊ ပုံနဲ့... ခုမှ စသိကြပေမဲ့ ပွဲကို... ပွဲကိုလည်း... ကိုယ်မညာပါဘူး ပုံရယ်... ပွဲမှာ ကူညီစရာရယ်လို့ ဘာမှ အထင်အရှား မရှိမနေသေးလို့ သက်သေမပြနိုင်တာဘဲ ရှိပါတယ်..."

ပုံက ခေါင်းညိတ်လိုက်ရပါသည်။

လောဘကြီးလွန်းတယ်၊ အတ္တများလွန်းတယ်၊ တစ်ကိုယ်ကောင်းဆန်တယ်၊ ဘယ်လိုပဲ စွပ်စွဲစွပ်စွဲ ပုံက ခံမှာပင်။ ပုံလိုချင်တာဟာ ရွှေကြာနှင့် တန်းတူထားပေးမည့် အရေးထားဦးစားပေးမှု မဟုတ်။ ပုံလိုချင်တာ နံပါတ်တစ် အရေးပါမှု နံပါတ်တစ်ဦးစားပေးမှု။ လူတိုင်းဆီက လိုချင်တာတော့ မဟုတ်ပါ။ မြေ့ဆီကပါ။ ပုံသည် မြေနှင့်နှစ်ဝက်ကာလမျှ ခင်မင်ရချိန်တွင် ဆယ့်ငါးနှစ်ကျော် ခင်မင်ခဲ့ပြီးသော ရွှေကြာ့ထက်ပိုသည့် ပေးဆပ်မှုကို လိုလားမျှော်လင့်နေသည်မှာ အဘယ်မျှ ရူးလိုက်သနည်း။

ကိုယ့်ရဲ့ခရီးဖော် လက်တွဲဖော် ချစ်သူတစ်ယောက်နှင့်ယှဉ်လျှင် သူငယ်ချင်းဆိုတာက ပိုးနောက်ဖက်မှာ ကျန်ရစ်ခဲ့ရမှာပင်။ ဒါဟာ သူငယ်ချင်းကို သစ္စာဖေါက်ကာ ချန်ရစ်ခဲ့တာ



လည်းမဟုတ်။ အလိုလိုဖြစ်ရမည့် ဓမ္မတာသာ။ သူငယ်ချင်းနှင့်က ဘဝခရီးတစ်လျှောက်လုံး တစ်မိုးအောက်ထဲ လက်တွဲရင်ဆိုင် ရပ်ဘည်လို့ ရတာမဟုတ်။ ဘဝအတွက် နောက်ဆုံးမှာ အရေးအပါဆုံးဟာ ဘဝခရီးလက်တွဲဖော်ပဲ မဟုတ်လား။ သူနှင့်သာ တစ်သက်တာပတ်လုံး လက်တွဲရှုန်းကန် ရင်ဆိုင်ဖြတ်သန်းရမှာ။ တစ်ဦးအနစ်နာ တစ်ဦးခံရမှာ။ တစ်ဦးကောင်းမွေ တစ်ဦးဆိုးမွေကို ကျန်တစ်ဦးက ကျုံးရုံးခံရမှာ။

ကိုယ့်ဖက်မှ ဤသို့ နှစ်ကိုယ့်တစ်စိတ် သဘောထားနိုင်ချိန်တွင် တစ်ဖက်မှ ကိုယ့်ရဲ့ ခရီးဖော်က နှစ်ကိုယ့်သုံးစိတ်လုပ်ကာ ငယ်ငယ်က သူငယ်ချင်းကိုပါကိုယ်နှင့်မျှကာ အရေးပေးနေလျှင်၊ ကိုယ်နှင့်မျှကာ အနစ်နာခံနေလျှင် ကိုယ့်အတွက် ဘယ်လောက် ဆုံးရှုံးလိုက်ပါသနည်း။ ကြေကွဲစရာ ကောင်းလှမည်ဟု ပုံထင်သည်။

မြေ့ကို ချစ်မြတ်နိုးနေမိပြီဖြစ်သော ပုံသည် မြေနှင့်လက်တွဲခွင့် ရခဲ့လျှင် ဤသို့ နာကျည်းစရာတွေ ဖြစ်လာလိမ့်မည်ဟု ယုံနေမိသည်။ မြေ့ကို ပုံချစ်သည်။ ပုံ့ဘဝ၌ သူတစ်ဦးတည်းကိုသာ အနွံတာခံကာ တန်ဖိုးထားမှာ ဖြစ်သလို သူ့ဘဝ၌ ပုံတစ်ဦးတည်းကိုသာ ဤသို့ အနွံတာ ခံစေချင်သည်။ တန်ဖိုးထားစေချင်သည်။ သို့သော်ရဖို့သေချာပါရဲ့လား။ ကိုယ်ပေးသလောက် ပြန်မရဘဲ တစ်ဝက်လောက်သာ ပြန်ရသည်ဆိုလျှင် ကိုယ့်အချစ်အတွက် ဝမ်းနည်း နာမြောစရာပင်။

ပုံသည် မြွေကို ရွှေကြာနှင့် ဘယ်တုန်းကမှ မရိုးမသား မထင်ခဲ့ဘူး။ ရွှေကြာ့အပေါ် မြွေ ရိုးသားတာကို ပုံယုံကြည်သည်။ သို့သော် ရိုးသားစွာ ခင်မင်မှု တစ်ခုအတွက် ပုံချစ်သူကို တစ်ဝက် ခွဲမပေးနိုင်။ ပုံသည် မြွေနှင့် ချစ်ခင်စွဲမြဲ ဖြစ်ကြမည်ဆိုပါစို့။ ပုံသည် မြွေရဲ့အချိန်၊ မြွေရဲ့စိတ်ဝင်စားမှု၊ မြွေရဲ့အလိုလိုက်မှု၊ မြွေရဲ့သိတတ်မှု၊ မြွေရဲ့အနွံတာခံမှု၊ မြွေရဲ့အားထုတ်ကြိုးပမ်းစွမ်းဆောင်နိုင်သမျှ စွမ်းအား အားလုံးကို အပြည့်မရနိုင်ဘဲ ရွှေကြာနှင့် တစ်ဝက်စီ ခွဲ၍ ပိုင်ရလိမ့်မည်ဟု ထင်သည်။ ပုံ အပြည့်အဝ ပိုင်ရမည်မှာ မြွေရဲ့ ကိုယ်ခန္ဓာတစ်ခုကိုပင်။

ဤသည်ကို မျှော်မြင် ကြိုတွေးနိုင်ပါလျက် မြွေကို ပုံဘာကြောင့် ချစ်ခဲ့မိပါလိမ့်။ မြွေကို ပုံချစ်သည်။ အင်မတန်မှချစ်သည်။ ချစ်ရပြီဆိုလျှင် ပုံသည် အခွင့်အရေးရှိသမျှ အားလုံးရရမှ။ အကုန်မရလျှင် ဘာကိုမှ ပုံမယူချင်။ တစ်ဝက်ရရ တစ်စိတ်ရရ သဘောမျိုးနှင့် ပုံက စွန့်လွှတ်ခြင်းကြီးစွာ မချစ်နိုင်။ ပုံ့ဖက်ကလည်း အပြည့်အစ ပေးဆပ်မှာမို့ ပုံ့တစ်ယောက်ကိုသာ အပြည့်အဝ ပေးဆပ်လိုသူနှင့် ပုံ ကြုံတွေ့လိုသည်။

ခုတော့...

မြွေဘက်မှ ဘာမှ မလှုပ်ရှား မဖွင့်ဟ။ အရိပ်အယောင်မပြသေးသော်လည်း ပုံ့အနေနှင့်ကတော့ မတွေးပဲ မနေနိုင်။ ကြိုတွေးထားမိပြီ။ ပုံက မြွေကိုမှ ချစ်နေပြီ။ သိပ်ကိုချစ်နေပြီ။ ချစ်မိခြင်းအပေါ်၌ ငြိမ်းပမ်းတနည်း နိုင်လှစွာကို ချစ်နေပြီ။



မြွေရင်ထဲက မြွေနံဘေးက ရွှေကြာ့ကို ပုံ မည်သို့မျှ ဆွဲခွာ ဖယ်ထုတ်ပစ်လို့လည်း ရမှာမဟုတ်။ ထို့အတွက် မြွေကိုသာ ကိုယ့်နံဘေးမှ ဖယ်ထုတ်ပစ်ရမည်ဆိုလျှင်လည်း မဖြစ်နိုင်ပြန်ပါ။ ပုံ ရှုံးရလိမ့်မည်ထင်ပါရဲ့။

အချစ်ဆိုသည်မှာ...

သဘောထားကြီးစွာ မျှတ ဝေငှရမည့် အရာမဟုတ်။

သဝန်တိုခြင်းကင်းသော အချစ်ကိုလည်း သူမ မယုံကြည်။

မိမိက ပေးသလောက် ပြန်မရလျှင်မူ ခံပြင်းစရာတည်း။

# ၆

ညဖက်မှာ ပုံ မြေ့ဆီတစ်ခေါက် ဖုန်းခေါ် ရသည်။ ယ်လီဖုန်းအိမ်က အိမ်ရှင်ကိုတော့ ခေါင်းကိုက်နေရင်တော့ မပေးပါနဲ့ သက်လုံးပုံဆက်တယ်လို့သာ ပြောပေးပါဟု မှာ ာ်သော်လည်း မြေ့က ဖုန်းလာကိုင်ပါသည်။

"မြေ့... သက်သာရဲ့လား.. "

"သက်သာနေပြီ ပုံ... နေ့လည်ကတည်းက အနယ်လ် ဂျက်ဆင် သောက်ထားလို့ထင်တယ်... "

"ဟင်... မြေ့ ဆရာဝန်မပြဘူးပေါ့.. "

"ဆရာဝန်တော့ ပြပါတယ်... ပုံကပြဆိုတော့ သွားတော့ ပြတယ်လေ... ဒါပေမဲ့ ဆရာဝန်ဆီ သွားတဲ့အချိန်မှာ... ခေါင်းကိုက်က ပျောက်နေပြီပုံရဲ့... ဆရာဝန်ကလည်း ဘာဆေးမှ ထပ်မပေးလိုက်ဘူး... "

"တခြား ဘာပြောသေးလဲ... "

"ကိုယ်လက်လှုပ်ရှား နည်းတယ်ထင်တယ်တဲ့... သွေး လှည့်ပတ်မှု ကောင်းရင် သာမန်ခေါင်းအုံ့ ခေါင်းကိုက်က

ဖြစ်ခဲ့ပါတယ်တဲ့... အဲဒါ.. အခု ဆောင်းတွင်းလည်း
တော့ ကိုယ့်ကို မနက်စောစော ထပြေးဖို့ပဲ အကြံ
လိုက်တယ်... "

"ကောင်းတာပေါ့.. မြေ.. ဟုတ်တယ်၊ မနက်စော
ထပြေးရင်... လူရောစိတ်ပါ လန်းဆန်းမှာပဲ... မြေ
ဖြစ်အောင်ပြေးနော်... "

"အင်းလေ... ပြေးပါ့မယ်၊ ဒါပေမဲ့ တစ်ခါမှ အဲ
ထမပြေးဘူးတော့ ခပ်ဖျင်းဖျင်းပဲ... ပြီးတော့ မနက်
ရီလောက် ကိုယ်က နိုးတာမဟုတ်ဘူး... "

"မနိုးရင် နှိုးစက်ပေးပေါ့... "

"ထထွက်ရမှာဖျင်းနေမှာပဲ၊ အင်းလေ... တစ်ရက်တ
တော့ ပြေးကြည့်တာပေါ့... "

"ဘာ တစ်ရက်တလေလဲ မြေရဲ့၊ တစ်ရက်ပြေး
သွေးလှည့်ပတ်မှုက တစ်သက်လုံး ကောင်းသွားပါ့မ
နေ့တိုင်းပြေးပါ.. "

မြေက ရယ်မောနေသည်။

"ပုံလည်း ပြေးမယ်... "

"ဟင်... ပုံလည်းပြေးမယ်... "

"ဟုတ်တယ်... မြေပြေးဖြစ်အောင်ပုံလည်း လိုက်ပြေး
ဒီလိုလုပ်... မြေက စမ်းချောင်းဖက်ကနေ ဦးဝိစာရ
ဖက်ထွက်ခဲ့၊ ပုံက အင်းလျားလမ်းကနေ ဦးဝိစာရလ



ထွက်ခဲ့မယ်၊ ချင်းတွင်းလမ်းထိပ်မှာ ငါးနာရီခွဲ နေ့တိုင်းဆုံမယ်... အတူဆုံရင် ဦးဝိစာရလမ်းအတိုင်း ဘုရားဘက်ကို ပြေးမယ်၊ ဦးဝိစာရကျောက်တိုင်ကိုပတ်ပြီး ပြန်ပြေးလာမယ်၊ နီးနီးကလေးပဲ... ချင်းတွင်းလမ်းထိပ်ရောက်ရင် လမ်းခွဲကြမယ်... "

"ပုံရယ်... "

မြေ့ရဲ့ တိုးတိတ်ညည်းညူသံမှာ လှိုက်လှဲနေသည်။

"မြေ မပြေးချင်လို့ မလာရင်... ငါးနာရီခွဲမှာ ဦးဝိစာရလမ်းနဲ့ ချင်းတွင်းလမ်းထောင့်မှာ ပုံတစ်ယောက်တည်း ယောင်လည်လည် ဖြစ်နေရုံပဲ... "

"ကိုယ်ရောက်ပါ့မယ် ပုံရယ်၊ ကိုယ်ပြေးပါ့မယ်... "

"အရင်ရောက်တဲ့လူ စောင့်ကြေးနော်... "

"ကိုယ် အမြဲစောင့်နေပါ့မယ် ပုံ... "

ပုံ့ရင်ထဲ တသိမ့်သိမ့် လှိုက်လှဲကာ ကြည်နူးပီတိနှင့် သိမ့် ရင်ခုန်ရသည့် ဤခဏ၌ မြေ့ရင်ထဲမှာလည်း ငြိမ်သက်နေ မည်ဟု ပုံမထင်ပါ။ မြေလည်း ပုံ့လို ရင်ခုန်မှာမလွဲ။ သို့သော် ည်း မြေသည် မျိုသိပ်နိုင်လှသူတည်း။ ထို့ထက်ပို၍ ဘာမှ ထူး ဆန်းကြယ်စွာ မြေ မပြောတတ်တော့ပြီလား။

ထိုမှစ၍ နံနက်တိုင်းတွင်တော့ မြေနှင့်ပုံသည် းဆိုသည့်အတိုင်း ချင်းတွင်းလမ်းနှင့် ဦးဝိစာရလမ်းထောင့်၌ ၍ နှစ်ယောက်အတူ ပြေးကြမြဲတည်း။ အေးလှသည့် ဇန်နဝါရီ

လ၏ နံနက်စောပိုင်းတွင် ဘောင်းဘီ ဖိနပ် ခြေအိတ် လက်...
အစုံအလင်နှင့် တစ်ခါတစ်ရံ သိုးမွေးဦးထုပ်ကလေးပါ ဆော...
မြေနှင့်အတူ ချမ်းစိမ့်အေးမြစွာ ပြေးရသည်ကို ပုံ့စိတ်ထဲ၌...
သည်ရယ်လို့ မထင်။ ပင်ပန်းသည်ရယ်လို့ မထင်။

မြေလည်း ထို့အတူဆိုတာ တစ်ဦးရင်ထဲ ...
ထွင်းဖေါက်မြင်နိုင်သည်။ ပုံသည် စိတ်ပုပ်တယ်ပဲ ဆို...
ရွှေကြာမပါဘဲ သူတို့နှစ်ယောက်တည်း ဆုံရသည့် ဤနံန...
များကို ကြည်နူးမြတ်နိုးစိတ် ပျံ့မိနေသည်။ ရွှေကြာမပါ...
မြေနှင့် သက်ဆိုင်သူ မြေအနီးဆုံးက လူမှာ ကိုယ်ပဲဟု ...
သတ်မှတ် စိတ်ချမ်းသာနိုင်သည်။

နှီးစက်နှင့် နှီးထပြီး အမြန်ဆုံး မျက်နှာ...
အဝတ်လဲကာ ကော်ဖီပူ တစ်ခွက်ကို တဖူးဖူးမှုတ်သော...
စတင်အပြေး ထွက်လာလျှင် မြေရောက်နေပြီ ထင်ပါရဲ့ဟု...
အတွေးနှင့် လူသည် အမြဲစိတ်စော တက်ကြွကာ လတ်ဆတ်...
သည်။ မြေကလည်း အမြဲ ကြိုစောင့်နှင့်တတ်မြဲ။ ပုံက ...
ရောက်ပြီး စောင့်ရသည်ရယ်လို့ တစ်မနက်မှ မကြုံခဲ့ရပါ။ ...
လှမ်းလှမ်းမှာ သွေးအေးမသွားအောင် လက်ခါခါနှင့် တ...
ခုန်ပေါက် မျှော်စောင့်နေသော မြေကိုမြင်လျှင် အရှိန်ကိုမြှင့်...
အပြုံးတစ်ထွေးကြီးနှင့် အရောက်ပြေးသွားမိသည်။

နှစ်ယောက်ဆုံတိုင်း စိတ်ကြည်နူးစွာ အပြုံ...
ဖလှယ်ကာ ရင်ပေါင်တန်း ပြေးကြသည်။ မြေ နှုတ်ခမ်း...





...အနွေးငွေ့ ဖြူဖြူက အမြဲတထောင်းထောင်း ထွက်နေ
...၊ ပုံချစ်လှပါသည်။

"မြေက ကိုယ်တွင်းမှာ အပူများတဲ့သူ... တွေ့လား၊ ဒါ
ကြောင့် အငွေ့အများကြီး ထွက်တာ၊ ပုံက အပူမရှိဘူး...
အငွေ့နည်းနည်းပဲ ထွက်တာတွေ့လား မြေ..."

"ဆိုလိုတာက ပုံက အပူပင်ကင်းတယ်ပေါ့..."

"ဟုတ်မှာပေါ့..."

မြေသည် အပူအပင်ကင်းပါသည်ရယ်လို့ ကြွဖန်
...ယုံချင်နေသော ပုံ့ကို မြတ်နိုးလှသည်သာတည်း။ သူ၌ အပူ
...ကင်းဘူးလို့ ဆိုချင်လည်း ဆိုကြပါစို့။ သူ့ဇစ်မြစ်မှန်ကို ပုံ
...သွားသည့် တစ်နေ့မှာ ပုံဟာသူ့ကို ဤသို့ နွေးထွေး သံယောဇဉ်
...ဦးမှာလားဆိုတာ သူမတွေးရဲပါ။ ဤအပူသည် အပူတကာ
... အပူဆုံးဟုပင် သူကထင်လိုက်ချင်ပြီ။ သူ့ဘဝ တစ်သက်၌
...ပိုးရိပ် ပူပန်နေရခြင်းမျိုး ဘာကိစ္စနှင့်မျှ သူ မကြုံဖူးခဲ့ပါ။

မရည်ရွယ်ပဲ ပုံ့ကို သူ မေတ္တာသက်ဝင် မြတ်နိုး
...ငံမိသွားတာကို တွေးလိုက်လျှင် စိတ်ချမ်းသာတစ်ဝက်နှင့်
...က်ဆင်းရဲမိသည်။ ပုံနှင့်သူကား ကွာခြားဝေးလှမ်းလှသည်ဟု
...င်သည်။ ပုံ့ဖေဖေက ကုမ္ပဏီပိုင်ရှင်၊ သူ့မေမေက ဝန်ထမ်း
...ခြားပါလျှက်နှင့်ပင် ပေါင်းဆုံသွားရသည်ကို တွေးမိပြန်လျှင်
...က်နှာပူသလိုလိုပင်။ လင်ပါသမီးနှင့် မယားပါသားတို့ ဖူးစာ
...ပါ့မလား။ အမေက သူဌေးကြီးကိုယူ သားက သူဌေးကြီး

သမီးကို ယူဆိုလျှင် လူရယ်စရာ ဖြစ်နေလိမ့်တော့မည်ဟု ထင်သည်။

သူ့အပေါ် ကောင်းမွန်ခဲ့သော ကောင်းနေသော ဦးကျော်သက်၌ စိတ်ကွက်စရာများ ဖြစ်သွားမလား။ ကလေးဆန်ဆန် ရှူးရှူးမိုက်မိုက် ချစ်နေပါဦး အဖေဖြစ်သူ သဘောတူနိုင်မှာတဲ့လား။ သူကိုယ်တိုင်မှာ အနိမ့်ပိုင်း လူ တန်းစား မိန်းမကို ယူထားနိုင်သော်လည်း သူ့သမီးကိုတော့ လူတန်းစား လူရှုယ်နှင့် ကျေနပ်နိုင်ပါ့မလား။

ဤအတွေးတို့က ထာဝစဉ် သူ့ကို မီးမြှင်းတို နေသည်။ မဝေးနိုင်တော့သည့် ကာလတစ်ခုတွင်တော့ ပုံသိ တော့မည်ဆိုတာ သူတွေးပြီးသား။ ထို့ကြောင့် သူ့မှာပျော် တိုင်းကိုပင်လျှင် အပြည့်အဝ မပျော်နိုင်ချေ။ ပုံနှင့်အတူ တော ထပြေးနေရသော ဤမနက်ခင်းများဟာတော့ သူ့ဘဝ တစ် တာ ကြုံဖူးသမျှ မနက်ခင်းများတွင် အသာယာဆုံး၊ အလန်း ဆုံး၊ အလှပဆုံးနှင့် အဓိပ္ပါယ် အပြည့်ဝဆုံး နံနက်ခင်းများတ မသဲမကွဲ လင်းရောင်ခြည်ဦးသာ ရှိသေးသော အချိန်ပိုင်းတို နံဘေးမှ ယှဉ်ပါလာသူကလေးသည် မြွေဘဝ၏ ပထမဆုံး သူ့။ ဘေးကို လက်တစ်ဖက် ဆန့်ထုတ်လိုက်ရုံနှင့် ပခုန်းကလေ ဖက်လိုက်မိနိုင်သည် ဖြစ်သော်လည်း လူရိုးကလေးသည် အတွေးနှင့် ကျူးကျော်မိသည်ကိုပင် ရှက်မြကာည်း။

အရင့်အလျင် အချိန်များကထက်တော့ သူ



ရင်း နီးမှု ပိုလာတာအမှန်ပင်။ သို့သော် မြေသည် ပုံ့ကို မထိတို့ ရက်ဘဲ ရှိဆဲတည်း။ စကားပြောကာ ရယ်ကာ မောကာနှင့်ပင် သူ့မှာ ရင်ခုန်ပီတိ ဖြစ်နေရပါသည်။ ထိုလမ်းတစ်လျှောက်၌ ပြေး နေကြ သူတွေမှာလည်း မနည်းပါ။ ဒီကြားထဲမှာ စက်ဘီးသမား ကိတ်သမားတွေကလည်း ရှိတတ်ပါသေးသည်။ ရယ်မော ဟာသ ဖြစ်ရသော အကွက်မျိုးတွေ့လျှင်တော့ မြေက ဟာသ သမား ရွှေကြာ့ကို သတိရပြန်ပါသည်။

"ရွှေကြာကတော့ အိပ်ပုပ်ကြီးနေမှာပဲ... ကျောင်းမရှိတဲ့ နေ့ဆို ကိုးနာရီ ကိုးနာရီခွဲအထိ အိပ်ရာက ထချင်တာ မဟုတ်ဘူး... "

"ဘာလဲ... သူ့ရွှေကြာကို ပါစေချင်ပြန်တယ် မဟုတ်လား မြေ... "

ပုံ့စကားကြောင့် ခေါင်းကုတ်မိရင်း...

"မဟုတ်ပါဘူး... သူအအိပ်ကြီးတာနဲ့လည်း မဖြစ်ပါဘူး.."

ပုံက သိပ်မကျေနပ်လှသော်လည်း...

"ပုံ ခေါ်ပြီးပါပြီနော်... "

"ရွှေကြာ့ကိုခေါ်တယ်... ဟုတ်လား.. "

"အင်းလေ... မြေက ဘာလို့မပြောဘဲ လျှို့ဝှက်ထားရတာ လဲ... ဘာလျှို့ဝှက်ထားစရာလိုလဲ.. "

"လျှို့ဝှက်ထားတာ မဟုတ်ပါဘူးပုံရယ်၊ ကိုယ်က ပုံနဲ့ပဲ ပြေးနေရတာလည်း ပျော်တယ်၊ သူပါလာမှာတောင် စိုးပါ

သေးတယ်၊ ဒါကြောင့် မပြောတော့တာ… သိသွားရင် သူကလိုက်ချင်လိုက်လာနေဦးမယ် မဟုတ်လား…

ဒီလိုဆိုတော့လည်း ပုံ့မှာ ကျေနပ်ရမယောင် ယောင်။

"ပုံကထု့ပြေးနေကြတာ ပြောပြလိုက်တယ်၊ ရွှေကြာလည်း လိုက်ပါလားလို့တော့ ခေါ်သေးတယ်၊ သူက ပုံတို့ အရူးတွေတဲ့၊ သူလည်း မလိုက်နိုင်ဘူးတဲ့… အိပ်ရေး ကျန်းမာတာတဲ့၊ အိပ်ရေးမျက်ပြီး တကူးတက အစောကြီး ထပြေးမှ ကျန်းမာတာ မဟုတ်ဘူးတဲ့လေ… သူ့ကိုအတင်း ခေါ်ရင်တော့ ပခုန်းတွေပေါ် တစ်ဖက်တစ်ချက် လက် သိုင်းပြီး သူက အလယ်က ဒရွတ်တိုက်နဲ့ ဝိုက်ဖြည်းပြီး လိုက်ရမှာပဲ…တဲ့…"

မြေ့မှာ မအောင့်နိုင်ဘဲ ရယ်ရလေရာ ပုံသည် လည်း အတူရောရယ်ရင်း မရှိသောရွှေကြာ့ကို မှန်းသမျက်စောင်း ရွယ်လိုက်ပါသေးသည်။

တစ်ခုသော နံနက်ခင်းတွင်တော့ ပုံသည် လမ်း ထောင့်ဆုံချုပ်မှာ တရှုရှုခုန်မနေဘဲ ဆောင့်ကြောင့်ထိုင်ကာ စောင့် နေသော မြေ့ကိုမြင်လျှင် အံ့ဩတကြီးနှင့် ခါတိုင်းထက် မြန်မြန် ကြီး ပြေးကာ ရောက်သွားရပါသည်။ လူချင်း မနီးကပ်ခင်ကပင်

"မြေ့… ဘာဖြစ်လဲဟင်…"

နှုတ်က ကြိုမေးနေမိသည်။



"ကိုယ် ခေါင်းနည်းနည်းကိုက်နေတာပုံရဲ့…"

မြေ့က ထ့ရပ်ကာ ပြေးဖို့ဟန်ပြင် တာစူကာ ပြုံး ယဲ့ယဲ့ ပြောသည်။ မြေ့အပြုံးမှာ မဝံပြင်ပါ။ ဟန်လုပ်ပြုံးနေရတာ မှန်း ပုံသိသည်။

"မြေ့… ခေါင်းသိပ်ကိုက်ရင်… ဒီနေ့မပြေးစို့နဲ့လေ…"

"ရပါတယ်… ကိုယ်ပြေးနိုင်ပါတယ်… လာ…"

ပုံသည် ခါတိုင်းထက် လျှော့ပြေးကာ မြေ့ကို လှည့် တကြည့်ကြည့် အရိပ်ကြည့်နေမိသည်။

"ဘာကြည့်နေတာလည်း ပုံရဲ့…"

"မြေ့မျက်နှာမှာ နည်းနည်း နီမြန်းနေသလားလို့… နားရွက် တို့ နှာသီးဖျားလေးတို့…"

"ဒါက အေးလို့ပါ… ဒီမှာကြည့်… နှာခေါင်းက အေးစက် နေတာ…"

မြေ့သည် အမှတ်တမဲ့ ပုံ့လက်တစ်ဖက်ကို ဆွဲယူ ကာ လက်ဖမိုးကလေးနှင့် သူ့နှာသီးဖျားကို ထိကပ်လိုက်သည်။

"အို… ဘာလုပ်တာလဲ…"

နှာသီးဖျားကလေး အေးစက်နေတာ မှန်ပါသည်။ သို့သော် ပုံ့ရင်ထဲတော့ ပူနွေးသွားခဲ့ရသည်တည်း။ မြေ့အပြုအမူ က ပုံ့လက်ဖမိုးကလေးကို နမ်းရှိုက်လိုက်သလိုပင်။ ပုံ့ထံမှ 'အို' ကနဲ အသံထွက်လာမှ မြေ့သည် မျက်နှာတစ်ပြင်လုံး တကယ့်ကို ရဲရဲနီသွားတော့တာ…

"ဟာ... "

သူဟာနှင့်သူ သဘောပေါက်ပြီး အကြီးအကျယ် အားနာ မွှန်ထူသွားပါသည်။ ပုံသည် ရင်တဒိတ်ဒိတ်ခုန်ကာ အရှိန် တိုးမြှင့် ပြေးထွက်လိုက်၏။ မြွှေမှာ ဝေ့နောကို ကြိတ်ခံကာ ပုံ့ကို အမှီပြေးလိုက်ရင်း...

"ဟို... ဟို... ဆောရီး... ၊ ဆောရီးနော်... ပုံ... ၊ ကိုယ်က လေ... နှာခေါင်းထိပ်ဖျားလေး အေးစက်နေတာ ပုံ့ကို ပြတာ... အေးနေတာသိအောင်... ဒုက္ခပဲ... တစ်မျိုးဖြစ် သွားပြီ... ဘယ်လိုမှ မထင်ပါနဲ့ ပုံရယ်... နော်... နော်... "

ပုံသည် စကားမပြန်ဘဲ ရယ်ချင်နေကာ ခေါင်းငုံ့ ဆက်ပြေးနေသည်။

"တစ်ခါတလေလေ... မနက်စောစော မျက်နှာသစ်ပြီး လက်ဖျားတွေ အေးစက်နေရင် မေမေ့လည်ပင်းတို့ ဗိုက် တို့ကို လက်အေးကြီးနဲ့ကပ်ပြီး ကိုယ်က စ,တတ်တယ် ပုံ ရဲ့၊ အဲလိုဖြစ်သွားတာ... "

ပုံသည် မြွှေစကားကြောင့် ရယ်ချင်လှသဖြင့် မျက် နှာကို တစ်ဖက်လှည့်လိုက်ရပါသည်။ မြွှေမှာတော့ တစ်ဖက်လှည့် လိုက်သော ပုံ့ကြောင့် ပိုပြီး ဖျာယာခတ်သွားရကာ...

"ပြီးတော့လေ... ငယ်ငယ်လေးတုန်းကလည်း ရေခဲခြစ် စားရင်လေ... ရေခဲခြစ်ကို နှုတ်ခမ်းနဲ့ အကြာကြီး ကပ် ထားပြီးတော့ နှုတ်ခမ်းတွေ ကျင်ထူလာတဲ့အထိ အေး



အောင် လုပ်ပြီးမှ မေမေ့ကို အလစ်မွှေးမွှေးပေးလိုက် တာ... အဲ... အဲဒါ... "

ပုံသည် မနေနိုင်တော့ဘဲ အသံထွက်အောင် ရယ် မောလိုက်မိတော့သည်။

"ဪ... ဪ... ၊ တော်သေးတာပေါ့မြွှေရယ်... ရှင် အခုလောလောဆယ် ရေခဲခြစ်စားမနေလို့ အများကြီး တော်သေးတာပေါ့နော်... ဟင်း... "

"ပုံ စိတ်ဆိုးမသွားဘူးနော်... "

"တော်ပါတော့မြွှေရယ်... ဒီထက် ဆက်ရှင်းပြနေရင် ဒီ ထက် လန့်စရာတွေ ပါလာပါဦးမယ်... သူ့အမေလည်း သူနဲ့နေရတာ ဘယ်အချိန် အလစ်လုပ်မလဲလို့ အသည်း တထိတ်ထိတ် ရင်တဖိုဖိုနဲ့ ကြောက်လန့်နေပြီးအိမ်ထောင် မြုသွားတာဖြစ်မှာပေါ့... "

ပုံ့စကားကြောင့် မြွှေမှာ မချိတရိ ရယ်လိုက်ရ သည်။ ပုံကား မြှင့်လိုက်ပြီးသော အရှိန်ကို ပြန်မလျှော့ဘဲ ပြေးမြဲ တိုင်း ဆက်ပြေးနေလေသည်။ မနည်းကြီး အားတင်းဟန်ဆယ် ကာ အမှီလိုက် တောင်းမန်နေရသော မြွှေမှာ ပုံစိတ်ပြေကာ ဇွ မယူတာ သိသိချင်းပင် အရှိန်ကို လျှော့လိုက်ရပါသည်။ မရတော့။ သူ ချာလပတ်လည် မူးနောက်ကိုက်ခဲနေသည်မှာ ရင်ထဲက တအားပျို့တက်လာသည် အထိပင်။

မြွှေသည် လမ်းအလယ် ကျွန်းလေးရဲ့ ပလက်

ဖောင်းစွန်းမှာ ထိုင်ချလိုက်ကာ ဒူးနှစ်လုံးပေါ် ခေါင်းမှောက်ချ ထားလိုက်ရသည်။ အတန်ကြာမှ အနားကို ပုံ ပြန်းခနဲ ထိုင်ချ လာသည်။

"ကြည့်စမ်း.. မြေကျန်ရစ်ခဲ့တာ မသိဘဲ ဆက်ပြေးသွား တာ... ရှေ့ရောက်သွားသေးတယ်၊ ခဏနေမှ မြေပါမလာ လို့ ပြန်လှည့်ရှာတာ... မြေ... ဘာလို့ ခေါင်းကြီး ငုံ့ထား တာလဲ... "

"ပုံ... "

"ဘာတုံး မြေ... ပုံ စိတ်မဆိုးပါဘူး... "

"မဟုတ်ဘူးပုံ... ကိုယ် ဂုဏ်အားမူးလာလို့... "

"ဟင်... "

ပုံသည် ဘေးကပ်ထိုင်ရင်း လက်ကလေးနှစ်ဖက် မြှောက်ကာချကာ ဘယ်ကို ဖိလို့ ဘယ်ကို နှိပ်ပေးရမလဲ မတွေး တတ်သလို ကယောင်ကတမ်း ဖြစ်သွားရသည်။

"မြေ... မြေ... ခုကွဲ... ကားငှားလို့ရရင် ကောင်းမှာပဲ... မြေ... ဘယ်လိုနေလဲ... လှဲနေချင်ရင် ပုံ့ပေါင်ပေါ် လှဲနေ လိုက်ရင်ကော... "

"ရတယ်... နေပစေ... "

"ဟဲတော့... မြေ... မြေ... "

ရုတ်တရက် မြေမှာ ပျို့တက်လာကာ ဘေးတစ် ဖက်ကိုလှည့်ပြီး ဝေါ့ခနဲ အန်ချလိုက်ပါသည်။ ကော်ဖီ အရောင်





ဆန်ဆန် အစာဟောင်းများကို နှစ်ချက် သုံးချက် ဆင့်ကာ ပျို့ကာ အန်နေသော မြေကို ကျောကုန်း ဖိကာဖိကာပေးရင်း ပုံသည် မျက်ရည်ပိုင်းတက်လာသည်။

"ခုကွဲပါပဲ... မြေ... မြေ... "

အဖြစ်အပျက်ကိုမြင်သော အပြေးသမား လူလတ် ရွယ်နှစ်ယောက်က ပြေးရှိန်ရပ်ကာ စူးစမ်းရပ်တန့်ရင်း..

"ဘာဖြစ်လို့လဲ... "

"နေမကောင်းလို့ပါရှင်... မူးတယ်ဆိုပြီး အန်တာပါ.. ကူ ညီပါအုံးရှင်... "

"ဆေးခန်းသွားလိုက်ပါလား.. "

တစ်ယောက်က အဆိုပြုသည်။

"ဟုတ်ကဲ့... ဟုတ်ကဲ့၊ သွားချင်ပါတယ်၊ ဒါပေမဲ့ ဒီ အချိန်ဆေးခန်းတွေ မဖွင့်သေးဘူးထင်တယ်၊ ခုကွဲပါပဲ.."

"ဒီကနေဆိုရင် မြေနီကုန်းဖက်က အနီးဆုံးပဲ... ဆေးခန်း တစ်ခုတော့သိတယ်၊ ဆရာဝန်က သူ့အိမ်အောက်ထပ်မှာ တင်ဖွင့်တာပဲ၊ ဆေးခန်းမဖွင့်သေးပေမယ့် ဆရာဝန် အဲဒီ မှာပဲ နေတော့ပြလို့ ရပါလိမ့်မယ်.. "

"ကျေးဇူးပါပဲရှင်... ကူပေးပါအုံးနော်... "

ထိုလူနှစ်ယောက်၏ အတွဲအကူနှင့် ဗိဇယဒေါင့် နား ပြန်လျှောက်လာပြီးလျှင် ကားတစ်စီး ငှားလို့ ရသွားပါသည်။ ကူညီရန် ဝန်မလေးသော ကျေးဇူးတင်ဖွယ် ထိုလူနှစ်ယောက်

ကြောင့် အားလုံးတူတူ ဆေးခန်းရောက်လာကြပါသည်။ ပုံ့မှာ ဘောင်းဘီနောက်အိတ်ထဲ ပိုက်ဆံအိတ်ပါးပါးကလေး ထည့်ယူလာမိသဖြင့် တော်ပါသေးသည်။ ဆရာဝန်ကို တကူးတကတော့ နှိုးမယူရတော့ပါ။ ခြောက်နာရီလောက် ရှိပြီမို့ အလွယ်တကူ ပြလို့ရသွားပါသည်။

ဆရာဝန်က သွေးချိန် စမ်းသပ်ကြည့်ကာ...

"ပရက်ရှာလဲ မဆိုးပါဘူး၊ ပရက်ရှာတက်လို့ ဒါမှမဟုတ် ကျလို့ ဖြစ်တာမျိုးတော့ မဟုတ်ဘူး၊ အန်လဲအန်တယ်ဆိုတော့ အစာမကြေတာပဲ ဖြစ်ပါလိမ့်မယ်၊ ဗိုက်ထဲလည်း ဘာမှရောင်တာ ရမ်းတာ မတွေ့ဘူး၊ အန်တော့ ဘာပါလဲ..."

"ဒီမနက် ကော်ဖီနဲ့ပေါင်မုန့် စားထားတာပဲ ပြန်အန်တာပါဆရာ၊ ညကစားတဲ့ ထမင်းလည်း ပါတယ်ထင်တယ်၊ ထမင်းစေ့ အဟောင်းလိုမျိုးလည်း အန်ပါတယ်..."

"အစာမကြေတာပဲ ဖြစ်မယ်ထင်ပါတယ်... လောလောဆယ် အမူးပြေအောင် ဘီစစ်စ်ကို အိုင်ဗီထဲ့ပေးလိုက်မယ်၊ ဆေးသောက်စရာလည်း မလိုပါဘူး၊ အစာကြေဖို့တော့ ဗိုင်ဂျင်းလေးသောက်ပေးရင် ဖြစ်တယ်... ဘာအလုပ်လုပ်လဲ... ကျောင်းသားလား..."

"ကွန်ပျူတာ ကုမ္ပဏီမှာ လုပ်ပါတယ်..."

ပုံက ဝင်ဖြေပေးသည်။



"ကွန်ပျူတာတွေ တစ်ချိန်လုံး ကြည့်ရသလား..."

"နည်းနည်းပါပဲဆရာ..."

"စာဖတ်များလား..."

"စာတော့ ညတိုင်းဖတ်ပါတယ်၊ သိပ်တော့ အလွန်အကျွံ မဖတ်ပါဘူး..."

"စဉ်းစားကြည့်တာလေ... မူးတယ်... အန်တယ်ဆိုတော့ တစ်ခါတစ်ခါ မျက်စေ့ကြောင့်လည်း ဖြစ်ရင်ဖြစ်တတ်တယ်... နောက်... စပွန်ဒလိုးစစ်စ်ခေါ်တဲ့ လည်ပင်းအကြောညပ်တာတို့ ဘာတို့... ဒါလည်း ဟုတ်မယ်တော့ မထင်ဘူး၊ ဖက်ခိုင်တာ တစ်ဖက်လှည့်ရင်နာတာ စသဖြင့် ရှိလား..."

"မရှိပါဘူးဆရာ..."

"အင်း... ထင်တာတော့ သာမန်အစာမကြေတာပဲ ထင်ပါတယ်၊ ဒါပေမဲ့ မကြာခင် မျက်စေ့လည်း စစ်စေချင်တယ်... စစ်ကြည့်တာ မမှားဘူးပေါ့၊ တစ်ခါတလေ ကိုယ်က သိသိသာသာ မမှန်ပေမယ့် မျက်မှန်တပ်ဖို့ ပါဝါတွေ ဘာတွေ ရှိရင်ရှိနေမယ်..."

"ကျွန်တော်... မျက်စေ့မှုန်သလိုလိုတော့ တစ်ခါတစ်ခါ ခံစားရတယ်ဆရာ၊ ဒါပေမဲ့ အမြဲလည်း မမှုန်ပါဘူး၊ တစ်ချက်တစ်ချက်သာ မျက်စေ့ဝေသလိုလို ဖြစ်တတ်ပါတယ်"

"ဒါဖြင့် မျက်စေ့စစ်ကြည့်ပါ..."

ဟောလောဆယ်တွင် ဘီစစ်ကို အကြောထဲ ထိုးသဖြင့် အောင်မြေမှာ တစ်ခဏအကြာ၌ သက်သာသလို ရှိလာပါသည်။ ပုံသည် အနည်းငယ် ထူထူမတ်မတ်ဖြစ်လာသော မြေကိုမြင်မှ စိတ်သက်သာရာရကာ ဆရာဝန်ထံ ကျသင့်ငွေချေရင်း...

"သူက အမြဲတော့ ခေါင်းကိုက်တတ်တယ် ဆရာ... "

"ဒါဖြင့် မျက်စေ့ဖြစ်ဖို့ များပါလိမ့်မယ်ထင်တယ်၊ ခေါင်းကိုက်တာကလည်း အလုပ်ပင်ပန်းတာ စိတ်ပင်ပန်းတာ ခေါင်းရှုပ်တာ စသဖြင့် တဲန်ရှင်းကြောင့် ဖြစ်တတ်တာလည်း ရှိပါတယ်... "

ခုချိန်ထိ အခန်းပြင်မှာ ထိုင်စောင့်ပေးနေကြသဲ ကူညီသူနှစ်ယောက်ကို လိုက်လှဲ့စွာ ကျေးဇူးစကားဆိုကာ မုန့်လိုက်စားဖို့ ဖိတ်ခေါ်ပါသေးသည်။ မြေလမ်းလျှောက်နိုင်နေတာမို့ ထိုလူ နှစ်ယောက်က မုန့်စားဖို့ ငြင်းကာ သူတို့ဘာသာ လမ်းခွဲထွက်သွားကြပါသည်။

"ပုံလည်း ပြန်တော့နော်... "

"အိမ်ပို့ပေးမယ်လေ... "

"ပုံတစ်ယောက်တည်းပါလာတာ တိုက်ကလူတွေ ဘစ်မျိုးမဖြစ်စေချင်လို့ပါ ပုံ... ကိုယ်နေကောင်းပါတယ်... "

"ဒါဖြင့်... မြေကားငှားပြန်နော်... "

"ပုံလည်း ကားငှားပြန်လိုက်နော်... "





"အင်း... မြေ မျက်စေ့သွားစစ်အုံး၊ ဆရာဝန်ပြအုံး... "

"ပြပါ့မယ်... "

"မြေကို ပြေးနိုင်းတဲ့ ဆရာဝန်က ဘယ်သူလဲ... "

"ဘေးအိမ်က ဆရာဝန်... ရိုးရိုးဆရာဝန်ပဲ... "

"ရိုးရိုးဆရာဝန်မို့ အထင်သေးတာတော့ မဟုတ်ပါဘူး မြေရယ်၊ ဒါပေမဲ့ ရောဂါရှာဖွေတဲ့ဖက်က သမားတော် တစ်ယောက်ယောက်နဲ့ပြပြီး တစ်ကိုယ်လုံးလိုတာ စစ်ဆေးကြည့်ရင်တော့ ကောင်းမယ်ထင်တယ်၊ မြေ ပေါ့ပေါ့ဆဆ မနေနဲ့... "

"အင်းပါ... မပေါ့ဆပါဘူး... ပုံ့ကိုလည်း ပြောရအုံးမယ်... "

"ဘာပြောမှာလဲ... "

"ပုံ... မနက်ဖြန်ကစပြီး မပြေးနဲ့တော့နော်... ပုံစာမေးပွဲနီးနေပြီ... မနက်စောစောထရင် စာပဲကျက်တော့... တော်တော်နီးနေပြီ မဟုတ်လား... "

"ပုံ စာကျက်ပါတယ်... မြေတစ်ယောက်တည်း ပြေးနေရင် ဒီနေ့လိုဖြစ်ရင် ဘယ်လိုလုပ်မလဲ... "

"နေကောင်းမှ ကိုယ်ထ,ပြေးမယ်၊ နေမကောင်းရင် မပြေးဘူး၊ တစ်ခုခုဆိုလည်း ဒီနေ့လိုပဲ ကူညီမယ့်သူ ရှိမှာပါ... "

"အော်... ဒီလိုတော့ ကံကိုယုံပြီး ဆူးပုံနင်းလို့ ဘယ်ရမလဲ မြေရဲ့... "

"အင်းပါ... ကိုယ်လုံးဝနေကောင်းမှ ပြေးမယ်၊ ပုံသာ စာပဲ

သေချာကျက်ပေတော့၊ တစ်ပတ်လောက်ပဲ လိုတယ်ဆို
တော့ မတရားကပ်နေပြီ... ဒီကြားထဲ မတွေ့ဖြစ်ရင်လည်း
ဖုန်းပဲ ဆက်ကြမယ်နော်... ”

ပုံက ခေါင်းညိတ်လိုက်သည်။ အငှားကားနှစ်စီး
ရှေ့ဆင့်နောက်ဆင့်တားကာ တစ်ယောက်တစ်စီး တက်ကြခါ
နီး၌...

“မြေ... ပုံစာမေးပွဲဖြေမယ့် ရက်တွေကျရင်... ဂါထာရွတ်
ပေးဦးနော်... ”

မြေသည် ပုံ့မျက်နှာကလေးကို စိုက်ကြည့်ကာ ချ
မြတ်နိုးစွာ အသာအယာ ခေါင်းညိတ်ပြုံးလိုက်ရပါသည်။

စာမေးပွဲတွင်း၌ သူတို့တောက်လျှောက် မတွေ့
ဖြစ်ကြပါ။ ဖုန်းတော့ ဆက်ဖြစ်ကြပါသည်။

“မျက်စေ့က သာမန်လူတိုင်းလိုလိုရှိတဲ့ ပါဝါလေးပဲ နည်း
နည်းကလေးရှိတယ်၊ တပ်ရင်လည်းရတယ်... မတပ်ရင်
လည်းရတယ်တဲ့... မတပ်တော့ဘူး ပုံရယ်... နော်
မျက်မှန်နဲ့ကိုယ် နေတတ်မှာ မဟုတ်ဘူး... ”

ပုံသည် ရယ်မောမိရင်း...

“ညာတော့မပြောနဲ့နော်... စာမေးပွဲပြီးမှ ပုံ့ကို မျက်



စစ်တဲ့ စာရွက်ပြရမယ်၊ ပါဝါများနေရက်နဲ့ မြေက တပ်ရ
မှာရှက်လို့ ညာရင်ညာမှာ... ”

“မညာပါဘူး၊ ပုံ့ကိုပြမယ်နော်... ”

စာမေးပွဲတွင်း တောက်လျှောက် ရွှေကြာ တစ်
က် တအီးအီး တအားအား အော်ဟစ် ညည်းညူနေသ
က် ပုံကတော့ သက်တောင့်သက်သာ ဖြေနိုင်ပါသည်။ စာ
နားကပ်မှ ရည်းစားနှင့် ချိန်းတွေ့တာက များနေသော
ကြာသည် စာကျက်တွေ မတရားပျက်ခဲ့ပါသည်။ ညကျ ဖုန်း
ုံးနှင့် ရွှေကြာ့ခေါင်းထဲ အတိုချုပ်အချက်လေးတွေသာ ရွေး
အပုဒ်တော်တော်များများ ရိုက်သွင်း ထည့်ပေးရပါသည်။
င် စာမေးပွဲခန်းမှာ တွေ့လျှင် မဝင်ခင် ရှုံ့မဲ့ပြီး ငိုမလို ရယ်မလို
နေတတ်သော ရွှေကြာသည် စာမေးပွဲခန်းထဲက ထွက်လာ
ဘော့ အောင်မှတ်ထက်သာအောင် ဖြေနိုင်ခဲ့သည်ချည်းပါပဲ။

ပုံသည် စာမေးပွဲတွင်း၌ အရင့်အလျှင် ဘယ် စာ
တွင်းမှာမှ မရခဲ့ရသော မိခင်တစ်ယောက်၏ အသေးစိတ်
က် စောင့်ရှောက်ပြုစုမှုမျိုး အန်တီ့ထံမှ ရရှိခဲ့ရသည်။ အန်တီ
တို့ အပေးအယူ အလွှမ်းသင့်ကာ ပြေလည်နေကြသဖြင့်
ကလည်း ကျေနပ်အားရ ဝမ်းမြောက်နေသည်။ စာမေးပွဲ
ဆုံးနေ့၌ ရွှေကြာသည် အချိန်မစေ့ခင် ပျော်တပြုံးပြုံး
သွားကာ အခန်းပြင်မှ ပုံ့ကို မျက်စေ့မိုတ်ပြသွားသဖြင့်
ဗွာလေးနှင့် ချိန်းထွက်တော့မည်ဆိုတာ ပုံနားလည် လိုက်ရ

ပါသည်။

စာမေးပွဲအပြီး ပုံ့ကို ဦးစံလာကြိုတော့ အန်တီ

ပါလာသည်။

"နောက်ဆုံးနေ့ဆိုတော့ စိတ်ပေါ့သွားပြီး အားလျှော့ချ
လိုက်ရင် အိပ်ပျက်ခဲ့တာတွေ ဘာတွေစုပြီး မူးတာတို့ ခေ
မကောင်းတာတို့ ဖြစ်မှာ ပုံ့ဖေဖေက စိုးရိမ်သို့လေ
အန်တီဒီနေ့ လာကြိုတဲ့ဆီ လိုက်လာတာ… နေကောင်း
လား… သမီး… "

"ကောင်းတယ်အန်တီ… ဖရက်ရှ်ပဲ၊ ဘာမှမဖြစ်ဘူး"

"ဒါဖြင့် မပြန်ခင် လှည်းတန်းဈေး တစ်ချက်ဝင်ရအောင်
ဖေဖေက ညစာစပယ်ရှယ်ချက်စားကြမယ်တဲ့… တခြာ
တော့ ချက်ထားတာရှိတယ်၊ အန်တီ ပုစွန်တုပ်ဝယ်ချင်
ပုစွန်တုပ်ကင်ပေးမယ်လေ… "

"ဟာ… ကောင်းတာပေါ့အန်တီ… "

ပုံတို့နှစ်ယောက်သား လှည်းတန်းဈေး လာခဲ့
ပါသည်။ ဈေးအောက်ထပ် သားငါးတန်းတွင် ငှက်ရှံ့များ ဈေ
ခွကာ ပုံက ပုဇွန်ထုပ်ဆိုင်ဆီ ရှေ့ကရောက်ခဲ့ချိန်တွင် အန်တီ
လူကြီးပီပီ လုံချည်မ,ကာ ခပ်လှမ်းလှမ်း ကျန်ရစ်သည်။

"ညီမ… ပုဇွန်ထုပ်လား… နှစ်ထောင့်လေးရာဈေး"

"ခဏနော်အစ်မ… ဟိုမှာ အန်တီလာမယ်… "

ပုံက ပြောပြောဆိုဆို လှည့်ကြည့်လိုက်





ခန်တီသည် လူရွယ်လေးတစ်ယောက်နှင့်အတူ စကားရပ်ပြော
နေလေသည်။ ထိုလူရွယ်ကလေးကို တွေ့ဖူးပါသည်ဟု ပုံ့စိတ်က
ထင်မိသည်။ သို့သော် အန်တီရောက်လာသောအခါ ပုဇွန်လတ်
သတ်ရွေးရင်း ပုံက မေ့လျော့သွားသည်။ အန်တီက…

"သား သူငယ်ချင်းလေးလေ… " ဟု…

အမှတ်တမဲ့ ပြောလိုက်သေးပေမဲ့ ပုံ့စိတ်ထဲ ထို
ကောင်လေးကို သတိတရ အစမပေါ်နိုင်သဖြင့် အလေးအနက်
မရှိမိလိုက်ပေ။

✿✿✿✿✿✿✿

"နေမကောင်းဖြစ်နေတုန်း အိမ်ခေါ်ထားရင် ထားပါလား
မြရယ်… အဖော်အလျော်မရှိ တစ်ယောက်တည်း ဖြစ်နေ
တာ ဘယ်စိတ်ချရမလဲ… "

"မြကလည်း ခေါ်ချင်ပါတယ်… "

"ဘာဖြစ်လို့လဲ… မြ… ၊ ခေါ်လိုက်ပေါ့… သမီးလေးက
ဘာမှ ပြဿနာ မရှိပါဘူး… "

ပုံသည် ထမင်းစားခန်းထဲအဝင်တစ်ဝက်တစ်ပျက်
ဖြတ်ကာ ကြားလိုက်ရသော စကားများကြောင့် ရေခဲသေတ္တာ
ခုံကာ ပန်းသီးတစ်လုံး နှိုက်ယူရင်း…

"အန်တီ့သား နေမကောင်းလို့လား… ဟုတ်သားပဲ… တစ်
ယောက်တည်း ဖြစ်နေတာပေါ့… အိမ်လာနေခိုင်းပေါ့

အန်တီရဲ့ ဒီလောက်အခန်းတွေ အများကြီးရှိတာ အခ
မျက်စေ့အောက်ရှိတော့ ကောင်းတာပေါ့။ ပုံး
အနှောင့်အယှက် မဖြစ်ပါဘူး... "

ညအိပ်ရာဝင်ကြခါနီး ဖေဖေနှင့် အန်တီတ
စားခန်းမှာ နွားနို့သောက်နေကြတာ ဖြစ်သည်။ ပုံ့စကားကြေ
အန်တီက ပြုံးရင်း...

"သမီးကြောင့် မဟုတ်ပါဘူး... သူ့ကိုက အားနာတာ
နေတာ၊ ခေါ်လို့ကို မရတာ... "

"နက်ဖြန်ကျ ဖွတ်ပဲ သွားခေါ်လိုက်ပေါ့ မြရာ... "

"အင်း... ဖွတ်ခေါ်မှပဲ... "

ပုံက သူ့မကိစ္စ မရှိတော့သဖြင့် ပန်းသီးလေး
ကာ အိမ်ရှေ့ပြန်ထွက်လာပြီး တယ်လီဖုန်း အနားထိုင်ချ
သည်။ ဂဏန်းတွေနှိပ်ရင်း ပန်းသီးကို တကျွတ်ကျွတ်ကို
စားနေသည်။

"ဟယ်လို...ကျေးဇူးပြု၍ရှင်... လေးထပ်က ကိုအော
ကို ခဏလောက် စကားပြောပါရစေ... "

"ဟုတ်ကဲ့... "

ပုံက စိမ်ပြေနပြေ ထိုင်ကာစောင့်နေသည်။

"ဟယ်လို... "

"မြေလား... "

"မဟုတ်ပါဘူးခင်ဗျာ၊ တံခါးခေါက်ကြည့်တာ မဖွင့်



အိပ်များ အိပ်ပြီလားလို့ ဆက်မနှိုးချင်လို့ပါ၊ ခုနက သူ့
အမေနဲ့ ဖုန်းဆင်းပြောတုန်းက သူ သိပ်နေမကောင်းလို့
ပါ... "

"အော်... နေမကောင်းဘူးလား၊ ဒါဖြင့် နေပါစေ... သွား
ခေါ်ပေးတာ ကျေးဇူးပါပဲရှင်... "

"ဟုတ်ကဲ့... "

ပုံက ဖုန်းကိုချကာ သက်ပြင်းတချက်နှင့် ကိုယ့်
အိပ်ခန်းရှိရာ တက်လာခဲ့ပါသည်။ မြေက နေမကောင်းပြန်ဘူး
ဘဲ့။ မြေတစ်ယောက် ချချာလိုက်တာ လွန်ပါရော။ ပုံသည်
နောက်တစ်နေ့ ရှေ့ကြာနှင့်ချိန်းကာ မြေ့ထံသွားဖို့ စိတ်ကူးသည်။
မြေက နေမကောင်းဘူးဆိုတော့ ရုံးတက်ချင်မှ တက်မည်ဖြစ်
သည်။ ခွင့်မယူဘဲ တေပေရုံးတက်နေမှာလည်း စိုးရသေးသည်။

မနေ့က စာမေးပွဲပြီးပေမဲ့ မြေနှင့် ဖုန်းမပြော
လိုက်ရ။ စောစောပိုင်းက မြေ ရုံးမှ ပြန်မရောက်နိုင်သေး၍ ပုံက
မဆက်။ ညစာစားကြတော့ အေးအေးဆေးဆေး စိမ်ပြေနပြေ
စားသောက်နေကြသည်နှင့် ညဥ့်ပိုင်းရောက်သွားသည် ဖြစ်ရာ
သိပ်နောက်ကျကျကြီး တခြားအိမ်ကို ဖုန်းမခေါ်ချင်တော့သဖြင့်
ပုံက မဆက်ဖြစ်တော့ပါ။ ဒီမနက်လည်း ပုံနိုးတော့ ရှစ်နာရီ။
မြေ ရုံးသွားခါနီး စကားကို ကသီလင်တ အပြေးအလွှား ဆင်း
ပြောနေရမှာစိုး၍ ပုံက ဖုန်းမခေါ်။

အခုမှ ဖုန်းခေါ်ဖြစ်သဖြင့် မြေ ဘယ်တုန်းက

ဘည်းက နေ့မကောင်းနေပြန်သည်ကို ပုံမသိ။ ပုံသည် မ
ဖကင်း သတိရနေကာ ညဦးနက်သည်အထိ အိပ်မပျော်တော့

❦❦❦❦❦❦❦

နံနက်ကျတော့ ပုံက ရှစ်နာရီခွဲမှ အိပ်ရာက
တော့သည်။ မျက်နှာသစ်ပြီးသည်နှင့် ရွှေကြာ့အိမ်ကို ဖုန်း
သည်။

"မရွှေကြာ အပြင်သွားပါတယ်... "

ရွှေကြာတို့အိမ်မှ မညိုအသံဖြစ်သည်။

"ဟင်... စောစောစီးစီးတောင် မအုပ်မိဘူး ဘယ်သွား
လဲ... "

"မသိဘူးရှင့်... "

ရွှေကြာ့ကို ခုတလော သူ့မိဘများက အ
အလာ တင်းကြပ် စိစစ်နေပါလျက် စောစောကြီး တစ်ယော
တည်း ထွက်သွားဝံ့သည်မှာ အံ့ဩစရာ ဖြစ်နေသည်။

"အန်တီတို့ မရှိဘူးလား... မညို... ငါပါ့... သက်လုံ

"အန်တီနဲ့အန်ကယ်လ်က မနေ့ညကပဲ မန္တလေး သွား
ပါတယ်၊ အန်ကယ့်လ်အစ်ကိုဆုံးလို့ နှစ်ယောက်လုံး
ကြပါတယ်၊ တစ်ပတ်လောက်ကြာမယ် ပြောပါတယ်

ပုံသည် သက်ပြင်းသာ ချမိတော့သည်။ ဒါ



တစ်ပတ်တော့ ရွှေကြာ့ကို ဘယ်လိုမှ ဖမ်းမိမည်မထင်တော့။ မလစ်လိုက်နှင့် ကျော်စွာလေးဆီ ပြေးဖို့သာ အကွက်ချောင်းနေသော ရွှေကြာသည် လွတ်လပ်ရေးရသော ဤတစ်ပတ်ကို တစ်မိနစ်ပင် အပွန်းအပဲ့ ခံမည်မထင်။ ရွှေကြာ့မိဘများ ခမျာလည်း မတတ်သာလွန်းသဖြင့် လျစ်လျူရှုရစ်ခဲ့ရသည် ထင်ပါသည်။

ဒါဖြင့် အိမ်မှာ ရွှေကြာ၊ မညိုနှင့် ဒေါ်အေးဆင် ဆိုသည့် မိန်းမကြီးသာ သုံးယောက်တည်း ကျန်ရစ်မှာဖြစ်သည်။ ထိုနှစ်ယောက်ကို ရွှေကြာက ခေါက်ရိုးညီညီ ခေါက်ပြီး သေတ္တာထဲ ထည့်သိမ်းခဲ့ရုံပင်။

"ရွှေကြာကလည်း... ကိုယ့်ဦးလေးဆုံးတာ လိုက်သွားတာ မဟုတ်ဘူး... "

ပုံသည် ကြားတဲက မနေနိုင်၊ မထိုင်နိုင် လွတ်ခနဲ ပြောမိသည်။

"မရွှေကြာက စာမေးပွဲဖြေပြီး အရမ်းပင်ပန်းပြီး နေမကောင်းဖြစ်လို့ ထားခဲ့ရတာ ဖမရဲ့... "

"အော်... တော့်တော့ကို နေမကောင်းဘူးထင်ပါရဲ့၊ အခြေအနေဆိုးပုံရတယ်၊ အစောကြီး အပြင်ထွက်သွားပုံ ထောက်တော့... "

"ဟီ ဟီ... "

မညိုပင် ရယ်မောနေသည်။

"ကဲ... ကဲ... ဒါဖြင့် ပြန်လာမှပဲ ငါဆက်တယ် ပြောလိုက်

နေ့သ... "

"ဟုတ်ကဲ့ မမ... "

ပုံက ဖုန်းချလိုက်သည်။ ကျော်စွာလေးဆီ သွားမည်ဟု အပြတ်တွက်ထားပြီးသားပေမဲ့ ချော်တောငေါ်ကာ ရွှေဆီလည်း ရောက်ချင်ရောက်နေဦးမလားဟု စိတ်က တွေးမြန်သည်။ မြေနဲ့ကလည်း မတွေ့ကြတာ ကြာပြီမဟုတ်လား။ ပုံတို့ မခေါ် ဘဲများ မြေဆီ သွားနေမလား။ ပုံက မြေဆီဖုန်းဆက်မလားပဉ်းစားသည်။ နေမကောင်းလျက်နှင့် ထ,လာပြောနေရမည်ကိုကြင်နာစိတ်နှင့် မဆက်ချင်ပြန်ပါ။ လိုက်သွားဖို့ရာကျပြန်တော့လည်း မြေက ပုံတစ်ယောက်တည်း မြေအခန်းလာတာ တိုက်ကလူတွေမြင်လျှင် တစ်မျိုးတစ်မည်ထင်ပြီး ပုံသိက္ခာကျမည်ဟု တားဆီးဖူးသည့်စကား ရှိပြန်သည်။

ပုံသည် အိမ်ရှေ့ထွက်ကာ နေရိပ်လှေကားထစ်မှာထိုင်ပြီး ငေးတွေးနေမိသည်။

"ဟဲ့... သမီးလေး... ကော်ဖီသောက်ပြီးပြီလား... "

"သောက်မယ်ဖေဖေ... "

ဖေဖေက ရုံးခန်းသွားဖို့ အသင့်ဖြစ်ကာ အိမ်ထဲမှထွက်လာသည်။ အန်တီ ပါမလာသဖြင့် ပုံကလှည့်ကြည့်ရင်း...

"ဖေဖေ သွားတော့မလို့လား... အန်တီရော... "

"မြက ဒီနေ့ သူ့သားကြီးအိမ် သွားကြည့်မလို့၊ သမီးလည်းပျင်းရင် လိုက်ချင်လိုက်သွားပါလား၊ သွားစရာရှိရင်လည်း



နေပစေပေါ့... "

ပုံသည် ဖေဖေ့စကားကြောင့် အန်တီ့အတွက် ရှိုင်းပင်းမှုတစ်ခုလောက် ဖြစ်ဖြစ်ဖို့ကို စိတ်ကူးမိပါသည်။ ပုံပါလာလျှင် အန်တီအားရှိမည် ကျေနပ်မည် ဖြစ်သလို သူ့သားအိမ်ကို ရောက်လာဖို့ ပုံကလည်း လိုလားကြောင်း ကန့်ကွက်စရာမရှိကြောင်း သူ့သားသိစေလိုသော စေတနာနှင့် ဆုံးဖြတ်ချက်ချရင်း...

"ပုံပါ လိုက်သွားလိုက်ပါ့မယ် ဖေဖေ... "

"အေး... အေး... မြအဖော် ရသွားတာပေါ့... "

ဖေဖေမျက်နှာကလည်း နှစ်သိမ့် ကြည်နူးသွားသည်။ ပုံ့လုပ်ရပ်သည်ကား အိမ်သားအားလုံးအတွက် ကောင်းသော ဆုံးဖြတ်ချက် ဖြစ်ပေသည်။ ပုံက နေရာမှ ထလာကာ ကော်ဖီဝင်သောက်ရင်း...

"အန်တီ ဘယ်တော့သွားမလဲ... "

"ဘာကိုလဲသမီး... ၊ အန်တီ ရုံးမသွားတော့ဘူး... "

"ဟုတ်ဘူး... အန်တီ့သားဆီကိုလေ... "

"ခုပဲ... ခဏနေရင် သွားတော့မှာ... "

"ပုံပါ လိုက်ခဲ့မလို့... ဖေဖေ့ကိုလည်း ပြောပြီးပြီ... "

"ဟုတ်လား... အေး... ကောင်းလိုက်တာ၊ ပုံပုံပါ ပါလာရင်တော့ သားကြီးက ပုံ့မှာ အနှောင့်အယှက် မဖြစ်ပါဘူး ဆိုတာ ယုံမှာပဲ... ကျေးဇူးပါပဲ သမီးရယ်... "

"ပုံ အဝတ်သွားလဲ လိုက်ဦးမယ် အန်တီ... "

ဒေါ်အေးမြမြ မျက်နှာမှာ နှစ်သိမ့် လန်းရွှင်တာ ကျန်ရစ်ပါသည်။ ပုံသည် ခပ်လွယ်လွယ် တီရှပ်တစ်ထည်နှင့် ပါတီတ်လုံချည်လေး ဝတ်ကာ မြန်မြန်ပြန်ဆင်းလာသည်။ ကား ပေါ်တွင် ပိုက ရှေ့ခန်းသွားထိုင်လျက် သီချင်းတစ်ခွေ ဖွင့်လာ သဖြင့် ဘာစကားမှ မပြောဖြစ်ပါ။ ဦးစံကား တစ်စုံတစ်ရာ ပြော ဖို့မလိုဘဲ ဒေါ်အေးမြမြကို လိုက်ပို့ဖူးသူမို့ စမ်းချောင်းကို တန်း ကာ မောင်းလာသည်။ အမှတ်တမဲ့ လိုက်ပါလာသောပုံသည် ချော တို့တိုက်ရှိရာ လမ်းထဲ ဦးစံချိုးကွေ့လိုက်လျှင်တော့ အံ့ဩမှုတ် လုံးဝိုင်းကာ ရယ်ချင်ိသလို ဖြစ်မိရင်း...

"အန်တီ့သားက ဒီလမ်းထဲမှာလား..."

"ဟုတ်တယ် ပုံပုံ... ဘာလို့လဲ..."

"ဒီလမ်းထဲမှာ ပုံ့အသိတစ်ယောက်လည်းရှိလို့... အမြန်တူ ပုံခဏလေးဝင်မယ်နော်... နေမကောင်းဘူး သတင်းကြား လို့ ပုံတစ်ချက်လောက် သတင်းဝင်မေးချင်တယ်..."

"ဝင်လေ... သမီး..."

ပုံသည် တိုက်ဆိုင်စွာ ဒီလမ်းထဲရောက်လာပြီးမှ တော့ မြွေထံကို တက်ဖြစ်အောင် တက်လိုက်ချင်ပါတော့သည်။ တစ်ယောက်တည်း မဟုတ်ဘဲ ကားပေါ်မှာ အန်တီပါ ပါလာတာ မို့ တိုက်ကလူတွေ မြင်လည်းပဲ တစ်မျိုး မဖြစ်လောက်ပါဘူး ထင်သည်။ သို့သော် ပုံ့ရဲ့ တွေးလက်စ အတွေးတို့မှာ မြွေရဲ့ တိုက်ရှေ့မှာ ဦးစံ ကားရပ်လိုက်သောအခါ အလန့်တကြား ဖြတ်





ခေါက်သွားရပါသည်။

ပုံက နောက်ခန်းကို လှည့်ရင်း...

"ဒီတိုက်လား အန်တီ..."

"ဟုတ်တယ် ပုံပုံ..."

ပုံသည် ရုတ်တရက် သတိရလာသည်မှာ မြွေ အခန်းကို ပုံနှင့်ရွှေကြာ ရောက်လာသောနေ့က အခန်းဝမှ ပြန် ရန်ပြင်သော ကောင်ကလေးကိုတည်း။ ထိုကောင်ကလေးမှာ ဟို ဘစ်နေ့က လှည်းတန်းဈေးတွင် အန်တီနှင့် နှုတ်ဆက်သော ကောင်လေး ဖြစ်တော့သည်။ ဖြတ်ခနဲ ဝင်းလက်သွားသော မှတ်ဉာဏ်နောက်တွင် အချက်အလက်များ တစ်ခုပြီးတစ်ခု စီကာ ခင်ကာ ပေါ်လာသည်။ မြွေမေမေဟာ နောက်အိမ်ထောင်နဲ့။ မြွေက တစ်ယောက်တည်း ချန်နေရစ်သောသား၊ အန်တီဟာ မြွေ မေမေဆိုလျှင် မြွေဟာ ပုံ့အိမ်သို့ သူ့သိတတ်စိတ်နှင့်သူ မလိုက် ခဲ့ဘဲ ချန်ရစ်တဲ့ မယားပါသား၊ မယားပါသား လိုက်မလာအောင် လက်စွပ်ဆောင်ကာ ဂါထာရွတ်ပေးတဲ့ မြွေ။

ပုံသည် အံ့ဩစိတ်နှင့် ကြက်သေသေကာ...

"အန်တီ့သားနာမည် ဘယ်သူလဲဟင်..."

တစ်ကြိမ်မှ ပတ်ပတ်သက်သက် စိတ်ဝင်တစား မမေးမိခဲ့သဖြင့် သိရုံလေးပင် မသိခဲ့ရသော အန်တီ့သား အမည် ကို ခုမှ ပထမဦးဆုံး မေးမိတာပင်။

"အောင်မြွေ... တဲ့၊ ဆင်းလေ... သမီး..."

အန်တီက တံခါးဖွင့်ဆင်းလိုက်ရင်း ပုံ့ကို ငုံ့ခေါ်သည်။ ပုံသည် ဘယ်လိုဖြစ်သွားသလဲ မိမိကိုယ်ကို မသိနိုင်အဲ...

"ပုံ မလိုက်တော့ဘူး..."

အေးစက်စက် ပြောလိုက်မိလေသည်။

"မတက်တော့ဘူး ဟုတ်လား... "

ခုနက သူ့သဘောဆန္ဒနှင့်သူ လိုက်လိုက်လျှောလျှော လိုက်ပါလာပြီးမှ ခုမှ မတက်တော့ဘူး ဆိုသဖြင့် ဒေါ်အေးမြမြမှာ အံ့ဩသွားရသော်လည်း နားမလည်နိုင်တာကို ထုတ်ဖွင့်မေးမနေတော့ပါ။ ဖွတ်ခေါ်ဖို့ရာလည်း သူမမှာ အခွင့်အရေး မရှိပါ။ ဒေါ်အေးမြမြမှာ မျက်နှာမကောင်းလှဘဲ တစ်ယောက်တည်းသာ တက်သွားတော့သည်။

ပုံသည် ပူလောင်ဆူဝေလာသော ရင်ထဲက ခံစားချက်ကို လက်ဆစ်ကလေးတွေ တစ်ဖျောက်ဖျောက် ချိုးရင်း မတည်မငြိမ် ဖြေဖျောက်နေသည်။ ပုံ ဘာလုပ်ရမလဲ။ ပုံ့ကို လိမ်ညာလှည့်ဖျား ဖုံးကွယ်ထားတဲ့ မြေ့ကို ပုံ ဘာလုပ်ရမလဲ။ ပုံသည် အင်မတန် ခံပြင်းဒေါသထွက်လှသည်။ သို့သော် ပုံက ဘာများလုပ်လို့ရမှာပါတဲ့လဲ။

ဖုံးကွယ်ထားမှုကို ဒေါသဖြစ်လှပေမဲ့ မြေဘာကြောင့် ဖုံးကွယ်ထားသလဲဆိုတာ ပုံ မရိပ်မိဘဲမရှိ။ ပုံ့ကို တစ်စုံတစ်ရာ လှည့်ဖျား ကြံစည်လိုသော သဘောနှင့် မြေက ဖုံးကွယ်ခဲ့တာမှမဟုတ်ပဲ။ သူဟာ ဒေါ်အေးမြမြသားပါရယ်လို့ ပုံ့ထံ မိတ်ဆက်ပုံခဲ့တာသာ ဖြစ်ရာသည်။ ဤသို့ မိတ်ဆက်ခဲ့လျှင်လည်း သေိကတည်းက ပုံက တန်းသွားမှာပင်။ ဤမျှ ရင်းနှီးသံယောဇဉ်ဘွယ်လာစရာ လုံးလုံးမရှိတော့။ ဒါကို မြေလည်းသိမှာ။

အမျိုးမျိုး လှည့်ပတ် ဖုံးဖိခဲ့သေးသည်။ သူဟာ ယောပါသား လိုက်ပါမလာအောင် ပုံ့ကိုပင် ဂါထာရွတ်ပေးပြီး အမေနှင့် မလိုက်ဘဲ ချန်နေရစ်တဲ့သား။ သူ့အမေ နောက်အိမ်ထောင်ပြုတာက ကြာပြီလို့လည်း ညာခဲ့သည်။ ညာတာတွေ ထင်ရှားစွာ ပေါ်လွင်လာပေမဲ့ ညာရခြင်း၏ ရည်ရွယ်ချက်ကား အဆိုးမဟုတ်။ တစ်လျှောက်လုံး ပုံ့အပေါ် ဖြူစင်ကြင်နာသည်။ အိမ်ကို လိုက်လည်ဖို့ အမျိုးမျိုး ကွေ့ပတ်ရှောင်ခဲ့တာဟာလည်း ဒါကြောင့်။

ဒီလိုလူရဲ့ ဖုံးကွယ်လှည့်စားမှုကို ပုံမည်သို့ အပြစ်ယူရပါအံ့နည်း။ ထို့ထက် ဆိုးသည်ကား ပုံအပြစ်ယူမည်ဆိုလျှင် ယူရမည့်သူမှာ ပုံ့အသည်းထဲက ချစ်သူ။ ချစ်ရသူတစ်ယောက်ကို ပုံ မည်သည့်အပြစ်မျိုး ဒဏ်ခတ်သင့်သနည်း။

ပုံသည် လှည့်စားခံရတာကို ခံပြင်းနာကျင်ခြင်းနှင့် သီးသန့်သိကျွမ်းခဲ့ရသော မြေ့ကို ချစ်မိခြင်းတို့ အားပြိုင်လွန်ဆွဲမှုကြောင့် နှလုံးသားတို့ အောင့်ကျိန်းနာကျင်လှလေပြီ။ နှုတ်ခမ်းကို တင်းအောင်ကိုက်ထားကာ ဦးစံအနားမှာမို့ ဘယ်လိုပင် ထိန်းသော်ငြား မျက်ရည်ဥကြီးများက ပါးပေါ် တစ်ပေါက်ချင်း တစ်စက်ချင်း ရွေ့သွားနောက်လိုက် ညီအောင် ခုန်ဆင်းကျလာသည်။

"ပုံ... "

ရုတ်တရက် လှေကားရင်းမှာ ပေါ်လာသော လူ ရိပ်နှင့်ခေါ်သံကြောင့် ပုံကြောင်ကြွဲစွာ လှည့်ကြည့်မိလေသည်။

မြေ... မြေ... ။ ပုံ့ကို ညာရက်တဲ့မြေ။ မြေမျက်နှာ သည် အပျက်ကြီးပျက်လျက် ပုံစိတ်ဆိုးသွားမှာကို ဘယ်လိုမှ လက်သင့် မခံနိုင်သော အမူအရာမှာ အထိတ်တလန့် ကြီးစိုး နေသည်။ အားငယ်လှသော်လည်း ဘယ်လိုမှ ရှောင်ဖယ် မပြေး သာတော့သော အခြေအနေတွင် ရှေ့ကို တစ်လှမ်းချင်း တိုး လျှောက် လာရသောမြေသည် လူမှာလည်း ဝေဒနာတစ်ဖက်နှင့်

"ပုံ... "

နောက်တစ်ခွန်းခေါ်ကာ ကားနားရောက်လာချိန် ၌ လှေကားရင်းသို့ အန်တီ ဆင်းလိုက်လာလေသည်။ အန်တီ သည် အံ့ဩထိတ်လန့်ကာ မပြေရှင်းတတ်သော အမူအရာနှင့် စိတ်လက် ညစ်ညူးစွာ ရပ်တန့်နေသည်။ ပုံကလည်းငိုလို့၊ သား ပုံသရှာန်မှာ ပြုံပျက်ယွင်းကြေကာ မနည်းခိုင်မတ် နေရဟန်။ လူငယ်နှစ်ယောက် ပတ်သက်မှုမှာ မည်သို့နည်း သားကို ခုနက မင်းတို့ ဘယ်လိုပတ်သက်နေလဲ ရည်းစားလားဟုငင် အလန့် တကြား မေးမိသည်။

မေးရလောက်အောင်ကိုပဲ ပုံပါလာသည် ဆိုသည် နှင့်မြေမျက်နှာက ဖြူဆွတ်သွေးဆုတ် ဖျော့တော့သွားဟာ မဟုတ် လား။ ရည်းစားမဟုတ်ပါဘူးဟု ကမန်းကတမ်း ငြင်းသော သား ကို ယခု မြင်ကွင်းကြောင့် ဒေါ်အေးမြမြ ယုံရခက်နေသည်။



"ပုံရယ်... "

"မခေါ်နဲ့... "

ပုံအသံက ရုတ်တရက် မိုးခြိမ်းလိုက်သလိုနှယ် တ်ခနဲ ထွက်ပေါ်လာသည်။

"လူညာ... "

နောက်တစ်ကြိမ် တစ်လုံးချင်း ပီပီသသ ရေရွတ် တ်သံမှာ မြေမျက်နှာကို ဖြတ်ရိုက်ချသကဲ့သို့တည်း။ မြေသည် ကြီးပေါ်သို့ ပြိုကျသွားမတတ် ညွတ်ခွေကာ ကားခေါင်မိုးကို က် လှမ်းထောက်လိုက်သည်။ ပုံ့အမုန်းကို သူ လက်မခံပါရစေ ပုံ့ကို သူ မဝေးကွာပါရစေနဲ့။ ဒါကိုကြောက်လို့ပဲ ကိုယ် မြ းခဲ့မိတာပါ ပုံရယ်... ။

ပုံသည် ရုတ်တရက် လက်သူကြွယ်မှ ငွေလက်စွပ် လေးကို ဖြုတ်ကာ ကားပြူတင်းမှ မြေပြင်ပေါ် ပစ်ပေါက်လိုက် ည်။

"လူလိမ်... "

"ပုံ... ပုံရယ်... ကိုယ်... ကိုယ်ဒါကို ကြောက်လို့... "

"တော်တော့နော်... "

ပုံသည် ထွက်ကျလာသော မျက်ရည်တွေကို ပွတ် တ်ကာ အံကလေး ဖိကြိတ်ထားလိုက်ပေမယ့် မြေမျက်နှာကို ည့်ရင်း နှလုံးသားက မခိုင်ပြီ။ မြေသည် ထပ်မံ မပြေရှင်းဘဲ ကြီးပေါ် ငုံ့ကာ ကိုင်းကာ ပုံပစ်ပေါက်လိုက်သော ငွေလက်စွပ်

ကလေးကို ရှာဖွေနေသည်။ ဖြူတူတူ လက်စွပ်ကလေးကို သဲ
ပေါ်မှာ သူ အလွယ်မတွေ့ပါ။ သူ့မျက်စေ့များကလည်း ဝိုး
ချင်သလို ဖြစ်နေသည် မဟုတ်လား။

ရှာနေရင်းက မတွေ့သေးခင် မြေသည် ကား
ခေါင်းပိုင်းကို ထိုင်ရက်နှင့် နဖူးတိုက်မှိုကာ ခဏ ငြိမ်သက်နေ
သည်။

"သားကြီး... "

ဒေါ်အေးမြမြအသံက ဆို့နင့်နင့် ထွက်ပေါ်
နိုက် မြေသည် ရင်ထဲ ဆို့နင့်ရာမှ ပျို့တက်လာကာ အန်ချလို
မိပြန်သည်။

"သားကြီး... "

အန်နေတာတွေ့လျှင် ဒေါ်အေးမြမြသည် သူ
သီးသုတ်ပြာ ပြေးထွက်လာသည်။ မြေညီထပ် မုန့်ဆိုင်ကလေး
လူသည် မြေ့ကိုကြည့်ကာ ဘာအကူအညီ ပေးရကောင်း
အိမ်ထဲမှထွက်လာသေးသည်။ ထို့နောက် ပုံ့ကို ကြည့်မိပြန်
ခြေလှမ်း ရပ်သွား၏။

ပုံမှာ မြေ့ရဲ့ ပျို့အန်သံကြောင့် ရင်ထဲ ထိုးကာ
တက်လာပြီး အော်ငိုပစ်လိုက်ချင်တော့သည်။ သူ နေမကောင်း
ဖြစ်နေရှာတာ။ သူ နေမကောင်းဖြစ်နေတာ။

"သားကြီး... ဘာရှာနေတာတုံးကွဲ့... "

ဒေါ်အေးမြမြရဲ့ ဆို့နင့်နင့် အသံကြောင့် ပုံ





ားပြတင်းမှ လှည့်ငုံ့ကြည့်လိုက်သည်။ မြေက မြေကြီးပေါ်
က်ဖဝါးနှင့်သပ်ကာ သပ်ကာ လက်စွပ်ကို စမ်းရှာနေသည်။
သည် တံခါးကို ချပ်ကနဲဖွင့် ဆင်းလိုက်ပါသည်။ ပုံမည်သို့ ဆက်
ကြည့်နေရက်ပါမည်နည်း။ ချစ်သောမြေ့ကို ဘယ်ကဲ့သို့သောနှလုံး
ားနှင့် ဒုက္ခဆက်ပေးနိုင်ရက် ပါမည်နည်း။

ပုံသည် ပစ်လိုက်ကထဲက ဝေးဝေးမလွင့်ဘဲ ပုံ
ှမ်းမြင်တွေ့နေပြီးသား ငွေလက်စွပ်ကလေးရှိရာ တန်းလျှောက်
ာကာ ငုံ့ပြီး ကုန်းကောက်ယူလျက် ငိုသံပါကြီးနှင့်။

"ဒီမှာ... လိုက်ရှာမနေနဲ့... "

မြေလှည့်အကြည့်၌ ပုံက လက်စွပ်လေးကို ကိုယ့်
ာသာပြန်လည် ဝတ်ဆင်လိုက်သည်။ မြေက မရဲမဝံ့ မျှော်လင့်
ျက်နှင့် ပုံ့မျက်နှာကို စိုက်ကြည့်နေသည်။

"အန်တီ့သားက... အန်တီ့သားဆိုတာ အသိမပေးဘဲ ပုံ့
ကို ဖုံးထားခဲ့တယ်၊ ပုံတို့ ခင်မင်နေတာ ကြာပါပြီအန်တီ
ရယ်... သူညာပြောလို့ ပုံစိတ်ဆိုးတာ... ဒါပေမဲ့... ပုံ...
သူ့ကို စိတ်မဆိုးနိုင်ပါဘူး အန်တီရယ်... "

ပုံ့ရဲ့ ငိုသံပါကလေးအဆုံးတွင် ဒေါ်အေးမြမြမှာ
က်ပြင်းတစ်ချက် ချမိသည်။ သားဖြစ်သူက အမေလုပ်သူကိုပင်
ပြော။ ခင်မင်နေကြတာဆိုပေမယ့် သာမန်ရိုးရိုး ခင်မင်မှုကလေး
ကြောင့်မျှနှင့်တော့ ငိုဟယ်ယိုဟယ် ရင်နာဟယ် ဖြစ်နေကြပါ့
လား။ ဒေါ်အေးမြမြသည် ဝမ်းသာရမှာလား ဝမ်းနည်းရမှာ

လား ဘာကို ဘယ်လိုခံစားရမည် မသိတော့ဘဲ ယောင်ချာချာ ဖြစ်နေသည်။

# ၇

မြေက အိမ်ကိုလိုက်မလာပါ... ။ ဤအခြေအနေ ၌ သူမှာ အိမ်လိုက်ခဲ့ဖို့ ပိုပြီး မလုံမလဲ ဖြစ်ရချေသည်။ ပုံနှင့်မြေရဲ့ အခြေအနေကို အကဲခတ်ကာ ဒေါ်အေးမြမြသည်လည်း သူ့သား ကို ဖွင့်ခေါ်မလာရဲပါ။ အခြေအနေက ဘယ်သို့ ရှိမည်ဖြစ်ပြီး ဦးကျော်သက် သဘောထားက ဘယ်လို ရှိမည်ဆိုသည်ကို ဒေါ်အေးမြမြ အတပ်မပြောနိုင်။

သို့သော် အိမ်ကျတော့ ခင်ပွန်းသည်ကို ကြိုတင် ဖွင့်ဟ၍တော့ သိသမျှ ပြောထားရပါသည်။ သူမ ထိန်ချန်ထားလို့ မဖြစ်။

"သားကြီးနဲ့ ပုံပုံက အရင်ကထည်းက ရင်းနှီးကြတယ်... သားကြီးက မြရဲ့သားဆိုတာ ဖွင့်မပြောဘဲ ထားလို့ ပုံပုံက စိတ်ဆိုးပြီး နည်းနည်းတော့် ပြဿနာတက်မလို ဖြစ်သေးတယ် ကလေးတွေကလည်း တစ်မျိုးပါကိုရယ်...

အခုလည်း သားကြီး က မလိုက်ခဲ့တော့ဘူး ဆိုတာနဲ့..."

"ပုံပုံက စိတ်ဆိုးလို့ မလာစေချင်တော့တာလား.."

"ဒီလိုတော့ မဟုတ်ပါဘူး ပုံပုံလည်းခေါ်ပါတယ်... သားကြီးက မလိုက်တာပါ.."

ဦးကျော်သက်မှာ ခဏတစ်ဖြုတ် အတွေးနယ် နေရပြီးမှ...

"အင်းလေ... သူလာမယ်ဆိုရင်တော့ ခေါ်လိုက်ပါ.. ပြီးတော့လည်းပဲ ဘာတတ်နိုင်မလဲ၊ သူတို့ချင်း ရင်းနှီးခင်မင်တာလဲ တစ်မျိုးကောင်းပါတယ်... လူငယ်တွေက နားလည်ရ ခက်သားလား.. လွှတ်သာထားလိုက်ပါ.. သမီးက စိတ်ပြေပါတယ် ဆိုရင်လည်း ပြီးတာပဲ..."

ခုတော့ ပုံပုံနှင့် မြေမှာ အနည်းဆုံး လွတ်လပ်စွာတော့ ဖုန်းပြောနိုင်ပေပြီ.. အရင်က မြေသည် ဤအိမ်ကို ဖုန်းခေါ်လျှင် မေမေ့ကို ပြောမည်ဆိုလျှင် ပုံလာကိုင်ပါက ချပစ်သကဲ့သို့ ပုံ့ကိုစကားပြောရန် ဆက်စဉ် မေမေလာကိုင်ပါကလည်း ချပစ်တတ်ပါသည်။ သူ့အသံကို မှတ်မိမည့်သူချည်းပဲ မဟုတ်လား.. ခုတော့ဖြင့် အရင်က မကြာခဏ ဖုန်းမဆက်ဖြစ်သော





မြေက မကြာမကြာ ဖုန်းဆက်တတ်ပါပြီ.. ။

ပုံကတော့ ခုထိမပွင့်လင်းသော ချစ်သူကို မချင့်မရဲနှင့်... အိမ်မှာ လာနေဖို့ တရရခေါ်မြဲတည်း။ အရင်က ပုံ့ကို သူချစ်ရေး မဆိုရဲသေးဆိုလျှင် အဓိပ္ပာယ်ရှိသည်။ အကြောင်းရင်းရှိသည်။ ခုချိန်ထိ မပြောတာကကျတော့ စဉ်းစားရ ခက်စရာဖြစ်နေပြီ။ မချစ်လို့သာပေါ့.. လို့ တစ်ကြောင်းတည်းသာ ထင်စရာရှိနေသဖြင့် ပုံသည် ရင်ထဲက တဘုံနွေးနွေး။

အိမ်မှာ လာမနေသော်လည်း မြေက ညနေစာ ထမင်းကိုတော့ ရက်ခြားလို လာစားတတ်ပါသည်။ ထိုအခါမျိုးမှာ လူငယ်နှစ်ယောက် မျက်နှာရိပ် မျက်နှာကဲ ကြည့်တာ ဒေါ်အေးမြမြ မှာ ရင်မ,ရသည်။ ဦးကျော်သက်ကတော့ ဘာမှ ဗူးစမ်းစမ်း မလုပ်သလို ရိပ်မိပုံလည်းမရပါ။ ရိပ်မိချင်သော ဒေါ်အေးမြမြမှာသာ ဟိုဖုံးဒီဖိနှင့် ဦးကျော်သက်ရိပ်မိမှာ စိုးရိမ်နေသလိုရှိသည်။ ကြိုက်မည် မကြိုက်မည်ကို ဒေါ်အေးမြမြ မဝေခွဲနိုင်ပါ။ ကိုယ်က သားဖက်ကမို့ သားကို ဆင်ခြင်ဖို့ ဟန့်တားရ ကောင်းမလား တွေးသည်။ သို့သော် သားကို အခြေအနေ ဘယ်လိုလဲဟုပင် ဖွင့်မမေးရဲပါ။

သားဖြစ်သူရော ပုံပုံပါ တစ်ဦးကို တစ်ဦး နစ်မြုပ်

ပျော်ဝင်နေသဏ္ဌာန် ဒေ့ထင်အရျုံးပင် မဟုတ်လား။ ဒီကြ
မှာ မြေသည် မှုန်ဝေဝေသော မျက်ခေ့စုကို စမ်းသပ်စစ်ဆေးပြီး မျ
မှုန် မတာမနေရ တပ်လိုက်ရပါးသည်။ မြေ မျက်မှန်တပ်ရသ
ပွဲမှာ ဟာသမြောက်သို့ မပြီးနိုင်အောင် ရှိရသည်။ နှစ်ယော
သား စနေ၊တနင်္ဂနွေ တွေမှာ ကားမောင်းသင်ကာ တတွဲတွဲ
နေကြလျက် ရွှေကြာနှင့်ပင် အတွေ့ကြုံနေကြလေသည်။

မြေးသည် မြေလည်နေသော အခြေအနေက
၌ ကြည်နူးရစ်မှုကော ရင်ထဲကစကားများ မထိန်းနိုင် မသိ
လွတ်ထွက် ပေါက်ကွဲဖို့ရာ အချိန် ပြည့် အဆင်သင့်တည်း။ မ
ထိန်းချုပ်ထားပါလျက်က မကြာမကြာ ဖွင့်အံထွက်တော့မလို
သည်။ မျှော်လင့်နေသော ပွဲရဲ့ ဒါနေအထားကိုလည်း သူ မ
ဘဲမနေ… သူကသာ ဖွင့်ပြောလိုက်လျှင်တော့ ပုံဟာ ခေါင်းညိ
လက်ခံ လိုက်ဖို့ကလွဲပြီး ဘာမှ မဖြစ်နိုင်တော့ဘူးဟု မြေယုံသ

သို့သော် မြေသည် သူ့အပေါ် ကောင်းလှသေ
ဦးကျော်သက်ကို အားနာရှုံ့ဝှက် လေးစားစိတ်နှင့် ရှေ့တိုးဖို့
အကြိမ်တိုင်း၌ ခက်ခဲ မဝံ့ရဲ ဖြစ်နေခဲ့လေသည်။



ဒီညနေ ရုံးဆင်းလျှင် အိမ်ကိုလာပြီး ထမင်းစားဖို့ ကြိုပြောပြီးမှ ခြောက်နာရီကျော် ခုနစ်နာရီထိ မြေရောက်မလာသောအခါ ပုံ စွတ်ခမ်းစူလေပြီ…

"စားနှင့်လိုက်ပါ သမီးလေးရယ်… စောင့်မနေပါနဲ့… သူ ရောက်လာလည်း တစ်ယောက်ထည်း စားပစေပေါ့…"

"ဟင့်အင်း အန်တီ…လာမယ်ပြော ထားတဲ့ဟာ… ပုံစောင့်မှာပဲ… မလာရင် စားကိုမစားဘူး…"

ဒေါ်အေးမြမြမှာ အသက်ရှူပင် ကျပ်လာကာ…

"ခဏနေ သမီးဖေဖေက နွားနို့တောင် ဆင်းသောက်တော့မယ်… ထမင်းဝိုင်းကြီး ရှိသေးတာ မြင်ရင် မေးနေဦးမယ်… သမီးဗွတ်စောင့် နေတယ်ဆိုတာ သိရင် မကောင်းဘူး ထင်ပါရဲ့ သမီးရယ်…"

ပုံသည် ဒါကိုတော့ လက်သင့်ခံ နားလည်မိပါသည်။

"ဟုတ်တယ်… ဒါဆိုရင်… မချွေ ထမင်းပွဲ သိမ်းလိုက်တော့… ပုံမစားတော့ဘူး…"

"ဟင်... ဒီလိုလည်း မလုပ်ပါနဲ့ ပုံရယ်... နောက်ကျလှပြီ သမီး ရဲ့..."

မရွှေမှာ သိမ်းရနိုး ထားရနိုး ကြောင်ရပ်နေသည်။

"ဟင့်အင်း... မစားဘူး... ဒီည မြေမလာရင် စားကိုမစားတော့ဘူး၊ အငတ်နေမှာပဲ... လာမယ်ပြောထားပြီးမှ... သိမ်း.. မရွှေ.. သိမ်း.."

မရွှေနှင့် ဒေါ်ပုကြီးက ထမင်းပွဲကို သိမ်းယူသွားပါတော့သည်။

"ဒီကောင်လေး လာမယ်ဆိုပြီးမှ... မလာနိုင်လည်း ဖုန်းဆက်တာမဟုတ်ဘူး... ဘယ်လိုမှန်းကို မသိဘူး..."

ဒေါ်အေးမြမြမှာ သားဖြစ်သူကို စိတ်တိုပုံချနေမိသည်။

"နေမကောင်းများ ဖြစ်နေပြန်လားပဲ... အန်တီဖုန်းဆက်ကြည့်ဦးမှ..."

"အန်တီက နောက်ကျနေပြီ ပုံဆက်ကြည့်ပြီးပြီ အိမ်မှာ မရှိဘူး... ပြန်ကိုမရောက်သေးတာ..."



"ဘယ်လျှောက်သွားနေပါလိမ့်..."

ပုံသည် ခုတစ်လော ရွှေကြာနှင့် မတွေ့ဖြစ်ကြသဖြင့် သိပ်ကြီး မထင်လှသော်လည်း ရွှေကြာကိုပါ စကားပြောချင်တာရောပြီး ရွှေကြာ့အိမ် ဖုန်းလှမ်းဆက်လိုက်ပါသည်။ ရွှေကြာလာကိုင်လျှင်...

"နင် ဘာလုပ်နေလဲ ရွှေကြာ..."

"ထမင်းစားနေတယ်ပုံ..."

"ဪ... ခုတစ်လော ဘာတွေလုပ်နေလဲ မေးနေတာဟဲ့... ဖုန်းဆက်လည်းမရှိ..."

"ကွန်ပျူတာတို့ စပီကင်တို့ တက်ရတယ်လေ... ဟင်းဟင်း..."

"လေသံကိုက စာရင်းပေးပြီး အကြောင်းပြရုံ ထွက်နေမှန်းသိသာလိုက်တာဟယ်..."

"ဒါပေါ့... ဒါပဲရှိတာပဲ... နေဦး... ငါမြစားပြီးသွားပြီ... မြေနဲ့ဆက်ပြော... ငါပြီးအောင် သွားဆက်စားလိုက်ဦးမယ်၊ ပြီးမှ လာပြောမယ်..."

"ဟင်... မြေရောက်နေတယ် ဟုတ်လား.."

"အေး.. ဟဲ့... မြေ.. ရော... ရော.. ပုံနဲ့ဆက်ပြော..."

ပုံသည် လက်ဖျား အေးစက်အောင် ဒေါ်သ ချောင်းချောင်းထွက်လာသည်။ ကြည့်စမ်း.. ဒီမှာတော့ အတော် [illegible] စောင့်စားလို့ သူကဟိုမှာ သွားစားနေသည်။

"ဟယ်လို..."

"ဒါ... ဘယ်လိုလုပ်တာလဲ..."

ပုံ့အသံက ထုံးစံအတိုင်း ဒေါသရှေ့ထားကာ ဟိန်းခနဲ... ။

"ပုံ... ပုံ... ကိုယ်ပြောပြဦးမယ်..."

"ပြောမနေနဲ့... ဒါဖြင့် ဒီမှာ စားမယ်လို့ မနေ့ကဘာလို့ ပြောသွားလဲ..."

"ကိုယ်တောင်းပန်ပါတယ်ပုံ... ကိုယ့်စကားကို နားတော့ထောင်ပါဦး ပုံရယ်..."

"မထောင်ချင်ပါဘူး... ဘာလို့ထောင်ရမှာလဲ..."



ပုံသည် ပါးစပ်မှ ဤသို့ ဆိုသော်လည်း ဖုန်းတော့ ချမပစ်မိ။

"ရုံးကို ရွှေကြာဖုန်းဆက်ခေါ်လို့ပါ.."

"ဖုန်းဆက်ခေါ်ရင်... ဒီညဒီမှာ ထမင်းစားရမယ် ဆိုတာ ပြောပြလိုက်ပါလား.. အဲ့နေသလား.. ဒီပါးစပ်က ဒါလေးတောင် မပြောင်းရဲဘူးလား.."

ပုံ့ ဒေါသမှာ မနာလိုဝန်တိုခြင်း ပြွမ်းတီးကာ ကဲကဲဆတ်နေတော့သည်။

"မပြောင်းရဲစရာ ဘာရှိလို့လဲ ပုံရယ်၊ ကိုယ်ပြောပြပါတယ်.."

"ပြောပြရင် ဟိုက ဖွတ်လုကျွေးတာပဲလား..."

"ထမင်းကျွေးဖို့ ခေါ်တာမဟုတ်ဘူး... ကိစ္စရှိလို့ပုံရဲ့..."

"ဒါဖြင့် ဘာကြောင့် ဒီထမင်းကို စားနေရတာလဲ..."

"ဒီချိန်ထိ ဖြစ်သွားလို့ပါ.."

"ဘာလို့ ဒီချိန်ထိ ဖြစ်ရတာလဲ... ဘာကိစ္စမို့လဲ..."

"ဒေါသကလဲ ကြီးလိုက်တာ ပုံရယ်.. ကိစ္စက အရေးပေါ်"

မြေ့လေသံက တိုးအုပ်သွားသည်။

"ဘာလို့ ရှုစ်ရှုပ် တိုးတိုးလေးလုပ်နေတာလဲ.. ကျယ်ကျယ် ပြောပါ.. ဘာမှ မကြားရဘူး.."

"ကျယ်ကျယ်ပြောလို့ မရဘူးပုံ..."

"ဘာဖြစ်နေတာလဲ မြေ့.. ဘာဖြစ်နေတာလဲ..."

"ပုံ့ကိုနောက်မှ ပြောပြမယ်လေ..."

"မရဘူး... အခုပြော..."

မြေ့မှာ စိတ်ပျက်လက်ပျက် ချွေးပင်စိမ့်လာကာ ငြင်းမရတာမို့ အသံကို လျှော့ချရင်း..

"ရွှေကြာ... နိုးရာလိုက်တော့မယ်..."

"ဘာရယ်... ရွှေကြာ.."

"ဟိုနောက်ကို လိုက်တော့မယ်... အဲဒါအတွက် အရေး ပေါ် ခေါ်ကူနိုင်းတာ.. အိမ်ရောက်မှ ပုံ့ဆီဖုန်းဆက်ပြီး ရှည်ရှည်ပြောပြမယ်နော် ပုံ..."

ပုံသည် မကျေနပ်လှသော်လည်း ကျေနပ်လိုက်



ရပါသည်။

"ဒါဖြင့်ပြီးရော.. အိမ်ရောက်ရင် ဘယ်အချိန်ဖြစ်ဖြစ် ဆက်လိုက်နော်... အောက်ခန်းကို နှိုးရမလို ဖြစ်နေရင် အပြင်ထွက်ရှာပြီး ဖုန်းဆက်လို့ ရတဲ့နေရာကဆက်..."

"စိတ်ချပါပုံရယ်..."

"ဒါဖြင့် ဒါပဲလေ... ရွှေကြာ့ကို မပြောတော့ဘူးလို့သာ ပြောလိုက်တော့ တခြားလိုအပ်တာရှိရင် ပုံဘာလုပ်ပေး ရမလဲ... ဘာဝယ်ခြမ်းပေးရမလဲ မေးခဲ့နော်..."

"အင်း... အင်း..."

"ဒါပဲနော် မြေ့..."

ပုံသည် ဖုန်းချလိုက်ကာ မျက်မှောင်လေးကုတ် နေမိသည်။ ဒီလိုအရေးကြီး နေပြန်တော့လည်း မြေ့ကို အပြစ်ယူ ရမှာ ခက်တာပေါ့။ မြေ့မလာလျှင် မစားဘူးဟု စကားလွှန်ထားပြီး ဖြစ်နေသဖြင့် ထမင်းကို ဆာပေမယ့် မစားချင်ပါ။ မြေ့ဖုန်းဆက် လျှင်တော့ ရအောင်ခေါ် ယူမည်ရယ်လို့ စိတ်ထဲ တေးမှတ်ထား သည်။

မြေ့က ကိုးနာရီထိုးခါနီးမှ ဖုန်းပြန်ဆက်ပါသည်။

"ပုံ... ကိုယ်အခု လမ်းက လက်ဖက်ရည်ဆိုင်က ဆက်နေတာ..."

"ကဲ... ပြော... အားလုံးပြောပြ..."

"ရွှေကြာက ကိုကျော်စွာ နောက်လိုက်တော့မယ်လေ... လောလောဆယ် သူ့အဝတ်အစား လေးငါးစုံ ဒီနေ့ ကိုယ့်ကိုယူထုတ်သွားပေးပါလို့ အကူအညီတောင်းတာ... သူက လစ်တဲ့နေ့မှ ထွက်မယ်၊ အဝတ်အစား သယ်ထုတ်သွားဖို့က တော်တော်နဲ့ မလစ်လို့ ကိုယ်တိုင်စောင့်ရင်းစောင့်ရင်း... အချိန်နောက်ကျလာတာနဲ့ ထမင်းစားလိုက်ရတာပါပုံရယ်..."

ပုံသည် စိတ်တိုသွားပြန်သည်။

"ရွှေကြာက သူ့အဝတ်အစားကို မြေ့ကို သယ်သွားခိုင်းတယ်..."

သံယောင် ထပ်ပြီးတော့လည်း မေးလိုက်ပါသေးသည်။

"ဟုတ်တယ်... ပုံ..."

"အို... သူ့အကျီ လုံချည်ထုပ်ကို မြေ့ကို သယ်သွားခိုင်း



တယ် ရက်စက်လိုက်တာ..."

"ဘာ ရက်စက်တာလဲ ပုံ..."

မြေက အရေးထဲ မိုးအ,လှသည်။

"ဘာရက်စက်တာလဲ... မိန်းမအသုံးအဆောင် လုံချည်ထုပ် မြေ့ကိုသယ်ခိုင်းရောလား... ရက်စက်တာပေါ့... မြေက ယောကျ်ားလေး... ဘုန်းတွေ ဂုဏ်တွေ နိမ့်ကုန်မှာ"

"ဪ... ပုံရယ်..."

မြေကတစ်ဖက်မှ တိုးတိုးသက်သာရယ်နေပါ

"ဘုန်းနိမ့်တယ်ရယ်လို့ မရှိပါဘူးပုံရယ်... ရွှေကြာကလည်း ရက်ရက်စက်စက် ခိုင်းတာမဟုတ်ပါဘူး ကူညီနိုင်တာကိုယ်ပဲရှိတော့တာကို သူငယ်ချင်း ချင်းပဲဥစ္စာ ပုံရယ်..."

"သူငယ်ချင်း ချင်းလည်း ဒီလောက် လုပ်ပေးရောလား သူ ခိုးရာလိုက်ဖို့ သူ့လုံချည်ထုပ် မြေကသယ်ရတာ လုံးဝမတ ရားဘူး၊ ပုံ လုံးဝမကြိုက်ဘူး... မကြိုက်ဘူး..."

"ပုံရယ်... ဒေါသတွေကြီးနေလိုက်တာ... ကလေးကျနေ

တာပဲ..."

"နေပါဦး... မြေက... ရွှေကြာ့ကိုဆိုရင် ဘာပဲလုပ်
လုပ်ပေးရ... အောက်ကျကျ နောက်ကျကျ အား
ဒီလောက်တောင် ဘာဖြစ်လို့ လုပ်ပေးနိုင်နေရတာ
ရွှေကြာက မြေ့ဘဝမှာ နံပါတ်တစ်ပဲလား... ဟင်...
မြေ့ဘဝအတွက် သိပ်အရေးပါသလား၊ သူ့အတွက်
မြေ့အသက်တောင် စွန့်တော့မှာလား... ဘယ်လို
တာလဲ... မြေသူ့ကို ဒီလောက်တောင် လုပ်ပေးနိုင်
ဘာဖြစ်နေတာလဲ... သူ့ကိုချစ်နေတာလား..."

ပုံသည် ထိန်းသိမ်းမရတော့ပဲ စိတ်ထဲရှိသမျှ
ထွက်ပေါက်ကွဲကာ အော်ဟစ်ပစ်လိုက်သည်။ ပြောရင်း
အသံငုန်လာသည်။ မြေသည် ရုတ်တရက် အသံတိတ်
သည်။ ပုံရှိုက်သံကို မြေက ရင်နာစွာ နားစွင့်နာကျင်နေပါ

"ပုံရယ်... ရွှေကြာ့ကို ကိုယ်မချစ်ဘူးဆိုတာ မသိဘူး

"ပုံ မသိဘူး... ပုံက ဘာကြောင့်သိရမှာလဲ..."

"မြေ့ဘဝမှာ ရွှေကြာဟာ 'တစ် မဟုတ်ဘူးဆိုတာ ပုံ
ဘူးလား... ကိုယ့်ဘဝမှာ တစ်ဆိုတာ... တစ်ဆို



ပုံပဲ..."

ပုံသည် နှုတ်ခမ်းကလေး ကိုက်ရင်း ဖုန်းခွက်ကိုပင် မယုံကြည်နိုင်သလို ကြည့်လိုက်မိပါသည်။

"ကိုယ့်နံပါတ်တစ်ဟာပုံ... ကိုယ်သိပ်ချစ်တာ... ပုံပါပဲ ပုံ ရယ်"

မြေ့အသံမှာ တိုးသက်လှိုက်လှဲ့နေသည်။ ဆွေးလျ မောဟိုက်နေသည်။

"ပုံ..."

"-----"

"ပုံ... ကိုယ့်ကို စိတ်ဆိုးသလားဟင်..."

ပုံသည် ကြည်နူးတစ်ဝက်နှင့် မျက်ရည်ကျရင်း

"ပုံမယုံဘူး..."

"ပုံယုံအောင် ကိုယ် ဘာလုပ်ပေးလို့ရသလဲ..."

"ရွှေကြာ့ကို အလိုလိုက်နိုင်တာထက် ပုံ့ကို အလိုလိုက် နိုင်ရလိမ့်မယ်..."

"ပုံဘာဖြစ်ချင်သလဲဟင်..."

"မြေ့ကို ဒီမှာ နေစေချင်တာ မြေသိသားပဲ..."

ပုံ့အသံသည် ခပ်ရှက်ရှက်နှင့် တိမ်ဝင်နေပါသည်။

"ပုံရယ် ကိုယ် ဦးကို ဘယ်လိုမျက်နှာပြရမလည်း... ကိုယ်ရိုးသားအော ကိုယ်သိတဲ့နောက်မှာ ဦးအိမ်ပေါ်လှူပါတော်မလာပါရစေနဲ့... တစ်နေ့ ဦး သိတဲ့အခါမှာလဲ... ကိုယ်ဟာ ဆင်ဆင်ခြင်ခြင် နေခဲ့တဲ့ လူငယ်လေးတစ်ယောက်အဖြစ်သာ မြင်ပါစေတော့... အိမ်ပေါ်တက်လာနေပြီးဦးသမီးရဲ့ မေတ္တာကို အရချူချသွားတဲ့ သားရေပေါ်အိမ်သားရေနှားစား မဖြစ်ပါရစေနဲ့ ပုံ..."

ပုံသည် သက်ပြင်းချမိပါသည်။ ဖေဖေသိလာတဲ့တစ်နေ့မှာ ပုံတို့နှစ်ယောက်ဟာ အေးချမ်းဆင်ခြင်သော ကလေးနှစ်ယောက်အဖြစ်သာ မြင်စေချင်တာအမှန်ပါ။ တစ်အိမ်တည်းနေနေကြရမှာကို ပုံစိတ်မလုံလဲဘဲ ဖေဖေ့ကို ရှက်အားနာသည်မှာအမှန်ပင်။

"ပုံသဘော ပေါက်ပါတယ်... ဒါပေမဲ့... မြေဒီညလာ





အိပ်ပါနော်... ပုံ ခုထိထမင်းမစားရသေးဘူး... မြေမလာရင် မစားတော့ဘူးလို့လည်း ကြော်ငြာထားပြီးပြီ၊ ပုံဗိုက်လည်း ဆာနေပါပြီ မြေရယ်... မြေလာခဲ့ပါနော်... ပြီးရင် ဒီတစ်ညတော့အိပ်..."

"ဒီညလာအိပ်ရခြင်းအကြောင်းရင်းကို ကိုယ်က ဘယ်လိုအသိခံရမလဲ..."

"ဒါတော့ ပုံ့ကိုချစ်ရင် ဉာဏ်ကိုလှူသုံးပြီး ကြိုက်သလိုအကြောင်းပြပေါ့... အကြံဉာဏ်ထုတ်ဖို့တောင် မကြိုးစားတတ်ရင် ပုံကို မြေ တခြားဘာများ ကြိုးစားပေးဦးမယ်လို့ ပုံက ယုံရမလဲ..."

"ကောင်းပါပြီ... ပုံရယ်..."

ပုံသည် ဖုန်းချလိုက်ပြီးသော်... ရင်တထိတ်ထိတ်ခုန်ကာ စောင့်စားနေမိပါသည်။ မိနစ်နှစ်ဆယ်လောက် ရှိချိန်တွင် ခြံဝသို့ ကားတစ်စီး ဟွန်းသံပေးလာရပ်ကာ.. ဦးစံက သူ့အိမ်လေးမှပြေးထွက်ကာ ခြံတံခါးဖွင့်သည်။ ပုံကအခန်းထဲမှ မထွက်သေးပဲ နားစွင့်နေသည်။ တစ်ဖက်ခန်းမှ အန်တီဆင်းသွားသံ အောက်ထပ်မှ ဒေါ်ပုထွက်လာသံတို့ကို ပုံကြားရပါသည်။ မြေ့အသံကိုပါ ကြားရမှ ပုံက အိမ်ပေါ်မှဆင်းလာသည်။

အန်တီက လှေကားမှအတက်...

"မြေလားအန်တီ..."

"ဟုတ်တယ် သမီး... ဒီည သူ့သူငယ်ချင်းတစ်ယောက် မိန်းမဆိုးလာလို့ အိမ်တစ်ညအပ်ခဲ့ရတယ်တဲ့ ဒီမှာတစ်ည အိပ်ချင်လို့တဲ့၊ ဖေဖေ့ကို အန်တီသွားပြောလိုက်ဦးမယ်..."

"ဟုတ်လား..."

အန်တီက မြေနှင့်ပုံကို တစ်ချက်လှည့်ကြည့်ပြီးမှ ဆက်တက်သွားပါသည်။ ပုံသည် ဧည့်ခန်းထဲ မျက်နှာနီမြန်းနေသော မျက်မှန်နှင့်ကောင်လေးကို ရယ်ချင်သလိုကြည့်ရင်း...

"မြေက... အကြောင်းပြ သိပ်ပိရိပါလား..."

"ညာပြောရတာ မျက်နှာပူလိုက်တာ ပုံလေးရယ်..."

"လာ... ပုံထမင်းစားမယ်၊ မြေပါထပ်စားဦး..."

"ဟာ... ကိုယ်ဗိုက်ပြည့်..."

"မြေပါထပ်စားရမှာ... မရဘူး... ဝင်သလောက်စားရမယ် မြေကြိုက်တဲ့ ဆိတ်သားခြောက်ကို မီးဖုတ်ပြီး ဆီဆမ်း ပေးထားတာ ဘယ်သူမှတ်သလဲ..."



မြေက မျက်ခုံးပင့်ကာ...

"ပုံကိုယ်တိုင် ဝင်လုပ်တယ်... ဟုတ်လား..."

"မဟုတ်ပါဘူး... ဒေါ်ပုကြီးလို့ ပြောမလို့ ဟား... ဟား..."

မမေ

မြေက မအောင့်နိုင်ဘဲ ရယ်ရင်း ပုံ့နောက်မှ ပါလာ ...ျပြတာ၊

...ည်၊ ...ွဲရကြိုက်ရမဲ့

...ဘူးဆိုတာ သား

မြေအိပ်ဖို့အခန်းကို ဒေါ်ပုကြီး ပြင်ပေးပြီး... ...ဆုံးဖြစ်ပြီးလို့

...း မျက်နှာသုတ်ပဝါအသစ် သွားပွတ်တံ သွားတိုက်... ...င် ဘယ်လိုမှ နောက်

...ပြာအသစ်တို့ကို အသီးသီးထုတ်ယူကာ မြေအ... ...တကြောင်းကြောင်း

...ပေးရင်း နှမ်းဖြူးလိုက်ပါသေးသည်။ ပုံပျော်သ...

...း ဦးကျော်သက်ကို မေမေ

မြေက ပုံ့ကိုချစ်တယ်တဲ့... ...ဘူး... သားဘက်က အမှား

...တ်တစ်ပါတဲ့။ ...ကြောင့်များ ဖျက်ခဲ့ရရင်...

ဒီည ပုံအိပ်လို့ပျော်အောင် ဂါထာ...ဝင်ထွက် ပတ်သက်ဖို့

...မေမေကပါ ရောနှော

...မြဲရယ်။

...ကို မေမေ အကဲခတ်

...မဲမဲ တန်း...န်းစွဲ

...အမှားဖြစ်နေတာ

...သည်းကွဲရရင်

❖❖❖❖❖❖❖

ပုံသည် ပုံတို့ကိစ္စကိုဦးစွာအသိပေးသည်
ဒးနံတို့ကိုဖြစ်သည်။ အန်တီသည် ထိုသတင်းကြားသော
ဘယ်လို ခံစားရမည်မသိဘဲ တုန်တုန်ခိုက်ခိုက်ပင် ဖြစ်ရရှာသည်

"ဖေဖေ့ကိုလည်း အန်တီပဲ ပြောပြလိုက်ပါနော်..."

"ဖေဖေ့ကို မပြောခင်... လူငယ်ချင်းအရင် သေချာ
"ဟုတ် တိုင်ပင်ကြပါဦးကွယ်... ဖေဖေ့ကို အသိပေးပြီးမှ
မသေမချာဖြစ်ရင် မကောင်းဘူး..."

ဆက်တက်သွားငတို့ဘက်က သေချာပါတယ်အန်တီ... မြေကပွဲရဲ့
သော မျက်မှန်နှင့်ဝေ်သူ... ပုံကလည်းမြေ့ရဲ့ ပထမဆုံးချစ်သူ...
ဘူမှ ဘာပြဿနာမျှ မရှိစေရဘူး... ပုံတို့
"မြေက... အငြ..."

"ညာပြောရတာ အန်တီပြောတာကရော... ကောင်းပါ့မလား

"လာ... ပုံထားကိုင်ပြောရင်ကော..."

"ဟာ... ကိုးတီပြောတာက ပိုထိရောက်ပါတယ်... သေချာ

"မြေပါဝ ပည်းပိုဖြစ်ပါတယ်... ပုံကလည်း အန်တီ့ကို အ
မြေပြဖွင့်ဟ အသိပေးတယ်လို့ ဖေဖေသိရရင် ကျေနပ်မယ်
ပေ တယ်"



ဒေါ်အေးမြမြသည် ခေါင်းရှောင်မရ ဒီကြားထဲမှာ မြေ့ထံ ကိုယ်တိုင် လိုက်သွားတွေ့ပြီး ထပ်ထပ်ခါခါ သေချာအောင် အတည်ပြု ပါသေးသည်။

"မေမေ့သားဟာ အပျော်အပျက်မလုပ်တတ်တာ မေမေ သိပါတယ်... ဒါပေမဲ့ သေချာအောင် ထပ်ပြောပြတာ၊ ပုံဟာ ခဏတစ်ဖြုတ် အပျော်အပျက် တွဲရကြိုက်ရမဲ့ ရည်းစားလုပ်ရမဲ့ မိန်းကလေးမျိုး မဟုတ်ဘူးဆိုတာ သား အသိနော်... ဒီကိစ္စဟာ သား ဆုံးဖြတ်ပြီးလို့ ဦးကျော်သက် ကိုပါ အသိပေးပြီးရင် ဘယ်လိုမှ နောက် ဆုတ်လို့ ဖျက်လို့မရတဲ့ကိစ္စ... တကြောင်းကြောင်း ကြောင့် ပျက်သွားခဲ့ရရင်လည်း ဦးကျော်သက်ကို မေမေ မျက်နှာပြဖို့ မကောင်းတော့ဘူး... သားဘက်က အမှား အယွင်း အပြစ် အနာအဆာကြောင့်များ ပျက်ခဲ့ရရင်... သားနဲ့မေမေနဲ့ပါ ဆက်လက်ဝင်ထွက် ပတ်သက်ဖို့ ခပ်ခက်ခက်... သားအပြစ်ကို မေမေကပါ ရောနှော အရေးယူရလိမ့်မှာ... ပြီး တော့ ပုံ့ကို မေမေ အကဲခတ် နိုင်ပါတယ်... ပုံဟာ မင်းကို သဲသဲမဲမဲ တန်းတန်းစွဲ အသေအလဲ ချစ်ကြိုက်နေတယ်... အရူးအမူးဖြစ်နေတာ ပေါ်လွင်နေတာပဲ... ပုံ့ကြောင့် သား အသည်းကွဲရင်

မေမေ စိတ်မကောင်းရရှာရှိပေလိမ့်မယ် သား ကြောင့်သာ ပုံအသည်း ကွဲရရင် မေမေနေစရာ မရှိအောင် စိတ်ဆင်းရဲ စိတ်ကျဉ်းကျပ်ရလိမ့်မယ်... သေချာစဉ်းစားပါအုံး သားကြီးရယ်..."

"မေမေနဲ့ ဦးတို့သဘောတူတာ မတူတာ... လက်ခံတာ လက်မခံတာ မေမေတို့ သဘောရှိသလို ဆုံးဖြတ်ပါ... သား ကတော့ ပုံ့ကို အစစ်အမှန်ချစ်တာပါ မေမေ... သား လက်ထပ်ယူဖို့... ဦးနှောက်ရော အသည်းနှလုံးရော သုံး ပြီး စဉ်းစားဆုံးဖြတ်ရွေးပြီး ချစ်တာပါ... သားဘက်က လည်း ဘာအမှားမှ မရှိစေရဘူး... သားကြောင့် ပုံ အသည်းမကွဲစေရဘူးလို့ ကတိပေးပါတယ်... ဒီကတိကို မေမေယုံပါ..."

ဒေါ်အေးမြမြသည် သားဖြစ်သူကိုလည်း ယုံကြည် ပါသည်။ နောင်တစ်ချိန်မှာ အခြေအနေတစ်မျိုးမျိုးနှင့် မျက်နှာပျက်စရာ... မကြည့်နိုင်စရာဖြစ်မှာကိုပဲ စိုးရိမ်တာ ဖြစ်သည်။ သို့သော် သူတို့ဘက်က ဤမျှသေချာနေတာ ဦးကျော်သက်ထံမှာပါ အတိ အလင်းတရားဝင် အသိပေးလို သော သဘောဆန္ဒက ပြင်းပြနေ သောအခါ ဒေါ်အေးမြမြမှာ မျက်နှာခပ်ပျက်ပျက်နှင့်ပင် အပြစ် မရှိပါဘဲ အပြစ်ရှိသူနှယ်





ဦးကျော်သက်ထံ အထစ်ထစ် အငေါ့ငေါ့ တင်ပြရပါတော့သည်။

ဦးကျော်သက်သည် ကြားရသော သတင်းအ ဘွက် အံ့ဩ၍တော့ သွားပေသည်။ ချက်ချင်းလည်း ဘာမှထင် မြင်ချက်မပေးပါ။ သို့သော်လည်း သိပ်တော့ အချိန်မယူ၊ နှစ်ရက် အကြာမှာ သူ့ဘက်က သဘောထားကို အတိအလင်းဖွင့်ပြော လာပါသည်။

"သားကြီးနဲ့ ပုံပုံ့ကိစ္စ ကိုယ်သဘောမတူစရာ မရှိဘူး၊ နောင်တစ်ခါမှာ ကိုယ့်စီးပွား ကိုယ့်နေရာကို ဆက်ခံမယ့် သူဟာ မြရဲ့သားဖြစ်နေတာကိုလည်း သဘောကျပါ တယ်... သားကြီးရဲ့ ရိုးသားဖြောင့်မတ်တဲ့ စရိုက်ကိုလည်း သဘောကျပါတယ်... သမီးကိုချစ်တယ်ဆိုရင် သေတစ် ပန်သက်တစ်ဆုံး လက်တွဲသွားမယ့် သူမျိုးလို့လည်း သ ဘောရတယ်... ကိုယ်သဘောတူပါတယ်... ဒီလိုသဘော တူလိုက်တဲ့အတွက် သားကြီးဒီဇိမ်မှာ အတူလာနေဖို့ တော့ သိပ်မသင့်တော်တော့ဘူး... ဒါကို မြ သဘော ပေါက်မှာပါ..."

"သဘောပေါက်ပါတယ်... ကို..."

"သူတို့ဘာသာ ဆုံးဖြတ်သတ်မှတ်ပြီး... သူတို့သဘောကျ

ချိန်မှာပဲ လက်ထပ်ပေးဖို့ ကိုယ့်ဘက်က အဆင်သင့်ပါပဲ ပုံပုံလည်း ဘွဲ့တစ်ခုခုရပြီးသား.. သားကြီးလည်း ဘွဲ့ရပြီး အလုပ်ဝင်စပြုပြီ၊ အသက်အရွယ်အရလည်း သင့်တော်ကြတယ်.. သူတို့သဘောကျသလို စီစဉ်ပေးမယ်၊ ဒါပေမဲ့ လက်မထပ်ခင်တော့ ခုလိုပဲ သီးသန့်ဆက်နေကြဖို့ သင့်တယ်.. တစ်အိမ်ထဲရှိနေဖို့ ပတ်ဝန်းကျင်အတွက် မသင့်တော်ဘူး ပတ်ဝန်းကျင်ဆိုတာလည်း ဆွေထဲ မျိုးထဲပေါ့.. ဘာပဲဖြစ်ဖြစ် ခုကတည်းကစပြီး ဆွေရင်းမျိုးရင်းထဲမှာတော့ ပုံပုံနဲ့သားကြီးကို ရည်ရွယ်ထားတယ်ဆိုတာ အသိပေးစပြုမှ ဒါမှ အပြင်မှာ အသွားအလာအရလည်း တင့်တယ်မယ်.."

"ဟုတ်ကဲ့ပါ.. ကို..."

ဤသို့နှင့် မြေနှင့်ပုံတို့ရဲ့ မေတ္တာဇာတ်လမ်းသည် ဆူးငြောင့်ခလုတ်လုံးဝမရှိဘဲ ပကတိစင်းလုံးချော ဖြောင့်ဖြူးခဲ့ရပါသည်။ မြန်မြန်ပဲ လက်ထပ်ဖို့ပင် သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

ပုံ ဒုတိယအသိပေးသည်မှာ ရွှေကြာကိုပင် ပုံနှင့်မြေ ရွှေကြာ့အိမ်အတူသွားကာ ရွှေကြာ့ကိုပုံကဖွင့်ပြောသည်။ ရွှေကြာသည် အစစ်အမှန်ဝမ်းသာ သဘောတူသော်လည်း ခဏ





ဘစ်ဖြတ်သာ မြူးရယ်ဝမ်းသာပုံပြလျက် ကြာရှည်မခံ.. ။

"ကောင်းပါတယ်လေ.. နင်တို့နှစ်ယောက်လိုက်လည်း လိုက်ပါတယ်၊ တစ်ယောက်က အကောက်သမား တစ်ယောက်ကအချောသမား၊ ဟန်ကိုကျလို့.. ငါ တကယ် ဝမ်းသာပါတယ်ဟယ်.. နင်တို့ကိစ္စကတော့ အဆင်ပြေမှာပါပဲ.. ငါ့မှာတော့ စိတ်ညစ်နေတယ်၊ အဆင်ကမပြေဘူး..အင်္ကျီထုပ်တောင် မြေဆီပို့ပြီးကာမှ.. ကိုကျော်စွာက ခရီးထွက်က ပြန်မလာနိုင်သေးဘူး ဖြစ်နေတယ်.. သူ လားရှိုးဖက်က ပြန်လာမယ်.. အပြန်ပဲခူးကိုဝင်ပြီး ငါတို့ နေဖို့ထိုင်ဖို့စီစဉ်မှာ.. ပဲခူးကိုပဲ နိုးပြေးမယ်၊ ပဲခူးမှာ သူ့ခြံကလေး အိမ်ကလေးရှိတယ်.. ပြန်လာမယ်ဆိုတဲ့ ရက် ထက်နောက်ကျ နေတာနှစ်ရက်ရှိပြီ.. ငါ့စိတ်တွေလည်း ထင့်နေတယ်.. သူ့တပည့်ဆီ ဖုန်းဆက်မေးတော့လည်း ဘာမှ အကြောင်းမကြားဘူး ပြောတယ်.. သူ့ခမျာ ပိုက်ဆံက ခလေး ထုပ်ထုပ်ထည်ထည် ပိုက်ပြီး နှစ်လသုံးလ ထိုင်စားနိုင်အောင် အပင်ပန်းခံရှာဖွေနေရတာ.. မြေရယ်.. သူ့အဖေရုံးခန်း နင်သိတယ်နော်.. သူလည်းအဲဒီမှာပဲ အတူထိုင် တာလေ.. အဲဒီမှာ သူ့တပည့် ကိုတင်ရွှေဆိုတာရှိဘယ် တစ်ရက်တစ်ခါလောက် သွားသွားမေးပေး

စမ်းပါ..."

"အေး.. ငါမေးပေးမယ်... ထူးတာနဲ့ နင့်ဆီဖုန်းဆက်ပြောမယ်.."

"မထူးရင်လည်းပြောဦး..."

"အေးပါ.. ထူးထူး... မထူးထူး နေ့တိုင်းဆက်ပါ့မယ်..."

"နင်တို့လက်ထပ်ဖို့ကကော ဘယ်တော့လောက်လဲ..."

"မကြာခင်ပဲ ရွှေကြာ... နှစ်လအတွင်းပဲ..."

"ဟယ်... ဟုတ်တယ်..."

ပွဲ့အဖြေကြောင့် ရွှေကြာက မြွေဘက်လှည့်ထောက်ခံချက်ယူရာ မြေက ပြုံးပြုံးနှင့် ဆတ်ခနဲ ခေါင်းညိတ်လိုက်လေသည်။

"ခေါင်းမညိတ်စမ်းပါနဲ့ဟာ... မျက်မှန်က လျှာလျှောကျလာတာ ငါ့မှာ စိတ်ညစ်ရတဲ့ကြားက ရယ်ချင်လွန်းလို့ ကြည့်စမ်းပါဦးပုံရယ်... သူ့ပုံစံကို... လေးလုံးကလေးနဲ့ ဘာပုံပေါက်နေမှန်းကို မသိဘူး... ငါကြည့်လို့ကို မရဘူး..."



စိတ်ညစ်စိတ်ရှုပ်နေချိန်မှာပင် ရွှေကြာသည် မြေရဲ့ မျက်မှန်နှင့် အသွင်သစ်ကို ဟာသတွေနေပြန်သည်။ ပြောရင်းက အနည်းငယ်ပင် စိတ်လန်းလာသလို တဟားဟား ထရယ်ကာ

"နင်မို့ လေးလုံးသမားကို ကြိုက်သေး..."

စကားပြောကြ ဆိုကြရင်းက ရွှေကြာလည်း လန်းဆန်းသည်ထက် လန်းဆန်း ရွှင်ပျကာ ပုံမှန် ဖြစ်လာပါသည်။ ရွှေကြာ့မေမေသည် သုံးယောက်သားထံကို မကြာခဏ စားစရာလာပို့သလိုလိုနှင့် သိပ်အလစ်မပေးဘဲ မျက်စေ့ဒေါက်ထောက်ကြည့်နေပုံရပါသည်။ ပုံသာဆိုလျှင် မေမေသို့မဟုတ် ဖေဖေနှင့် ဤသို့ အဆင်မပြေ အမြင်မကြည် ဖြစ်နေရမည်သာဆိုလျှင် စိတ်ထဲဆုတ်နစ်ကာ အကြီးအကျယ် စိတ်ဓာတ်ကျ ဝမ်းနည်းနေနိုင်သည်။ ရွှေကြာကတော့ ဤသို့ မဟုတ်ပေ။

သူ့ကိစ္စ သူ့ဟာသူ စိတ်ညစ်နေတာ ရှိသော်လည်း သူ့မေမေ မျက်နှာမသာမယာ တင်းမာသည့် အတွက်တော့ ဘယ်သို့မှ မှုပုံမရဘဲ... ကြွပ်ဆတ်ဆတ်ရှိနေသည်။ ပုံသည် ဘယ်လိုပင် နွဲ့ဆိုးဗိုလ်ကျ တတ်သော်လည်း လူကြီး မိဘအား စိတ်နှလုံးထဲကရော ကိုယ်အမူအရာပါ ရှိသေလေးစား တတ်ကျင့်ရှိသည်။ ရွှေကြာကား ဘာကိုမှ ဂရုမစိုက်လှပုံ... မထိတရီပင်။

မြကြတော့ အပြန်တွင် သူ့ရွှေကြာရဲ့ အပ်နှင်းလိုက်သော တာဝန်ကြီးကို ခေါင်းပေါ်တင်ကာ အထူးဂရုပြု သယ်ဆောင်လာဟန်မျိုး အလေးတနက်ဖြစ်လေသည်။

## ၇

မြသည် ဒီနေ့အဖို့ ရှိုးရွမ်းမှာ တာဝန်ကျသဖြင့်
ကျ်တောင့်သက်သာ ရှိပါသည်။ လာရောက်ကြည့်ရှုသူ အနည်း
ည်သာရှိပြီး နံနက်ရှိုးဖွင့်စဉ်ပင် ဤနေ့အဖို့ရာ ကွန်ပျူတာတစ်
း ရောင်းထွက်သွားသဖြင့်... တက်ကြွနေပါသည်။ နေ့စဉ် တစ်
းရောင်းရသည်မဟုတ်ပါ။ ရောင်းရခြင်း မရောင်းရခြင်းအတွက်
တို့မှာ တာဝန်မရှိဘူး ဆိုလို့ရသော်လည်း တစ်နေကုန်... ဘာ
ည်းတစ်ခုမှ မရောင်းရသည့်နေ့မျိုးတွင် ကိုယ်ပေးအပ်ခဲ့သည့်
းဝစ်စ်အတွက် သူတို့မှာ လိုအပ်ချက်ပဲ ရှိနေသယောင်ယောင်
က်နှာပူချင် ယောင်ယောင်ရှိရပါသည်။

အခြေခိုင် နာမည်ရနေပြီဖြစ်သော ကွန်ပျူတာများ
ရှိုးရွမ်းများကို မြတို့ ရောက်ဖူး လေ့လာဖူးပါသည်။ စတိုးဆိုင်
င်ခုလို ဟောတစ်ခု... ဟောနှစ်ခုရောင်းနေရတာမျိုး မဟုတ်ပေ
သူ့အရှိန်သူ့အနေအထားနှင့် သူ့အရောင်းတွင်နေတာ မြင်

ခဲ့ဖူးသဖြင့် ကိုယ့်ကုမ္ပဏီကွန်ဖျူတာများကိုလည်း ရောင်း
ချင်ကာ ရောင်းရမည့်နေ့တွင် သူတို့ ပျော်ရွှင်ကြပါသည်။

ဒီနေ့အဖို့ တာဝန်ပဲ ကျေသွားသလိုလို...
နောက်ထပ်လူရွယ်တစ်ယောက်နှင့် မိန်းကလေးနှစ်ယော
သည် လူရှင်းသဖြင့် ထိုင်ကာ စကားလက်ဆုံကျနေပါသည်။
လာကြည့်လျှင် တစ်ယောက်တည်းပဲလာကြည့်ကြည့် မည်
ထိုင်နေခွင့်မရှိ။ တစ်ယောက်တည်းထပြီး လိုက်ပြလို့ လုံလော
သော်လည်း လုပ်ငန်းခွင် စည်းကမ်းချက်ထဲက Pay atten
ဆိုတဲ့ အချက်အတိုင်း အားလုံးသည် ထောင့်လေးထောင့်ခဲ့
လက် နောက်ပစ်ပြီး မေးပါက ဖြေဖို့အသင့်ရှိပုံနှင့် Custo
အား စိတ်ဝင်စားမှု ပြထားရပါသည်။ မမေးလျှင်မဖြေရပါ။

ဒီမနက်အဖို့ တစ်လုံးရောင်းလိုက်ရကာ လူ
ရှင်းသဖြင့် သူတို့လေးယောက် ထိုင်ပြီး စကားပြောသူချင်းက
သတင်းစာဂျာနယ်ဖတ်သူကဖတ်၊ အဲအေးခန်းအတွင်းမှာ သ
တောင့်သက်သာ ရှိနေကြပါသည်။ ထိုအခိုက်မှာ့ဖုန်းမြ
လာပါသည်။

ဖုန်းကိုင်နေကျ သူတို့ထဲ အချိုသာအယဉ်
ဆုံး မချိုက ဖုန်းကိုကောက်ကိုင်သည်။



"ဟုတ်ကဲ့... အမိန့်ရှိပါရှင်..."

"မြေ့ကိုခေါ်ပေးပါ..."

သူ့ဘက်ကလေသံ ရိုကျိုးနှိမ့်ချထားသလောက်
ဟိုဘက်က အက်ကွဲအေးစက်သော အသံထွက်ပေါ်လာလေရာ
ချို မှာ မကြည်မလင် နှာခေါင်းရှုံ့လိုက်ရင်း...

"ကိုင်ထားပါရှင်..."

သူ့တာဝန်က ရှင်းလို့မဖြစ်သဖြင့် ချိုသာစွာပဲ ပြန်
ပြောလိုက်ကာ...

"မြေတဲ့... ကိုအောင်မြေရေ..."

အောင်မြေက စကားဝိုင်းမှ ထ,ထွက်ကာ ဖုန်းလာ
ကိုင်လိုက်ရသည်။

"ဟယ်လို..."

"မြေလား..."

"ခွေကြာ... ငါပါ... နင်ဘာဖြစ်နေလဲ..."

"ဂျီကိုအခုလာခေါ်စမ်း... အခုလာခေါ်စမ်းမြေ..."

"အခု..."

"အခု ဘယ်နှစ်နာရီရှိပြီလဲ..."

ခွေကြာ့အသံကြီးသည် အတက်အကျမရှိ အေး စက်စက်ကြီးနှင့် ကြောက်စရာပင်ကောင်းနေပါသည်။ မြေ နာရီငုံ့ကြည့်ရင်း...

"အခု... ဆယ့်တစ်နာရီ..."

"မြေ... နင်... သတင်းစာ ရအောင်ရှာဖတ်လိုက်... ပြီးရင် လာခဲ့... အချိန်မီရင်တော်ပြီ... ငါ... ငါ..."

ခွေကြာသည် စကားပြောရင်း အသံတိမ်တ အသံကလုံးလုံးပျောက်ဝင်သွားပြီး တစ်ချက် ရှိုက်လိုက်သည်ဟု မြေ ထင်သည်။

"ခွေကြာ..."

သူခေါ်လိုက်သော်လည်း ခွေကြာက ဖုန်းချပ လိုက်လေပြီ... မြေက ဖုန်းကိုချရင်း...

"သတင်းစာ... သတင်းစာ..."

အချိန်မီလို့လည်း ဆိုသဖြင့် ဘာမှန်းကိုမသိဘဲ





တင်းစာကို အလောသုံးဆယ် တောင်းရပါသည်။ သတင်းစာ ာ်နေသော မိုးမိုးက...

"ဘာလဲ... ကြေးမုံလား..."

"နှစ်ခုလုံးပေး..."

မြေက ဆွဲယူကာ မျက်နှာဖုံးက စလှန်သည်။ ့လိုက ဆိုင်ရာတို့ဟာ နောက်ပိုင်းမှာသာ... ခွေကြာ့ကိစ္စဟာ ာမှန်းမသိသော်လည်း မြေက နောက်ဘက်နားကိုပဲ တန်းကာ ျှာက်ကြည့်သည်။ လက်ထပ်ပြီးစီးခြင်းတို့... စေ့စပ်ခြင်းတို့ ့လွှတ်ခြင်းတို့... သူ့စိတ်ထဲ ကျော်စွာလေး လက်ထပ်သွားသ ား... အန်တီကြူတို့က ခွေကြာ့ကို တစ်ယောက်ယောက်နှင့် ့စပ်လိုက်သလား... သမီးအဖြစ်ကပဲ စွန့်လိုက်သလား... ဖြစ် ်ချေရှိမည် ထင်တာတွေကို တစ်ခုပြီးတစ်ခု လျှောက်တွေးကာ ာ် စေ့ကဖြန့်ရှာသည်။

"ဘာရှာတာလဲ... ရုပ်ကလည်းကြောက်စရာဟယ်... အလန့်တကြား..."

"ဘာရှာမှန်းကို မသိဘူး..."

"ဟင်... သူပဲရှာနေပြီး..."

"ဟုတ်တယ်… ဘာကိုရှာရမယ် မသိဘဲရမ်းရှာနေတာ…"

မြေသည် သတင်းစာ နှစ်စောင်လုံးရဲ့ ထိုသို့သော ကြော်ငြာချက်များ စုံလင်နှံ့ပြန့်သွားကာ ဘာမှတော့မတွေ့…

"ဘာမှလည်း မတွေ့ဘူး…"

"ဘာကူရှာပေးရမလဲ…"

"ဘာမှလည်း ကူရှာလို့မရဘူး…"

မြေသည် နောက်ဆုံးမှစလှန်ကာ ပိုက်စိပ်တိုက် ပြန်ရှာပြန်သည်။

"ဘာပြောလို့လည်း ကိုအောင်မြေရဲ့…"

"သတင်းစာထဲကြည့်ပြီး အချိန်မီလာခေါ်ပါတဲ့… သူငယ်ချင်းတစ်ယောက်ဆက်တာ…"

"အချိန်မီ…၊ နာရေးတွေ ဘာတွေကြည့်ပါဦး… အသုဘ အချိန်အမီဖြစ်နေဦးမယ်… ဟင်း ဟင်း…"

မိုးမိုးက ရယ်သွမ်းနောက်ပြောင်စဉ် မချိုက 'မှုတ်ပဲ နင်ကလည်း" ဟု ဝင်ဟန့်လေသည်။ မြေသည် ဖြတ်ခနဲ နာရေးစာမျက်နှာသို့ မျက်စေ့ရောက်သွားသည်။ တိုစာမျက်နှာသို့ မျက်



ရောက်သည်နှင့် တစ်ပြိုင်နက် မျက်လုံးက တစ်နေရာတည်း အရင်ဆုံးကျကာ စိုက်နေသည်။

အမည်မှာ ကိုယ်သိသော အမည်စာလုံးဖြစ်သ ရုတ်တရက် ဖြတ်ခနဲအကြည့်တွင် ထိုစာလုံးကို ဦးစွာဂရု မိမြဲ ထုံးစံမျိုးတည်း။

ကျော်စွာလေး

အသက်(၂၉)နှစ်

မြေသည် မျက်လုံးပြာနှမ်းသွားကာ အတင်း မျက် တစ်ချက် ဖိခတ်ပြီး စိုက်ကြည့်ပြန်သည်။ အမှန်ပဲ… မလွဲပါ မျက်စေ့မှုန်ချင်ပေမဲ့ ဒီလောက်တော့လည်း မလွဲသေးပါ။ မြေ ရင့်ထဲလေးကာ နင်သွားလျက် အပူလုံးကြီးတစ်ခု လည် ဝဲ၍ လာဆို့နေသည်။ မယုံကြည်နိုင်ပဲ ထပ်ကာထပ်ကာ ဖတ်နေသည်။

"သွားပြီ…"

"ဘာဖြစ်လို့လဲ… အောင်မြေ…"

ကိုစိုးနိုင်က မေးလျှင် မြေသည် ကိုကျော်စွာလေး မည်ကို လက်ထောက်ပြမိကာ…

"ခုနဆက်တဲ့ သူငယ်ချင်းရဲ့ရည်းစားဗျာ... သွားပါပြီဗျာ"

"ဟယ်တော့... မိုးကလည်း ပါးစပ်ပုပ်ကြီးနဲ့ ပြောပါတယ်..."

"မဆိုင်ပါဘူးမိုးမိုးရယ်... ဒုက္ခပဲ..."

"ဒါကြောင့် ဖုန်းထဲက အသံကြီးက တစ်မျိုးပဲလို့ ချိုထင်နေတာဘာတဲ့လဲတင်... သူက ဘာအချိန်မီလုပ်နိုင်းတာလဲ သူ့ကိုအသုဘပို့ဖို့..."

"ဟုတ်တယ်... သူအသုဘပို့ဖို့ အချိန်မီလာခေါ် ထုတ်နိုင်တာဖြစ်မယ်... သူ့အိမ်ကလည်း သဘောမတူတော့ သူ့ကို နည်းနည်းကြပ်ကြပ်မတ်မတ် ထားနေတယ်... အချိန်တနေ့လည်နှစ်နာရီတဲ့... မီတာကတော့ မီပါတယ်... ကျွန်တော် သွားခေါ် ထုတ်မပေးရင် မရဘူး... ကျွန်တော် တစ်နာရီထိုးလောက်ကနေ... သုံးနာရီလောက်အထိပေါ့... ခဏ လစ်ထွက်ချင်တယ်ဗျာ... ဖြစ်မလား ကိုစိုးနိုင်..."

"ဖြစ်ပါတယ်ကွာ... လိုလိုမည်မည် နေ့တစ်ဝက်ခွင့်စာရေးခဲ့... ပေးဖို့လိုလာရင် ပေးလိုက်မယ်၊ ပေးဖို့မလိုဘဲ ဘယ်





သူမှမလာဘဲ ပြီးသွားလည်း ဒီတိုင်းသာလစ်လိုက်ပါ... ဆယ့် နှစ်နာရီလောက် သွားလိုက်ပေါ့... တစ်ခုခုကြောင့် မမီရင် စိတ်မကောင်းစရာဖြစ်နေမယ်... စောစောသွားပေါ့... ပြီးရင်လည်း မင်း... ဒီကိုပြန်မဝင်နဲ့တော့..."

"ပြန်တော့ဝင်ခဲ့ပါ့မယ်..."

"သူငယ်ချင်းနဲ့... ရည်းစား... ဟုတ်လား..."

"ခိုးတောင် ခိုးကြတော့မို့ စီစဉ်ပြီးပြီ ကိုစိုးနိုင်ရာ..."

"ဒါဖြင့် တက်ချက်ငိုယိုလဲပြိုနေမှာနဲ့... မဖြစ်ပါဘူး... အချိန်ဖင့်သွားမှာပါ... ပြန်မလာပါနဲ့တော့..."

မြေသည် ရင်ထဲပူနေကာ ချွေကြော့ကို သနားလှပါသည်။ ဘယ်လိုများဖြစ်ပါလိမ့်။မျှော်လင့်မထားလောက်သောဖြစ်ရပ်မျိုးတည်း။ ဘယ်လိုများထင်ရက်ပါ့မလဲ... အသက်လည်းငယ်ရွယ်တုန်း၊ ချစ်သူချင်း ခိုးပြေးဖို့ သေချာစီစဉ်နေကာမှ... မထင်ရက်လို့လည်း နာရေးကိုပင် တကယ်ကို မဖတ်မိခဲ့ပါ။

"လူလည်းရှင်းနေတာပဲ... သွားရင်သွားလိုက်ပါကွာ..."

မြေသည် ချီတုံချတုံဖြစ်နေသည်။ သွားချင်လှသည်မှာ ခြေထောက်တွေပင် ယားနေပြီ... မြေမှာ နေမကောင်း

ဖြစ်သောခွင့်ရက်တွေလည်းရှိခဲ့သဖြင့် အလုပ်ပြုတ်မှာ မကြောက်သော်လည်း ဝန်ထမ်းချင်းအားနာလို့ပါသည်။

"ဟုတ်ပါတယ်... သွားလိုက်ပါ ကိုအောင်မြေရယ်... ဒီမှာ ရပါတယ်..."

"ဒါဖြင့် ကျွန်တော် သွားလိုက်တော့မယ်နော်..."

ပျက်နေသော အောင်မြေမျက်နှာကို ကြည့်လျှင် အားလုံးက ကျေကျေနပ်နပ် ကြည်ကြည်ဖြူဖြူပင် ခေါင်းညိတ်ပြပါသည်။ မြေသည် အရင်ဦးစွာ ပုံ့အိမ်ကို ပြေးပါသည်။ ကားမောင်းသွားနေရတာကိုပင် စိတ်က ကြာသည်ထင်ကာ နောက်ကျသွားမှာ စိုးရိမ်နေသည်။ ပုံက များသောအားဖြင့် သိပ်အပြင်ထွက်လေ့မရှိလှသဖြင့် အိမ်မှာအသင့်ရှိနေ၍ ကံကောင်းလှပါသည်။

"ပုံ... အဝတ်လဲ... လာ... လိုက်ခဲ့..."

"ဟင်... မြေ... ရုံးမတက်ဘူးလား..."

အိမ်ထဲတန်းဝင်... ဗီဒီယိုတစ်ကား ကြည့်နေသော ပုံ့ကို တန်းပြောလိုက်လျှင် ပုံသည် မြေရောက်လာတာကို ဝမ်းသာအားရ အံ့အားသင့်နေသည်။



"နေ့တစ်ဝက်ဆင်းလာတာ... ကဲ... ပုံ မြန်မြန် အဝတ်လဲလိုက်... သွားရအောင်..."

"ဘယ်လဲမြေ..."

"ရွှေကြာ့ဆီ... ကဲ... ကဲ... ကားပေါ်ရောက်မှ ကိုယ်ပြောပြမယ်... ပုံ မြန်မြန်လုပ်လိုက်နော်..."

"ရတယ်... ရတယ်... ဒါဖြင့်ခဏလေး..."

ပုံက အိမ်ပေါ်ထပ်ပြေးတက်သွားကာ ငါးမိနစ်အတွင်း ပြန်ဆင်းလာပါသည်။ အခြယ်အသမလုပ်... တီရှပ်ပန်းနုလေးနှင့် လုံချည်နက်လေး ရိုးရိုးဝတ်လာသည်။

"လာမြေ... သွားလို့ရပြီ... ဒေါ်ပုရေ... ပုံ... မြေနဲ့ အပြင်ခဏလိုက်သွားတယ်... တံခါးလာပိတ်ပါဦး... ဗီဒီယိုခွေပြနေတာလည်း ပိတ်လိုက်ပါ..."

ကားမောင်းထွက်လာပြီး လမ်းမပေါ် ကားရောက်မှပင် ပုံက မြေ့ဘက်လှည့်ကာ...

"မြေ... မြေဘာဖြစ်နေလည်းဟင်... ပုံ့ကိုပြောတော့မလား"

"အင်း.. ပြောမယ်..."

"မြွေပုံစံကြီးက တစ်မျိုးကြီးပဲ... ဘာဖြစ်နေလဲမြေ... ဘာလဲ ပုံ့ကို နိုးပြေးလာသလား... ဟား ဟား.. ရွှေကြာတို့ အားကျပြီးတော့လေ..."

"ကိုကျော်စွာလေး.. ဆုံးပြီ... ပုံ..."

"ဟင်..."

ပုံ့ရဲ့ လွတ်လွတ်လပ်လပ် ရယ်နေသံကလေး တိခနဲပြတ်သွားပါသည်။

"ဘာပြောတယ်... မြေ..."

"ကိုကျော်စွာဆုံးပြီ..."

"ဟင်... ဟုတ်ရဲ့လား... ဘာဖြစ်လို့လဲ... မြေ့ကိုဘယ်သူပြောလဲ... ရွှေကြာ့ကို သွားပြောမလို့လား..."

ပုံ့မေးခွန်းများမှာ ဆက်တိုက်ရှပ်ယုက်ခတ်နေသည်။

"ရွှေကြာ့ဆီသွားမှာတော့ ဟုတ်တယ်... ဒါပေမဲ့ ရွှေကြာသိပြီးပြီ... ရွှေကြာကိုယ့်ဆီ ဖုန်းဆက်တာ... သူ့ကို ခေါ်





နိုင်းတာ... ဒီနေ့အသုဘချမယ်ပုံ..."

"ဟယ်တော့... ဖြစ်မှဖြစ်ရလေ ရွှေကြာရယ်... သေချာတယ်ပေါ့နော်..."

"ကိုယ်ခုပဲ သတင်းစာထဲတွေ့ခဲ့ပြီ..."

"ဘာဖြစ်လို့ ဆုံးတာလဲ..."

"ဒါတော့မသိဘူး ပုံ..."

ပုံသည် မျက်နှာလေးငယ်ကျကာ ရွှေကြာ့ကို တစ်သက်နှင့်တစ်ကိုယ် ဖခင်မတန်မှ သနားကြင်နာ သွားမိလေသည်။ ကိုယ်တိုင်ချစ်သူရှိသူ တစ်ယောက်မို့ အမျှားကြီး ကိုယ်ချင်းစာနိုင်ကာ ရွှေကြာ့ကိုယ်စား ရင်ထဲဆို့နင့်လာသည်။ အင်္ကျီထုပ်တောင် သယ်ထုတ်ထားပြီးကာမှ။

"ရွှေကြာ ဘယ်လိုနေလဲဟင်..."

"ကိုယ်လည်း အတိအကျမသိဘူး.. ဖုန်းတောင် အလစ်ခိုးဆက်ရပုံပဲ၊ သူဘာမှပြောတာမဟုတ်ဘူး၊ သတင်းစာဖတ်ပြီးလာခေါ် ဆိုပြီးတော့ ဖုန်းချလိုက်တာ... အသံကတော့ မှုမမှန်ဘူးပေါ့ စကားပြောတုန်းတော့ ငိုမနေဘူး..."

ပုံသည် စိတ်ဆင်းရဲစွာနှင့် ဘာမှဆက်မမေးတော့ဘဲ ကုလားထိုင်ကို မှီထိုင်ကာ ငြိမ်၍ပါလာသည်။ လမ်းမ ဖက် ငေးမောလာသည်။ ပုံ... ရွှေကြာ့ကို ဘာမှ ဖြစ်ဖြစ်မြောက်မြောက် မကူညီခဲ့။ မကူညီခဲ့သည်မှာ တဖွတ်တိုးတက်... စိတ်လေတတ်.. ထင်သလိုလုပ်တတ်သော ရွှေကြာလုပ်သမျှကိုစွတို့သည် အားလုံးမှန်မည်ဟု ပုံ အယုံအကြည် မရှိတာလည်းပါသည်။ ရွှေကြာက သိပ်မတိုင်ပင် သိပ်အကူအညီ မတောင်းတာလဲပါသည်။ ရွှေကြာ့မိဘများနှင့် မရင်းနှီးလို့၍ ပြဿနာပေါ် လာလျှင် ပုံပါ တရားခံစာရင်းထဲ ရောပါလာပါက... သူစိမ်းများရဲ့ အပြောအဆို အပြစ်တင်မှုကို မခံချင်သော မာနစိတ်လည်းပါသည်။

ဒါတွေကြောင့် မကူညီဖြစ်ခဲ့။ သို့သော် ခုလိုသာ သူတို့နှစ်ယောက် ချစ်သက်တမ်းမှာ တိုရရှာမည်ဆိုတာ ကြိုသိခဲ့လျှင်တော့... အချိန်တိုကလေးထဲမှာ ရွှေကြာစိတ်ချမ်းသာပါစေတော့ဟူသည့် စေတနာမျိုးနှင့် ပုံ ကူညီဖြစ်မည်မှာ အမှန်တည်း။ ပုံသည် ရွှေကြာ့ကို မြေ ဂရုစိုက်တတ်လွန်းသဖြင့် သဝန်တိုစိတ်ရှိသော်လည်း ရွှေကြာ့ကို ခင်ပါသည်။ တစ်ခါတစ်ရံ ရွှေကြာရဲ့ ပြောဆိုလုပ်ကိုင်မှုမျိုးကို နှစ်သက်စိတ်နှင့် ချစ်ခင်ပါသည်။

တစ်ခါတစ်ရံ ရွှေကြာ့ ဟန်ပန်တို့က လေလွင့်ဟန်ဆန်လွန်းတာမျိုး... ပေါ့ရွှတ်ရွှတ် စရိုက်ရှိတာမျိုးတို့ကို မနှစ်မြို့





သော်လည်း ရွှေကြာ့ကို ပုံချစ်သည် ခင်သည်မှာ ငြင်းမရပေ။ ပုံသည် ငြိမ်နေရင်းမှ ငိုချင်လာကာ ဝဲစီမ့်လာသော မျက်ရည်တို့ကို မျက်တောင် ပုတ်ခတ်သိမ်းရသည်။ တစ်ကြိမ်သာ မြင်ဖူးသော ကျော်စွာလေး အတွက်မဟုတ်... ရွှေကြာ့အတွက်ဖြစ်သည်။

"တခြားဘာမှမပြောနဲ့ပုံ... လိုက်ခဲ့ဖို့တစ်ခုခု အကြောင်းပြပြီးခေါ်..."

မြို့ထဲကားရပ်လိုက်ကာ... မြေက တိုးတိုးသင်နေသဖြင့်...

"ပုံသိပါတယ်မြေရယ်..."

ပုံသည် မြေ တံခါးမှန်တင် သော့ခတ်နေဆဲ အိမ်ထဲသို့ အရင်ဦးအောင် ပြေးလွှားကာ ဝင်လာပါသည်။

"ရွှေကြာရေ.. ရွှေကြာ..."

"ဘာလဲ.. ဘယ်သူလဲ..."

စိတ်မပါသလို စိတ်မဝင်စားသလို ခါတိုင်းဟန်အတိုင်း မေးလိုက်သံမှာ ထမင်းစားခန်းစားပွဲမှ ရွှေကြာတည်း။ ပုံက ထမင်းစားခန်းဘက် ကွေ့လိုက်သည်။ ပုံမှာ အံ့ဩသွားရပါသည်။ စားပွဲလယ်မှာ လဘက်ပန်းကန်တည်ပြီး ရွှေကြာ့အမေ...

အဒေါ်နှင့် ရွှေကြာ လက်ဖက်စားရင်း စကားပြောနေကြပုံရပါသည်။ ရွှေကြာသည် သူ့စတိုင်လ်အတိုင်း အိမ်နေရင်း ဂါဝန်ရှည်ဝတ်ထားကာ လက်ဖက်ခပ်စားနေသော် မျက်နှာသည် သူ့နဂိုဟန်မထိတထိ ရွှဲ့တဲ့တဲ့ ငေါ်တော့တော့ ဟန်မှလွဲ၍ တစ်ချက်မှ မပျက်သောကြောင့်တည်း။

"တစ်ယောက်တည်းလားပုံ..."

"မြေလည်းပါတယ်..."

ရွှေကြာ့အမေက အိမ်ရှေ့ဘက်ကဲကြည့်ရင်း...

"မြေက... ရုံးမတက်ရဘူးလား..."

"ပုံဒီနေ့ သွားစရာရှိလို့ သူ့ကိုပို့ခိုင်းချင်လို့ ခွင့်ယူလိုက်တာပါ အန်တီ..."

"ပုံပုံတို့ မပေါ်လာတာတောင် ကြာပြီ..."

"ဟုတ်ကဲ့အန်တီ... မြေက နေမကောင်းလိုက်... အားပြန်တော့ ပုံကလည်း ကားမောင်းသင်ခိုင်းလိုက်... အဲဒါနဲ့ ရွှေကြာ့ဆီ မရောက်ပြန်ဘူး... ဟဲ့... ရွှေကြာ... နင့်စပီကင်ဆရာမ... ဆိုတာ... ဘယ်သူ..."



ပုံက ထမင်းစားပွဲမှာပဲ ဝင်ထိုင်လိုက်သည်။

"ဒေါ်ဂျယ်နီလား..."

"အေး... အေး... ငါတက်ချင်လို့ အဲဒါ... နင်ပြောပေးပါဦးဟယ်..."

"အမလေး... တက်မနေနဲ့... ငါတောင် ဆက်မတက်တော့ဘူး..."

ရွှေကြာ့စကားကြောင့် ပုံမှာ မျက်လုံးပြူးသွားရပါသည်။ ရွှေကြာသည် ဟန်မပျက်... လက်ဖက်ခပ်စားကာ တရှုံးရှုံ့ရင်း မျက်ရည်တော့ တစ်ချက်ဝိုင်းလာသည်။

"မြေအကြိုက်ပဲနော်... မေမေ... သိပ်စပ်တာပဲ... အား..."

"ဟဲ့... ငါပြောတာလည်း ပြန်ပြောပါဦး..."

"ဟာ... မတတ်လို့သင်ပါတယ်ဆိုမှ အလကားနေ ဝိုလ်လိုပဲ ဆီးမှုတ်ပြီးတော့ သူ့ဆီဗမာလိုပြောရင် ဖိုင်းချနေတာလူလည်းမွဲသွားပြီ... ဗမာလိုတစ်ခါပြောငါးကျပ်... တစ်နေ့ကို နှစ်ရာလောက်ထွက်နေတာ... ကျူရှင်ခကလည်း နင့်နေသေး မတတ်ရင်ဖောက်တော့ ကြောက်ပြီး ပိုတောင်မတတ်သေး၊ သူ့ဆီ တစ်လခွဲတက်ပြီး... ဘာတစ်

ခွန်းမှ မပြောနိုင်လို့ မေမေတောင်ဆူတယ်… ဒါနဲ့ထွက်
လိုက်ပြီ…”

ရွှေကြာကား မှင်သေလှသည်။ ရွှေကြာ့အဒေါ်က
ရွှေကြာ့စကားကို ရယ်မောသဘောကျနေသည်။

“ဒါမှတတ်မှာပေါ့ဟဲ့… ငါတော့ အဲဒါမျိုးပဲ ကြိုက်တယ်”

“လူလည်းသိပ်ချွေးတယ်… တစ်ဝိုင်းငါးယောက်တည်း
တက်ချင်လို့ စာရင်းပေးတိုင်း သင်တာမဟုတ်ဘူး
ဖင်ခေါင်းက ခပ်ကျယ်ကျယ်…”

“အော်… ရွှေကြာရယ်… ကိုယ့်ဆရာမကို…”

သူ့အမေပင်ကြားက တားယူရပါသည်။

“တက်မနေနဲ့…”

“ငါတက်ချင်လို့ပါဆိုမှ… နင်ပြောပေးရင်ရမှာဆိုပြီး ငါက
အားကိုးတစ်ကြီးလာတာ… အသိတစ်ယောက်နဲ့ စာရင်း
ပေးနိုင်းပြီးပြီ… အဲဒါ ဒီလထဲမှာ ဝိုင်းထဲမထဲ့သေးဘူး
လို့… ကျောင်းလည်းပြန်ဖွင့်တော့မှာ… နင်နဲ့ကခင်သွား
ဦးစွာ နင်ပြောရင်ရမှာပါ ရွှေကြာရယ်… နင်ကလည်း
ကူညီဖို့တော့ စိတ်မကူးဘူး…”





“တားမရလည်းတက်ပေါ့… ခုဆိုမှခုပဲလား…”

“ခုပဲ… သူတစ်ဝိုင်း စ,နေပြီဟ… ငါအများကြီးပြတ်ကျန်
ခဲ့မယ်…”

ရွှေကြာ့မေမေသည် ပုံနှင့်ရွှေကြာ့ကို ကြည့်ကာ
းစွင့်နေရာမှ စိတ်ကျေနပ်သွားသလို ထ,ထွက်ကာ…

“ဟဲ့… မြေရော…”

“မြေ… ညှော်ခန်းမှာပဲထိုင်နေတယ်… အန်တီ…”

ပုံက ဝင်ဖြေလိုက်ရသည်။ လူမှုံကလေးမြေသည်
လောက်ရှိ မျက်နှာအကြီးအကျယ် ပျက်နေမည်။ သူ့အကြောင်း
သိကာ လိုက်ဝင်မလာ။

“သူက ညှော်သည်ကျနေတာပဲ… မြေ…ဟဲ့…သား လာဘက်
လာစားစမ်း… မင်းအဒေါ်သုတ်ထားတာ စပ်လိုက်တာ…
မင်းအကြိုက်ပဲသားရေ…”

“ကျွန်… ကျွန်တော်… ဗိုက်နည်းနည်းမကောင်းလို့ မစား
တော့ဘူး အန်တီကြီး…”

“ဟုတ်လား… မြေလည်း ခုနောက်ပိုင်း ချူချာပါ၊ လက်

ဖက်မစားလည်း ဟိုမှာလာထိုင်လေ..."

မြေက မျက်နှာမသက်မသာနှင့် ထ,လာသည်။ ပုံက မြန်မြန်ထွက်ချင်သဖြင့်...

"မြေက... အလုပ်တစ်ခုနဲ့ ပြန်သွားရမှာ တစ်ခုရှိတယ်... အချိန်မရဘူး... နင်က အီးရောမနေနဲ့ ရွှေကြာရဲ့... မြန်မြန်လာဟာ..."

ရွှေကြာသည် မျက်နှာတစ်ချက် စူပုပ်သွားကာ...

"မကောင်းတတ်လို့ လှည့်ပတ်ပြင်းနေတာဟေ့... ရှင်းပြီလား... ငါ့အမေက ငါ့ကိုဘယ်ဆိုဘယ်မှ သူမပါဘဲ မသွားရဘူးလုပ်ထားတယ်... မဖော်ချင်ပါဘူးဆို... ဇွတ်ကိုခေါ်နေတော့တာပဲ... ကဲပါ... ပုံရယ်... နင့်ဟာနင်တခြားဆီ သွားတက်ပါ..."

ပုံသည် အန်တီကြူကို တစ်ချက်ကြည့်လိုက်မိပါသည်။ အန်တီကြူက ချိုတုံ့ချတုံ ဖြစ်ဟန်နှင့် ဘာမှမပြောသေးဘဲ တွေဝေနေသည်။

"အော်... ပုံမသိလို့ပါအန်တီကြူ... မှုက ခေါ်ဂျယ်နီသဘောကျလို့ အပူကပ်မိတာပါ... ဆရာပေါက များတယ်





အန်တီ... ဆရာမက ရှားတယ်... ပုံက မိန်းမချင်းသင်ချင်လို့..."

ရွှေကြာသည် မျက်နှာခပ်ပုပ်ပုပ်နှင့် ခေါင်းစိုက်ချသွားသည်။ သူထွက်ခွင့်ရဖို့ လှည့်စားနေရခိုက်တွင်ပင် သူက တပြန်စီး ဂျစ်ကန်ကန်လုပ်ထားသည်။

မြေက နာရီတစ်ချက်ငုံ့ကြည့်လိုက်သည်။

"မြေက... သွားစရာလည်းရှိသေးတယ်... ဒီလိုဆိုရင် ပုံ အခု သွားမအပ်ရဘူးထင်တယ် မြေ... ပုံ ဘယ်သူ့ဆီတက်ရင် ကောင်းမလဲ..."

မြေက ငိုင်တွေနေသည်။ ရွှေကြာအပြင်ထွက်ခွင့်မရှိဘူးကြားရသဖြင့် စိတ်ညစ်ညူးဟန်မျိုးမှာ ပုံနှင့် မြေမျက်နှာပေါ် ဟန်ဆောင်စရာမလိုဘဲ သရုပ်ပါပါကြီး ပေါ်လွင်နေလေသည်။

"ဘာမှလုပ်မနေနဲ့... ပြန်ကြတော့... ငါ့ကိုလည်း သူငယ်ချင်း စာရင်းဖျက်လိုက်ကြ... ဘယ်သွားဖို့မှလည်း လာမခေါ်နဲ့... နင်တို့ကိုစွရှိလည်း... နင်တို့ဘာသာလုပ်ကြ..."

ရွှေကြာက... ဆောင့်ဆောင့်အောင့်အောင့်ဆို

လျှင် အန်တီကြူက မျက်စောင်းရွယ်ရင်း..

"သူ့အပြစ်နဲ့သူ ဝိတ်ပင်ခံရတာ ပုံပုံရေ.. ဒါကိုဟိုရှင်းဒီရှင်းနဲ့.. ဟင်း.. ကဲပါ.. ပုံပုံက ဒေါ်ဂျယ်နီဆီ တက်ချင်နေတာ လိုက်ပြောပေးလိုက်ပေါ့.. ညည်းကလိမ်လိမ်မာမာဆိုရင် ကျုပ်တို့က ဘာမှပိတ်ပင်စရာ မလိုဘူး.. မြေတို့ ပုံပုံတို့နဲ့ကတော့ အမြဲသွားလာနေကြပဲ... လိုက်သွားလိုက်ပေါ့.. မြေရေ.. သားကိစ္စရှိတာက အချိန်တပ်လာရင်လည်း အတူသွားကြပြီးမှ ပြန်ပို့ရင်ပို့.. ပြန်မပို့အားလို့ဆိုပြီးတော့တော့... တစ်ယောက်တည်း တက္ကစီနဲ့ ပြန်မလွှတ်နဲ့..."

"ဟုတ်ကဲ့... အန်တီကြူ.."

"ကဲ... သွား... အဝတ်လဲစရာရှိလဲ..."

ရွှေကြာ..., သူ့အမေကို နှုတ်ခမ်းစူပြကာ ထွက်သွားသည်။ ပုံသည် ရွှေကြာသွေးအေးတည်ငြိမ်နိုင်တာကို လက်ဖျားခါပြီး ဂုဏ်ပြုချင်လှပါသည်။ သို့သော် အသေအချာကြီး စူးစိုက်အကဲခတ်လျှင်ကား.. ရွှေကြာ့မျက်နှာပြင်ပေါ်မှာ အကြောမျှင်ကလေးတွေ အားလုံးတင်းမာနီရဲနေသလိုလို... တဆတ်ဆတ်တုန်နေသလို... ဖြတ်ခနဲ ကွဲအက်သွားတော့မည်



ဒိုင်ဂလပ်စ် အပါးစားကလေးနှယ်... အရေတည်လေးဖြစ်လို့နေသည်။

ရွှေကြာ ပြန်ထွက်လာလျှင် မြေရောပုံပါ ထိုင်ရာ ထလိုက်သည်။

"သွားမယ်နော်... အန်တီ..."

ပုံသည် ကြားဝင်လိမ်ညာထုတ်ရသည့်ကိစ္စဖြစ်သော်လည်း ရွှေကြာ့ကို သနားလှသဖြင့် ဤတစ်ကြိမ်၌ အဆူအကြိမ်း ခံရမည်ကိုလည်း မတွက်နိုင်တော့ပါ။

"ငါ့ကိုအလယ်ကထား.. နင်တို့တစ်ဖက်တစ်ချက်ကနေ ငါ့ပခုံးကို ညှပ်ထိုင်ကြစမ်းပါ.."

ကားထဲဝင်ခါနီး ရွှေကြာက ပြောကာ သူ့အရင်ဝင်သွားသည်။ သူပြောသလိုပင် ပုံကတစ်ဖက်မှ မြေကဟိုဘက်မှ ခုံးသုံးခု ထိစပ်နေကာ အလယ်မှရွှေကြာ၏ ကိုယ်ခန္ဓာသည် ကားထွက်သည်နှင့် ပျော့ခွေကာ ခေါင်းကစကော်လည်ပြီး.. ပုံ့ပခုံးပေါ် လိမ့်ကျလာသည်။

"ရွှေကြာ..."

ပုံက စိုးရိမ်တကြီးနှင့် ရွှေကြာ့ကို တအားဖက်

လိုက်သည်။ ရွှေကြာသည် မလှုပ်... ပုံ့ရင်ခွင်ထဲ၌ ငြိမ်သက်နေသည်။

"ရွှေကြာ... ရွှေကြာ... ဘာဖြစ်လဲ... နေကောင်းရဲ့လား... ရွှေကြာ... ဘာဖြစ်လဲဟယ်..."

"ငါသေပြီလေ... သွားပြီ... ငါလည်းသေပြီ... သေလိုက်ပြီ ပဲ အား... အား..."

ရွှေကြာသည် စူးစူးဝါးဝါးကြီး ဖြစ်ညှစ်ကုန်းအော်သည်မှာ လေးငါးခါဆက်တိုက်။ ဘေးချင်းယှဉ်မိသော ကားများ အလန့်တကြား လှည့်ရှုစမ်းသွားကြသည်။

"ရွှေကြာရယ်..."

"သူဘာဖြစ်လို့ သေသွားရတာလဲ... အား... ဟား... ဟား"

"သူ ဘာဖြစ်တာလဲဟင် နင်မသိဘူးလား ရွှေကြာ..."

"ကားမှောက်တာလေ... ဟောဒီလို..."

ရွှေကြာက မြေ့ဘက်ယိမ်းကာ စတီယာရင်ကို ဆွဲလှည့်ပစ်လိုက်သည်။

"ဟာ... ရွှေကြာ... ရွှေကြာ..."



မြေ့သည် လက်ကာ ပြန်ထိန်းရင်း အတင်းဆွဲလှည့်နေသော ရွှေကြာ့လက်များကို ပုံက ဆွဲ... မြေ့က ဟဲတောင်ဆစ်နှင့် ကာထုတ်ပြီး ပုံက ရွှေကြာ့ကို ရင်ခွင်ထဲ ပြန်ဆွဲယူလိုက်သည်။ ပုံသည် စိတ်ထိခိုက်လာကာ မျက်ရည်ကျလာသည်။ အံ့သြစရာကား... ရွှေကြာကမငိုပေ။ ရွှေကြာ့မျက်နှာတွင် အကြောဆိုင်တွေ တင်းနေသည်။ ရွှေကြာစိတ်ထိန်းထားရတာ သိသာလွန်းသည်။ သို့သော် ရွှေကြာမငို။

"ပုံရယ်... တစ်ယောက်သေရမယ်ဆိုရင်... ငါပဲသေလိုက်ပါတော့..."

"တော်ပါတော့ ရွှေကြာရယ်... စိတ်ပြေမှ ပေါ့ဟယ်..."

"ခုထိ အဲဒါတကယ် မဟုတ်သေးသလိုဘဲ... ငါမြင်ရပြီးမှပဲ တကယ်ဟုတ်မှာပါ... မြေ့ရယ် နင်လည်းမကူညီနိုင်တော့ ပါဘူး..."

ရွှေကြာ့ကိုယ်ကလေးက မငိုဘဲ တုန်ခိုက်လာသည်။

"အန်တီတို့ မသိဘူးပေါ့..."

"အိမ်မှာ အင်လိပ် သတင်းစာပဲရှိတာ... ငါ့ကိုမနက်ကမှ

ကိုတင်ရွှေ ဖုန်းဆက်ပြောတာ... သတင်းစာထဲပါတယ်။ ဒီနေ့ချမှာတဲ့... ငါမယုံပါဘူး... သတင်းစာထဲမှာ နင်တွေ့ ရဲ့လားမြေရယ်... ဟင်... နင်တွေ့လို့လား..."

မြေက အံကြိတ်ထားကာ နဖူးကြောရှုံ့ပြီးနေသည်။ ဘာမှမပြော။ ရွှေကြာက မြေကို ယိမ်းထိုးအောင် လက်မောင်းမှ ဆွဲခါနေပြန်သည်။

"ဒီအခြေအနေမှာ ရှေ့ဆက်ဘာမှ မထူးတော့မဲ့ဟာကို အန်တီက သွားခွင့် မပြုနိုင်သေးအောင်ဘဲလားဟယ်..."

ပုံက သည်းညူမိသည်

"ဟိုဖက်ကလည်း မေမေတို့ ကိုကျော်စွာကို လူရာမသွင်းသလိုဘဲ ငါ့ကိုလူရာမသွင်းတာ၊ အောက်ကျ နောက်ကျနဲ့ အတင်းသွားပို့ရ ကောင်းလားလို့ လွှတ်မှာ မဟုတ်ဘူး... ငါသွားပို့တာဟာ ဖေဖေနဲ့ မေမေအတွက် အရှက်ရစရာ ဖြစ်မယ်လေ..."

"မကြာခင်တော့ သိမှာပဲနော်..."

"မကြာခင်တော့ သတင်းကြားနဲ့ မေမေတို့သိမှာပေါ့... အဲဒီကျရင်တော့ ငါ လွှတ်လပ်ခွင့် ရပြီပေါ့... ဘာလုပ်ဖို့လဲ





ပုံရယ်... သူမရှိတော့ဘဲ... ငါလွှတ်လပ်ခွင့်ရလည်း ငါဘာလုပ်ဖို့လဲ... ငါ့ဗိုလ်ကို မရတော့ဘူး... ငါဘာမှ မလုပ်ချင်ဘူး... ဒီလိုပဲခွေပြီး အိပ်နေမယ်..."

"ရွှေကြာရယ်... စိတ်ထိန်းပါဟာ..."

မြေက တစ်ခွန်းပြောလိုက်လျှင်...

"ဘာဖြစ်နေလို့လဲ... ငါဘာလုပ်နေလို့လဲ..."

ရွှေကြာက ဒေါသတကြီး ဟစ်အော်ငေါက်ငမ်းလိုက်လေသည်။ ပုံသည် ရွှေကြာ့ရဲ့ အသိစိတ် လွှတ်မလိုလိုကြောင်တောင်တောင် အမူအရာ အပြုအမူများကို ရင်နာစွာ မျက်ရည်ကျကာ ကျကာနေသည်။ ရွှေကြာက အသည်းမာပုံရပေမဲ့... ပုံကမမာ... ရွှေကြာ့ကို မြင်ရုံမျှနှင့် ရွှေကြာ့အတွက် သနားရုံမျှနှင့် ရွှေကြာ့ကိုယ်စား ခံစားကြည့်ရုံမျှဖြင့် ပုံက အသည်းကွဲမလိုဖြစ်နေသည်။

"ပုံရယ်... ငါသူ့ကိုသိပ်ချစ်တာ... ငါချစ်တဲ့ လူတစ်ယောက်ဟာ တစ်နေ့မှာ ဇိုနာသေခြင်းနဲ့ ရင်ဆိုင်ရမယ့် လူ့ဘုံသား တစ်ယောက်ပဲ ဆိုတာတောင် ငါမေ့နေတယ်... သူ့ကိုသေတတ်တဲ့ လူသားရယ်လို့ကို မထင်ခဲ့

ပါဘူး... ဒီလိုအစောကြီး သေမယ်လို့ ငါမယုံပါဘူး... သေရမှာက အဖိုးကြီး အဖွားကြီးတို့တွေ မဟုတ်လား... သူက ဘယ်တော့မှ မသေရမဲ့သူပါ ပုံရဲ့..."

"ငါတို့ အားလုံးလည်း သေရမဲ့ သူချည်းပဲဟာ... ရွှေကြာရယ်... "

"သူက ငါချစ်တဲ့လူဟဲ့..."

ပုံသဲည် ရွှေကြာ့ကို တင်းကာဖက်ထားလိုက်သည်။

"ငါတို့ချစ်ကြတာကို ဘာကြောင့် မကျေနပ်ကြသလဲပုံရယ် ချစ်တယ်ဆိုတာ ဘာများဆန်းလို့လဲ... တာများအပြစ်ရှိလို့လဲ... အချစ်ဆိုတာ ဘာမှ အဆန်းတကြယ် စာဖွဲ့နေစရာ မလိုတဲ့ လှပတဲ့ အရာတစ်ခုပဲ... လူရယ်လို့ဖြစ်လာရင် ငယ်သွား မလဲဖူးတဲ့သူ မရှိသလို... အချစ်မရှိတဲ့ သူရယ်လို့လည်း လောကမှာမရှိပါဘူး... လူသားတစ်ယောက်ရဲ့ ဖြစ်ရိုးဖြစ်စဉ် လိုအပ်ချက်တစ်ခုပဲ... ငါတို့အတွက်ကျမှ အပြစ်တစ်ခု လာဖြစ်ရသလား... သူ ပဲခူးမှာ အိမ်ပြင်နေတာ... နှစ်ရက်လောက် ပိုကြာသွားလို့ ပြန်တဲ့နေ့က ကားကို ဗုံးချမောင်းလာတာ... ကားပေါ်ကနေ ကိုတင်ရွှေဆီ ဆယ်လူလာနဲ့ ဆက်ပြီး အဲဒီညနိုးဖို့ အဆင်





သင့်လုပ်ထား... ဆိုတာကို ... ရန်ကုန်ရောက် အောင်မအောင့်ပဲ ကားပေါ်က စီစဉ်နေတာ... အဲဒီတုန်း..."

ရွှေကြာသည် မော်ဟိုက်ကာ လေဆက်ပြတ်နေလေသည်။

"တော်ပါတော့ ရွှေကြာရယ်..."

"အခုသွားကြည့်ရမှာတောင်... ငါ့ကိုမလိုလား မနှစ်သက်တဲ့ သူ့အဖေအမေကြားထဲ တိုးကြည့်ရမှာ... နိုးပြေးဖို့ စီစဉ်ပြီး ပြန်အလာ ဆိုတာများသိရင် ငါ့ကို သူသာနေက ရိုက်ထုတ်မလားဘဲပုံ၊ နိုးပြေးဖို့ လုပ်ရတာဟာ... သူတို့ သူတို့တွေ သဘောမတူလို့ဘဲ မဟုတ်လား... သူတို့လူကြီးတွေ ငါ့လူကြီးတွေ သဘောတူရင် နိုးပြေးပါ့မလား... ငါတို့အသက်ပေး ချစ်ကြရက်နဲ့... သစ္စာရှိကြရက်နဲ့... ဘာလို့ သဘောမတူကြပါလိမ့်... သူမသေသင့်ပါဘူး ပုံရယ်... သူ... သူသေလို့ကိုမဖြစ်ဘူး... ပုံရဲ့ သူသေလို့ မဖြစ်ဘူး... သိရဲ့လား... ငါ... ငါ..."

ရွှေကြာသည် မျက်ရည်တစ်စက်မှ မထွက်သော်လည်း ပုံ့ရင်ခွင်ထဲ၌ ပျော့ကာ အရှုပ်ကြိုးပြတ် ဖြစ်သွားသည်။

"ရွှေကြာ... ရွှေကြာ..."

ပုံသည် တတွတ်တွတ်ခေါ်ကာ ငိုကြွေးရင်း မြေ့ကို အားကိုးတကြီးကြည့်သည်။ မြေ့မျက်ဝန်းမှာလည်း မျက်ရည်တွေ နှင့်သာတကား။ ရွှေကြာသည် တစ်မိနစ်မျှသာ တစ်ခဏပျော့ ခွေမူးမိုက်သွားတာဖြစ်ပြီး.. ချက်ချင်း သတိလည်လာနိုင်ပြန်သည်။ သုသာန်၏အဝင်ဝကို ဖက်ကလေးမြင့်ကာ စိတ်စော မျှော်ကြည့်နေပြန်သည်။ ဆံလုံးလုံးမှ လူစုလူဝေးကို မြင်လျှင် ပုံ့ရင်၌ မျက်နှာအပ်ကာ အသက်ပြင်းပြင်း ရှူနေရှာလေသည်။

* * *

နောက်ပိုင်း၌ ပုံသည် ရွှေကြာ [illegible] စ်ရက်ခြား တခေါက်မှန်မှန် ရောက်လေသည်။ အလွန်ဆုံး နှစ်ရက်ခြား သွားလျှင်တော့ မရောက်ရောက်အောင် သွားရသည်။ ရွှေကြာသည် ပုံလာမှပင် စကားပြောကာဆိုကာ သက်ဝင်လှုပ်ရှားသည်။ အချိန်နှင့်အမျှ အိပ်ရာထဲခွေနေကာ ညှိုးငယ်ပိန်ချုံးနေလေသည်။





တစ်ခါတစ်ခါ ရွှေကြာ့ဆီသွားဖို့ မြေ့ကို အဖော်ပ်သည်။

"မလိုက်ချင်ဘူးပုံရယ်..."

"ဘာလို့လဲမြေ့ရယ်..."

"ရွှေကြာ့ကို မကြည့်ရက်လို့.. သူ့တအားကို စိတ်မောတ်ကျနေတယ်... မြင်ရတာ စိတ်ထဲမှာ သိပ်ကိုဆင်းရဲတာပဲ"

ကြည့်တောင်မှပင် မကြည့်ရက်ဘူးဟု မျက်နှာျက်နေသောမြေ့ကို ပုံက လွန်လွန်းအားကြီးရန်ကော ပိုရန်ကောသဲရန်ကောလို့ ရန်လုပ်လိုက်ချင်သော်လည်း ပုံကိုယ်တိုင်လည်း ရွှေကြာ့ကို အထူးတလည် အနူးအညွတ် ဂရုဏာသက် စိတ်ဆင်းရဲနေရလေရာ... မြေ့ကို အပြစ်ပြောမနေတော့.. ပုံနှင့် မြေ့တွေ့လျှင်ဖြင့် ရွှေကြာဘယ်လိုနေလဲ.. ဘာပြောသေးလဲ.. ရယ်ရဲ့လားသမင်းတွေ ဘာတွေစားရဲ့လား စသဖြင့် မြေ့က အမျိုးစုံ အကွက်စေ့မေးတတ်သည်။

ထိုအခါမှာတော့ ပုံက မျက်စောင်းထိုးမိကာ သင့်ဘင့်လျော်ကပ်သောအဖြေကိုတော့ ပေးရလေသည်။ မြေ့ကားသက်ပြင်းတချချ...

ရွှေကြာ့ကို ပုံအားမရပါ.. ရွှေကြာသည် ထမင်းမစားဘာမစား ဖြစ်နေကာ.. တချိန်လုံး ညှိုးငွေ့နွမ်းကြေနေသည်။ မကြာခင်မှာ ကျော်စွာလေး အက်ဆစ်ဒဲဌ်နှင့် ဆုံးသွားတာကို သတင်းကြားရအပြီး၌ ရွှေကြာ့ မေမေသည် ထိန်းရ နှောင်ရ ချုပ်ရ ချယ်ရသည်မှာ ပင်ပန်းလွန်းပြီ ဖြစ်ရကား လွတ်လပ်ပြီဟု စိတ်ပေါ့သလို ဖြစ်ကာ ရွှေကြာ့ဖေဖေနှင့် ခရီးသွားရာ တကောက်ကောက် လိုက်နေပါတော့သည်။

ဟိုးအရင်ကလည်း လိုက်နေကျ... ခုတော့ ရွှေကြာ့ အတွက် စိတ်ပူစရာ အန္တရာယ်ရှင်းပြီဟု စိတ်အေးသွားတာ သိသာလှသည်။ သူ့မိဘများ စီးပွားရေးကိစ္စနှင့် အိမ်မကပ်တော့သဖြင့် ရွှေကြာလည်း လွတ်လပ်ရေး ရသွားပါသည်။ ရွှေကြာ့ လွတ်လပ်ရေးမှာ အိပ်ရာပေါ် လူသေသလို ခွေနေပြီး အပူရုပ်ကို ဖုံးဖိဖို့ မလိုသော လွတ်လပ်ရေးပင်။ ရွှေကြာ့အိမ်မှာ ရှိသူတွေသည် ထမင်းချက်၊ အိမ်ဖော်ဒရိုင်ဘာ၊ မာလီ.. ဘယ်သူ့ကိုရွှေကြာက အရေးလုပ်ရမလဲ.. အဒေါ်တွေ ဘာ ြတွကလည်း မေ့လောက်မှ ပေါက်ချလာကာ လာလည်တတ်တာမျိုး.. သူ့အတွက် ဘယ်သူ့ကိုမှ ဂရုစိုက်နေစရာမလိုသဖြင့် ရွှေကြာက နေချင်သလိုနေသည်။

ပုံတစ်ယောက်သာ ရောက်မလာဘဲ အတင်းဆူးခပ်



လွဲမကျေးလျှင် ရွှေကြာသည် တစ်ခါတလေ တစ်နေကုန် မ်မွှော်ရည်တစ်ပုလင်းနှင့် အင်တော်ခံသည်။ ဒါကြောင့် ပုံသည် ကြာ့အတွက် စိတ်မဖြောင့်ဘဲ အမြဲသွားနေရပါသည်။ ရွှေကြာ့ သည် ဘဝကို မြွေမေမေကိုလည်း အသိမပေးရဲပါ။ မြွေမေမေ လျှင် ရွှေကြာ့မေမေသိဖို့ များပြီမို့ ရွှေကြာ့ကိစ္စမှန်သမျှကို ရော ပုံပုံပါ.. ဖုံးဖိထားပါသည်။

ပုံသည် တစ်ခါတစ်ရံ ကိုယ်ဆွဲထူရာပါမလာသော ကြာ့နံဘေး၌ ဝင်ခွေလှဲ့ရကာ.. စိတ်အပြောင်းအလဲဖြစ် အောင် စကားတွေပြောနေရင်း.. တစ်ခါတစ်ခါတွင် စကားပြန် ရသည့်အဆုံးကိုယ်ပဲပျင်းကာ အိပ်ပျော်သွားရသည့်အဖြစ်ပင် ကြုံသည်။ အမြင်ထွက်လည်ဖို့ ခေါ်ထုတ်လို့လည်းလုံးဝမရ။ မျက် နှာချို့ကာ ပါးရိုးနားရိုး ပင်ကျနေပြီ။ အသားအရေမှာလည်း မ်တွင်းအောင်းတာ ကြာသဖြင့် ဖြူရော်ရော်ဖြစ်နေပြီ။

"ရွှေကြာရယ်... နင်ဖြစ်နေပုံကို ပြင်စမ်းပါဦးဟယ်... တော်ကြာ.. ဒုက္ခဖြစ်လာလိမ့်မယ်နော်.."

"ရပါတယ်..."

"ဘာရပါတယ်လဲ.. ဘာတွေရနေတာလဲ... မရဘူး ဒီလို နေလို့ရကိုမရဘူး... ဘာအကျိုးရှိလာမလဲ ပြောစမ်း၊

အကျိုးရှိနိုင်ရင် ပုံပါကူလုပ်ပေးမယ်... ခုနေ ရွှေကြာ အဖေနဲ့အမေ ခရီးထွက်ရာက ပြန်လာရင် ရွှေကြာ မှတ်တောင်မှတ်မိမှာ မဟုတ်ဘူး... လန့်သွားမယ်"

"သေချင်လွန်းလို့... သေများသေမလားလို့..."

"အဲဒီလို မမိုက်ရဘူး ရွှေကြာ... ဘာသေစရာလိုလဲ"

ရွှေကြာသည် ပုံ့ပါးပြင်ကို ချစ်ခင်စွာ လိမ်ဆွဲ

"လိုတယ်... ကလေးမလေးရဲ့... တို့သေချင်တယ် မင်းဘာမှ နားမလည်သေးပါဘူး ကလေးမလေးရယ် လောကဆိုတဲ့ တောအုပ်ကြီးက ပုံထင်တာထက် နက်ရှိုင်း ပါတယ်..."

"ကဗျာဆန်ဆန် စာဆန်ဆန်တွေ မသိဘူး... ပုံသိတာ ရွှေကြာ ပျော်နိုင်ဖို့ပဲ... ပုံ့ကိုအားနာပါဦးရွှေကြာရယ် ပုံ ရွှေကြာ့ကို စေတနာ မေတ္တာထားလို့ ဆိုတာ နားလည် သနားပါဦး..."

"ပုံ့ကိုချစ်ပါတယ်... ဒါပေမဲ့ သေချင်တယ်... ဘာကြောင့် ငါမသေဘဲ ကိုကျော်စွာ သေရသလဲဆိုတာ စဉ်းစား တောင် မရပါဘူးပုံရယ်..."



"ဒါကံကြမ္မာပဲ ဘယ်စဉ်းစားလို့ရမလဲ... ရွှေကြာတ အသက်ရှင်သင့်တဲ့လူမို့ မသေတာပေါ့..."

"မဟုတ်ဘူး... တို့က မရှင်သင့်တဲ့လူ..."

ပုံသည် အင်မတန် စိတ်ပျက်လှသော်လည်း ကြာ့ ကိုချစ်သဖြင့် စိုးရိမ်သဖြင့် အာမေါက်ခဲ့ပြီး သွားမြဲသွား ချဲ့ နားချလျက်... တစ်နေ့မှာတော့ မထင်မှတ်သော ရွှေကြာ့ သ နာကို သိရပါတော့သည်။ ပုံရောက်သွားချိန်၌ ခါတိုင်းလိုပဲ ကြာ့အိပ်ခန်းကို တန်းဝင်သွားသည်။ ရွှေကြာသည် အိပ်ခန်း ်ကပ်လျက် ရေချိုးခန်းတွင် အန်နေလေသည်။

အန်နေတာ မြင်ရချိန်တွင် ပုံသည် ခြေလှမ်းတုံ့ ရပ်သွားပြီး ရွှေကြာ့ကိုကြည့်နေသည်။ကြားဖူးနားဝ ဗဟုသု နှင့် မိန်းမတစ်ယောက်၏ မျက်နှာကျ နားထင်ပေါက် ဆံပင် ကျက်ဆိုတာတွေကို အန်တာနှင့်တွဲသတိရမိကာ ရွှေကြာ ဖိုမိုး န်နေသလား ဆန်းဆန်းအန်နေသလား မခွဲခြားတတ်ဘဲ ကြောင်ငေးနေသည်။

ရွှေကြာသည် ဘေစင်တွင် ပါးစပ်ဆေးကာ လှပ ်ကလေး ပြန်ဝင်လာရင်း မဲ့တဲ့တဲ့ ရွဲ့တဲ့တဲ့ ခနဲ့တဲ့တဲ့ ပြုံးလိုက် သည်။ အငေါ်တူးသော အရွဲ့တိုက်သော ရုပ်က ရွှေကြာ့ မျက်

နှာပေါ် ပြန်ရောက်လာသည်။

"ကဲ... သိပြီလား..."

"ဘာကိုလဲ... ရွှေကြာ..."

"ငါဘာကြောင့် သေချင်တာပေါ့..."

ပုံသည် မိုက်ခနဲဖြစ်ကာ ရွှေကြာ့ ကုတင်စွန်း... ပစ်ထိုင်ကျသွားသည်။ ရွှေကြာ့ကို မယုံကြည်နိုင်သလို စိုက်ကြည့်... နေသော မျက်လုံးများ ဝိုင်းကျယ်လာသည်။

"ရွှေ... ရွှေကြာ... ဘာကိုရည်ရွယ်ပြီး..."

"အဲဒါကိုပါပဲ ပုံရယ်... ပုံထင်တာကို ရည်ရွယ်ပြီး ပြော... နေတာပဲ... အဲဒါ တကယ်ဖြစ်နေပြီပုံ... ဘာလို့ တို့... ညာရမှာလဲ ပုံရယ်... ကဲ... ပြောပါဦးပုံရယ်... ဒီလို... ရင်ဖြင့် ကိုကျော်စွာနဲ့ တို့နဲ့မှာ တို့ဟာသေသင့်တဲ့ သူ... မသွားဘူးလား... တို့သေလိုက်ရင် ပြဿနာရှင်းတယ်... ခုတော့ သူက သေသွားတော့... တို့မှာ ပြဿနာအရှုပ်... အထွေးကြီးနဲ့ ကျန်ခဲ့တယ်... ဘာဆက်လုပ်ရမယ်ဆိုတာ... ခေါင်းထဲထူပူပြီး မတွေးတတ်တော့ဘူးပုံ... သတ်လည်း... သေချင်တယ် အမှန်တိုင်းဝန်ခံရရင် တို့သတ်လည်း မသေ...





ရဲဘူး ပုံရယ်..."

ပုံသည် ရွှေကြာ့ကို မချိတင်ကဲ စူးစိုက်ကာကြည့်... သည်။ ရင်ထဲမှာ ပူနေသည်။ ဇလောင်ဆူနေသည်။ မောဟိုက်... သည်။ ကြောက်နေသည်။ ရေငတ်နေသည်။ ပုံသည် သနား... ယူကြုံးမရခြင်း၊ စိတ်ပျက်ခြင်း၊ ဂရုဏာဒေါသတို့နှင့် ရွှေကြာ့... စူးစိုက်၍သာ ကြည့်နေသည်။

"ငါမိုက်ရင်... ငါ့ပါးကို ရိုက်လိုက်ပါပုံ... အဲသလို မျက်လုံးကြီးနဲ့ ကြည့်မနေပါနဲ့ ပုံရယ်... ငါမိုက်ပါတယ်..."

"နင်သိပ်မိုက်တယ် ရွှေကြာ... နင်သိပ်ကိုမိုက်တယ်... ငါမယုံနိုင် လောက်အောင်ကို မိုက်တယ်... ဖြစ်မှဖြစ်ရလေ ရွှေကြာ... နင်ဒီလောက်ဦးနှောက်နည်းသလား... မိန်းမ တစ်ယောက်ဟာ ဘယ်အတိုင်းအတာအထိ မိုက်လို့ရ တယ် ဘယ်အတိုင်းအတာထိ မိုက်လို့မရဘူးဆိုတာ နင်မ သိရလောက်အောင် ဖျင်းသလား... ဟင်..."

ပုံ အော်ဟစ် ငေါက်ငမ်းမိကာ မျက်ရည်ဝဲလာ... ည်။ ရွှေကြာကလည်း မျက်ရည်ဝဲလာသည် ပုံသည် ချက်... းတရပ်လိုက်သည်။ သူမကြံစည်တတ်တော့။ အကြံ ဉာဏ်... ကုန်တော့... မည်သူ့ကို တိုင်ပင်ရမည် ဆိုသည့်အတွက် ရွှေ

ချယ်စရာမရှိ… မြေတစ်ယောက်ဘည်းပဲ မတုတ်သား…

"မြေ့ကိုသွားပြောပြမယ်…"

"မြေ့ကိုမပြောပါနဲ့ ပုံရယ်…"

"ပြောမယ်…"

ပုံပြေးထွက်လာသည်။ ရွှေကြာ့ကို သနားတာ စိ

မျက်တာတွေအပြင်… ပုံ့ရင်ထဲ မီးတောက်နေသည့် အချက်တ

ကား ရွှေကြာ့ဇုကွဝန်ထုပ်ကို မြေတစ်ယောက် တာဝန်ယူလိုက်

ခေါင်းခံပစ်လိုက်မှာကို ကြောက်ခြင်းတည်း။ ပုံ့တစ်ကိုယ်လုံး

မွန်းကျပ်ခဲနေသည်။ ဆောက်တည်ရာ မရဖြစ်နေသည်။ မြေ

အောင် ဖုံးထားလို့လည်းမရ။ တစ်ခုခု လုပ်ကြရတော့မည်။

ကိစ္စဟာ ဒီတင်ရပ်နေမည့် ကိစ္စမဟုတ်။ ရှေ့ဆက်၍ အမိုး

ဟုန် မြင့်ကာ တိုးတက်ကြီးထွားလာမှာ…

ပုံသည် မြေ့ရုံးကိုဖုန်းဆက်သည်။ ရုံးဆင်း

ချင်း ချက်ချင်းလာဖို့မှာသည်။ သို့သော် စိတ်မချသေး။ မြေ

ခင် မြေတို့ ကုမ္ပဏီရုံးရှေ့သို့ ပုံရောက်သွားပါသည်။ မြေ့ရုံး

လာလျှင် သူ့ကားခေါင်းပေါ်မှာ မှီနေသော ပုံ့ကို အံ့ဩနေသ

ပုံ့မျက်နှာပျက်နေသဖြင့် မြေ မျက်ကလဲဆန်ပျာ ဖြစ်နေသ



"ပြောစရာရှိတယ်… မြေ…"

"ပြောလေ… ပုံ…"

"ဒါကို မပြောခင် မြေကတိပေးပါ… ပုံတောင်းတဲ့ ကတိ ပေးပါ…"

"ပုံတောင်းတဲ့ကတိဆိုရင် ဘာကတိမဆို ကိုယ်ပေးပါ့ မယ်…"

"ပုံပြောပြီးရင်… မြေ အံ့ဩရုံပဲ အံ့ဩ… သူ့ရဲကောင်းမ ဆန်ချင်နဲ့… ဒီကိစ္စကို လုံးဝမြေ တာဝန်မယူဘူး ဆိုတာ ကတိပေးရမယ်…"

"ဘယ်လိုလဲပုံ… ကိုယ်နားမလည်ဘူး…"

"ရှင်းရှင်းလေးရယ်… ပုံပြောမယ့် ကိစ္စကို မြေတာဝန် မယူ ရဘူး…"

"တာဝန်မယူရဘူး… မယူနဲ့ဆိုရင်မယူဘူးပေါ့… ကဲ… မယူဘူး… ပြောပါအုံး…"

"ရွှေကြာ ကိုယ်ဝန်ရှိနေတယ်…"

ပုံက မြေ့မျက်လုံးအစုံထဲ ထိုးဖေါက်စိုက်ကြည့်ကာ

ပြောလိုက်သည်။ မြွေမျက်လုံးသည် လက်ခနဲဖြစ်ကာ... သူ
အိမ်ကျဉ်းသွားသည်ထင်သည်။ မြွေသည် ကိုယ်ကို တပတ်
ကာ လက်ထဲက သူကျောပိုးအိတ်ကို ကားဘောနက်ပေါ်
ခနဲ ရိုက်ချကာ... 'ဟာကွာ'... ဟု အကျယ်ကြီး ဟစ်
ပေါက်ကွဲသွားလေသည်။

"မြွေ..."

"ဟာကွာ... မဖြစ်သင့်ဘူးကွာ... တောက်... ရွှေကြာ
သိပ်မိုက်တယ်ကွာ... ဟာကွာ..."

မြွေ မျက်နှာမှာ နီရဲခွေးစိမ့်တက်လာကာ... တ
ကိုယ်လုံးတုန်ရီ လှုပ်ရှားပြီး တဆတ်ဆတ် ယိမ်းထိုးနေသည်

"မြွေ..."

"ဟာကွာ..."

"မြွေ... ဘာလို့ဒီလောက်တောင် ဖြစ်နေတာလဲ... ရှင်
နေပြီလား..."

"ပုံ... ဘယ်လိုလုပ်ကြမလဲ... ဒါကို ဘယ်လိုလုပ်ကြ
စဉ်းစားကြပါဦး..."



မြွေက သူကတိကို မေ့နေပုံရသဖြင့် ပုံပြန်အစ
ဖေါ်သည်။

"ဒီကိစ္စ မြွေလုံးဝ တာဝန်မယူပါဘူးလို့ ကတိပေးပြီးပြီ..."

"ဒါဖြင့် ဘယ်သူတာဝန်ယူမယ်တဲ့လဲ..."

ပုံ ထောင်းခနဲ ဒေါသထွက်သွားသည်။

"အရေးကြီးတာ မြွေတာဝန်မယူဖို့... ဒီမှာကြည့်... မမေ့
နဲ့ ဒီမျက်နှာကိုကြည့်... သက်လုံးပုံဟာ ရှင့်ရည်းစား၊ ရှင်
လက်ထပ်မဲ့သူ... ဖေဖေ့ကိုတောင်ပြောပြီးပြီ... ဆွေမျိုး
ထဲလည်းသိကုန်ပြီးပြီ... တစ်လနဲ့သုံးပတ်ပဲလိုတယ်...
ရှင်တ ခြားတာဝန်ယူလို့မရဘူး၊ ပုံတစ်ယောက်လုံးရှိသေး
တယ် မမေ့နဲ့..."

ပုံသည် အတင်းအော်ဟစ် သတိပေးနေရသလို
ကြောင်တောင်တောင် ဖြစ်နေသော မြွေမျက်နှာကို တည့်တည့်
စိုက်ကြည့်ပြီး လေသံပြတ်နှင့်ပြောသည်။

"ဒါ... ဒါဖြင့်... ရွှေကြာ ဘယ်လိုလုပ်မယ်တဲ့လဲ ပုံ..."

မြွေသည် စိတ်လျှော့ချလိုက်ကာ... အံကြိတ်ရင်း
မချိတင်ကဲ ကြေကွဲ ကွဲမေးသည်။

"တစ်နည်းနည်းစဉ်းစားပြီး ကူကြမယ်..."

မြေက မျှော်လင့်ချက်မရှိသလို ငိုင်နေသည်။

"မြေ.. မြေနော်... ပုံတို့တခြားနည်းနဲ့ ကူကြမယ်နော်... မြေ့ဒီကိစ္စကို ခေါင်းခံပြီး တာဝန်ယူလိုက်မှာ အကြောက်ဆုံးပဲ... ပုံသေမှာသိလား... ငိုင်းခနဲလဲသေမှာနော်... ကြားရဲ့လား... ရှိုးကြီးနိုးပါရဲ့မြေရယ်..."

ပုံသည် ရင်ပတ်ရှေ့တွင် လက်အုပ်လေးတကာယ် ချီကာ တောင်းပန်သည်။ မြေက ပုံ့ကိုစိုက်ကြည့်နေရင်းကမှ မျက်ဝန်းများ တစထက်တစ နူးညံ့လာခဲ့သည်။ ပုံ့မေးစေ့ကလေးကိုဆွဲကာပင် မော့လိုက်ရင်း။

"ဒါမျိုး ပြောစရာလားပုံရယ်... ကိုယ့်မှာ ချစ်သူမရှိရင်တော့ ပူချင်ပူစရာ ဟုတ်သေးတယ်... ကိုယ့်မှာ ဟောဒီ ပုံဆိုတဲ့ ချစ်သူတစ်ယောက် ရှိနေတာပဲဥစ္စာ၊ ဒီချစ်သူကလေးကို မကြာခင်သေတစ်ပန် သက်တစ်ဆုံး ရှိုးမြေကျ လက်ထပ်ပေါင်းသင်းဖို့ ဆုံးဖြတ်ပြီးသားဥစ္စာ... ကိုယ် မိုက်ရှူးရဲမလုပ်ပါဘူးပုံ... ကိုယ်တို့အကောင်းဆုံး ဖြစ်အောင် တိုင်ပင်ဖြေရှင်း ကြရအောင်..."



မြေသည် မချိတင်ကဲ ဝေးငိုင်နေမိပြန်သည်။ ပုံ့ မျက်နှာတလေးကို မြင်တော့ ပုံစိုးရိမ်ပူပန်မှုကို ဂရုဏာသက်ရှ သည်။ သူသည် ပုံ့ကို အသေအလဲချစ်လှတာ မှန်သော်လည်း ပုံသာ မရှိဘူးဆိုပါက ရွှေကြာ့ကို ဘာမှမစဉ်းစားဘဲ အမည်ခံ လိုက်ဖို့ အသင့်ရှိနေမှာ သူကိုယ်သူအသိဆုံးတည်း။ မြေသည် ရွှေကြာ့ အပေါ် ငိုးသားပါသည်။ ရိုးသားဖြူစင်စွာ ချစ်ခင်ခြင်း သံယောဇဉ်သည် အင်အားသေးငယ် ပါလိမ့်မည်ဟု မည်သူဆို မည်နည်း။

ခုလို ပုံနှင့်ချစ်သူတွေဖြစ်နေကြပြီ.. သိပ်ချစ်နေကြပြီ လက်ထပ်ဖို့ စီစဉ်ပြီးကြပြီ ဆိုပြန်တော့လည်း ရွှေကြာ့ကိစ္စတွင် တာဝန်ယူစရာ သူ့မှာ အကြောင်းမရှိဟု ထင်သည်။ သူ့မှာက လက်ထပ်မည့်ချစ်သူနဲ့။ လူကြီးလည်း အသိအမှတ် ပြုပြီးသား။ သူလည်း အသည်းနှင့်အောင်ချစ်သည်။ ပုံကလည်း သူ့ကိုမှမရလျှင် ရှူးနိုင်သည်။ ဘာဆက်လုပ်သင့်ကြမလဲ။ အခြားနည်းလမ်းအားဖြင့်ရော ရွှေကြာ့ကို သူတို့မည်သို့ ကူညီနိုင်မလဲ။

နှစ်ဦးသား တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်အကဲခတ်ကာ ငိုင်နေသည်။

"မြေ.. ပိုက်ဆံပေးရင် ခဏတစ်ဖြုတ် နာမည်ခံရုံလေး

လက်ထပ်ပေးမယ့် ငွေလိုသူတစ်ဦး တစ်ယောက်လောက်များ ရနိုင်မယ်ဆိုရင် ဘယ်လောက်ပေးရပေးရ.. အဲဒီငွေ ပုံပေးပါ့မယ်... ဇာတ်မြှုပ်ပြီး တစ်နေရာရာကို ခရီးထွက်သွားပြီး ပုန်းလျှိုးမွေးမယ်ဆိုရင်လည်း ပုံနောက်က လိုက်မြှုစုပေးပြီး.. ရွှေကြာ့ ဝေယျာဝစ္စကအစတာဝန်ယူပါ့မယ် သူဘာပဲလုပ်ချင် လုပ်ချင် အစစ ပုံတာဝန်ယူနိုင်တယ်.."

မြေက နှာကျင်စွာ သက်ပြင်းချလိုက်မိသည်။ ပုံကလေး သိပ်ကြောက်နေရှာတာပါလား။

"ပုံရယ်... ကိုယ့်ကိုဒီလိုတောင်းပန်ဝန်ခံနေစရာ ဘာအကြောင်းရှိသလဲ ပုံကူညီတာမျိုး ကိုယ်ကလည်း တစ်တပ်တစ်အား ကူညီပေးရမှာပေါ့.."

မြွေအသံက ကြေကွဲမှုတော့ ဖုံးယှက်နေသည်။

# ၉

ထိုနေ့က... ပုံပြန်ရောက်လာသောအခါ.. အန်တီက အကျိုးအကြောင်းမေးသည်။ ပုံသည် မဖြေနိုင် ဒေါသမွှန်ထူကာ ရှက်နာကြည်းလျှက်။

"သူ့ကို.. ပုံ သိပ်စိတ်နာသွားပြီအန်တီ.. သူ့ကိုမုန်းသွားပြီ"

ဒီတစ်ခွန်းသာဆိုပြီး.. ကိုယ့်အခန်းကိုယ် ပြေးဝင်တံခါးပိတ်လိုက်လေရာ... ဒေါ်အေးမြမြမှာ ဘာမှဆက်မမေးသာ စိတ်ကောက်တတ်လှသော ပုံတစ်ယောက် စိတ်ကောက်ပြန်ပြီပေါ့ရယ်လို့ပဲ ထားလိုက်ပါသည်။ စိတ်ပြေတော့လည်း..သူတို့ချင်း ပြေလည်သွားကြမှာပေါ့.. ပုံသည် မြွေကို အသက်လိုချစ်ရှာတာ မြွေမိခင်ရင်း ဒေါ်အေးမြမြပင် လေးစားဝမ်းမြောက်စွာ ကျေးဇူးတင်မိသည်အထိပင်။ ထို့ကြောင့် ဒေါ်အေးမြမြက ပွဲကို နောက်နေ့တွင်လည်း စကားမစပါ။ တစ်ခုခု စိတ်တိုစရာတွေလာတာဖြစ်မှာပေါ့.. ရွှေကြာ့အိမ်ရောက်နေတာကြောင့် ဖြစ်ဖို့များသည်။

မြေ့အလုပ်ထွက်ဖို့... ပုံ့ဖေဖေကုမ္ပဏီမှာဝင်ဖို့ နောက်တစ်လခွဲလောက်တွင် လက်ထပ်ကြဖို့ အားလုံးစီစဉ်ပြီးနေမှပဲ... ဟိုတယ်မှာ စရန်ပေးဒိတ်ယူပြီးပြီ... ပုံကအဝတ်အစားအပ်ပြီးပြီ... ဖိတ်စာကို တစ်ရက်နှစ်ရက်အတွင်းအပ်တော့မှာ ဖြစ်သည်။ ဒီအခြေအနေကျမှ ဖျက်ဆီးလို့မရ... ကြာကြာစိတ်ကောက်ဖို့ပင် မဖြစ်နိုင်။

ဒေါ်အေးမြမြက နောက်ရက်မှာ သားဖြစ်သူနှင့်ကိုရော အိမ်ကိုပါ ဖုန်းဆက်ကြည့်သေးသည်။ သားဖြစ်သူကိုမတွေ့ ဒီတော့ဒီတိုင်းပဲ သူပစ်ထားလိုက်ပါသည်။

မာနတွေ ကျိုးပဲ့ကြေမွသော ဝေဒနာနှင့် အခန်းဖောင်းသွားသူကား သက်လုံးပုံတည်း။ ပုံသည် သူ့ကိုလုံးဝအလေးမထား မတိုင်ပင် အသိမပေးဘဲ ရွှေကြာ့ကို လက်ထပ်ခွင့်သွားတောင်းပစ်လိုက်သော မြေ့ကြောင့် တစ်ကိုယ်လုံး ထောင်းထောင်းညက်ညက် ကြေအောင်ခံစားရကာ ပုံလဲသွားလေသည်။ ဝမ်းနည်းခြင်းထက် ခံပြင်းဒေါသနှင့် နာကျည်းမှုက ပိုသဖြင့် မြေ့လို့မပြေနိုင်အောင် ခံစားရသည် အသည်းထဲ... နာလှသည်။

တစ်ညလုံး ငိုကြွေးပြီးချိန်တွင် ပုံသည် မြေ့ကိုအင်မတန်နာကျည်းသည်ဆိုတာ မိမိဘာသာ သေချာလျက် ထပ်မငိုကြွေးလို့ပင် မရတော့ချေ။ ရွှေကြာ့အခက်အခဲကို သနားကိုယ်ချင်းစာတာမှန်သည်။ ပုံ့လည်းအသည်းနှလုံး မရှိသူမဟုတ်။



သို့သော် ကိုယ့်ချစ်သူကို ပေးဆပ် စတေးဖို့အထိ သဘောထားမပြည့်ဝနိုင်သည်မှာတော့ အလွန်မရှိဟုထင်သည်။

ရွှေကြာ့ပြဿနာအတွက် ကိုယ်ချင်းစာသော်လည်း ဤပြဿနာဟာ ရွှေကြာ့မိုက်မဲမှုကြောင့် ပေါ်ပေါက်ခဲ့ရသော ပြဿနာဆိုတာကို မေ့ထားလို့မရ။ ရွှေကြာဘာကြောင့် မိုက်မဲလှသလဲ။ မိုက်မဲမှုအတွက် တန်ကြေးညီသော ပြစ်ဒဏ်ခံစားရသည်မှာ တရားမျှတသော ဥပဒေသဖြစ်သည်။ မိုက်မဲသူတစ်ယောက်၏ ပြစ်ဒဏ်ကို ကူညီကယ်မပေးဖို့ရာ အကြင်နာ စေတနာ၌ အတိုင်းအတာတစ်ခုထားမိသည်မှာ ပုံ့ကိုယ်ပိုင်လွတ်လပ်ခွင့် အခွင့်အရေးမို့ ပုံမလွန်ပေ...

အစစအရာရာ ကူညီနိုင်သည်။ ချစ်သူကိုအပ်၍မကူညီနိုင်သည်မှာ ပုံအကြင်နာ ကင်းမဲ့တာမဟုတ်ပေ။ မိဘသဘောမတူလျက်နှင့် သူ့ချစ်သူကို လက်ထပ်ဖို့ ရွှေကြာ ဆုံးဖြတ်သေးတာပဲ...။ ပုံက မိဘသဘောတူသော ချစ်သူကို လက်ထပ်လိုသည်မှာမမှား။ မစွန့်လွှတ်နိုင်သည်မှာ ဘာမှမမှား။ ရွှေကြာ့ဒုက္ခသည် ပုံ့ကြောင့်ဖြစ်သော ပုံကပေးသော ဒုက္ခမဟုတ်။ သူမှား၍သူခံရသောဒုက္ခ... ။

ရွှေကြာက မိုက်မဲခဲ့သူ... ပုံကအပြစ်မဲ့သူ... အပြစ်မဲ့သူချစ်သူကို စွန့်လွှတ်ပြီး သူ့မိုက်မဲမှုဒဏ် သူခံနေရသော ရွှေကြာ့ကို လက်ထပ်ခွင့် တောင်းခြင်းကြောင့် ပုံက မြေ့ကို ဘယ်

သောအခါမှ သူရဲကောင်းကြီးတစ်ဆူလို လက်ခုပ်လက်ဝါးတီးပြီး အားမပေးနိုင်ပေ။ အနည်းဆုံးအသိပေးတိုင်ပင်ပါဦး။ ပုံလက်ခံ ဖွတ်လုပ်သည်ဆိုလျှင် ဘာပဲဖြစ်ဖြစ် ပုံကိုသူလည်း စဉ်းစားသင့်သည်။ ခုဟာက ထည့်ကိုမစဉ်းစား။

အလစ်မှာ...ရောက်သွားပြီး လက်ထပ်ခွင့်တောင်းလိုက်သည်။ တွေးလေလေ... နာလုံးသည် ဆို့ဆို့လာလေလေ... ဤကိစ္စ၌ ရွှေကြာ့ကို ပုံဘယ်လိုမှ သဘောမထား... သဘောထားစရာလည်းမရှိ ရွှေကြာက သူ့အိမ်သူ ထိုင်နေသူဖြစ်သည်။ ပြောလိုက်ပုံကိုလည်းကြည့်ဦး... "ဒီမှာဖရှူးထလာတယ် ကြည့်ပြောပါဦး..."တဲ့။

ကူညီခံရမည့်သူကပင် ကူညီမည့်သူ၏ ဆုံးဖြတ်ချက်ကို အရှုံးဆုံးဖြတ်ချက်ဟု သုံးနှုန်းသတ်မှတ်လိုက်သည်ကို မြေ ကြားမည်ပင်။ ရှုံးတာ... မိုက်တာ။ မိုက်ရူးရဲမှုကို သူရဲကောင်းစိတ်ဟုမြေထင်တာ... ရွှေကြာပြောလိုက်သော ပြုံးတစ်ဝက်စကားသည် ပုံ့မာနကို အလဲထိုးသတ်ဖြတ်ခဲ့လေပြီ။

နောက်ဆုံးတော့ မြေဦးစားပေး ဖို့သင့်တာ ရွှေကြာပဲဆိုတာကို မီးမောင်းထိုးပြနိုင်သော စကားဖြစ်သည်။ ပုံသည် မြေ့ကို ရွံမုန်းနာကြည်းမှု ဗရပွနှင့် နှလုံးသားတစ်ခွင်လုံး မွမွကြေခဲ့ရပြီ။ တော်ပြီ... မြေ့ကို အချစ်ကြီးမိ၍ အမျက်ကြီးခဲ့သော ပုံသည် ဤဘဝအဖို့တော့ မြေ့ကို စိတ်ပျက်လက်ပျက် တော်ပါပြီ။





ပုံသည် နာကြည်းချက်ကြီးမားလှသဖြင့် လူကထူပူ
န်နေကာ ဘာမှမဖြစ်သလိုဖြစ်နေသည်။ ဘာခံစားချက်မှ မခံ
ရသလို ပေါ့ပါးနေသည်။ နောက်တစ်နေ့တွင် အခန်းအောင်း
သေးသော်လည်း အိပ်ခန်းထဲ၌ ကက်ဆက်ကို ဖွင့်ထားနိုင်လေ
ည်။

"ပုံပုံ... ဖုန်းလာနေတယ်..."

အခန်းပြင်မှ မရွှေလာခေါ်သဖြင့် အေးအေးဆေး
းထွက်လာသည်။

"ဟယ်လို..."

"ပုံလား..."

တစ်ဖက်မှ အသံမှာ ရွှေကြာဖြစ်သဖြင့် ပုံသည်
တိဆွဲလိုက်သလို တောင့်တင်းသွားပြီး ... အသက်အောင့်ကာ
နေမိသည်။

"ပုံ... နင်နဲ့... မြေ... ဘာဖြစ်ကြသလဲ..."

"ဘာမှမဖြစ်ပါဘူးရွှေကြာ..."

ပုံက ရွှေကြာ့ကို ကောင်းကောင်းမွန်မွန်သာ ဆက်
ရပေမည်။

"မြေလေ... မြေက မနေ့က..."

"ပုံ့ကို မနေ့ကကိစ္စ မပြောပါနဲ့ ရွှေကြာ..."

"မပြောလို့ ဘယ်ဖြစ်မလဲပုံရယ်... နင်လည်းချာခနဲလှည့်

ထွက်သွားတာ... ငါစိတ်မကောင်းပါဘူး... ငါက
မြေ့ ကိုလက်မထပ်နိုင်ပါဘူး..."

"မနေ့က ရုတ်တရက် ခံစားလိုက်ရတာ အမှန်ပဲ ရွှေကြ
ဒါပေမဲ့... နင့်ဘက်ကကြည့်ရင် နင်မြေ့ကို ငြင်းဖို့
ပါဘူး..."

"ငါက... ငါ့ဒုက္ခအတွက် နင်နဲ့မြေ့ နှစ်ယောက်ရဲ့
သားတွေကို စတေးရမှာလား... မြေ့ဟာ မချိတင်ကဲ
ဖြတ်တာ ငါနားလည်ပါတယ်ပုံ... မြေ့ကိုသနားလိုက်
မြေ့ဟာ ငါ့အပေါ် တစ်သက်လုံး ကောင်းလာခဲ့
တစ်နေ့မှာ ဒီလောက်ထိ ကောင်းဦးမယ်လို့ ငါမတွေး
ပါဘူး... နင်စိတ်နာမယ်ဆိုတာ မြေ့သိပါတယ်...
မြေ့မနေ့က ငိုလိုက်တာပုံရယ်... မြေ့ငိုလိုက်တာတ
ငါ့တစ်သက်မှာ မြေ့ငိုတာကို တစ်ကြိမ်မှမမြင်ဖူးပါ
ငါမြေ့ကို သားတစ်ယောက်လို ဆံပင်လေးတွေပွတ်
ချော့ မော့ပီပေမယ့်... မြေ့စကားအတွက် ဝမ်းမသာ
ဘူး... ငါဝမ်းတောင်နည်းတယ်ပုံ..."

ရွှေကြာ့အသံသည် ငိုသံပါလာသည်။ ကိုကျော်
သေတာကို မျက်ရည်မကျဘဲ ပေါက်ကွဲရှုးသွပ်ရုံရှိခဲ့သော ရွှေ
သည် ငိုသံပါလာခဲ့ပြီ။ ပုံကား မယိုတရီ မျက်နှာပေးနှင့် မျ
ရည် တစ်ပေါက်နှစ်ပေါက်ကျသွားခဲ့သည်။ ငိုမနေနဲ့တော့ လူ





ကောင်းကြီးရေ... လူစွမ်းကောင်းဖြစ်ချင်သူနဲ့ မျက်ရည်ဟာ
လုံးလုံးမအပ်စပ်တာ ရှင်မသိရှာသလား။

"နင်စိတ်နာသင့်ပါတယ်... ငါလဲချစ်သူနဲ့ ပေါင်းချင်ခဲ့တာ
ပဲ... နင်လဲချစ်သူနဲ့ပေါင်းချင်မှာ... ငါမြေ့ကိုမယူနိုင်ဘူး
သူဘယ်လောက် လက်ထပ်ပေးမယ် ပြောပြော... ငါမယူ
ဘူး... အဲဒါ နင့်ကို ပြောပြတာ... နင် သိပ်ဝမ်းနည်းနေ
မယ်ဆိုတာ သိလို့ ငါဖုန်းဆက်လိုက်တာပဲ..."

"မြေ့ဟာ လူစွမ်းကောင်း တစ်ယောက်ဖြစ်ချင်တဲ့ ဆုံးဖြတ်
ချက်ရှိနေတယ်... ငါဝမ်းမနည်းပါဘူး ရွှေကြာရယ်..."

"ဒီစကားကိုက... နင်စိတ်နာနာနဲ့ ပြောနေတာပါပုံ... မြေ့
နင့်ကိုဘယ်လောက်ချစ်တယ်ဆိုတာ ငါသိတယ်... မြေ့ဘ
ဝမှာ မိန်းကလေးတစ်ယောက်ကို အဲသလောက်ချစ်တာ
ငါတစ်ကြိမ်မှ မမြင်ဖူးပါဘူး... မြေ့ကိုစိတ်နာပြီး မခေါ်မ
ပြော မလုပ်ပါနဲ့နော်... နင်ခေါ်လိုက်ပါပုံရယ်... ငါငြင်းလဲ
ငြင်းပြီးပြီ... ထပ်ခါထပ်ခါလဲ ငြင်းဦးမယ်..."

"မြေ့ကို ငါဘယ်လို လုပ်မယ်ဆိုတာ ငါဟာငါ့ဆုံးဖြတ်မယ်
ရွှေကြာ... နင်လဲနင့်ဖက်ကိုပဲဆုံးဖြတ်ပါ... နင့်အတွက်
ကတော့... လက်ခံလိုက်တာ အကောင်းဆုံးပဲ..."

"ငါလုံးဝ မြေ့ကိုလက်မထပ်ဘူး..."

"နင့်လိုပဲရွှေကြာ... ငါလဲမြေ့ကို လုံးဝလက်မထပ်တော့

ဘူး..."

ပုံက ဖုန်းကိုဖြည်းညင်းစွာ ပြန်ချလိုက်သည်။ ကိုယ့်ထက်အလေးတင်းပြီး တခြားမိန်းမကို လက်ထပ်ခွင့်တောင်းပြီးသူ ယောကျာ်းတစ်ယောက်ကို ပုံ ဘယ်တော့မှ လက်မထပ်ချင်ပါ။

***

"သမီးရေ.. မြေလာတယ်..."

ရွှေကြာက သူ့အမေစကားကို မကြားသလိုနေကာ အခန်းထဲမှထွက်မလာ။

ခုချိန်တွင်မူ ဒေါ်ကြူကြူသည် သမီးဖြစ်သူ၏ အထူးတလည် ချိုသာကြင်နာနေပါသည်။ ရွှေကြာခံစားနေရလွန်းရှာတာကို သနားနေသည်။ ကျော်စွာလေးကလဲ သေဆုံးခဲ့ပြီး စိုးရိမ်ပူပန်စရာလဲ မရှိတော့သောအခါ ချစ်သူဆုံး၍ နွမ်းခြောက်ခွေသွားသော သမီးဖြစ်သူကို ဘာ ပယောဂမှ မပါတော့သော မိခင် မေတ္တာသက်သက်နှင့် အသနားပိုနေရသည်။

ခရီးထွက်မှ ပြန်ရောက်သောအချိန်၌ မျက်တွင်းဟောက်ပက်ပါးခွက်ခွက်နှင့် သမီးကိုမယုံနိုင်အောင် တွေ့ရပြီး အတော်ချစ်ရှာတာပါလားရယ်လို့ ရင်ထဲနင့်ရသည်။





"ရွှေကြာ.. အိမ်ရှေ့မှာ မြေရောက်နေတယ်လေ..."

"မထွက်ချင်ဘူးမေမေ... မေမေတို့နဲ့ပဲ ပြောဆိုပစေတော့ သမီးနေမကောင်းဘူး..."

"ဘာဖြစ်သလဲဟင်... ခေါင်းမူးလား.. ဘာဖြစ်လဲသမီး"

"ဘာမှမဟုတ်ပါဘူး မေမေရာ..."

ရွှေကြာက ခေါင်းအုံးကြီးအောက် ခေါင်းကိုထိုးထဲ့လိုက်သည်။ ဒေါ်ကြူကြူသည် စိတ်ပျက်လက်ပျက် အိမ်ရှေ့ပြန်ထွက်လာကာ..

"နေမကောင်းဘူးတဲ့ကွယ်... တစ်ချိန်လုံးလည်း မှိုင်တွေနေတာပဲ... အန်တီဖြင့် စိတ်ညစ်ပါတယ်သားရယ်... လုပ်ကြပါဦး... အပြင်လေးဘာလေး ခေါ်ကြပါဦး..."

"အခုပဲလာခေါ်တာ အန်တီကြူ..."

"သားဟာက ခေါ်မယ့်ခေါ်တော့လည်း မှောင်တောင်နေပြီ"

"ခုမှ... အပြင်ကပြန်ရောက်တာ အန်တီကြူ.. လှိုင်ဖက်မှာ ပွဲဈေးတစ်ခုရှိလို့ ကျွန်တော်သူ့ကို ခဏခေါ်သွားချင်တယ်..."

မြေသည် ခေါင်းကြီးငုံ့ကာ မျက်နှာသေသေနှင့် တစ်မျိုးကြီးဖြစ်နေသဖြင့်... ဒေါ်ကြူကြူက ဇဝေဇဝါပင်ဖြစ်နေသည်။ မြေ့ကြည့်ရတာ.. မျက်နှာပူသလိုလို... ရှက်သလိုလို...

ာက်ရှုတ်သလိုလို... ဘာများပါလိမ့်...

"သားရောနေကောင်းရဲ့လား..."

"ကောင်းပါတယ်..."

"အခုသွားမှာ ပုံပုံရောပါမလား..."

"မပါဘူး အန်တီကြူ... ရွှေကြာတစ်ယောက်ကိုပဲ ခေါ်သွားမှာ..."

"သားနဲ့က စိတ်မချတာ မရှိပါဘူး... ဒါပေမဲ့ ရွှေကြာကလိုက်မှာမဟုတ်ဘူးထင်တယ်..."

"ခေါ်ကြည့်ဦးမယ်အန်တီ..."

"လာ... လိုက်ခဲ့... သူကအခန်းထဲကကို ထွက်မှာမဟုတ်ဘူး..."

ဒေါ်ကြူကြူရော မြေပါ ရွှေကြာ့ အခန်းဝရောက်လာသည်။

"ရွှေကြာ..."

"ဘာလဲဟ... ရှုပ်ရှုပ်ယှက်ယှက်... အခန်းထဲက မထွက်ပါဘူးဆိုမှ အခန်းဝထိ ရောက်လာပြန်ပြီ... သိပ်ရှုပ်တာပဲ..."

"ဟဲ့ ရွှေကြာ... သူ့အတွက်လည်း အလုပ်ရှုပ်ခံပြီး အကောင်းလုပ်ပေးနေရသေးတယ်... မြေမျှားနိုင်လားလိုက်တာ လေသံကိုက... ဒီလိုပြောရလား..."





"မြေ... နင်ငါ့အတွက် ဘာမှလုပ်ပေးစရာမလိုဘူး... နားလည်ပြီမဟုတ်လား... ပြန်တော့..."

"ဟဲ့... ခြော်... ရွှေကြာ..."

"လာပါရွှေကြာရယ်... စကားလေးဘာလေးလည်းပြောရအောင်... ပြောစရာတွေ အများကြီးရှိတယ်..."

"ဘာတွေလဲ..."

"ငါနဲ့လိုက်ခဲ့ပါ... နင့်ကိုပွဲဈေးခေါ်သွားမလို့..."

"ဟာ... စိတ်ပျက်စရာဟာ... ဖုန်ကထူ... လူကရှုပ်... သွားဟာ... နင့်ဟာနင်..."

"လာပါဆိုနေမှဟာ..."

"ပုံရော ပါလား..."

မြေက မျက်နှာပျက်သွားကာ...

"မပါဘူး..."

"မပါရင် မလိုက်ဘူး... သူပါမှလိုက်မယ်..."

"သူကခုကိစ္စမှာ အဓိကမဟုတ်ဘဲ... နင့်ကိုပြောစရာရှိတယ်..."

"ဘာပြောမှာလဲ..."

"လိုက်ခဲ့ပါဆိုနေမှ... နင့်မှာအပြင်လည်းမထွက် ဘာမထွက် လူရုပ်တောင်မပေါ်တော့ဘူး..."

"ငါ့ဟာငါ လူရုပ်ပေါ်ပေါ် မျောက်ရုပ်ပေါ်ပေါ် နင့်အပူ

မဟုတ်ဘူး..."

မြေသည် သက်ပြင်းတစ်ချက်ချလိုက်၏။ မျက်မှန်အောက်မှ မြေမျက်လုံးလေးများက ဆွေးမြေ့ကာ နာကျင်နေသည်။ ရွှေကြာ စိတ်ရှုပ်ထွေးလာလိုက်ပါသည်။ မြေဘာမှ မပြောချင်တာပါလိမ့်... လက်ထပ်ခွင့်ကိုသာ ငြင်းချင်တာဖြစ်ပြီး မြေလိုချင်တာဖြစ်ချင်တာ တခြားဘာမဆိုကို ရွှေကြာက တည်ချင်ပါသေးသည်။

"ကဲ.. လိုက်မယ်... ကဲ... သွား..."

"အဝတ်မလဲဘူးလား..."

"မလဲဘူးဟာ... လူကအားမရှိပါဘူးဆို... လှုပ်နေရဦးမယ်... "

ရွှေကြာသည် မအိပ်မစားနှင့် တကယ်ပဲ အားမရှိပါ။ ယိုင်တိုင်ကိုင်နှင့်ထ,လာသည်။ မြေက ရွှေကြာ့လက်တစ်ဖေါင်ဆစ်မှ တွဲလိုက်ရ၏။

"ဒီပုံနဲ့ မင်းရွှေကြာ ပွဲဈေးလျှောက်လို့ ရပ့ါမလားသားရယ်..."

"မလျှောက်နိုင်ရင်လည်း အပြင်ထွက်ရုံပေ့ါအန်တီ..."

မြေနှင့်ရွှေကြာ ကားပေါ်တက်ကာ မြေကကားကို မောင်းထွက်လာပါသည်။ ကားပေါ်ရောက်သည်နှင့် ရွှေကြာသည် လက်ကလေးပိုက်ကာ ခွေခေါက်နေသည်။ မြေကဘာမှမပြောဘဲ ကားကိုခပ်မြန်မြန် မောင်းလာလေသည်။

"နင်ကားမောင်းတာ မြန်လိုက်တာဟယ်... ရင်တောင်တုန်တယ်..."

"မြန်မြန်မောင်း မြန်မြန်ရောက်တာပေ့ါ..."

"ပုံတောင် မောင်းနိုင်သွားပြီ... ဟိုနေ့က တစ်ယောက်ထဲမောင်းချလာတာပြောင့်လို့... ငါသာ ကချလာဖြစ်နေပြီ... ပုံ့ဆီရောက်လား..."

"မရောက်ဘူး..."

"သွားဦးလေ... ရှုံ့မနေနဲ့..."

"ငါမရှုံးပါဘူး ရွှေကြာ... ငါဘာလုပ်ရမယ်ဆိုတာ ငါသိပါတယ်..."

"ပြောပါဦး... နင်ဘာလုပ်ရမလဲ..."

"နင့်ကိုလက်ထပ်ရမယ်... ရွှေကြာ..."

"အရှုံးကောင်... ကဲ... နင်ပြောစရာရှိတယ်ဆိုတာ ဘာလဲဒါပဲလား..."

"ငါပြောမှာက... အခု... နင့်ကို..."

ရွှေကြာသည် မြေကို အားယူလှည့်ကြည့်ကာ ခေါင်းမူးနေရင်း...

"ငါ့ကို..."

"အေး... နင့်ကိုအခုခိုးပြေးလာတယ်..။"

"ဘာပြောတယ်..."

ရွှေကြာသည် ကုန်းအော်ရင်း မောဟိုက်နေသည်။ ရုတ်တရက် မြေ့ကိုအားယူကာ ခေါင်းကိုလှမ်းချလိုက်ရာ... နသယ်စပ်ကို ဖြန်းခနဲရိုက်မိရင်း မြေ့မျက်မှန်ကျွတ်ကျသွားလေသည်။ မြေ့ကကားရှိန်လျှော့ကာ မျက်မှန်ပြန်ကောက်တပ်ရင်း...

"အရမ်းမလုပ်နဲ့လေ... မျက်မှန်ကွဲရင် ငါက သိပ်မြင်ရတာမဟုတ်ဘူး..."

"နင့်ငါကိုပြန်ပို့စမ်း..."

ရွှေကြာက ဒေါသနှင့် အော်ဟစ်လိုက်သည်။

"ငါဆုံးဖြတ်ပြီးပြီ ရွှေကြာ..."

"နင့်ဆုံးဖြတ်ချက်က ဘာအရေးလဲ... ငါ့ဒီလောက်အခွင့်အရေး မယူပါရစေနဲ့ မြေ့ရယ်... ငါမူနေတာမဟုတ်ပါဘူး... ငါ့အခက်အခဲကိုလည်း ငါအသိပါ... ဒါပေမဲ့ နင့်ကိုတော့ ယူကိုမယူချင်တာပါ... ခေါင်းမမာပါနဲ့မြေ့... ဒီနေရာမှာ နင်ဒီလိုလုပ်မှ ယောကျ်ားကောင်းပီသမယ်လို့ မထင်ပါနဲ့ဟယ်..."

"ငါယောကျ်ားကောင်း ပီသချင်တာ မဟုတ်ဘူး... ငါသူရဲကောင်းလုပ်ချင်တာ မဟုတ်ဘူး..."

မြေ့အသံမှာလည်း ပေါက်ကွဲလာသည်။ ရွှေကြာသည် မြေ့ကို လှည့်ကြည့်နေသည်။ ရှုန်းရင်းဆန့်ခတ်လုပ်ဖို့





စိတ်မကူး စိတ်ပျက်ကာ ငြိမ်ကြည့်နေမိသည်။ မြေ့ပါးပြင်မှာ မျက်ရည်တွေ။ ငိုယိုပြီးမှ သူ့ကိုယူရမှာကိုမှား...။ရွှေကြာ အံ့ဩနေသည်။ မြေ့ဟာ ပွဲ့ထက်များ သူ့အပေါ် စေတနာထားနေသတဲ့လား။

"နင် ပွဲ့ကိုသနားဦး... ပုံသေလိမ့်မယ်..."

ရွှေကြာက အံကြိတ် တီးတိုးပြောလိုက်သည်။

"ပုံမသေပါဘူး... ငါနဲ့ ကွဲရတဲ့အတွက် ပုံခံစားရမယ် နာကြည်းမယ်... ဒါပေမဲ့ ပုံမသေနိုင်ပါဘူး... ပုံတကယ်သေမဲ့ ကိစ္စဆိုရင် ငါလုပ်မလား..."

"ငါ့ကိုချည်း စဉ်းစားမနေနဲ့ မြေ့ ပုံဟာနင့်ချစ်သူ..."

"နင့်ကိုချည်း ဘယ်တုန်းကမှ မစဉ်းစားပါဘူး ရွှေကြာ... ငါပွဲ့အတွက်ပဲ စဉ်းစားပါတယ်... ဒီလိုလုပ်တာဟာ ပွဲ့အတွက် ငါ့အတွက် အကောင်းဆုံးပဲ ဆိုတာ နင်မကြာခင် သိမှာပါ..."

"ပွဲ့အတွက် ဘယ့်နှယ်လုပ်ပြီး ကောင်းနိုင်မှာတဲ့လဲ မြေ့ရယ်..."

"အားလုံးအတွက် ဘယ်လောက်ကောင်းတယ်ဆိုတာ နင် တစ်နေ့သိလာရလိမ့်မယ်လို့ ငါပြောပြီးပြီပဲ ရွှေကြာရယ်"

ဖေဖေနှင့် အန်တီရုံးသွားဖို့ ပြင်ဆင်နေကြဆဲ... မရွှေက အန်တီ့ကိုလာခေါ်သည်။

"အန်တီ... ဧည့်သည်ရောက်နေပါတယ်..."

"စောစောစီးစီး ဘယ်သူများပါလိမ့်..."

"တစ်ခါမှ မလာဖူးလို့ မသိဘူးအန်တီ..."

ဒေါ်အေးမြမြက အပေါ်ထပ်မှဆင်းလာရပါသည်။ လေ့ကားတစ်ဝက်ရောက်လျှင် ဧည့်ခန်းကိုမြင်နေရပြီဖြစ်ရာ... ရွှေကြာ မိဘနှစ်ပါးကို တဖွဲ့တညြကြည့်ကာ...

"ဟင်... ကြူကြူတို့... ဒီရောက်မှ တစ်ခါမှမလာဖူးသေးတာနော်... မလာစဖူး... ဝမ်းသာလိုက်တာ... ရွှေကြာရော မပါဘူးလား..."

ဒေါ်ကြူကြူသည် ဒေါ်အေးမြမြကို မသာယာလှသော မျက်နှာနှင့်ကြည့်ကာ...

"မြ... ရုံးသွားတော့မယ်ထင်တယ်... အဝတ်အစားတောင်လဲထားပြီ..."

"ရပါတယ်... ကြူတို့တစ်ခုခု ကိစ္စရှိလို့လာပုံပဲ... ဘာများပါလိမ့်..."

ဒေါ်ကြူကြူ စကားမစရသေးမီ... ဦးကျော်သက် အပေါ်ထပ်မှ ဆင်းလာတာမို့... ဒေါ်အေးမြမြက လှည့်ကြည့်ရင်း...



"ကိုရေ... ပုံပုံတို့ သားကြီးတို့ သူငယ်ချင်း ရွှေကြာ့မိဘတွေလေ... ဦးစောဦးနဲ့ ဒေါ်ကြူကြူတဲ့... ဧည့်ခံပွဲတုန်းက..."

"ဟာ... မှတ်မိပါတယ်... ကိုယ်မှတ်မိပါတယ်မြရဲ့..."

ဦးကျော်သက်လက်ဆန့်တန်းပေးသဖြင့် ဦးစောဦးကပါ နေရာမှ ထရပ်လက်ဆွဲ နှုတ်ဆက်လိုက်သော်လည်း မျက်နှာမသာယာလှကြောင်း ဦးကျော်သက်က ကောင်းစွာရိပ်မိလျက်...

"ကိစ္စအရေးတကြီး ရှိတယ်ထင်တယ်... ပြောကြပါ... မြနဲ့ပြောကြပါ... ကျွန်တော်ရုံး အရင်သွားနှင့် လိုက်ပါရစေ ဒီမနက်စောစော..."

"ရပါတယ်ဦးကျော်သက်သာသွားပါ... ရုံးချိန်လည်းဖြစ်နေပြီ"

"မြ... နောက်မှ မောင်စံနဲ့လိုက်ခဲ့ပေါ့... ဒါမှမဟုတ်ကိစ္စရှိရင်လဲ ဒေါ်ကြူကြူတို့ကို ကူညီဆောင်ရွက်ပေးလိုက်ပါ။ ကိုယ်က ဒီနေ့...လုပ်ငန်းရှင် အစည်းအဝေးတက်ရမှာ ကိုးနာရီအတိ ဖြစ်နေတော့ သွားနှင့်မှထင်တယ်... နေ့လည်ကျ ဖိတ်စာကိစ္စလည်း မြသွားစုံစမ်းအုံးမယ်ဆို ရုံးမလာရင်လည်း မလာနဲ့တော့လေ..."

"ဒါဖြင့် ကိုသွားနှင့်လိုက်ပါ... ၊ မြ...နေခဲ့ပါဦးမယ်..."

ဦးကျော်သက်က... ဦးစောဦးကိုရော ဒေါ်ကြူကြူ

ကိုပါနုတ်ဆက်ကာ အရင်ထွက်သွားနှင့်ပါသည်။ နှစ်ယောက် စလုံး မျက်နှာမကောင်းတာကို ရိပ်မိသဖြင့် အရေး ကိစ္စတစ်ခုခု ရှိနိုင်ကာ ထိုအရေးကိစ္စဟာလည်း စိတ်အနှောက်အယှက် ဖြစ်စရာ တစ်ခုခုဖြစ်ဖို့များနေတာ... မှန်းဆနိုင်သည်။ သူနှင့်က လုံးလုံး မရင်းနှီးလှသဖြင့် တလွတ်တလပ် စကားပြောဖို့ရာ ခဲယဉ်း ကျဉ်းကျပ်မည်စိုးသဖြင့် အရင်ထွက်လာနှင့် ဖြစ်ပါသည် •အစည်းအဝေး ရှိသည်မှာ မှန်သော်လည်း နာရီဝက် လောက် တော့ဖြင့် အချိန်ရပါသေးသည်။ ဘာများပါလိမ့်ဟုတော့ ယမ်းမှာ သို့စဉ်းစားလာသည်။

ဒီသုံးလေးရက်အတွင်း သမီးဖြစ်သူ အခန်း အောင်းလှတာရယ် မြေတစ်ယောက် ပေါ်မလာတာရယ်ကို သူ သတိပြုမိစဉ် နှစ်ယောက်လုံးရဲ့ သူငယ်ချင်း ရွှေကြာ့မိဘများ မသာမယာ ရောက်ရှိလာခြင်းမှာ အဆက်အစပ်တစ်ခုခုပဲလား။

အိမ်မှာကျန်ရစ်သော ဒေါ်အေးမြမြမှာ တော် တော်နှင့် စကားမစနိုင်သော ဒေါ်ကြူကြူကို ကြည့်ရင်းကာ စိတ်ပူ လာပါသည်။

"ကြူရယ်... ဆွေလိုမျိုးလို နေလာတာမို့ ပြောစရာရှိတာ ပြောပါကွယ်၊ မြရင်ထိတ်လိုက်တာ မျက်နှာလည်း မ ကောင်းကြဘူး... "

"ပြောစရာရှိလို့တော့ ရောက်လာရတာပဲ... ကြူဖြင့် ဘုလဲ





သွာတယ် စိတ်ထဲလည်း မကောင်းဘူးပေါ့... ကလေးတွေ များ သိပ်မိုက်ရူးရဲ တစ်ဖွတ်ထိုးဆန်ကြတယ်... ဖွင့်ပြော တော့ ဘာဖြစ်သွားမှာမို့လဲ... နားကို မလည်ဘူး၊ ကြည့် ရတာ မြလည်း ဘာမှသိမှာ မဟုတ်ဘူးထင်ပါရဲ့... "

"ဘာများလဲ ကြူရယ်... ကလေးတွေဆိုတော့... မြေတို့..."

"ဟုတ်တယ် မြ... မြေနဲ့ရွှေကြာပဲ... ဘာကြောင့် ဒီလိုလုပ် တယ်ဆိုတာ လုံးလုံးမတွေးတတ်ဘူး... "

ဒေါ်အေးမြမြသည် ထိတ်ခနဲဖြစ်ကာ ရင်ကို ဖိ လိုက် မိပါသည်။ မြေနဲ့ရွှေကြာတဲ့... မြေနဲ့ရွှေကြာ... ဘာများ ပြဿနာ လုပ်ကြပါလိမ့်။ လုံးလုံးတွေးမရ။

"ဘာများလဲ ကြူ... မြဘာမှ မသိရသေးပါဘူး... "

"ဒီမနက်... မြေ ဖုန်းဆက်တယ်... အင်း... အစကပြောရ ရင် မနေ့ညက... ရွှေကြာ့ကို ပွဲဈေးပို့မယ်ဆိုပြီး မြေလာ ခေါ်သွားတယ်... "

"ဟုတ်ကဲ့... "

"ရွှေကြာကလည်း ခုတလော တမှိုင်မှိုင် အိမ်ထဲအောင်း နေတယ်... ကြူက... အရင်ရွှေကြာတွဲနေတဲ့ ကောင်က လေးဆုံးသွားလို့ စိတ်မကောင်း ဖြစ်နေတယ် ထင်မိတယ်၊ ဒီကောင်လေးနဲ့ သဘောတူတာ မဟုတ်ဘူး၊ ရွှေကြာက ဘာမှမဟုတ်ပါဘူး... ဘာဘူး ညာဘူးနဲ့ ဘူးခံနေပေမယ့်

ဒီကောင်လေးနဲ့ကြိုက်တယ်.. မတော်တဆ ကောင်လေး ဆုံးသွားလို့ ဆွေးနေတယ် ထင်မိတယ်၊ ဒါနဲ့ စိတ်ပြေလက်ပျောက် နေစေချင်တယ်၊ မြေလာခေါ်တော့ ကိုယ့်တူ ကိုယ့်သားဆိုတော့ အရင်လိုပဲ စိတ်ချလက်ချ ကိုယ်တိုင် ထည့်လိုက်တာပါ.. ”

“အဲ... အဲဒီတော့... ”

“ညတပြန်မရောက်ကြဘူး... ”

“ဟင်... ”

ဒေါ်အေးမြမြသည် အပူလုံး ဆို့သွားကာ ရုတ်တရက် မွန်ထူသွားသည်။

“ကြူတို့လည်း ဘယ်လိုက်မလဲ... ဘာလုပ်မလဲ စဉ်းစားမရဘူး၊ မြေအိမ် လိုက်သွားတယ် တံခါးပိတ်ထားတယ်၊ လိုက်သွားတာကလည်း အချိန် သိပ်နောက်ကျနေပြီ၊ အဲဒီအချိန်မှာ မြတို့အိမ်လာနိုးဖို့ အသိပေးဖို့ရာလည်း အားလည်းနာ၊ ဘာဖြစ်မှန်းလည်း မသေ... ...သေးတော့ တစ်ညလုံး စိတ်ပူပြီး ငုတ်တုတ် မိုးလင်းခဲ့ ...... ဒီမနက် မြေဆီကဖုန်းလာတယ်.. ”

“ဘာ... ဘာများတဲ့လဲ ကြူ... ”

“သူ ရွှေကြာ့ကို ခိုးပြေးသွားပါတယ်... တဲ့.. ကြူ့ရှေ့တင် ခေါ်ထုတ်သွားတဲ့အတွက်... အန်တီ့ယုံကြည်မှု အလွဲသုံး



စားလုပ်မိတာ ခွင့်လွှတ်ပါတဲ့... ”

“ရွှေကြာ့ကို... ရွှေကြာ့ကို ခိုးသွားတယ်... ”

ဒေါ်အေးမြမြသည် နေရာမှာတင် လဲသေလိုက်င်သည်။ တကယ့်ကို လဲသေလိုက်ချင်သည်။ တစ်သက်လုံး ယုံ ...ည်လေးစား အထင်ကြီးခဲ့သော သားကြီးကို နားမလည်နိုင် ...က်အောင် အံ့ဩကာ ကိုယ်တိုင်ဖုန်းဆက်ပြောပါသည့်ဆို ...ကိုပင် မယုံသလို ဖြစ်နေသည်။

“အဲဒါပဲ... ဒါ ဘာသဘောတုံး မြရယ်... ”

“ရွှေကြာဆိုတာ.. မြတို့သမီးလိုပါပဲ.. မြေဟာလည်း ကျွန်တော်တို့အတွက် သားလိုပဲ မဟုတ်ဘူးလားမြ.. သူတို့ ချစ်ကြိုက်ကြတယ်ဆိုရင်.. ကျွန်တော်တို့ကို ဖွင့်ပြောရင် သဘောတူဖို့ အသင့်ပဲ... သမီးရှင်ပေမဲ့ ကျွန်တော်က ဘွင်းဘွင်းပါပဲ... မြေကို ချစ်လည်းချစ်ပြီးသား၊ သဘောလည်းကျတယ်... ဒါကို ဖွင့်မပြောပဲ လုပ်သွားတာ အံ့ကိုဩရောဗျာ... ခိုးသွားပုံကလည်း လူကြီးကိုတက်ပြီး နောက်သွားသလို ဖြစ်နေတယ်.. အကြောင်းတော့ ရှိလိမ့်မယ်... သဘောမတူဘူးဘဲ ထင်လို့လား စဉ်းစားလို့မရဘူး... ”

ရွှေကြာ့မိဘအစုံ ပြောဆိုနေသည်မှာ နားမလည်ခြင်း၊ စိတ်အနှောင့်အယှက် ဖြစ်ရခြင်း၊ ကိစ္စရှုပ်လာသဖြင့် တိုင်

ပင်လိုခြင်း သက်သက်တို့နှင့်သာ ဖြစ်လျက် ခါးခါးသီးသီး စိတ်ဆိုးမာန်ဆိုး လာပြောနေခြင်း မဟုတ်။

ဒေါ်အေးမြမြသည်သာ အခက်ကြီးခက်ကာ မြွေကို စိတ်လည်းဆိုး နားလည်းမလည် ဝမ်းနည်းပက်လက်သာ ဖြစ်မိလျက် မျက်ရည်လည်လာသည်။ သမီးရှင်က မျက်နှာပျက်ရုံပင် သားရှင်က မျက်ရည်ကျတော့မည် ဖြစ်လေရာ ဒေါ်ကြူကြူတို့မှာလည်း အံ့ဩရပြန်သည်။

"မြွေသိပ်မိုက်တယ်... သိပ်မိုက်တာပဲ... "

"မိုက်တာတော့ နှစ်ယောက်စလုံးပေါ့လေ... "

"မဟုတ်ဘူး ဦးစောဦး... မြွေက ပိုမိုက်တာ..."

"ကဲ မိုက်တာတွေ ဘာတွေ ထားလိုက်ပါတော့... ဘယ်မှာလဲဆိုတာတော့ ပြောမသွားဘူး... အဲဒါ စုံစမ်းဖို့ ပြန်ခေါ်ဖို့... ထုံးတမ်းစဉ်လာအရ မြတို့ဘက်က လာပြန်အပ်ပြီး မြန်မြန်ပဲ မင်္ဂလာဆောင်ပေးလိုက်ကြတာပေါ့.. "

ဒေါ်ကြူကြူ့စကားအဆုံး ဒေါ်အေးမြမြသည် ကိုယ့်အခက်အခဲ ကိုယ်ပဲသိကာ မျက်ရည်လည်လည်နှင့်...

"ရွှေကြာ့ကို မြ... ချစ်ပါတယ်ကြူ... စောစောသိရရင် ဝမ်းသာအားရ သဘောတူရမယ့်လူပါ.. "

လေသံကိုနှိမ့်ကာ တုန်တုန်ရီရီ ပြောသည်ကို ဒေါ်ကြူကြူက တအံ့တဩနှင့် ကိုယ်ကိုင်းကာ နားစွင့်နေသည်။





"ဒါ... ဒါပေမဲ့ အခုတော့ ခက်ပြီကြူရယ်... မြ... မြအနေနဲ့ မြွေကို ပြန်ခေါ်ပြီး သားရှင်အနေနဲ့ ပြန်အပ်ဖို့ သိပ်ခက်နေပါပြီ... မြ... မြအနေနဲ့ မြွေကို သားအဖြစ်က စွန့်တယ်လို့ ကြေညာရမဲ့အခြေအနေမျိုးဖြစ်နေပါတယ်..."

"ဘာပြောတယ်... မြ... "

"ကြူရယ်... မြွေကို ပုံပုံနဲ့ လက်ထပ်ဖို့ စီစဉ်နေတာ သိပ်လည်းမလိုတော့ဘူး... တစ်လခွဲပဲလိုတယ်၊ ပုံပုံက ထိုင်မသိမ်းတောင်အပ်ထားပါပြီ၊ ခုနပဲ ဦးကျော်သက် ပြောသွားတာကို ကြားမှာပေါ့၊ ဒီနေ့ ဖိတ်စာသွားအပ်ဖို့ပါ တစ်ဆွေလုံး တစ်မျိုးလုံးလည်း အသိပေးပြီးပြီ... "

"ဟင်... မြွေက လက်ခံထားတာလား... "

"မြွေက လက်ခံထားပါတယ်... ကြူ... "

ငြိမ်ကျသွားကြရသည်။ ဒေါ်အေးမြမြသည်လော ...ဆယ်၌ တရားဝင်တာ မဝင်တာထား၊ လင်မယားလို့သာ ...မှတ်ရတော့မည့် ရွှေကြာနှင့်မြွေရဲ့ အနေအထားကိုလည်း ...မှာ ရှပ်ဆိုးစရာ မဖြစ်စေလို။ ရွှေကြာ့ကိုသာ ဆက်ပေါင်းရ ...မှာပဲမို့ ပုံနှင့် အသေအလဲ ချစ်ခဲ့ကြပါသည် ဆိုတာကိုဖြင့် ...ရခက်လှသည်။ ပြောရခက်သလို စဉ်းစားရလည်း အလွန် ...နေပါသည်။

မျက်ရည်သာ တစ်စက်စက် ကျနေတာ၊ မချိတရိ

စိတ်ညစ်နေမိသည်။ ဒေါ်အေးမြမြ အနေအထားကို ဒေါ်ကြူကြူ တို့လည်း သဘောပေါက်ရပါပြီ။

"ဦးကျော်သက်ကလည်း မြေ့ကို သဘောကျတာပေါ့..."

"ဟုတ်တယ်.., သူလည်း သားကြီးလို သဘောကျတယ်။ သူငယ်ချင်းလည်း သဘောကျမယ်ထင်လို့ မြတို့စီစဉ်ကြတာ... မိတ်စာမရိုက်ရ မဝေရသေးတာကလွဲရင် အားလုံးအသင့်ပဲ၊ ဟိုတယ်မှာလည်း ဒိတ်ယူပြီးပါပြီ... မြအနေနဲ့ သိပ်ခက်တာ ပါပဲ ကြူရယ်... "

ဒေါ်အေးမြမြ တကျူကျူ ငိုရှာလေရာ ရွှေကြာ မိဘနှစ်ပါးမှာ သက်ပြင်းရှိုက်ရုံမှတစ်ပါး ဘာမှမတတ်နိုင်ပြီ။ တစ်သက်လုံး ပေါင်းခဲ့သော လူရင်းမိတ်ဆွေတွေမို့ ဒေါ်အေးမြမြ ပွင့်ပွင့်လင်းလင်း ဖွင့်ပြောတာကို စာနာကြရပါသည်။ လင်ပါသမီးကို ခေါင်းညိတ်လက်ခံပြီးမှ ပိန်းမဆိုးပြေးသော သားအတွက် ခင်ပွန်းသည်ထံ ဘယ်မျှ မျက်နှာပျက်လိုက်ရမည်နည်း။

"မြအတွက်က ပိုစိတ်မကောင်းစရာဘဲ... မြေ့က ဆန္ဒတို ပွင့်ပွင့်လင်းလင်း ပြောခဲ့ဖို့ ကောင်းတယ်... ကဲပါလေ... မြအနေနဲ့ သားကို ဒီလိုမှ စိမ်းစိမ်းပြတ်ပြတ် မလုပ်ရင် လင်မယားကြား မကောင်းဘူးပေါ့ဗျာ... ဖြစ်လာမှတော့ စိတ်ညစ်မနေနဲ့တော့... ကျွန်တော်တို့ကပဲ စုံစမ်းရှာဖွေ ပြန်ခေါ်ယူရမှာပဲ... ဒီသမီးတစ်ယောက်ပဲ ရှိတာ မြအနေ





နဲ့လည်း... အိမ်မှာ အဆင်ပြေသလိုသာ နေပေတော့ဗျာ..."

ဦးစောဦးက စိတ်ရှုပ်ရှုပ်နှင့် ညည်းတွားလိုက် ပါသည်။

❖❖❖

ဒေါ်အေးမြမြသည် မပြောလို့မဖြစ်သောကိစ္စကို အပြစ်ကင်းမဲ့ရှာသော ပုံ့ပုံ့ကို ပြောရပါသည်။ မရွှေ ဒေါ်ပုကြီးတို့ကိုပါ မလှမ်းမကမ်းကိုခေါ်ကာ သောင်းကျန်းပါက ဆွဲဖို့လွဲဖို့ လိုအပ်ပါက ပြေးပွေ့ဖို့ အသင့်မှာထားရသည်။

သားသမီးမကောင်း မိဘခေါင်းတည်း။ သားဖြစ်သူလုပ်ပုံ မဟုတ်သောအခါ သမီးအရွယ်ကို မဝံ့တဝံ့ တောင်းပန်ပန် ပြောရရှာပါသည်။ ကိုယ်တိုင်လည်း ခွင့်မလွှတ်နိုင်ကြောင်း နားကျည်းကြောင်း ပုံပုံသည် မျက်နှာဖြူဆွတ်ကာ ရုတ်တရက် ခြံထဲဆင်းပြေးသွားသည်။ နောက်ကလိုက်ကြရပါသည်။ သို့သော် ဆွဲတော့မဆွဲရဘဲ ခပ်လှမ်းလှမ်းမှသာ လူစုဘက်ကျောခိုင်းကာ ခါးထောက်ရပ်နေသည်မှာ အကြာကြီးပင်။ အတော်ကြာမှာ ဖြည်းညင်းစွာ လှည့်လာသည်။ တစ်လှမ်းချင်း အိမ်ဆီ ဆည်ကာ လျှောက်လာသည်။

ဘယ်လိုပင် ဟန်ဆောင်ဆောင် အပျက်ကြီး
ယွင်းနေသောမျက်နှာတွင် အားလျှော့လျက် ယူကြုံးမရ မ
ကဲ ခံစားနေရတာ အထင်းသားပေါ်လွင်နေလျက် မူးမိုက်
မောသလို ခပ်ယဲ့ယဲ့ လျှောက်လာရင်း လမ်းတစ်ဝက်၌
ပျော့ကျသွားသည့်အတွက် ဖိုးရိမ်တကြီး ပိုင်းဝန်းဟစ်အော်
ပွေ့လိုက်ကြရပါသည်။

✤✤✤✤✤✤✤

"သမီးလေး အန်တီ့ကို ခေါ်တယ်ဆို... စကားပြောချင်
ဆို... ဘာစားချင်လို့လဲဟင်... "

မနက်စာရော ညစာပါ မဝင်သော ပုံ့ကို တ
တယ မေးမိသည်။ ဦးကျော်သက်ကိုလည်း မျက်နှာအော
ကာ မျက်ရည်စက်လက် ပြောပြခဲ့ပါပြီ။ ဒေါ်အေးမြမြအ
ကား သနားစရာပင်။ ဦးကျော်သက်သည် ဘာပြောရမည်
ကောင် စိတ်ထိခိုက်ကာ ဒေါ်အေးမြမြအပေါ် အပြစ်တင်
လည်း ခက်လျက် အံကြိတ် နှုတ်ဆိတ် တင်းမာသွားသည်
ခုချိန်ထိ။

ပုံက ခေါ်သည်ဆို၍ အပြေးလာရပြန်သည်။
ကား နေ့လည်က အကြောဆေးထိုးယူရကာ တစ်ချိတည်း





သွားသည်။ ခုလည်း ကုတင်ပေါ်မှာ ပက်လက်ကလေးနှင့် ခေါင်းအုံးမြင့်မြင့်၌ မှီနေသည်။

"ပုံ ဘာမှ မစားချင်ပါဘူး... မေမေ သိပ်စိတ်ဆိုးလား အန်တီ... "

"ဘာမှ မပြောရှာပါဘူး... မပြောတဲ့အတွက် အန်တီမှာ ပိုအပြစ်မကင်းသလို ခံစားရပါတယ် သမီးရယ်... အန်တီ စိတ်မကောင်းဘူး...အန်တီကို ဒီလို မျက်နှာပြရခက်အောင်အထိလုပ်တာကို နားလည်းမလည်ဘူး... စိတ်လည်းသိပ်နာတယ်... မြေ့ကို အန်တီ ဘယ်တော့မှ ပြန်မခေါ်တော့ဘူးကွယ်... "

"အန်တီ အဲသလိုခံစားနေရတာ ပုံသိပါတယ်... ဒါကြောင့် ဒီစကားပြောချင်လို့ပါ... ပုံ... မြေ့ကို မုန်းတယ်... စိတ်နာတယ်၊ ဒါ ပုံ့နေရာက... ပုံက သူချစ်သူနေရာကမို့ ပုံ သိပ်နာကြည်းတယ်၊ ဒါပေမဲ့ အန်တီနာကျည်းနေမှာတော့ မြေ့အပေါ်မရှိစေချင်ဘူး... မိခင်ရင်းက နာကြည်းတာကို ခံရသူအဖြစ်ကို မြေမရောက်ပါစေနဲ့ အန်တီ... အန်တီ့လို အမေတစ်ယောက် နေရာကဆိုရင် မြေ့ကို နာကြည်းစရာ မရှိပါဘူး၊ မြေဟာ အန်တီ့အရှက်ကို ခွဲပြီး ပုံ့ကို သစ္စာဖေါက်သွားတာ မဟုတ်ပါဘူး၊ ရွှေကြာ့မှာ... ကိုယ်ဝန်ရှိနေလို့ သူအနစ်နာခံပြီး တာဝန်ယူလိုက်တာ

ပါအန်တီ... အန်တီ့သားဟာ ကိုယ်ကျိုး စွန့်ပြီး[…] တောင် တာဝန်ယူရဲတယ် ဆိုတာကို အန်တီ ဂုဏ်ယူ[…] တယ်၊ ပု့နေရာကကြည့်ရင် နာကြည်းလောက်တဲ့ ချ[…] အန်တီ့နေရာကကြည့်ရင် ဂုဏ်ယူလောက်တဲ့ သား[…] အန်တီ... "

ဤတစ်ကြိမ် သွေးဆုတ်ဖြူလျော်သွားကာ မှု[…] သွားရသူမှာ ဒေါ်အေးမြမြတည်း။

❀❀❀❀❀❀❀



# ၁၀

တစ်လခွဲဆိုသော အချိန်ကာလသည် ကာယကံ ရှင်များကို သွေးအေးသွားစေရလောက်အောင် မလုံလောက် နိုင်သေးသော အချိန်အတိုင်းအတာတည်း။ သို့သော် အတန်ငယ် နေသားကျခြင်းကိုမူ ပေးစွမ်းနိုင်ပါသည်။

❀❀❀❀❀❀❀

မြေ့တာ အလုပ်မှ ထွက်လိုက်သည်။

မြေနှင့်ရွှေကြာတို့သည် မြေ့အိမ်ခန်းကလေး၌ နေ ကြကာ ရွှေကြာ့မိဘမှ ထောက်ပံ့နေသော ငွေကြေးနှင့် စားဝတ် နေရေးကို ဖြည့်ဆည်းနေရပါသည်။ မြေ့ကို ဘဝ၏ အမြင့်မားဆုံး သော ကျေးဇူးရှင် အထွတ်အမြတ်အဖြစ် သတ်မှတ်ကာ ဖြူစင်စွာ မြတ်နိုးလေးစားလှသော ရွှေကြာသည် မြေ့အလုပ်မလုပ် ငွေမရှာ ခြင်းအတွက် ငြိုငြင်မှု တစ်စုံတစ်ရာမရှိပါ။

သို့သော် အလုပ်ထွက်လိုက်ခြင်းကို လုံးလုံးနား မလည်။

"မြေ... နင် လူတောသူတောထဲ တိုးမဝင်ချင်လောက် အောင် စိတ်ဓာတ်ကျနေတာ ငါစိတ်မကောင်းဘူး။ နင် အလုပ်ထွက်လိုက်တာ ငါမကြိုက်ဘူး၊ နင့်ဘဝ အဓိပ္ပာယ် ဘာမှ မရှိတော့ဘဲ ဒီတိုက်ခန်းကျဉ်းကလေးထဲမှာ လှောင် ပိတ် အဆိပ်သင့်နေပြီ... "

"ငါ စိတ်ဓာတ်မကျပါဘူး... လူတောသူတောထဲ မဝင်ရဲ တာလည်း မဟုတ်ဘူး ရွှေကြာ၊ ငါ့လုပ်ရပ်အတွက် ဒီနေ့ အထိ ငါကျေနပ်နေတယ်... "

"နင် မကျေနပ်ပါဘူး... "

"ငါကျိန်ရဲပါတယ် ရွှေကြာရယ်... "

"ဒါဖြင့် နင့်ဘဝကြီးကို ဘာဖြစ်လို့ သတ်နေလဲ... လူထဲ သွားပေါ့... ပတ်ဝန်းကျင် မိတ်ဆွေ သူငယ်ချင်းတွေနဲ့ ဆက်ဆံပေါ့... "

"ငါ လူထဲသွားတာပဲ... ငါနင့်အတွက် အမြဲ ဈေးသွားဝယ် ပေးတယ် မဟုတ်လား... "

"ဒါကို ပြောနေတာ မဟုတ်ဘူးမြေ... "

"ငါတစ်ယောက်တည်း... အဲ... နင်နဲ့ဆို နှစ်ယောက်တည်း ပေါ့... အဲသလို နေရတာကိုပဲ ပျော်တယ်... ငါပျော်သလို





ငါနေနေတာ၊ ငါစိတ်ညစ်နေတယ်ထင်ပြီး နင်ဘယ်တော့ မှ စိတ်မကောင်းမဖြစ်နဲ့ ရွှေကြာ... နင်ဘယ်တော့မှ မခံစားနဲ့..."

"နင် ဘယ်လောက်ကြာကြာ အခန်းထဲ အောင်းနေမှာ လဲ... "

"သိပ်မကြာပါဘူး ရွှေကြာရယ်... "

"ဘယ်တော့အထိလဲ... "

"မကြာခင် နင်သိမှာပေါ့... "

"ငါ့ကို ပဟေဠိဆန်ဆန်တွေ လုပ်မနေပါနဲ့ မြေရယ်... ဘယ်တော့အထိ နင်ဒီလို နေမှာလဲ... "

"သိပ်မကြာ တော့ဘူးဆိုရင် ပြီးရောပေါ့... "

ရွှေကြာဝမ်းနည်းသည်။ အမေမြစ်သူကပင်လျှင် အခြေအနေအရ အဆက်အသွယ်ဖြတ်ကာ အရေးမလုပ် မခေါ် မပြောနေရမှုကို မြေခံနေရသည်။ မြေ့ဘဝသည် ရွှေကြာ့ကို ယူ လိုက်ရခြင်းအတွက် အင်မတန်မှ အန္တတ်လက္ခဏာတွေ များလှ သည်ဟု ရွှေကြာက စွပ်စွဲသည်။ မြေကတော့ နင်ထင်သမျှအန္တတ် လက္ခဏာတွေဟာ အားလုံး အပေါင်းလက္ခဏာချည်းပဲတဲ့။ နင် မမြင်တတ်လို့ပါတဲ့။ တစ်နေ့ မြင်ရမှာပါတဲ့။

တစ်မိုးတည်းအောက် တစ်ခန်းထဲတွင် မြေနှင့် ရွှေကြာသည် ထာဝရ ဖြူစင်သန့်ရှင်းသော သူငယ်ချင်းတွေသာ

တည်း။ မိန်းမချင်း၊ သို့မဟုတ် ယောက်ျားချင်း သူငယ်ချင်း နှစ်ယောက် ခရီးတစ်ခု အတူ ထွက်လာသည်နှင့် တူလှသည်။

မနက်တွင် မြေက ဈေးသွားဝယ်သည်။ ရွှေကြာကို ငွေလှကားအမြင့်ကြီး တစ်လျှောက် အဆင်းအတက်တွေ သိုပ် မလုပ်စေချင်။ ဒါကြောင့်ဖြစ်သည်။ ဈေးက ပြန်လာလျှင် ကော်ဖီ အံ့တူသောက်၊ မုန့်အတူစားရင်း အတူ ချက်ကြ ပြုတ်ကြသည်။ ချက်ရင်းပြုတ်ရင်း ဤကိစ္စကိုပဲ ဆွေးနွေးငြင်းခုန်ကာ တစ်ခါတစ်ရံ ရန်ထဖြစ်ကြသည်။ တစ်နာရီခန့် ရှိလျှင်တော့ ရွှေကြာသည် စိတ်လျှော့ပြီး မြေ့ကို ပြန်ချော့ရသည်သာ။

မြေ မှားနေပါစေဦး မြေမှန်သည်ဟု ယူဆရမည် ဟု မိမိကိုယ်ကို ဆုံးမထားသည်။ မြေဟာ ရွှေကြာ့ရဲ့ အမြင့်မား ဆုံး ကျေးဇူးရှင် မိခင်ဖခင်နှင့် တစ်ဂိုဏ်းတည်းဟုပင် ရွှေကြာ ခံယူသည်။ မြေ့အဝတ်အစားတို့ကို လျှော်ဖွပ် မီးပူတိုက်ပေးသည်။ မြေကလည်း လုယက်ကူညီတတ်သည်။ ဝမ်းဗိုက်စူပုံစ ရွှေကြာ အဖို့ မလေးမပင်လှသော်လည်း မြေက ရွှေကြာ့ကို လေးပင်ကာ သက်တောင့်သက်သာ ရှိမည်မဟုတ်ဟု အမြဲ ထင်နေသည်။

တစ်ခါတစ်ရံ စစ်တုရင်ထိုး၊ ကျွားကစားကြသည်။ တစ်ခါတစ်ခါမတော့ မြေစိတ်မပါဟု ရွှေကြာထင်သည်။ အတည့် တက်ရမည့် နယ်ရုပ်ကို မြေက ထောင့်ဖြတ်တက်ချင် တက်နေ သည်။ ထိုအခါမျိုးတွင်...



"စိတ်မပါဘဲ မကစားနဲ့ဟာ... " ဟု ပွဲဖျက်ဖို့ပြင်သည်။

"စိတ်ပါပါတယ်ဟာ... ဖျင်းနေလို့ ကစားချင်တဲ့ဟာ... မလုပ်ပါနဲ့... ငါ တကယ်ကစားချင်တာပါ... ခဏလေး ခေါင်းနောက်လို့... "

အတင်းပဲ ကက်ပြားတွေ အရုပ်တွေ ပြန်လုကာ ဆက်ကစားပြန်သည်။ ညဘက်တွင် ရွှေကြာက တီဗီကြည့်၊ ဗီဒီယို အခွေကြည့်နှင့် စောစောမအိပ်သော်လည်း မြေက သူ့နေရာဖြစ် သော ဧည့်ခန်းထောင့်၌ ဖျာခင်းကာ စောစောအိပ်သည်။ တိတ် ဆိတ်နေသော ညယံတွင် မြေကမလှမ်းမကမ်း ကြမ်းပေါ်၌ အိပ် မောကျနေလျက် ရွှေကြာက မြေနှင့်မလှမ်းမကမ်း ဆက်တီပေါ် ဝယ် တီဗီထိုင်ကြည့်နေရသည်။ မြေ့ကို ချစ်ခင်လှသော်လည်း မြေ မိုက် ရူးရဲမှုအတွက် အခုထိ တသသ ဂရုဏာ ဒေါသရှိလှ သော ရွှေကြာ သည် တစ်ချက်တစ်ချက်၌ ရူးဦးဟု မြေ့ကို မုန်းလှ ကာ မှီရာသူ ခြေသလုံးတို့ တင်ပါးတို့ကို ထိုင်ရာမထ မိုက်မိုက်ရိုင်း ရိုင်း လှမ်းကန်ပစ်မိသည်။

ပထမဆုံး ထိုသို့ ကန်မိသောတစ်ညကား မြေ့ကို တစိမ့်စိမ့်လှမ်းကြည့် ရင်နာသနား မုန်းတီးအသည်းယားလာကာ ရွှေကြာက ရုတ်တရက် ဆောင့်ကန်လိုက်မိရာ မြေသည် သနား စဖွယ် လူးလဲ နိုးထလာပြီး ဘေးကျင်နေသော မျက်မှန်ကောက် တတ်ကာ အိပ်ချင်မူးတူးနှင့်...

"ဟင်... ဘာလဲ... ရွှေကြာ... ဗိုက်နာပြီလား... "

အူကြောင်ကြောင်မေးလျှင် ရွှေကြာသည်အကျယ်ကြီးဟားတိုက် ဟစ်ရယ်မိရာမှ အိပ်ရာမှ တရေးနိုးချိန်တွင် ရွှေကြာ ဗိုက်နာပါက သူ့ကို နှိုးနိုင်ကြောင်း သတိမလွတ်သော မြေ့သံယောဇဉ် စေတနာကို ရင်နာလာမိကာ မျက်ရည်ကျလျက် တစ်ဆက်တည်းငိုလိုက်ရလေသည်။

အတွေ့အကြုံ ရလာကာ အကြောင်းစုံ သိလာသောအခါတွင်တော့ သူ့ကို လှမ်းကန် လှမ်းရိုက် လှမ်းကောက်ပေါက်သော ရွှေကြာ့ကို မြေက 'ဟာကွာ... ' ဟု အော်ဟစ် ပစ်လိုက်ပြီး မမီနိုင်သော ထောင့်သို့ တိုးကပ်ခွေအိပ်သွားသည်။

မြေ့ကို ရွှေကြာချစ်သည်။ ဤအချစ်သည် ဖေဖေ့ကိုချစ်သည့် အချစ်မျိုးနှင့် ထပ်တူ ယောကျ်ားတစ်ယောက်အပေါ် ချစ်နိုင်ခြင်း၌ အသန့်စင်ဆုံးတည်း။ ထို့သို့ ချစ်လာသဖြင့် တစ်ခါတစ်ခါ ကိုယ့်ကိုကူညီဗုက္ခခံနေတာ ဆိုတာကို မေ့နေလျက် မြေ့မိတ်ဆွေ တစ်ယောက်နေရာမှ ဝင်ခံစားကာ ရည်းစားကို ချန်ရစ်ပြီးသူငယ်ချင်းမကို အနစ်နာခံယူသော မြေ့အပေါ် အားမလိုအားမရ မုန်းတီးလှခြင်း ဖြစ်လေသည်။

တစ်ခါတစ်ခါတော့ မြေကိုအသည်းယားနေတာ မရိုးမရွဖြစ်အောင်ထိုးဆွချင်ပြန်သည်။

"အင်း...ပုံကိုသတိရလိုက်တာဟယ်..."





ထိုသို့ပြောလျှင် မြေသည် မျက်နှာအကြီးအကျယ်ပျက်သွားကာ အဝေးကြီးထွက်သွားလေ့ရှိသည်။ ရွှေကြာက အလျှော့မပေး။ နောက်မှတပ်လိုက်ကာ...

"ဟင်...နင်ရောသတိမရဘူးလားမြေ... ငါတို့သုံးယောက်နေရတာဆိုရင် ပိုပျော်စရာကောင်းမှာပဲနော်... "

"ဒါတွေလာမပြောစမ်းနဲ့လေ... ငါနင့်ကိုဘာလုပ်မိလို့ ငါ့ကို အသည်းလိုက်ခွဲနေတာလဲ... "

မြေကဒေါသတကြီးဟစ်အော်လိုက်သည်။

"ငါဘယ်မှာနင့်အသည်းခွဲလို့လဲ... နင့်ဟာနင်ခွဲတာ... အဓိပ္ပာယ်မရှိတာ... ခုလောက်ဆိုပုံဘယ်လိုနေမလဲမသိဘူး... ပုံအသည်းလည်းနင်ခွဲတာ... ငါလည်းသူ့ကိုသတိရတယ်၊ နင်ဆိုပိုသတိရမှာပဲ... "

"တော်ပါတော့ဟာ... တော်ပါတော့... "

"သွားလည်ရအောင်မြေရယ်... မောင်းထုတ်လည်း ခြေဖက် တောင်းပန်ကြတာပေါ့... ငါသူ့ခြေထောက်ကိုဖက်နိုင်ပါတယ်... သူ့မှာ အပြစ်မရှိဘဲ သူ့အသည်းကွဲပြီး ငါ့ဂုဏ်သိက္ခာအဖတ်ဆယ်ထားရတာ... "

"ငါ့ကိုသနားရင် တော်ပါတော့ရွှေကြာရယ်... ငါစိတ်ညစ်အောင် မပြောပါနဲ့... နင့်အပေါ် ငါစေတနာထားပါတယ်... ငါ့အပေါ် လည်းနင်စေတနာထားပါဦး...

မကြားပါရစေနဲ့...

"နင့်ကို စေတနာရှိလို့ပြောနေတာ..."

"ငါလုပ်တာ အားလုံးကောင်းဖို့ပဲ... စိတ်ဆင်းရဲရရဲ့ လျှောက်မပြောနဲ့..."

"အားလုံးမကောင်းဘူး... ငါ့အတွက်ပဲကောင်းတာ... အဲဒီတော့ ငါမတရားသလို ငါခံစားနေရတယ်ဟဲ့... ငါကလည်းမိုက်သေး... ငါ့ဒုက္ခခံရတော့ မဆိုင်သူ့နှစ်ယောက်... ဒါကိုတွေးမိရင် ငါသေလိုက်တာကကောင်းဦးမယ်..."

"သေရတာ ဘယ်ကောင်းပါ့မလဲရွှေကြာရယ်..."

"နင်သေဖူးလို့လား..."

အစ်ရွဲ့တိုက်ပြီးမေးလိုက်လျှင်...

"မသေဖူးပေမဲ့ သေရတာမကောင်းမှန်း ငါသိပါတယ်... ငါလည်း မသေချင်ဘူး... နင်လည်း မသေချင်ပါနဲ့ ရွှေကြာ... သေရင် သံယောဇဉ်ရှိတဲ့ မိဘ မိသားစု... သူငယ်ချင်း ချစ်သူတွေနဲ့ခွဲသွားရမှာ..."

"ဒါပေမဲ့... သေမဲ့လူကိုတော့ မသေအောင် နင်မတတ်နိုင်ပါဘူးမြေရဲ့၊ လူဆိုတာ သေမျိုးပဲ သေမယ့်လူက သေမှာပဲ... ဘာမှ ကြောက်နေဖို့ မလိုဘူး၊ ငါဖြင့် မကြောက်ဘူး..."





"ဟုတ်တယ်... သေမယ့်သူကတော့ သေမှာပဲ၊ ဘယ်လိုမှတားမရဘူး၊ ဒါပေမဲ့ သေရမှာကို မကြောက်ပေမဲ့... သေရမှာကိုတော့ ငါ စိတ်မကောင်းဘူး..."

"ဘယ်သူသေရမှာလဲ... နင်က သေရတော့မှာလား... ဟား... ဟား..."

ရွှေကြာက မြေ မခံချင်အောင် ပခုံးတွန့် ရယ်ပေးလိုက်သေးသည်။

✤✤✤✤✤✤✤

"ရွှေကြာ... နင်ဒီနေ့ ဈေးသွားလိုက်..."

ရွှေကြာသည် သူ့ကိုလှေကား အဆင်းအတက် စိတ်မချသော မြေကြောင့် မေမေတို့အိမ်နှင့် ဆေးခန်းသွားဖို့ကလွဲလျှင် ဘယ်သွားဖို့မှ အဆင်းအတက် မလုပ်ရသဖြင့် ပျင်းရိငြီးငွေ့လှလေရာ မြေစကားကို ဝမ်းသာ၍ပင် သွားသေးသည်။

ဈေးသွားရတာ ပျော်ရွှင်နေပြီး ဈေးခြင်းဆွဲကာ ပြန်ရောက်လာသော ရွှေကြာ့ကို မြေက စိတ်မကောင်းသလို ငေးငိုင်ကာ...

"နင့်ကို ဈေးသွားခိုင်းရတာ စိတ်မကောင်းဘူး... ကိုယ်တိုင်သွားလိုက်ချင်တယ်၊ နင်လှေကားမှာ လဲမှာ ပြုမှာ တထင့်

ထင့်နဲ့ မတတ်သာလို့သာ... "

"ဘာလဲမြေ... နင် နေမကောင်းဘူးလားဟင်... "

"ဟုတ်တယ်၊ ငါသိပ်နေမကောင်းဘူး... "

"ပြောရောပေါ့ မြေရယ်... ဘာလဲ၊ ဘာဖြစ်တာလဲဟင်... ဆေးခန်းလေးဘာလေး သွားပြရအောင်လေ... "

"ဘာမှ ဖြစ်တာမဟုတ်ပါဘူး၊ မအီမသာလောက်ပါ... "

"အိပ်ရာထဲသွားနေ... ငါပဲ ချက်ပြုတ်လိုက်မယ်... "

"အေး ချက်လိုက်ဟာ... "

ရွှေကြာသည် ကူဖို့ပင် လောကွတ်မလုပ်သော ဓြေ တော်ရဲ့ မအီမသာ မဟုတ်ဘူးဆိုတာ ရိပ်မိသလို ရှိပါသည်။ သို့ သော် မနက်ခင်းမို့ ဆေးခန်းတွေ မစုံလင်။ ဆေးခန်းအများစု သည် ညနေပိုင်းမှ ဆရာဝန်ကြီးများစုံသည်။ ညနေကျရင်တော့ ဆေးခန်းပြဖို့ ဖွတ်ပြောရမည်ဟု တေးထားလိုက်ကာတစ်ယောက် တည်း ချက်ပြုတ်သည်။

ထမင်းကျက်လျှင် ရွှေကြာက အားလုံးအဆင်သင့် လက်ဆေးရည်ဇလုံပါ စားပွဲပေါ်ထိ ယူတင်ထားပြီးမှ မြေ့ကို စား ဖို့ ခေါ်လိုက်သည်။

"မြေ... စားလို့ရပြီ... လာတော့... "

တို့စားဖို့အတွက် လက်ဆေးခွက်မှာရပ်ရင်း သွား သီးရေဆေး အခွံခွာရာမှ ရွှေကြာက ခြေသံကြောင့် လှည့်ကြည့် ရင်း...

"ဘယ်လိုနေလဲ မြေ... "

"ဒုံး... "

မြေသည် မီးဖိုခန်းဘက်အဝင် တံခါးပေါင်စွန်းနှင့် ယ်တစ်ခြမ်း ဒုန်းခနဲ ဝင်တိုက်လိုက်မိလေသည်။

"ဟယ်... မြေ... "

ရွှေကြာက ဓားနှင့် သခွားသီး လွှတ်ချကာ မြေ့ကို ွားတွဲသည်။

"မြေ... နင်ခေါင်းမူးနေတာထင်တယ်... ဟုတ်လား... "

"ဟုတ်တယ်... "

"တော်တော်မူးလား မြေရယ်၊ ဒုက္ခပါပဲ... "

"ရပါတယ်... "

မြေက ထမင်းစားပွဲတွင် ရွှေကြာ့အကူအညီနှင့် င်ထိုင်သည်။ မျက်စေ့ကို မှိတ်ချည်ဖွင့်ချည် ပုတ်ခတ်ပြီးမှ ဇွန်း ကောက်ကိုင်သည်။ ဇွန်းရှိရာ လက်မရောက်ဘဲ တလွဲဖြစ်နေ ဖြင့် ရွှေကြာက ဇွန်းကောက်ယူကာ မြေ့လက်ထဲထည့်ရင်း...

"မြေ... နင်ခေါင်း သိပ်မူးတယ်ထင်တယ်၊ ထမင်းမစားဘဲ အိုဗာတင်းလေး ဆေးလေး သောက်ပါလား၊ စားချင်စိတ် ရှိရဲ့လား... ဒုက္ခပါပဲဟယ်... "

မြေက ဘာမှမပြောဘဲ ထမင်းကို စငုံ့စားသည်။ မြေ့လက်သည် တဆတ်ဆတ်တုန်နေကာ ဟင်းခတ်တာလည်း များများအယွင်းယွင်း။ မြေမျက်နှာမှာ ဘာဖြစ်မှန်းမသိ ဖြူဖွေး

ကာအကြီးအကျယ် တုန်လှုပ်ချောက်ချားနေပုံနှင့် နမူမှာ ချွေးသီး
လာသည်။

"မြေ... "

မြေသည် တကယ်ပင် အကြီးအကျယ် တုန်လှုပ်ချောက်ချားနေပြီ။ ချွေးစေးစိုမ့်ထွက်ကာ တဆတ်ဆတ် တုန်ရီလာသည်မှာ သူ့အဖြစ်သူ ရိပ်မိ၍ပင်။

"မြေ... ငါဘာလုပ်ပေးရမလဲ... ထမင်းစားချင်ပုံလည်း မရပါဘူး၊ နင်ဘာဖြစ်လဲဟင် ငါ့ကိုပြောစမ်း စိတ်မပူနဲ့..."

ရွှေကြာသည် အသံတုန်လာကာ ရင်တဒိတ်ဒိတ်ခုန်လာသည်။ ဘာကိုမှန်း မသိသော်လည်း ရွှေကြာ ကြောက်ရွံ့စ မြူလာမိလေသည်။

"ငါ့ကို အိပ်ရာထဲ တွဲပို့စမ်းပါဟာ... "

"လာ... မြေ... "

ရွှေကြာ အိပ်ရာထဲ တွဲခေါ်သွားသည်။ မြေကို သက်တောင့်သက်သာဖြစ်အောင် စီမံပေးခဲ့ကာ မီးဖိုထဲပြန်ဝင်ပြီး အိုဗာတင်းဖျော်၊ ကိတ်မုန့်လိုးကာ ယူလာသည်။ ရွှေကြာ ခြေသံကြားလျှင် မြေသည် မှုပျက်ကာ ဘေးမှ သတင်းစာဆွဲယူဖတ်လိုက်သည်။ အော် မြေငိုနေတာကိုး မျက်ရည်ကို ဖုံးကွယ်ဖို့ သတင်းစာနှင့် ကွယ်လိုက်သော မြေ့ကို ရွှေကြာက ခြေလှမ်းရပ်ကာ ရင်နာစွာ ကြည့်နေရင်းမှ ထိတ်ခနဲ ဖြစ်သွားမိလေသည်။ မြေ က ဟန်မပျက် တစ်ရွက်လှန်လိုက်ပြန်သည်။





"မြေ... "

ရွှေကြာ့အသံပါမက လှုပ်ပါတုန်ကာ တစ်စုံတစ်ရာကိုရိပ်မိသလို ရှိလာသည်။ မြေက ဘာလဲဟု ထူးလိုက်သေးလျက် သတင်းစာကို တစ်ရွက်ဆက်လှန် ဖတ်လိုက်သည်။ ရွှေကြာသည် တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထကာ အကျယ်ကြီး ကုန်းအော်လိုက်သည်။

"မြေ... နင်... "

ရွှေကြာလက်မှ လင်ဗန်း ငွမ်းကနဲပြုတ်ကျကာ ကွဲသံကြောင့် မြေက ဒီဘက်လှည့်လာသည်။ မြေ့မျက်လုံးများသည် ရွှေကြာရပ်နေသည့် နေရာနှင့်တလွဲ။

"ရွှေကြာ... "

"မြေ... နင်... နင်ဖတ်နေတာ သတင်းစာ ပြောင်းပြန်ကြီးနော်... နင် ခုနနံရံကိုလည်း ဝင်တိုက်မိပြီးပြီ၊ မြေ...မြေ... နင်... ငါ့ကို မမြင်ရဘူးလား... "

မြေသည် မျက်မှန်ကို ဆွဲဖြုတ်လိုက်ကာ ခေါင်းငုံ့ချလိုက်သည်။ မြေ့မျက်လုံးများမှ မျက်ရည်လုံးကြီးများ တစ်ပေါက်ပေါက် စီးကျလာသည်။

"ရွှေကြာ... ငါဆေးရုံသွားမှ ရတော့မယ်၊ ငါ အချိန်နီးလာပြီထင်တယ်၊ အန်တီကြူတို့ဆီ ဖုန်းဆက်ခေါ်ပြီး ငါ့ကို ဆေးရုံ ပို့ပေးတော့နော်... နင်ဘာမှ မကြောက်နဲ့နော် ရွှေကြာ... ငါဘာမှ မမြင်ရတော့ဘူး... "

ရွှေကြာသည် လွှတ်ကနဲ အော်မိသလား မအော်
မိသလားမသိ။ ပြုလဲမသွားအောင် မနည်းထိန်းလိုက်ရသည်။ သူ
လဲပြိုလို့ မဖြစ်။ မြွေကို ဆေးရှံပို့ရမည်။

❧❧❧❧❧❧❧

တစ်စထက်တစ်စ မျက်စေ့မှုန်လာ နှုန်းက မြ
ဆန်လှကာ ပွဲစာမေးပွဲတွင်းတုန်းက မျက်မှန် မတပ်ရဘဲ စာ
အပြီး၌ မျက်မှန်တပ်မှ ရတော့သော ကိုယ့်ကိုယ်ကို မြွေ
အံ့ဩခဲ့ရပါသည်။ ထို့နောက်တော့ မကြာခဏ မျက်စေ့က မှုန်
ရိပ်မှုန်သည်။ ခေါင်းကလည်း မကြာခဏ ကိုက်လှသည်။ အ
တာကလည်း မူးနောက်ကိုက်ခဲလွန်းပြီး အန်မိတာမျိုးမို့ ဆန်
သည်။

သူ တော်တော်တော့ ပေါ့ခဲ့ပါသည်။ သို့သော်
မပေါ့ဆခဲ့လည်း သူ့အဖြစ်ကတော့ ပြောင်းလဲမည် မဟုတ်
ခေါင်းကိုက် မျက်စေ့မှုန်တာပဲဟု အတော်နှင့် အလေးအန
မရှိခဲ့ပါ။ ပုံနှင့် ချစ်သူတွေ ဖြစ်လာရသည့် အဖြစ်မှာလည်း သူ
ကျေနပ် ပျော်ပိုက်ကာ ကြည်နူးလျက် ခေါင်းကိုက်တာလော
ကိုတော့ အမှတ်မထင်ပင် ထားမိခဲ့ပါသည်။ အဲဒီနောက်
သူ့ကိုယ်သူ တစ်ခုခုပဲဟု သူ ထိတ်ရှိ့ရိပ်မိခဲ့တာ။

မျက်စေ့မှုန်သွားရာမှ ပုံ့ကိုယ်ကလေးကို နှစ်ထ



နှစ်ရိပ်ခွဲကာ နှစ်ကိုယ်ခွဲ မြင်လိုက်ရသော ပထမဆုံးအကြိမ်က
သူ့အတော်လန့်ဖျပ်ကာ မျက်စေ့ကိုပွတ်ပြီး ရယ်ပင်ရယ်ချင်မိ
ပါသည်။ မျက်စေ့ဝါးပုံကလည်း နှစ်ကိုယ်ခွဲရယ်လို့။ အဲဒီနောက်
မှာတော့ ပစ္စည်းတွေကို မကြာခဏ နှစ်ခုထပ်ကာ နှစ်မျိုးကွဲကာ
မြင်လာ မြင်လာမိသောအခါ သူ့ရဲ့ နှစ်ကိုယ်ခွဲ အမြင်သည်
ရယ်စရာ မဟုတ်တော့ပြီဆိုတာကို သူ စိတ်ထင့် ရိပ်မိခဲ့ပြီတည်း။

ပုံက တကျည်ကျည်နှင့် ဆေးခန်းပြဖို့ ဆရာဝန်
ကောင်းကောင်းနှင့် ရောဂါရှာဖွေဖို့ တိုက်တွန်းသော်လည်း သူ
ပေါ့လျော့ ခဲ့သည်။ ဤတစ်ကြိမ်မှာတော့ ပုံ့ကို အသိမပေးဘဲ
သူ့ဘာသာ ဆရာဝန်ကြီးတစ်ယောက်ထံ တစ်ယောက်တည်း
သွားပြပါသည်။ သူ့ ဖြစ်စဉ်တွေ ပြောပြပြီးနောက် စမ်းသပ်
စစ်ဆေးကာ နောက်ဆရာဝန်ကြီး တစ်ယောက်ထံ စာရေးညွှန်
လိုက်သဖြင့် သူက ထို နေ့တစ်နေ့တည်းမှာပင် ဒုတိယဆရာဝန
ကြီးနှင့် ဆက်တွေ့ဖြစ်ပါသည်။ ဦးခေါင်းပိုင်းဆိုင်ရာ ဆရာ
ဝန်ကြီး။ သူက မြွေကို အသေးစိတ်ကျကျ စမ်းသပ်စစ်ဆေး
မေးမြန်းကာ ဆီး၊ သွေး၊ ဓါတ်မှန် စစ်ဆေးမှုများ အများအပြား
လုပ်နိုင်းသဖြင့် မြွေ ဆီးစစ်၊ သွေး ဖေါက်၊ ဦးခေါင်းပိုင်းကို ဓါတ်မှန်
ရိုက်ခဲ့ရသည်။

ဆရာဝန်ကြီးက သူ့ကို အနားယူခိုင်းသဖြင့် သူ
ရုံးက ခွင့်ယူခဲ့ပါသည်။ ပုံ့ကိုလည်း ဆရာဝန်တစ်ယောက် သွားပြ

ကြောင်း တစ်ပတ်အနားယူနိုင်းကြောင်း ပြောပြခဲ့ပါသေးသည်။ ပုံက သူပါလိုက်ပါပြီး အတိအကျ ထပ်ပြစေချင်သေးသည်ဟု တစ်ရက်သတ်မှတ် ချိန်းဆိုလိုက်ပါသည်။ ထိုရက်မတိုင်ခင်တစ်နေ့က မြေ့ ဒီဇတ်များရသောနေ့။

စစ်ဆေးချက် အဖြေများနှင့် ထိုဆရာဝန်ကြီးကို မြေဝင်တွေ့ပါသည်။ ဆရာဝန်ကြီး၏ မှတ်ချက်ကို မပြည့်စုံဟု မြေထင်သည်။

"ဖြစ်တတ်ပါတယ်... ဦးခေါင်းခွံအောက်မှာ ဦးနှောက်နား ကပ်ပြီး အကြိတ်ကလေးတွေ ရှိလာတတ်တယ်... တစ်ခါ တစ်ခါ တချို့ အကြိတ်ကလေးတွေက (Vital Centres) ကို ဖိမိရင် ဒီလိုမျိုးလေးတွေ ဖြစ်လာတယ်၊ မျက်စေ့ထိနိုက်လာမယ်၊ တချို့က... ခြေလက်တွေ သွားတဲ့ အကြောတွေ ထိနိုက်တယ်... ရုတ်တရက်ပျောက်ဖို့ မမြန်ဘူးပေါ့ ဇာနားယူ... အေးအေးဆေးဆေးနေ၊ သားက... လူပျိုလား...မိဘရှိလား...ဝန်ထမ်းလား...ကျောင်းသားလား..."

ဆရာဝန်ကြီးလေသံနှင့်အကြည့်က အရင်အခေါက်ကထက် အကြင်နာစွက်သည်။ ပြီးတော့မြေကို ကိုယ်ရေရာဇဝင်လိုဟာတွေသာမေးမြန်းနေသည်။ စကားရောဖောရောတပတ်အကြာမှာပြန်လာနိုင်းသည်။ ပေးသောဆေးကအားဆေး

မြေသည်သိပ်ကျေနပ်မှု မရှိဘဲ ပြန်လာသည်။ ဆရာဝန်ကြီးမှာ သူ့ပညာ သမ္မာတွေကြောင့် မပြောချင်သလို



ပြောချင်သလို ပုံတွက်နေတာလား၊ ဒါမှမဟုတ် ဘာကြောင့်လဲ။ ဆရာဝန်တို့၏ ထုံးစံမှာ မျှော်လင့်ချက် ကင်းမဲ့သော ကာယကံရှင်လူနာကို ခင်ဗျား မျှော်လင့်ချက် မရှိတော့ဘူးဟု ပြောလေ့မရှိ။ ဆွေထဲမျိုးထဲက အပေါ်ပါလာလျှင် လူနာရှင်ကိုသာ ကြိတ်ပြောချင်ပြောမည်။ မြေ ဒါကို သဘောပေါက်ထားသည်။ ဒါကြောင့်ပဲ ဆရာဝန်ကြီးက ဘာမှ မယ်မယ်ရရ အတိအကျ မပြောတာလား။ သူ စိုးရိမ်လာသည်ကား အမှန်ပင်။ ထို့ကြောင့် နောက်တစ်နေ့မှာ ရုံးကို ခဏသွားသည်။ မချိုရဲ့အစ်ကိုက ဆရာဝန်တစ်ယောက်။ သမားတော်ကြီး မဟုတ်သော်လည်း အမ်အက်စီဘွဲ့ရ လုပ်သက်ရင့် ဆရာဝန်တစ်ယောက်ဖြစ်သည်။ မချိုထံမှတဆင့် သူ့အစ်ကိုရှိမည့်နေရာ မေးကာ တကူးတက လိုက်သွားသည်။

အိမ်ဘေးဆရာဝန်ဆီ မေး၍မဖြစ်။ သူက မြေကိုသိနေသည်။ မြေသည် မချိုအကိုထံ ဝင်တွေ့ကာ စာရွက်စာတမ်းတွေ ဓာတ်မှန်တွေပြသည်။ မချိုနှင့်ခင်ကြောင်း ပြောသည်။ သူငယ်ချင်းတစ်ယောက် အတွက် နည်းနည်းစိုးရိမ်မိသဖြင့် တိတိကျကျ သိလိုသည်များကို အစ်ကိုတစ်ယောက်လို သဘောထား မေးပါသည်။ နားလည်အောင် ရှင်းပြပေးပါဟု ခွင့်တောင်းသည်။

မချိုအစ်ကိုထံမှ သိရသည်ကား..

ဤဓာတ်မှန်ရှင် ဝေဒနာရှင်မှာ ဆရာဝန်ကြီးပါ မှတ်ချက်ရေးထားပုံအရ ဦးနှောက်တွင်း အကြိတ်တည်ရောဂါ ဘရိန်းကျူမာဖြစ်ကြောင်း မြေသိရပါသည်။ ဘရိန်းကျူမာ

အတွက် ခွဲစိတ်ကုသမှုသည် မြန်မာပြည်၌ များစွာ အောင်မြင်မှု မရှိသေးပါ။ စင်္ကာပူ၌ ဆယ်ရာခိုင်နှုန်းသာ အသက်ရှင် အောင်မြင်အောင် ခွဲစိတ်နိုင်ပါသေးသည်။ ပိုက်ဆံတတ်နိုင်က နိုင်ငံခြားသွား၍ ခွဲစိတ်ကုသမည်ဆိုလျှင်ပင် သိပ်တော့ မျှော်လင့်ချက် မများလှ။

မြေက ပိပိရိရိ စိတ်ဝင်တစား သိလိုပုံနှင့် မေးသည်ကို ဆရာဝန်ဖြစ်သူကလည်း မချွင်းမချန် စေတနာနှင့် ရှင်းပြပေးပါသည်။ မြေက ကာယကံရှင် မဟုတ်ဟု သိထားရသဖြင့် သူက အတော်တော့ ပွင့်ပွင့်လင်းလင်း ဖြေသည်။ မြေကလည်း မရမက နှိုက်ချွတ်မေးသည်။ နောက်ဆုံးသိရသည်ကား ဝေဒနာသည်သည် မျက်စေ့မှုန်ရာမှ နှစ်ထပ်ဖြစ်၊ ထိုမှကွယ်၊ ထိုမှ နောက်ဆုံး အသက်ရှင်ဖို့ လမ်းမရှိ။ ဦးမျှ အရွယ်အစား ကြီးထွားမှု၊ ဖိစီးမှု၊ ခံစားနေရမှုတို့အရ အတိအကျ မပြောချင်သော်လည်း လူနာ၏ အသက်ရှင်နိုင်မှုမှာ နောက်ထပ် နှစ်လ နှစ်လခွဲလည်း ဖြစ်နိုင်သည်။ တစ်လခွဲလောက်လည်း ဖြစ်နိုင်သည်။ သုံးလခွဲလောက် ငါးလလောက်ထိလည်း ဖြစ်လျှင်ဖြစ်နိုင်သည်။ ဒါက တော့ မှန်းဆ တိကျဖို့ခက်သည်။ သေချာသည်က မကြာမီ မုချ အသက်ဆုံးမည် ဆိုခြင်းတည်း။

ဆရာဝန်ထံမှ အပြန်တွင် မြေသည် အင်းလျားကန်စောင်း၌ သွား၍ တစ်ယောက်ထဲ ငူငူကြီး ငေးမော အတွေးနယ်ချဲ့နေမိသည်။ စိတ်ဓာတ်ကျတာ မဟုတ်ဘဲ စိတ်မကောင်း





ဖြစ်မိလေသည်။ မှောင်စပျိုးမှ ဆုံးဖြတ်ချက်ချကာ ကားပေါ်တက်ရွှေကြာ့အိမ် ထွက်ခဲ့သည်။ ရွှေကြာ့ကို လက်ထပ်ခွင့်တောင်းသည်။ သူ မျက်ရည်ကျမိသည်။ ထိုအခိုက် ပုံရောက်လာခဲ့သည်။

"ရွှေကြာ... ရောက်နေတယ်... ပုံ... "

ပုံခန္ဓာကိုယ်ကလေးမှာ တုန်ခါသွားသလားပင် ထင်မိသည်။ ဘာကြောင့် ရောက်လာရသနည်း။ ဘာအတွက် ရောက်လာဖို့ လိုသနည်း။ ပုံသည် 'ဟင့်အင်း အန်တီ... ' ဟု ယတိပြတ် ငြင်းကာ အိပ်ခန်းတံခါးကို ပြန်ပိတ်လိုက်သည်။

ကုတင်ပေါ် လှဲချကာ ရင်က တဒိတ်ဒိတ် လှုပ်ခုန်လာသည်။ ခံစားချက်များကား ပူနွေးဆဲတည်း။ သွေးအေး မသွားနိုင်သေးဆဲတည်း။ မိမိကိုယ်ကို မိမိသာသိသည်။ နာကျင်ခံစားရလွန်းသည်၌ လူသည် အသေကောင်ကဲ့သို့ ဝိညာဉ်မရှိ ဖြစ်နေသည်။ ပိန်ချုံး ဖြူလျော်သွားသော ကိုယ့်ကိုယ်ကိုယ် မှန်ထဲ၌ မြင်လျှင် သူများမြင်မှာ ရှက်သည်။ ရည်းစားက ပစ်သွားလို့ ဖြစ်ကျန်ခဲ့တဲ့ပုံ သွေးဆုတ်နေတာပဲ၊ ပိန်ညှောင်နေတာပဲ၊ လေတိုက်ရင် လဲမဲ့အတိုင်းပဲဟု သူများတွေ စကားတင်းဆိုမှာ ကြောက်သည်။ ထို့ကြောင့် ကျောင်းပြန်ဖွင့်သည်ကိုပင် ပုံကျောင်းဆက်မတက်ဖြစ်တော့ပါချေ။

ပုံသည် အိပ်ရာပေါ် ငြိမ်သက်ကာ မျက်ရည် စို့စွတ်လာသည်။ အဟောင်းများ အသစ်ဖြစ်အောင် ဘာကြောင့် အပ်နှံလာဆွချင်ပါလိမ့် ရွှေကြာရယ်။

ရုတ်တရက် တံခါးခေါက်သံ ပေါ်လာသည်။

"ပုံ... "

အန်တီ့အသံမဟုတ်။ ရွှေကြာ့အသံတည်း။ ပုံက ကုတင်ပေါ်မှ မလှုပ်။ ရွှေကြာက အခန်းတံခါးကို ဒေါသတကြီး တဝုန်းဝုန်း ဆောင့်ထုကာ စိတ်လိုက်မာန်ပါ ဟစ်အော်ခေါ်နေသည်။ ပုံသည် မလှုပ်။ ရွှေကြာ့သောင်းကျန်းနေသံများ ကြားမှ တစ်ချက်တစ်ချက် ငိုရှိုက်သံများ ထွက်လာသည်။ ဘယ်သူငိုနေပါလိမ့်။ အန်တီလား။ ပုံသည် စိတ်၌ထင့်ကာ ကြက်သီးထရင်းကြောက်လာသည်။ ရင်ခုန်မြန်လာသည်။

"ပုံ... ဖွင့်စမ်းလို့ ငါပြောနေတယ်နော်၊ နင့်တံခါးစုတ်ကို ငါဆောင့်ကန် ချိုးပစ်လိုက်မယ်... မရွှေ.. သွား... အန်တီ့ကားပေါ်ခေါ်သွားတော့... "

ပုံသည် ပို၍ထိတ်ကာ လူးလဲထ,သည်။ အန်တီ့ကို ဘာကြောင့် လာခေါ်ပါလိမ့်။

"ပုံ... ငါခေါ်နေတယ်... နင့်... အငြိုးအတေးတွေ ဘေးချိတ်ထားလိုက်စမ်း၊ ခုချက်ချင်း ထွက်ခဲ့၊ ခုထွက်ခဲ့ဟာ... "

ရွှေကြာက ကြုံးအော်ရာမှ အသံအက်ကာ ငိုသံပါလာလေသည်။





"ပုံ... နင် နောင်တ မရပါစေနဲ့ဟာ... အကြောင်းမရှိဘဲ.. ငါ မလာပါဘူးဟာ... နင့်ခြေထောက်ကို ဖက်ဆိုရင် ငါ ဖက်ပါ့မယ်ပုံရယ်... ဟာ... ဖွင့်ဆိုကွာ... "

ရွှေကြာ ဒိုင်းကနဲ ဆောင့်ကန်လိုက်ရာ တံခါးအတွင်းဖက် ကပ်ချိတ်ထားသော အရုပ်လေးမှာ တရမ်းရမ်း လှုပ်သွား၏။ ရွှေကြာသည် ဆက်တိုက်ဆက်တိုက် ဆောင့်ကာဆောင့်ကာ ကန်နေသည်။ ပုံသည်းမခံနိုင်တော့။

"ဟဲ့... ဘယ်လိုဖြစ်နေတာလဲ... "

"ပုံ... ပုံ... ဖွင့်ပေးပါဦးပုံရယ်... "

အပြင်မှ ရွှေကြာငိုချလိုက်သံကို ကြားရလျှင် ပုံသည် စိတ်ထိခိုက်သွား၏။ ဘယ်တုန်းကမှ မငိုတဲ့ရွှေကြာ။ ပုံသည် အညှိုးပြေသည် မပြေသည်လည်း မဟုတ်။ ငိုချင်လာကာ တံခါးကို ခပ်သွက်သွက် ဆွဲဖွင့်လိုက်သည်။

ဆံပင် ဖိုယိုဖားယား မြူဆုတ်မြူလျော်နှင့် မျက်နှာ ဟောက်ပက်ပက် မိန်းမနှစ်ယောက်သည် အခန်းဝတစ်ဖက် တစ်ချက်၌ မျက်နှာချင်းဆိုင်မိနေလေသည်။ တစ်ယောက်သော မိန်းမက ငိုက်ဖုံးအကျီနှင့်။

"ပုံ... နင့်ခြေထောက်ကို ငါဖက်ရမလား... "

"ဘာအတွက်လဲ ရွှေကြာ... "

ပုံ့အသံက အက်ကွဲနေသည်။

"ဆေးရုံလိုက်ခဲ့ဖို့... "

"ဘာလုပ်ဖို့လဲ ရွှေကြာ..."

ပုံအသံမှာ တဆတ်ဆတ် တုန်ခါ အဖျားခတ်လာသည်။

"သေတော့မယ့်သူတစ်ယောက်ကို ကြည့်ဖို့ပါ.. နင့်ကို မုဆိုးမဖြစ်မှာ ကြိုသိလို့ လက်မထပ်ရက်တဲ့ လူတစ်ယောက် သေတော့မှာမို့.. ငါလာခေါ်တာပါ..သူဝမ်းသာမယ်ထင်လို့ ငါလာခေါ်တာပါ.. တခြား ဘာအကြောင်းကြောင့်မှ ငါမခေါ်ဘူး ပုံ... ငါ့သဘောနဲ့ ငါခေါ်တာ... သူ့သဘောဆိုရင် နင် စိတ်ဆင်းရဲအောင် ဘယ်တော့မှ လာခေါ်ခိုင်းမှာ မဟုတ်ဘူး။ ဆေးရုံစတက် ရကတည်းက လာခေါ်ဖို့ပဲ... သူတားလွန်းလို့ပါ၊ ခုတော့... ဘယ်လောက်တားတား.. မဖြစ်တော့ဘူး.. သူမသေခင် တစ်ချက်ကလေးပဲ စိတ်ချမ်းသာသွားပါစေ... ခု... သူ ဘာမှ မမြင်တော့ဘူး.. သူ မျက်စေ့ကွယ်သွားပြီ၊ ပုံ... ပုံ..."

ရွှေကြာသည် ပြိုကျလာသော ပုံ့ကို မနိုင်မနင်း အတင်းပွေ့ထားလိုက်ရလေသည်။



ပုံ့ကိုချစ်သည်။ ပုံ့ကို ချစ်စိတ် ပိုင်ဆိုင်လိုစိတ် သက်သက်နှင့် သူလက်ထပ်ယူ လိုက်ပါက မကြာခင် ကာလတိုကလေး အတွင်း၌ ပုံ မုဆိုးမဖြစ်ရမည်ကို သိပါလျက် သူလက်ထပ်ရမည်လား။ နှစ်လ သုံးလကလေး ပျော်ရွှင်ရဖို့ ပုံ့ရဲ့ လတ်ဆတ်သော ဘဝလေးကို သူက တစ်သက်တာ စွန်းကွက် ကျန်ရစ်အောင် အရောင်ဆိုးခဲ့ရမည်လွှား။

ပုံ့ကို သူ လက်မထပ်တော့ပါဘူး ဟု ဆုံးဖြတ်လိုက်ပြီးလျှင်မှ သူဟာ မသေခင် အချိန်တွေကို အကျိုးမဲ့ကျော်ဖြတ် သွားမလား ဟု ဆက်တွေးစရာ ရှိလာပြန်ပါသည်။ ပုံ့ကို လက်မထပ်ရက်တာ လက်မထပ်ဖြစ်မှာ သေချာသည့်နောက်၌ အချစ်ဆုံးသူငယ်ချင်း၏ အရှက် သိက္ခာကို ကယ်တင်ကူညီသွားခြင်းဖြင့် သူ့ဘဝ၌ မှန်မြတ်သော အမှုကိစ္စတစ်ခု ဆောင်ရွက် သွားနိုင်သေးတာကို သူနားလည်သည်။

အချစ်ဆိုသည်မှာ သူ့အပို့ မိမိဘက်မှ
ထားရှိအပ်သော စေတနာသန့်သန့်တည်း။

မေမင်းမိုမို





ဘူး... တစ်ခုတော့ မှာထားမယ်... မေမေတို့အိမ်မဟုတ်တဲ့ တခြားတစ်နေရာမှာတော့ အဲ့ဒီလို အပြုအမူမျိုး တိမ်မင်းကို လုပ်ခွင့်မပေးနဲ့ ကြားလား သမီးက အကျိုးအကြောင်း ပြောပြပြီး တားထားပေါ့.. "

မေမေ မှာထား၍ နောက်ပိုင်းမှာ သူ ဘယ်ခေါ်ခေါ် မေးသိပ်မလိုက်ဖြစ်တော့။ သူနဲ့လဲ သိပ် တွဲတွဲသွားသွား မလုပ်တော့။ သူ အိမ်လာလျှင်သာ မေးတို့ဆုံဖြစ်ကြရသည်။ သူက ကျောင်းသတ်သတ်၊ မေးကလဲ ကျောင်းသတ်သတ်မို့ ကျောင်းချင်းမတူတာမို့ မေးတို့ အပြင် တစ်နေရာရာမှာ သိပ်မတွေ့ဆုံဖြစ်ကြပါ။ အကြောင်းမှာ သူကလဲ မေးဆီ အရောက်အပေါက်နည်းတတ်၍၊ ပြီးတော့ သူက လူထူးလူဆန်းကလေးမို့ တခြား Y.I.T ကျောင်းသားတွေလို လတ်လျားလတ်လျားနဲ့ တက္ကသိုလ်ပေါင်းစုံ လျှောက်မလည်တတ်၍၊ မေးကလဲ သူ့ဆီ သွားမလည်တတ်၍ ဖြစ်သည်။

သို့သော် သူကသာ တစ်ခါတစ်ရံမှ ရောက်လာပြီး သူနဲ့အတူပါလာသော သူငယ်ချင်းတွေအား မေး အဲ့ဒီ တစ်ကြိမ်မြင်လိုက်ရပြီးလျှင် တိမ်မင်း၏သူငယ်ချင်းတွေထဲက တစ်ယောက်မဟုတ်တစ်ယောက်ဟာ မေးဆီ ခဏခဏ ရောက်လာတတ်တာ စိတ်ညစ်စရာ။ ပြီးတော့မေးအားချဉ်းကပ်လာကြသောယောကျ်ားတို့ ထုံးစံအတိုင်းပင် ချစ်ကြောင်း၊ မြတ်နိုးကြောင်းတွေ ပြောပြီဆိုလျှင် မေးသည် တိမ်မင်းကိုပင် အပြစ်ဖို့ရတော့၏။

သူတို့ကိုတောင် ဟားလွှတ်လိုက်ပါတယ် မင်းလဲ သိပါတယ်ဆိုပြီး... ပြောပြသွားတော့ သမီးလေး လာတိုင်တော့ တာပေါ့ကွဲ့... "

ထိုအခါ သူ့နှုတ်ဖျားမှ အင်မတန်ထူးဆန်းသော သူ့အဆရတွေ ပါဝင်သည့် စကားတစ်ခွန်းအား မေးရော ဘွားပါ ကြားခွင့်ရလိုက်တော့သည်။

"ဘာလို့ ဝင်တားစရာလိုလဲ အဘွားရာ... အဲဒါ လွှတ်လပ်တဲ့ လူငယ်တိုင်းရဲ့ လုပ်ပိုင်ခွင့်ပဲ... မလုပ်နဲ့လို့ တားရအောင်လဲ ကျွန်တော်နဲ့မေးက... တစ်ယောက်နဲ့တစ်ယောက် သိပ်ခင်တဲ့ သူငယ်ချင်းမို့ တားပါတယ်ဆိုတဲ့ အကြောင်းပြချက်က သိပ်မခိုင်လုံဘူးလို့ထင်တယ်... နောက်ပြီး... မေးလဲ... သူ ရွေးချယ်ချင်တဲ့သူနဲ့ သင့်တော်မဲ့ လူတစ်ယောက်လောက်များ တွေ့ရင်... သူ့စိတ်ကြိုက်ရွေးလို့ ရချင်ရမယ်။ ပြီးတော့ ယောကျ်ားတွေ တော်တော်များများနဲ့ စကားပြောကြည့်ဖူးရင် ဘယ်ကောင်က ဘယ်လိုစရိုက် ရှိတယ်ဆိုတာ မေး လေ့လာပြီးတဲ့အခါ... ယောကျ်ားတွေ အားလုံးရဲ့စရိုက်နဲ့ စိတ်နေသဘောထားကို ခြုံငုံသိမြင် လာနိုင်တော့... မေးလဲ လူကောင်းတစ်ယောက်ကို စိစစ်ရွေးချယ် နိုင်တာပေါ့... ကျွန်တော်က... အဲ့ဒီလို စဉ်းစားမိလို့ပါ... အေးလေ... လူတိုင်း လူတိုင်းက... ကျွန်တော့်စိတ်ကို နားမလည်နိုင်ကြတာ။ ကျွန်





တော်လုပ်တာ မှားတယ်ပဲ ထင်ကြမှာပါပဲ... "

သို့သော် အဘွားကတော့ မေးကို စောင့်ရှောက်ဖို့၊ နောက်ဆိုရင် မေးရဲ့ကိစ္စတွေမှာ ဝင်ကူညီပေးဖို့ တွေကိုသာ တတွတ်တွတ် မှာကြားသောအခါ သူ့မျက်မှောင်တွေ ကျုံ့ရှုံ့ကုန်တော့သည်။ အဲဒါဆို သေချာပြီ။ သူ မလုပ်ချင်သည့် အလုပ်တစ်ခုကို ခိုင်းမိလျှင် သူ တုံ့ပြန်နေကျ ပုံစံအတိုင်း ဤအမူအရာဖြင့် တုံ့ပြန်ခြင်းဟု မေးနားလည်လိုက်သည်။

ထိုအခါ မေးသည် နားလည်ရခက်သော အယူအဆများနဲ့ ရပ်တည်နေသည့် မေး၏ သူငယ်ချင်း ဤသူငယ်လေးကို ဒီတစ်ခါမှာလည်း အလိုလိုပင် နားလည် ခွင့်လွှတ်လိုက်နိုင်ဖို့ စိတ်ဆုံးဖြတ် မိသွားသည်မှာ မေးဖဲန်ဆိုတဲ့ မိန်းမ တစ်ယောက် အတွက်တော့ အထူးအဆန်း ဖြစ်မနေတော့ချေ။ အဲဒါ အမြဲတမ်း တည်ရှိနေသော မေးဖဲန်ရဲ့ မပြောင်းလဲတဲ့ ဆုံးဖြတ်ချက် တစ်ခုပဲ မဟုတ်လားကွယ်။

"နေပါစေ... အဘွား... သူ့ကို ဆူမနေပါနဲ့တော့။ သူ့ကို မေး... နားလည်ပါတယ်... "

ဟု မေး၏ နှုတ်ဖျားမှ တိုးတိတ်ညင်သာသော အသံကလေး သဲ့သဲ့မျှ ထွက်သွားလျှင် အဘွားသည် အံ့ဩသော မျက်လုံးများဖြင့် စိုက်ကြည့်တာတော့ ခံရပါသည်။

ဒီတစ်ခါ အဘွားကြည့်သော အကြည့်မှာ တစ်စုံတစ်ခု ပါဝင်ကပ်ငြိ နေသလိုပင်။ ခုနက မေးနဲ့သူ့ကို တအံ့တဩ

အလှည့်ကျတော့ မေးစိတ်ပျော်ဖို့ ဒီတစ်ခါလေးတော့ မလိုက်လျှောချင်ဘူး၊ နင်မပါရင် မေးပျော်မှာ မဟုတ်ဘူး၊ မေးအိမ်မှာ အလှူပွဲလုပ်လုပ်... ဘာပွဲပဲလုပ်လုပ် လှူရှင်ရှင်တွေကြားထဲ နင်မနေတတ်ဘူးဆိုလို့ အရင်ကဆို မေးက အတင်းအကြပ် မခေါ်တာ နင်သိပါတယ်... ပြီးတော့ မေးက မွေးနေ့ဆိုလဲ သူငယ်ချင်းတွေ ဖိတ်ပြီး ကျွေးမွေးတာမျိုး သိပ်ပြီး လုပ်လေ့လုပ်ထ မရှိပဲ ဘုန်းကြီးဆွမ်းကပ်ရုံနဲ့ မွေးနေ့တွေ ပြီးသွားတတ်တာမို့ နင်လဲ မွေးနေ့ပွဲကို စိတ်ကျဉ်းကြပ်ပြီး မလာခဲ့ရဘူး၊ မေးရဲ့မွေးနေ့တွေမှာ ဖေဖေနဲ့မေမေရယ်၊ မေးရယ်ပဲရှိလို့.. နင်... သဘောမကျတဲ့ လှူရှင်ရှင်ပွဲမျိုး မဟုတ်ခဲ့လို့ နင်... အမြဲလာခဲ့တာလို့ မေး.. ထင်တယ်။ အကယ်၍သာ မေးက သူများတွေလို လူအများကြီး ဖိတ်ပြီး မွေးနေ့တွေ လုပ်ရင် နင်လား လာမှာ ဝေးသေး။ မေးကိုမကျေမနပ်နဲ့ ကျိန်ဆဲပြီး တစ်ယောက်တည်း ဒေါသတွေနဲ့ လုံးထွေးပြီး နင့်အခန်းတံခါးကို ပိတ်ပြီးအခန်းအောင်းနေမဲ့ကောင်မျိုး မသိရင်ခက်မယ်။ အဲဒါတွေထားပါတော့... အခုဒီတစ်ခါလေးတော့ မေးဖြစ်စေချင်တဲ့ဆန္ဒကို နင်လိုက်လျှောပါလို့ တောင်းပန်ချင်တယ်... မေးကအမြဲနင့်ဆန္ဒတွေကို အမြဲနားလည်ပြီး လိုက်လျှောခဲ့ရတဲ့လူပါ။ ဒီတစ်ခါလေးပဲ... မေးရဲ့ဆန္ဒကို နင်လိုက်လျှောရမှာပါ။ ဟိုး... ငယ်ငယ်တုန်းက မေးရဲ့